www.burmeseclassic.com

# ချူး

မရှိမဖြစ်စိုး

BURMESE CLASSIC .com



စာပေ

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယအကြိမ်၊ ၂၀၀၀ပြည့်နှစ်၊ စက်တင်ဘာလ
စာမူခွင့်ပြုချက်အမှတ်-၅၅၉/၉၇(၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်-၅၁၆/၂၀၀၀(၈)

**အုပ်ရေ**
၇၀၀ အုပ်
**အဖုံးဒီဇိုင်း**
မိုမို
**ကွန်ပျူတာစာစီ**
ပိုး ကွန်ပျူတာ
၁၈၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေ၊ ဖုန်း ၅၄၄၂၉၁
**မျက်နှာဖုံးဖလင်**
Conqueror
**အတွင်းဖလင်**
ဦးထွန်းဆိုင်
**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ၊ ရွှေနံ့သာကျေးရွာ
ပုလဲမြို့သစ်(၃)၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
**မျက်နှာဖုံးပုံနှိပ်**
ဦးတိုးဝင်း၊ နေလရောင် အော့ဖ်ဆက်
အမှတ် ၉၆၊ ၁၁ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
**အတွင်းပုံနှိပ်**
ဒေါ်ခင်ခင်ဝင်း၊ ကလျာအော့ဖ်ဆက်
၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
**စာအုပ်ချုပ်**
ကိုမြင့်

BURMESE CLASSIC

# ကျေးဇူးတင်လွှာ

ဤစာအုပ်ကို ရေးသားပြုစုရာတွင် အစစအရာရာ အကူအညီပေးခဲ့ကြသော အောက်ပါပုဂ္ဂိုလ်များအား အထူးကျေးဇူးတင်ရှိပါသည်။

(၁) ဒေါက်တာ ဦးမင်းသိမ်း၊ စီမံကိန်းညွှန်ကြားရေးမှူး
အကျစီဝဆေးဝါးထုတ်လုပ်ရေးစီမံကိန်းစခန်း၊ တွင်းတောင်။

(၂) ဦးအောင်မြင့်၊ မဟာသိပ္ပံ (အဏုဇီဝဗေဒ)
Integrated Farming Enterprise ၊ ရန်ကုန်မြို့။

(၃) ဒေါ်မေယုခိုင်၊ မဟာသိပ္ပံ (အဏုဇီဝဗေဒ) နှင့် ဝန်ထမ်းများ
အကျစီဝဆေးဝါးစီမံကိန်းစခန်း၊ တွင်းတောင်။

(၄) ငွေနှင်းရွှေ လက်ဖက်ပွဲရုံ မိသားစု၊ မန္တလေးမြို့။

ဤစာအုပ်တွင် ပါဝင်သော လုပ်ငန်းဆိုင်ရာ အချက်အလက် တစ်စုံတစ်ရာ မှားယွင်းခဲ့သည်ရှိသော် ထိုမှားယွင်းမှုသည် ကျွန်ုပ်၏ချို့ယွင်းချက်သာ ဖြစ်ပါသည်။

ချိုး

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

BURMESE CLASSIC .com

သောကြာနေ့ နေ့ခင်း ၃နာရီသည် ခါတိုင်းနေ့ခင်း ၃နာရီများကဲ့သို့ အဓိပ္ပာယ် ကင်းမဲ့လျက်ရှိသည်။ ၃ နာရီအချိန် များတွင် သူ ဖတ်ဖူးသော ဝတ္ထုတစ်ပုဒ်ထဲမှ စာကြောင်း တစ်ခုကို အမြဲလိုလို သတိရလေ့ရှိ၏။ စာရေးဆရာ နာမည်လည်း မမှတ်မိ၊ ဝတ္ထုနာမည်လည်း မမှတ်မိ။ သူ မှတ်မိသည်က ဝတ္ထုထဲမှ အဓိကဇာတ်ဆောင်၏ နာမည်သာဖြစ်သည်။ Monsieur Antoine Roquentin ဆိုသော ခပ်ကြောင်ကြောင် လူတစ်ယောက်ပဲ။

"နေ့လယ် ၃နာရီ။ ၃နာရီဆိုသော အချိန်သည်သင့်အတွက် တစ်စုံတစ်ခု ပြုလုပ်ရန် နောက်ကျလွန်းသွားချိန် (သို့မဟုတ်) စောလွန်းသေးချိန် ဖြစ်သည်" တဲ့။

ယခင်က ထိုစာကြောင်းကို သတိရလျှင် စိတ်ထဲကပြုံးမိသော်လည်း ယခုတော့ သူ သဘောတူသွားပြီ။ တကယ်ကိုပင် နေ့ခင်း ၃နာရီသည် တစ်စုံတစ်ခု ပြုလုပ်ရန် နောက်ကျလွန်းနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ်လည်း စောလွန်းနေသည်။ နည်းနည်းမှ တက်ကြွဖွယ်ရာ မရှိသော အချိန်တစ်ခုဖြစ်သည်။ အထူးသဖြင့် ယခုလို ရာသီဥတုမျိုးမှာပေါ့။

ရုံးခန်း အပြင်ဘက်တွင် ပတ်ဝန်းကျင် တစ်ခုလုံး မှိုင်းမှောင်လျက်ရှိသည်။ တစ်နေ့လုံး မပြတ်ဘဲ တဖွဲဖွဲရွာနေသောမိုးသည် လူတွေ၏စိတ်ကို ပိုမိုထိုင်းမှိုင်းအောင် ဖန်တီးနေ၏။ တံစက်မြိတ်မှ မိုးရေစီးကျသံသည် လေးတွဲ့သော ဂီတသံတစ်ခုလို ပျင်းရိငြီးငွေ့စွာ ထွက်ပေါ်လျက်ရှိသည်။ ရွှေဂုံတိုင်လမ်းမပေါ်မှာ အရှိန်ပြင်းစွာ ဖြတ်သန်းသွားသော ကားကြီးကားငယ်တို့၏အသံများ ရုံးခန်းထဲသို့ တစ်ချက်တစ်ချက် ဝင်ရောက်လာတတ်သည်ကလွဲ၍ ပတ်ဝန်းကျင်သည် မိုးသံသဲ့သဲ့ဖြင့် ဖုံးလွှမ်းနေသည်။

"ဆရာ..."

သူ့အနီးသို့ မွှေးရနံ့တစ်ခု ရောက်လာ၍ သူ မော့ကြည့်လိုက်သည်။

"အားလုံးပြီးသွားပြီ ဆရာ၊ အဲဒါစစ်ဆေးပြီးရင် ဆရာ့ လက်မှတ်ထိုးလိုက်ရုံပဲ"

သူ့အနီးတွင်လာရပ်သော မိန်းကလေး၏အပြုံးကလေးမှာ ချိုမြနေသည်။ ပြည့်ဖောင်းသော နှုတ်ခမ်းကလေးက ပန်းရောင်တောက်ပနေ၏။ သူ တွက်လက်စ အရောင်း ခန့်မှန်းခြေစာရင်းသည် စုဒါလီဟန်၏ အပြုံးအောက်တွင် ဝေဝါးသွားသည်။

ကျောလယ်ခန့် ရှည်လျားဖြောင့်စင်းသော ဆံပင်ပျော့ကလေးများထံမှ မွှေးရနံ့တစ်ခုသည် သူ့ကို ယစ်မူးအောင်ပြုစားလျက်ရှိရာ သူမ လှမ်းပေးသော အစီရင်ခံစာပေါ်က ဂဏန်းများ၊ စာလုံးများကို တော်တော်နှင့် အာရုံစူးစိုက်မရဘဲ ဖြစ်နေ၏။





"အင်း... ထားခဲ့လေ ဒါလီ"

တော်တော်ကောင်းတဲ့ ရေမွှေးနံ့ပဲ။ ဘာရေမွှေးများပါလိမ့်။ သူ မဆီမဆိုင် တစ်ချက်တွေးပြီး စိတ်ထဲက ပြုံးလိုက်မိလေသည်။ ကဲ... ရေမွှေးနာမည် သိရတော့ မင်း ဘာလုပ်မှာလဲ။

"ဒါနဲ့ ဆရာ၊ ဥနာရီခွဲမှာ အပွိုင့်မင့်တစ်ခု ရှိတယ်နော်"

ဩော်... ဟုတ်သားပဲ။ သူ ဒါလီ့ကို ကျေးဇူးတင်စွာ ကြည့်၍ ပြုံးပြလိုက်၏။ တော်ပါသေးရဲ့။ ညနေ ဥနာရီခွဲတွင် ထိုင်းကုမ္ပဏီတစ်ခုမှ အရောင်းကိုယ်စားလှယ်တစ်ယောက်နှင့် တွေ့ရန်ချိန်းထားသည်။ ဆွေးနွေးရန် အချက်အလက်များ သူ စုဆောင်းထားပြီးဖြစ်ပေမယ့် စနစ်တကျ ပြန်လည် မစီစဉ်ရသေးပါ။

"ကျေးဇူးပဲ ဒါလီ"

စုဒါလီက နှာခေါင်းလေး ရှုံ့လျက် ပြုံးပြီးလှည့်ထွက် သွားသည်။

စုဒါလီဟန်သည်Integrated Farming Enterprise ၏ ဧည့်ကြိုဌာနတာဝန်ခံဖြစ်သည်။ နာမည်အားဖြင့် ဧည့်ကြိုဌာနတာဝန်ခံ ဆိုသော်လည်း စုဒါလီ၏ တကယ့်အလုပ်မှာ လက်နှိပ်စက်ရိုက်ခြင်းနှင့် ကုမ္ပဏီတစ်ခုလုံး၏ ထုတ်ကုန်၊ သွင်းကုန်စာရင်းများ ကူညီပြုစုပေးခြင်းဖြစ်လေသည်။ တခြား ရုံးတွေ၊ ကုမ္ပဏီတွေ မိသားစု ဆက်ဆံရေးရှိသည်ဆိုပေမယ့် သူတို့ရုံးလောက် မိသားစုဆက်ဆံရေးလို ရင်းနှီးကျွမ်းဝင်မည် မဟုတ်ပါ။ ဘာကြောင့်လဲ ဆိုတော့ စုဒါလီဟန်သည် ဤကုမ္ပဏီ၏ Managing Partner ဦးစိုးမြင့်၏သမီးဖြစ်ပြီး၊ သူကတော့ အစိုးရအလုပ်မှ ထွက်ခါနီးဆဲဆဲဖြစ်သောအကြို Managing Partner ဖြစ်သူ ဦးထင်ကျော်၏သား ဖြစ်နေသောကြောင့်ပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



ဒါလီ့ကို သူ ခင်မင်သည်။ ဒါလီသည် သူ့အတွက် ချစ်စရာ အရုပ်ကလေးသဖွယ်လည်းဖြစ်ပြီး ကြင်နာတတ်သော နှမကလေး သဖွယ်လည်း ဖြစ်သည်။ သူ့စားပွဲပေါ်က ဖိုင်တွဲများ၊ စာရင်းများကို ဒါလီက မိန်းကလေးပီသစွာ ရှင်းလင်းပေးလေ့ရှိ၏။ တစ်ခါတစ်ရံ ဗိုလ်ချုပ်ဈေး၊ မင်္ဂလာဈေးကအစ ရွှေတိဂုံဘုရားအထိ စုဒါလီကို သူ လိုက်ပို့ပေးရတတ်သည်။ စုဒါလီကလည်း သူကြိုက်နှစ်သက်သော ဂဏန်းကော်ပြန့်ကြော်များကို အမှတ်တရ ဝယ်ဝယ်လာတတ်လေ သည်။ ဤရုံး၏ အရာရှိများ၊ ဧည့်သည်များအတွက် တစ်ခုတည်း သော အတွင်းဧည့်ခန်းစားပွဲတွင် နေ့စဉ်ပန်းစိုက်အိုးမှာ ပန်းဝေဆာ အောင် ထိန်းသိမ်းအလှဆင်သူမှာလည်း စုဒါလီသာဖြစ်သည်။ ဤကုမ္ပဏီ တစ်ခုလုံးတွင် အမျိုးသမီးဝန်ထမ်း ဟူ၍လည်း စုဒါလီသာ ရှိသည်။

အံ့ဩဖို့ကောင်းစွာပင် ဤမိန်းကလေး၏ ကျစ်လျစ်နွဲ့ နှောင်းသော ကိုယ်ခန္ဓာကလေးသည် စနစ်တကျ ပုံသွင်းပြုပြင်ထား သလို လှပလျက် ရှိလေသည်။ သူ ကြိုက်နှစ်သက်သော မိန်းကလေး တစ်ယောက်၏ အရည်အချင်းများ စုဒါလီတွင် အပြည့်အဝရှိသည်။ နွဲ့နှောင်းမှု၊ ရိုကျိုးမှု၊ ကြင်နာမှု၊ အလိုက်သိတတ်မှု၊ ရိုးသားပွင့်လင်းမှု။ ဘုရားရေ... ဒီအရည်အချင်းတွေနဲ့ မင်းနဲ့ဘာဆိုင်လို့တုံး။ မင်းထင် ကျော်သည် သူ့အဖြစ်သူ သဘောကျသွား၏။

ဈေးကွက် ရှာဖွေမှုအတွက် အစီရင်ခံစာကို စိတ်မပါစွာ စစ်ဆေးနေစဉ် သူ့စားပွဲမှ တယ်လီဖုန်းသံ ခပ်ပျော့ပျော့ကလေး မြည် လာ၏။ ရုံးတွင်းခေါ်သော တယ်လီဖုန်းဖြစ်သည်။ သူ စာရွက်ကိုင် ထားလျက်က ဖုန်းကို ကောက်ယူလိုက်သည်။





"ဆရာ"

စုဒါလီ၏ ချိုမြသော အသံနွဲ့နွဲ့ကလေး။

"ဪ... ဒါလီ၊ ဘာလဲ"

"ဆရာ့ကို တွေ့ဖို့ ဧည့်သည်တစ်ယောက် ရောက်နေတယ် ဆရာ၊ ချိန်းမထားတဲ့ ဧည့်သည်တဲ့"

သူ မျက်မှောင် ကျုံ့သွား၏။

နာရီကို ငုံ့ကြည့်လိုက်တော့ ၃နာရီ ၁၅မိနစ်။ ထိုင်း ကုမ္ပဏီက လူနှင့် တွေ့ရန် ၁၅ မိနစ်သာ လိုတော့သည်။

"ဘယ်သူတဲ့လဲ"

"အမျိုးသမီး တစ်ယောက်ပဲ၊ ခဏကလေး"

တစ်ဘက်က အသံတိတ်သွားပြီးမှ "မခင်မိုးမြင့် တဲ့ ဆရာ" ဟူသော အသံကလေး ထွက်လာ၏။ မခင်မိုးမြင့်၊ သူ မသိပါ။

"ဘယ်ဌာနကလဲ ဒါလီ"

"မသိဘူး ဆရာ၊ ရုံးကိစ္စ မဟုတ်ဘူးတဲ့။ ကိုယ်ရေးကိုယ်တာ ကိစ္စလို့ ပြောတယ်"

မြတ်စွာဘုရား။

အမျိုးသမီးတစ်ယောက်နှင့် ကိုယ်ရေးကိုယ်တာကိစ္စ ပတ် သက်ရလောက်အောင် သူ မရင်းနှီးမိတာကြာပါပြီ။ သူသည် ကျောင်း တုန်းက သူ တွဲခဲ့ဖူးသော မိန်းကလေးများကို ကမန်းကတန်း ပြန် စဉ်းစားယူလိုက်၏။ မခင်မိုးမြင့်...။ သေချာသည်ကတော့ သူ တွဲခဲ့ သော မိန်းကလေးများတွင် မခင်မိုးမြင့်ဆိုသော နာမည်တစ်ယောက်မှ မပါပါ။ နောက်ပြီး ကိုယ်ရေးကိုယ်တာ ကိစ္စကို ရုံးသို့ သယ်ယူလာတာ မျိုးကို သူ မကြိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ဘယ်လိုလဲဟင်၊ တွေ့ဖို့ အချိန်ရရဲ့လား"

စုဒါလီ လမ်းဖွင့်ပေးသော မေးခွန်းက လိမ္မာပါးနပ်၏။ သူ မတွေ့ချင်လျှင် အချိန်မရဘူးဟု ပိတ်ပြောလိုက်ရုံပါပဲ။ သို့သော် ကိုယ်ရေးကိုယ်တာကိစ္စဟူသော မခင်မိုးမြင့်ကို သူ စိတ်ဝင်စားနေသည်။

"တွေ့မယ်လေ၊ လွှတ်လိုက်ပါ"

ဆင်နားရွက် တံခါးကို တွန်းဖွင့်လျက် ဝင်လာသော ထို အမျိုးသမီးကို သူ မသိပါ။

အမျိုးသမီးသည် ရှည်မြင့်သောအရပ်နှင့် လိုက်ဖက်ရုံ မဆိုစလေက် ပြည့်သော်လည်းနွဲ့နှောင်းမှုမရှိ၊ ခပ်မတ်မတ် ခပ်တောင့်တောင့် ဖြစ်သည်။ ဆံပင်က တိုနံ့နံ့ကလေး၊ မင်းထင်ကျော်၏ ဆံပင် ထက် အနည်းငယ်သာပိုရှည်မည်။ နဖူးပေါ်မှ လှိုင်းကလေး မသိမသာ ပုံဖော်၍ နောက်ပြန်လှန်ဖြီးထားသော မည်းနက်သည့် ဆံပင်များသည် ပုံပန်းကျနသေသပ်နေ၏။ နားရွက်အထက်က ဆံပင်ကိုလည်း နောက်ဘက်သို့ ပြေလျှောစွာ ဖြီးထားသည်။ နားမှာ နားကပ်မရှိ။ မျက်ခုံးများထူထဲ နက်မှောင်ပြီး မျက်လုံးများ မည်းနက်စွာ တောက်ပသည်ကို ချက်ချင်းသတိထားလိုက်မိ၏။ ရှပ်အင်္ကျီ လက်ရှည်ကို လက်ကြယ်သီးအပြည့်တပ်၊ လည်ပင်း ကြယ်သီးကော် လာအထိ စေ့ပိတ်တပ်ထားသဖြင့် သူမ၏ ပုံစံက သပ်ရပ်နေသည်။

သို့သော် သူမ တစ်လှမ်းချင်းဝင်လာခိုက် သူ စေ့စေ့ကြည့်၍ အကဲခတ်ရသမျှတော့ ပေါင်းသင်းဆက်ဆံရခက်မည့် မိန်းမစား မျိုးပေတည်း။ စူးရှသောမျက်လုံးများက မည်းနက်တောက်ပပြီး လူတကာကို အပြစ်ရှာမည့် ပုံစံဖြစ်နေသည်။ ထဘီက မတိုမရှည်၊ ခြေမျက်စိအထက် တစ်ထွာလောက်ရောက်အောင် ဝတ်ထားသည်။





ထဘီအောက်တစ်ခြမ်းအနည်းငယ် စိုစွတ်နေသည်။ အင်္ကျီနှင့် ဆံပင်များ မိုးစိုစွတ်ခြင်းမရှိပါ။ သူမတွင် ထီးပါလာပြီး ထီးကို ရုံးခန်းအဝင် ပလတ်စတစ် ရေပုံးထဲတွင် ထည့်ထားခဲ့ဟန် တူပါသည်။

"ထိုင်ပါ"

အမျိုးသမီးက ကုလားထိုင်ကို အသံမြည်အောင် ဆွဲယူ လျက် ထိုင်၏။ သူ နည်းနည်းအောင့်သွားသည်။ သူ့ဆီလာနေကျ ဧည့်သည်များသည် ကုလားထိုင်ကို မိမိတို့ဘက်သို့ ဆွဲယူလေ့မရှိ ကြပါ။ ဆွဲယူလျှင်လည်း အသံမထွက်အောင် ညင်သာစွာဆွဲယူ လေ့ရှိ ကြပါသည်။

ကိုယ်ရေးကိုယ်တာကိစ္စ...။ သူ ယခုတိုင် ဦးနှောက် ခြောက်နေဆဲ ဖြစ်သည်။

"ကျွန်တော် ခင်ဗျားနဲ့ မတွေ့ဖူးဘူးနော်"

အဖြူရောင် ရှပ်လက်ရှည်ကြောင့်လားမသိ၊ အမျိုးသမီး၏ မျက်ဝန်းများ ထူးထူးခြားခြား တောက်ပနေသည်။ အနက်ရောင် သားရေပခုံးလွယ်အိတ်ကို ရင်ခွင်မှာ ပိုက်လျက် ရှိုကျိုးဟန် တစ်စက် မှ မပါဘဲ သူမ ခေါင်းညိတ်လေသည်။

"ဟုတ်ကဲ့၊ မတွေ့ဖူးပါဘူး"

"ဒါဖြင့်..."

"ကျွန်မ ဦးမင်းထင်ကျော်ဆီက အကူအညီတစ်ခု တောင်း ချင်လို့ပါ"

ခပ်အက်အက် အသံမှာ ဆွဲဆောင်မှုအပြည့် ရှိသော်လည်း သူ၏ မကျေနပ်မှုကို ပြေပျောက်မသွားစေနိုင်ပါ။

"ကျွန်တော် ခင်ဗျားနဲ့ စကားပြောဖို့ ဆယ်မိနစ် အချိန် ရပါတယ်၊ ကိစ္စကို ပြောပါ၊ ကျွန်တော် တတ်နိုင်တဲ့ ကိစ္စမျိုးလား"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူမက နာရီကို တစ်ချက်ငုံ့ကြည့်၏။ မည်းနက်သော မျက်တောင်ကော့များ ဝန်းရံထားသော မျက်လုံးအစုံမှာ စူးရှလျက် ကိုယ့်ကိုကိုယ် အထင်ကြီးမည့် မျက်လုံးများ ဖြစ်သည်။ ကျယ်ပြန့်သော နှုတ်ခမ်းမှာ ပိရိပါးလှပ်ပြီး ပုံပန်းကျန သေသပ်သည်။ နှုတ်ခမ်းဆိုးဆေး လုံးဝ မတင်ထားသော ပန်းနုရောင် ခပ်ဖျော့ဖျော့နှုတ်ခမ်းများ ဖြစ်သည်။ စုဒါလီ၏ ပြည့်ဖြိုး ဖောင်းကြွသော ပန်းနုရောင် နှုတ်ခမ်းငုံ ကလေးကို ဖျတ်ခနဲ မြင်ယောင်နိုင်းယှဉ်မိသွား၏။

"ကျွန်မအနေနဲ့ ခက်ခဲနေပေမယ့် ဦးမင်းထင်ကျော်အတွက် လွယ်လွယ်ကလေးပါ"

ဘယ်လိုပါလိမ့်။ စကားပြောပုံက ပိုင်လှချည်လား။

သူ မျက်ခုံးပင့်မိသွားသည်။ အမျိုးသမီးအသက်က သူနှင့်မတိမ်းမယိမ်းဟု ခန့်မှန်းရသည်။ အသက် ၂၆ နှစ်လောက်။ လျော့လျှင် တစ်နှစ်၊ ပိုလျှင် တစ်နှစ်။ ဒါပေမယ့် သူ့ထက်လူမှုရေးညှိဖျင်းမှာ သေချာသည်။

သူမက သားရေအိတ်ထဲမှ စာရွက်တစ်ခုကို ထုတ်ယူလျက် သူ့ရှေ့သို့ ချပြသည်။

"ကျွန်မ ဒီစာအုပ်စာတမ်းကလေးတွေ ဝယ်ချင်ပါတယ်"

သူ မျက်ခနဲ အောင့်သွားပြန်၏။

"ကျွန်တော်တို့ ကုမ္ပဏီက ရေထွက်ပစ္စည်း ထုတ်လုပ်တဲ့ကိရိယာတွေ၊ ရေထွက်ပစ္စည်း မွေးမြူနည်းတွေနဲ့ပဲ ပတ်သက်ပါတယ်၊ ခင်ဗျားအနေနဲ့ စာအုပ်တွေ လိုချင်ရင် ပန်းဆိုးတန်းစာအုပ်ဆိုင်တွေ၊ မြေနီကုန်း စာအုပ်ဆိုင်တွေမှာ သွားမေးဖို့ကောင်းတယ်"

သူ စိတ်တိုတိုဖြင့် ပြောမိတော့ အမျိုးသမီးက ခေါင်းယမ်း၏။ လက်ထဲက စာရွက်ကိုသာ ရှေ့တိုးပေးသည်။





"ကျွန်မ လိုချင်တဲ့ စာအုပ်က ပန်းဆိုးတန်းမှာလဲ မရှိဘူး၊ မြေနီကုန်းမှာလဲ မရှိဘူး၊ မြန်မာနိုင်ငံမှာလဲ မရှိဘူးရှင့်"

ဟာ… ဘာစာအုပ်မို့လဲ။

သူ့ရှေ့ ရောက်နေသည့် စာရွက်ထဲမှ စာရင်းကို ငုံ့ကြည့်လိုက်၏။

Journal of Agricultural and Food Chemistry (စိုက်ပျိုးရေးနှင့် အစားအစာ ဓာတုဗေဒဂျာနယ်)။ European Journal of Applied Microbiology and Biotechnology (အသောက်အကူပြု အဏုဇီဝဗေဒနှင့် ဇီဝစက်မှုသိပ္ပံ အနောက်တိုင်းဂျာနယ်)။ Biotechnology Volume-4 (ဇီဝစက်မှုသိပ္ပံ ဂျာနယ်၊ အတွဲ၄)။ Aquaculture Magazines-1983 (ရေထွက်ပစ္စည်း မွေးမြူခြင်း မဂ္ဂဇင်းများ၊ ၁၉၈၃)…

သူ စိတ်ပျက်လက်ပျက် သက်ပြင်းချ၍ မော့ကြည့် လိုက်တော့ အမျိုးသမီး၏ မာကျောကျော မျက်ဝန်းများနှင့် ဆုံမိသည်။

"ဒါပေမယ့် ဒီစာအုပ်တွေ ကျွန်တော်တို့ကုမ္ပဏီကမရောင်းဘာတော့ ခင်ဗျားသိမှာပါနော်"

"ဟုတ်ကဲ့ သိပါတယ်။ ဒီစာအုပ်တွေကို ဟာဝိုင်ယီမှာ မှာလို့ ရချင်ရမယ်၊ သေချာတာကတော့ ထိုင်းနိုင်ငံမှာ ဝယ်လို့ရပါတယ်။ ခက်တာက…"

သူမ မျက်ဝန်း ထောင့်ကပ်၍ တစ်အောင့် စဉ်းစားဟန်ဖြင့် ငြိမ်သက်နေပြီးမှ အနည်းငယ် ရှေ့ကိုင်းလျက် ဆက်ပြောသည်။

"ကျွန်မ ဘန်ကောက်မှာလဲ အသိအကျွမ်းမရှိဘူး၊ ဟာဝိုင်ယီမှာလဲ မရှိဘူး၊ကျွန်မ ကျောင်းသူဘဝတုန်းကတော့ ဟာဝိုင်ယီ ဘဏ္ဍာသိုလ်ကနေ စာအုပ်နှစ်အုပ် မှာလို့ရဖူးပါတယ်၊ သူတို့က



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားတွေဆိုရင် ပို့ပေးတယ်လေ။ ဒါပေမယ့် အခုကျွန်မက ကျောင်းသူ မဟုတ်တော့ဘူး၊ ဒီတော့ ကျွန်မကို ဦးမင်းထင်ကျော်က ကူညီပြီး ဒီစာအုပ်ကလေးတွေ မှာပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်"

ဒါပေမယ့် ခင်ဗျားက ကျွန်တော့်လိပ်စာကို ဘယ်ကနေ ရသလဲ။ ထိုမေးခွန်းကို မေးလျှင် ရိုင်းသွားမှာစိုး၍ သူမမေးပါ။ တကယ်ဆိုလျှင် သူမက စတင်ဖွင့်ပြောရမည် မဟုတ်လား။

"ကျွန်တော် တစ်ခါမှ နိုင်ငံခြားကို စာအုပ် မမှာဖူးသေးဘူး၊ နောက်ပြီး အဲဒီကိစ္စက ခင်ဗျားထင်သလောက် မလွယ်ဘူး။ဘာကြောင့်လဲဆိုတော့ ငွေတန်ဖိုး ကိစ္စပဲ။ ဟိုမှာလူခံရှိနေရင် တောင်မှ..."

"အို ဒါကိုတော့ စိတ်မပူပါနဲ့၊ ကျသင့်သလောက် မြန်မာငွေနဲ့...."

သူ့စကားကို ဖြတ်ပြောတာ သူ လုံးဝမကြိုက်ပါ။

"ဒီမှာ ကျွန်တော်ပြောတဲ့ စကားကို ဆုံးအောင် နားထောင်ပါဦး၊ ခင်ဗျား ပိုက်ဆံတတ်နိုင်လိမ့်မယ်လို့ ကျွန်တော် ထင်ပြီးသားပါ။ ဒါပေမယ့် ဒီစာအုပ်တွေကို ဘန်ကောက်မှာဝယ်ရင် ဘတ်ငွေနဲ့ ဝယ်ရမယ်၊ ဒီကို ပို့ပေးတဲ့ကုန်ကျစရိတ်ကလဲ ဘတ်ငွေပဲ။ ဒီကိုရောက်တော့ ခင်ဗျားက ကျွန်တော့်ကို မြန်မာငွေနဲ့ပေးမယ်၊ ဒီမြန်မာငွေကို ကျွန်တော်က ဘယ်လိုလုပ်ပြီးဟိုကို ပြန်ဆပ် ပေးရမှာလဲ"

"ကျွတ်..."

အမျိုးသမီးက စိတ်မရှည်သလို စုတ်သပ်လိုက်တော့ သူ နှုတ်ခမ်း တင်းတင်း စေ့ထားလိုက်၏။

"ရှင်တို့ကုမ္ပဏီက နိုင်ငံခြားကဝယ်တဲ့ပစ္စည်းတွေကို မြန်မာ ငွေနဲ့တွက်ပြီး ပြန်ရောင်းနေတာ မဟုတ်ဘူးလား။ ဒါလေးကို





ရှင်က ဘာများခက်ခဲနေလို့လဲ၊ ဒေါ်လာနဲ့ဝယ်ရရင် လက်ရှိ ပေါက်ဈေးပေါ့။ ကုမ္ပဏီတွေအားလုံး ငွေတန်ဖိုး ဒီလိုပဲလဲလှယ်ပြီး ပြန်သွင်းနေတဲ့ ကိစ္စပဲ"

သူမ၏ ခပ်ဇွာဇွာစကားကြောင့် သူ၏သည်းညည်းခံစိတ်များ အားလုံးလွင့်ထွက်သွား၏။

"ဒါပေမယ့် အခုဟာက ကုမ္ပဏီကိစ္စမှ မဟုတ်တာဘဲဗျ၊ ဒါ အပြင်အလုပ်ပဲ။ ဘယ်ကလာမှန်းမသိတဲ့ ဘာလုပ်မှန်းမသိတဲ့ မိန်းမ တစ်ယောက်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပဲ၊ ဒါကို တရားမဝင် လုပ်ပေးဖို့ ဘယ်လွယ်မလဲ။ ကုမ္ပဏီအလုပ်နဲ့ ရောပဝ်လို့ မရဘူး။ ဒါကို လုပ်ပေးဖို့ဆိုရင် ကျွန်တော့်မှာရှိသမျှ အချိန်ထဲကနေ ဖဲ့ပေးပြီး ဟိုကမိတ်ဆွေ တစ်ယောက်ယောက်ကို အကူအညီတောင်းရမှာ။ နောက်ပြီး ဒီစာအုပ်တွေကို မှာယူလို့ ရပြီးပြီထား၊ ခင်ဗျားကအကြောင်း တစ်စုံတစ်ရာကြောင့် ပြန်မရွေး တော့ဘူးဆိုရင် ဒီဟာတွေအားလုံး ကျွန်တော့်ငွေနဲ့ စိုက်ပေးရတော့မှာ၊ ဒီတော့ ခင်ဗျား အပေါ်မှာ ကျွန်တော် ယုံကြည်ဖို့လဲ အဓိက အရေးကြီးနေတယ်။ ဒီတော့..."

သူ မခင်မိုးမြင့်ဆိုသော ခပ်မာမာကျောကျော မိန်းမကို အထက်စီး အကြည့်ဖြင့် ကြည့်လိုက်၏။

"ဒီအလုပ်ကို ကျွန်တော် လုပ်ပေးဖို့ လိုအပ်သမျှ ခင်ဗျားရဲ့ အထောက်အထားတွေ ကျွန်တော် သိချင်တယ်"

အမျိုးသမီး ခဏငြိမ်သက်သွား၏။ သူ့ကို စိုက်ကြည့်နေသော မျက်ဝန်းများတွင် ဒေါသအရိပ်အငွေ့ကို သူ ကောင်းကောင်း မြင်ရသည်။

မင်းထင်ကျော်ကို ဒီလို လာရင့်လို့ ဘယ်ရမလဲ။ အကူအညီတောင်းတဲ့မျက်နှာဆိုတာ ဒီလို မျက်နှာပေးမျိုး မဟုတ်ရဘူးကွ။ သူ



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် ပြုံးပြလိုက်၏။ အထက်စီး အပြုံးမှန်း သူမ သိပါလိမ့်မည်။

သူမက မလွဲမရှောင်သာစွာ လက်ခံလိုက်ရသော ဟန်ပန်မျိုး ဖြင့် ခေါင်းတစ်ချက် ညိတ်၏။

"ရပါတယ်၊ ဒါ ကျွန်မဘက်က လိုသွားတဲ့အချက်ပဲ။ တကယ်ဆိုရင် ကျွန်မဝင်လာလာချင်း ပြောရမယ့်ကိစ္စပဲ မဟုတ်လား။ ဒါပေမယ့် ဆရာသားက ဒီလောက် ဇီဇာကြောင်လိမ့်မယ်လို့ ကျွန်မမှ မထင်တာ၊ ခဏလေး ကျွန်မရဲ့ အိုင်ဒင်တီတီကတ်တွေ ပြပါမယ်"

ဆရာသား... ။

ထိုစကားကြောင့် သူ့နဖူး သူ ဖွတ်ခနဲ ရိုက်ပစ်လိုက်မိတော့မလို ဖြစ်သွား၏။

သေလိုက်စမ်းပါကွာ။ အက်ကွာကာလ်ချား မဂ္ဂဇင်းဆိုကတည်းက သူ ရိပ်မိဖို့ကောင်းပါသည်။ သူ့ဖခင် ဦးထင်ကျော်မှာ မော်လမြိုင်တက္ကသိုလ် အဏုဇီဝဗေဒ ဌာနတွင်ကထိကဖြစ်၏။ သူ မျက်နှာနည်းနည်းပျက်သွားကာ စာရွက်ကို ငုံ့ကြည့်လိုက်သည်။ စာအုပ်စာရင်းအောက်ဆုံးမှာ ရေးထားသော စာအုပ်နာမည်က သူ့ကို လှောင်ပြောင်နေသလို ခံစားရသည်။

Micro-Algal Biotechnology By Michael A. Borowitzka & Lesley Borowitzka (အဏုအယ်လ်ဂေး ဇီဝစက်မှုသိပ္ပံ)။

ဒီမိန်းမ အစကတည်းက ဘာဖြစ်လို့ ဒီအကြောင်း မပြောရတာလဲ။ သူ မခံချိမခံသာ ဖြစ်နေ၏။

"နေပါ နေပါ၊ ခင်ဗျားကို ကျွန်တော် ယုံကြည်သွားပါပြီ"





"ကျွန်မက ဆရာဦးထင်ကျော်ရဲ့ တပည့်ပါ။ ဆရာက ဦးမင်းထင်ကျော်ရဲ့ လိပ်စာကို..."

သူ လက်ပြလိုက်တော့ အမျိုးသမီး၏ စကားသံရပ်သွား၏။

"ခင်ဗျား အစကတည်းက ဦးထင်ကျော်ရဲ့ တပည့်ပါလို့ ပြောလိုက်ရင် ပြီးနေတာပဲ။ ဒါဆိုရင် ကျွန်တော်တို့ နှစ်ယောက်လုံး အချိန်ကုန် သက်သာတာပေါ့"

သူမက စူးစူးရှရှ ပြန်ကြည့်နေ၏။

"ဒါကတော့ ဒီစာအုပ်စာရင်းကို မြင်လိုက်ရင် ရှင် သိနိုင်မယ် ထင်လို့ပါ၊ ဒါ ကျွန်မရဲ့ အမှားပါပဲ"

ဆိုလိုချင်တာက စာအုပ်စာရင်း မြင်ရုံနဲ့ ဖေဖေ့တပည့်မှန်း မသိတာ မင်းထင်ကျော် ညံ့တယ်ပေါ့။

"ကောင်းပြီ၊ ဖေဖေ့မျက်နှာကို ထောက်ထားပြီး ကျွန်တော် ဒီစာအုပ်တွေ မှာပေးပါမယ်။ ဒါပေမယ့် ကျွန်တော် ထင်တာက ဒီ အောက်ဆုံးစာအုပ်က ဂျာနယ် မဟုတ်ဘူး၊ ဒါ ..."

"ဒါ အတတ်ပညာ စာအုပ်လေ"

"အဲဒါမျိုး စာအုပ်တွေက ဈေးကြီးတယ်၊ တစ်အုပ်ကို ဒေါ်လာကိုးဆယ် တစ်ရာ ရှိမယ်၊ ဒီတော့ ဒါကို မြန်မာငွေနဲ့ ပြန်တွက် ကြည့်ဦး၊ ခင်ဗျားအနေနဲ့ စာအုပ် တစ်အုပ်တည်းကို ငွေခုနစ်ထောင်ကျော် အကုန်အကျခံပြီး ဝယ်ချင်စိတ် ရှိတာ သေချာရဲ့လား"

"ပိုက်ဆံကုန်တဲ့ အလုပ်ကို ကျွန်မ တာဝန်ထားပါ"

သူ ထိုမိန်းမကို ပထမဦးဆုံးအကြိမ် တအံ့တဩ ဂရုတစိုက် ကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမက ဖေဖေ့တပည့်ဆိုလျှင် အဏ္ဏဝါဇီဝဗေဒ အဓိကယူသူ ဖြစ်ရမည်။ ကျောင်းသူ မဟုတ်တော့ဘူး ဆိုတော့ သူမ ဘယ်ဌာနမှာ အလုပ်လုပ် နေပါသနည်း။ ဖေဖေ့ လက်အောက်မှာပဲလား။

“ဒီစာအုပ်တွေကို ကျွန်တော် ဘယ်ပို့ပေးရမလဲ”

“အို...အဲဒီအတွက်တော့ ဒုက္ခမရှာပါနဲ့ရှင်၊ ကျွန်မ လာယူပါမယ်၊ ဘယ်တော့လောက် ရနိုင်မလဲဆိုတာသာ ခန့်မှန်းပေးပါ”

ကြည့်စမ်း။ ငါ့ကိုများ အမျိုးသမီးတွေ လိပ်စာတောင်းပြီး မဟားတရား ပိုးတတ်တဲ့ လူစား မှတ်လို့လား။ ဒါ ငါ့ကို ရိုလိုက်တာပေါ့လေ။

သူ အံကြိတ်၍ အမျိုးသမီးမျက်နှာကို အကဲခတ်မိသည်။ သို့သော် အမျိုးသမီး၏ မျက်နှာတွင် သူတစ်ပါး အခံရခက်အောင် ကလိသည့် အမူအရာမျိုးမရှိပါ။ ပကတိ ရှင်းလင်းနေသော မျက်နှာထားဖြစ်သည်။ သူ စိတ်လျှော့၍ ပြုံးပြလိုက်၏။

“ဘန်ကောက်နဲ့ ရန်ကုန်နဲ့ စာအသွားခန့်မှန်းခြေ ၄-၅ ရက်လောက် ကြာတယ်၊ ကျွန်တော့်စာ ဟိုကိုရောက်ဖို့ အချိန်၊ သူ ဟိုမှာ အားလပ်ဖို့အချိန်၊ စာအုပ် ရှာဝယ်ဖို့အချိန်၊ ပြန်ပို့ပေးဖို့ အချိန် တွက်ကြည့်တော့ အနည်းဆုံး သုံးပတ်ကြာမယ်”

“ပိုပိုမိုမို ဆိုရင်·တစ်လပေါ့နော်”

“ဟုတ်တယ်၊ တစ်လပေါ့”

သူမ အနည်းငယ် ကိုယ်ကို မတ်လိုက်၏။

“ကျွန်မ တစ်လပြည့်တဲ့ရက်မှာ တစ်ခါ ပြန်လာခဲ့ပါမယ်၊ ဒါနဲ့ စာအုပ်ဖိုးငွေ ခန့်မှန်းပြီး ကြိုတင်ပေးခဲ့ဖို့ လိုမလား”

သူ ပြုံး၍ ခေါင်းယမ်းလိုက်သည်။





“မလိုပါဘူး၊ စာအုပ်တွေ ရန်ကုန်ရောက်မှ မခင်မိုးမြင့် ပိုက်ဆံထုတ်ပါ။ ဪ . . . ခဏ၊ မခင်မိုးမြင့် ကော်ဖီသောက်သွားပါဦး၊ ကျွန်တော် မှာပေးပါရစေ”

သူ တယ်လီဖုန်းကို လက်လှမ်းလိုက်၏။ ဖေဖေ့ တပည့်ဆိုလျှင် သူ ဧည့်ဝတ်ပြုစုရန် လိုအပ်လိမ့်မည်။

“နေပါစေ ဦးမင်းထင်ကျော်၊ရှင်သတ်မှတ်ပေးတဲ့ ဆယ်မိနစ် အချိန် စေ့သွားပါပြီ၊ ကျွန်မကို ပြန်ခွင့် ပြုပါ”

သူမ ပြောပြောဆိုဆို မတ်တတ်ရပ်တော့ သူ မျက်ခနဲ အောင့်သွားပြန်၏။ သူပါ မတ်တတ်ရပ်လိုက်သည်။

“ကိစ္စမရှိပါဘူး၊ ကျွန်တော်နဲ့ တွေ့ရမယ့် အရောင်းကိုယ်စားလှယ်လဲ မလာသေးပါဘူး။ ဖေဖေ့တပည့်ဆိုတော့ ကျွန်တော်က ဧည့်ဝတ်ပြုရမယ် မဟုတ်လား”

သို့သော် သူမ နောက်သို့ဆုတ်၍ ရပ်လိုက်၏။

“ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်မမှာ အချိန်မရလို့ပါရှင်၊ နောက်လမှ တွေ့ကြတာပေါ့နော်”

တော်တော် ရိုင်းစိုင်းတဲ့ မိန်းမ။

နာရီကို တစ်ချက်ငုံ့ကြည့်ရင်း နည်းနည်းမျှ မပြုံးဘဲ လှည့်ထွက်သွားသော ထိုအမျိုးသမီးကို သူ မချင့်မရဲ ကြည့်လျက် ကျန်ခဲ့၏။ ဘာကြောင့်များ ဖေဖေက သူ့ဆရာ ဖြစ်နေရတာလဲ။

သူသည် အပြစ်မရှိသော ကုလားထိုင်ကို ဒေါသတကြီး ကန်ပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

အကယ်၍သာ ဘီပီအိုင်မှာ အလုပ်လုပ်သောအစ်မဝမ်းကွဲထံမှ တောရှောက်လိမ်းဆေး သွားယူပေးဖို့ မေမေက သူ့ကိုမခိုင်းခဲ့ဘူးဆိုလျှင် ထိုအူကြောင်ကြောင် မိန်းမကို ထပ်တွေ့ရမည် မဟုတ်ပါ။

အုန်းခွံရောင် ဆန်နီပစ်ကပ်ကားကလေး ဘီပီအိုင်ဝင်းထဲမှ ထွက်လာချိန်တွင် မိုးဖွဲဖွဲကလေး စတင်ရွာချသည်။ လက်ဝဲဘက်သို့ ကွေ့၍ ကွန်ကရစ်လမ်းအတိုင်း ဖြည်းဖြည်းကလေး မောင်းလာစဉ် ခင်းထင်ကျော် လက်ပတ်နာရီကို တစ်ချက်ငုံ့ကြည့်လိုက်၏။ ညနေ ၄ နာရီထိုးရန် ငါးမိနစ်သာ လိုတော့သည်။

၄ နာရီခွဲတွင် စုဒါလီဟာန်နှင့် မြေနီကုန်းမှာ ချိန်းထားသည်။ ယနေ့ စုဒါလီကို ဘုရားသို့လိုက်ပို့ပေးရန် သူကတိပေးထားပြီးဖြစ်ပါသည်။ 'ဆရာ့ကို ဒုက္ခပေးရမှာ အားတော့နာပါတယ်' တဲ့။ ကိစ္စမရှိပါ။ ဤနူနယ်လှပသော မိန်းကလေးကို ဘုရားသို့ လိုက်ပို့



www.burmeseclassic.com

www.burmeseclassic.com



ပေးရမည့်အလုပ်သည် ဒုက္ခဖြစ်လျှင် ထိုဒုက္ခသည် ချိုမြိန်သော ဒုက္ခတစ်ခုသာဖြစ်ပါလိမ့်မည်။

ကွန်ကရစ်လမ်း၏ လက်ဝဲဘက် ပလက်ဖောင်းတွင် ရှေ့သို့ လျှောက်သွားနေကြသော ဘီပီအိုင်ဝန်ထမ်း အမျိုးသမီးတစ်စု သူ့ကား အလာကို ရပ်စောင့်လိုက်ကြတာမြင်ရသည်။ သုံးယောက်၊ ငါးယောက်၊ ခုနှစ်ယောက်။ သူ့ကား သေးသေးကလေးတွင် အမျိုးသမီး (၇)ယောက် စုပြုံတက်ထိုင်၍ရပါမလား။ သူ ကားမရပ်ဘဲ မောင်းသွားလျှင် ဘယ့်နှယ်နေမလဲ။ ဒါဆိုရင် သူ သိပ်ရိုင်းသွားလိမ့်မည်။ ဤလမ်းကို ဖြတ်သွားသော ကိုယ်ပိုင်ကားတိုင်း ကားကြုံတင်သွားရလေ့ရှိပါသည်။

အကျီအဖြူနှင့် မီးခိုးရင့်ထဘီ ဝတ်စုံဝတ်ထားသည့် အမျိုးသမီးတစ်ယောက်က ရယ်မောရှ် လက်ပြတားလိုက်ချိန်တွင် ကားကို လက်ယာဘက်ဘေးမှာ ကပ်၍ ရပ်ပေးလိုက်ပြီးဖြစ်သည်။

အမျိုးသမီးကလေးများ အုပ်စုလိုက် အပြေးအလွှားကားနောက်ပိုင်းပေါ် တက်ကြ၏။ သူ စိတ်ရှည်လက်ရှည်စောင့်သည်။ ဘီပီအိုင်ဝင်းပေါက်မှ အင်းစိန်လမ်းမအထိ လျှောက်ရမည့် နေ့စဉ်ဒုက္ခကို သူကိုယ်ချင်းစာပါသည်။ ခပ်လှမ်းလှမ်း ညာဘက်ဘေးတွင် တစ်ယောက်တည်း သီးမပါဘဲ လျှောက်သွားနေသော အမျိုးသမီးတစ်ယောက်ကို သတိထားမိသည်။ ကားတားရမှာ ရှက်သော အမျိုးအစားထဲတွင် ပါဝင်ဟန်တူပါသည်။

ကားကို ညင်သာစွာ မောင်းထွက်လာရင်း အမျိုးသမီး၏ နံဘေးမှ ဖြည်းဖြည်း မောင်းလာပြီး ရပ်ပေးလိုက်သည်။ ခုနစ်ယောက်နဲ့ရှစ်ယောက် သိပ်မထူးခြားပါဘူးလေ။

အမျိုးသမီးက လှည့်ကြည့်၏။





သူ တအံ့တဩ ဖြစ်သွားသည်။

သူ အလွန်မှတ်ဉာဏ်ကောင်းပါသည်။ ထိုမျက်လုံးများကို သူ မမေ့ပါ။ မေ့ရလောက်အောင်လည်း ကာလ မကြာသေးပါ။ ရှပ်သက်ရှည် အကျီအဖြူနှင့်၊ တိုကပ်ကပ် ဒိုင်ယာနာ ဆံပင်ပုံနှင့် အရပ်ရှည်မြင့်သော ထိုအမျိုးသမီးကို သူချက်ချင်းမှတ်မိလိုက်၏။ ထိုအဘောအတွင်း မိုးကခပ်စိပ်စိပ် သည်းပက်လာသည်။ သူ့ကို ငုံ့လှည့်ကြည့်နေသော အမျိုးသမီး၏မျက်နှာတွင် ရင်းနှီးခင်မင်ခြင်း အရိပ်အယောင်မတွေ့ရပေ။ ထို့နောက် ခပ်တည်တည်ပင် ရှေ့သို့ဖြောင့်တန်းစွာ ဆက်လျှောက်သွားတော့သည်။

သူ ဒေါသ ထောင်းခနဲ ထသွား၏။

ကြည့်စမ်း။ ဒီမိန်းမ လူပါးဝပြန်ပြီလား။ ဘီပီအိုင် ဝန်ထမ်း အမျိုးသမီးကလေးတစ်ယောက် မိုးရွာထဲမှာ ထီးမပါရှာဘူးဟူသော စေတနာကလေးကို ရက်ဒေါသက ဖုံးလွှမ်းသွား၏။

လွန်ခဲ့သော တစ်ပတ်က ဘန်ကောက်က သူငယ်ချင်းထံ စာရေး၍စာအုပ်မှာလိုက်ပြီးသား ဖြစ်နေလို့တာပေါ့။ မမှာရသေးဘူးဆိုလျှင် ဤအလုပ်ကို သူတတ်နိုင်သမျှ အချိန်ဆွဲထားမိတော့မည်။ ပေဖေ့တပည့်မကလို့ ဘာကြီးပဲဖြစ်ဖြစ်။

သူ့ကား ကျော်လာသည့်အခါ အမျိုးသမီးက ငုံ့စောင်း၍ပင် ကြည့်ဖော် မရချေ။ မိုးဖွဲ စိပ်စိပ်ကလေးများကြောင့် အမျိုးသမီး၏ အဖြူရောင်အကျီ နောက်ကျောမှာ စိုနေသည်ကို တွေ့ရသည်။ဘာလဲကွ... ဒီမိန်းမက ငါ့ကားကို မစီးချင်ဘူးလား။

အင်းစိန်လမ်းမသို့ မကွေ့မီလမ်းထိပ်တွင် သူ ကားကို ရပ်ပေးလိုက်၏။ အမျိုးသမီးတစ်သိုက် ခုန်ဆင်းကြသည်။ အုပ်စုခေါင်းဆောင် ဖြစ်ဟန်တူသော ကားတားသည့် အမျိုးသမီးက ကားရှေ့



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်နံဘေးသို့ လျှောက်လာ၍ ကျေးဇူးတင်စကား ပြော၏။ သူ မှန်ကုပ်နေသော မျက်နှာကို အချိန်မီပြုပြင်၍ ပြုံးရယ်လိုက်ရသည်။ ထို့နောက် ကားထဲမှာပင် ထိုင်၍လက်ဝဲဘက်ဘေး နောက်ကြည့်မှန်မှတစ်ဆင့် နောက်ကို လှမ်းကြည့် စောင့်နေလိုက်သည်။

ဆယ်မိနစ်ကြာမှ ထိုအမျိုးသမီး ခပ်သွက်သွက် လျှောက်လာသည်။

ရေလုံသော မိုးကာ လက်ဆွဲအိတ်ကလေးကို ဆွဲလျက် လောကတစ်ခုလုံးကို ထီမထင်စွာ လျှောက်လာနေသော အမျိုးသမီးကို သူ ဘာဖြစ်လို့ စိတ်ရှည်လက်ရှည် စောင့်နေမိပါလိမ့်။ သူမ ဘီပီအိုင်မှာ အလုပ် လုပ်သလား။ အဏ္ဏဝါဇီဝဗေဒနှင့် မြန်မာနိုင်ငံဆေးဝါး စက်ရုံကို ဆက်သွယ်ထားသောလုပ်ငန်းမှာ ရေညှိစီမံကိန်းဖြစ်သည်။ သို့သော် ..

ဆံပင်တိုတိုနှင့် အမျိုးသမီး၏ တည်ငြိမ်သော မျက်နှာသည် နောက်ကြည့်မှန်မှတစ်ဆင့် နီးနီးလာပြီး နံဘေးမှ ဖြတ်ကျော်လျှောက်သွား၏။ သူ လှမ်းကြည့်နေခိုက် သူမက လုံးဝ လှည့်မကြည့်ပါ။ စောစောက သူမကိုရပ်စောင့်သော ကားမှန်း မသိသလိုပင်ဖြစ်သည်။ အင်း... သူမ မမှတ်မိလို့များလား။ သူ ကားလက်ကိုင်ဘီးကို လက်ဝါးစောင်းဖြင့် ခပ်ဖွဖွ ခုတ်လျက် ဘာဆက်လုပ်ရမှန်းမသိဖြစ်နေသည်။

မနေ့ညကမှ မေမေနှင့် ထို မခင်မိုးမြင့်အကြောင်း စကားစပ်မိကြသေး၏။





"ဟိုတစ်ပတ်က သားဆီကို မိန်းမတစ်ယောက် လာတွေ့တယ်ဆို"

စူးစမ်းဟန်၊ ပြုံးပန်ဟန် မျက်နှာပေးဖြင့် မေမေက မေးတော့ သူ ချက်ချင်း ဒါလီကို သတိရသွား၏။ ဒါလို့ လက်ချက်ပဲဟု သူ သိသည်။

"ဟုတ်တယ် မေမေ"

ရှေ့ဆက်မပြောဘဲ ဖက်လက်စ စာအုပ်ကို ဆက်ဖတ်နေသောအခါ မေမေက ထပ်မေးသည်။

"သား သူငယ်ချင်းလား"

မေမေ့စကား အရိပ်အကဲကို သိပ်သိတာပေါ့။ သူ နည်းနည်း ရယ်မောလိုက်မိ၏။

"မဟုတ်ပါဘူး မေမေ၊ ဖေဖေ့တပည့်တဲ့၊ မရင်း ဘိုင်အိုကပါ"

ဒီလို အေးစက်စက် မာကျောကျော မိန်းမမျိုးနဲ့ ကျွန်တော်ဘယ်လိုလုပ်ပြီး သူငယ်ချင်းဖြစ်နိုင်မလဲ။

"ဟဲ့... မင်းအဖေတပည့်ဆိုရင် မေမေသိတဲ့ မိန်းကလေးတွေများ ဖြစ်နေမလား၊ သူ့တပည့်တွေ ဒီအိမ်ကို ခဏခဏလာဖူးတယ်၊ မနှစ်ကမှ ဒူးရင်းသီးနဲ့ ကြက်မောက်သီးတွေ လာပေးသွားတာရော"

"မေမေ သိချင်မှ သိမှာပေါ့၊ ဖေဖေ့ တပည့်တွေ အများကြီးရှာ"

"ဘယ်သူတဲ့လဲ"

"ခင်မိုးမြင့်... တဲ့"



www.burmeseclassic.com

www.burmeseclassic.com



မေမေက အနည်းငယ် စဉ်းစားသလို ငြိမ်သွားသည်။ ဒီအမျိုးသမီးရဲ့ ခပ်ရိုင်းရိုင်း စိတ်ခါတ်မျိုးနဲ့ မေမေ့ဆီ မော်လမြိုင်က ဒူးရင်းသီးတွေတကူးတက သယ်ပြီး လာပေးမယ်တော့ မထင်ပါဘူး ဗျာ။

"ရှည်ရှည်လား၊ ပုပုလား"

သူ မေမေ မကြားအောင် သက်ပြင်းခိုးရှိုက်ပြီး စာအုပ်မှ မျက်နှာလွှဲလိုက်၏။

"ရှည်သလား မမေးနဲ့၊ ကျွန်တော့် အရပ်လောက်တောင် ရှိမလား မသိဘူး"

"မေမေ သိတဲ့ကလေးမတွေ ဖြစ်မှာပါပဲ၊ အရပ်ရှည်ရှည်နှစ်ယောက်ပါတယ်၊ သူတို့ နှစ်ယောက်က ဒီကို ခဏခဏ ရောက်တယ် သားရဲ့၊ ဒါဖြင့် အဲဒီ ကလေးမက မေမေတို့ အိမ်ရောက်ဖူးတယ်လို့ မပြောဘူးလား"

"ဟင့်အင်း ဘာမှ မပြောဘူး မေမေ မရောက်ဖူးဘူးထင်ပါတယ်"

စကား ပိတ်၍ ပြောလိုက်သော်လည်း မေမေက စဉ်းစားနေဆဲ။

"အရပ်ရှည်ရှည်နှစ်ယောက် မင်းထင်ရဲ့၊ နှစ်ယောက်လုံး မန္တလေးကပဲ၊ နာမည်တွေတော့ မေမေ မမှတ်မိဘူး၊ သုံးလုံးတွဲတွေလေ"

သူ နည်းနည်း ပြုံးရယ်မိသည်။ မေမေက သုံးလုံးတွဲ နာမည်ဆိုလျှင် 'မင်းထင်ကျော်' လောက်သာ မှတ်မိသူ ဖြစ်သည်။

"တစ်ယောက်က ဆံပင်ရှည်၊ တစ်ယောက်က ဆံပင်တိုတိုတာမှ ယောကျ်ားဆံပင် ပုံကလေး၊ ဝတ်လာရင်လဲ ယောကျ်ားက





လေး ရှပ်အင်္ကျီတွေ"

သူ လှစ်ခနဲ တအံ့တသြ ပြုံးလိုက်၏။

"အဲဒါဖြစ်မှာပေါ့ မေမေရဲ့၊ ခင်မိုးမြင့်ဆိုတာ။ ဆံပင်တိုတို၊ အရပ်ရှည်ရှည်၊ မျက်နှာပေးက လောကတစ်ခုလုံး သူ့ လုပ်စာကျွေးနေရတဲ့ မျက်နှာပေးမျိုးလေ"

"အဲဒီလောက်လဲ မဆိုးပါဘူးဟယ်"

မေမေက အသံထွက် ရယ်မောတော့သည်။

"ဟိုက ပေးလိုက်တဲ့ ပစ္စည်းတွေ ဒီလာပို့၊ ဒီက ပေးလိုက်တဲ့ ပစ္စည်းတွေ ပြန်သယ်ပေးနဲ့ သူတို့ခမျာလေးတွေ စိတ်သဘောကောင်းရှာပါတယ်"

သူ ခေါင်းညိတ် လက်ခံလိုက်ရသော်လည်း မပယ်ချင်သလို ဖြစ်နေ၏။

ဘယ်အရာကိုမဆို အကြွေးမထားချင်သော မင်းထင်ကျော်သည် ပြဿနာကို ချက်ချင်းရှင်းပစ်ဖို့ ဆုံးဖြတ်လိုက်၏။ ၄နာရီ (၁၅) မိနစ်။ ဒါလီနှင့်တွေ့ရန် (၁၅) မိနစ် လိုသေးသည်။

သူ အင်းစိန်လမ်းမကြီးပေါ် တက်၍ လက်ယာဘက်သို့ တွေ့သည်။ ခိုန်ပန်းပင်အောက်သို့ မျက်လုံးဝေ့ကြည့်တော့ မခင်မိုးမြင့်က ကားစောင့်သည့်လူအုပ်နှင့် မလှမ်းမကမ်းတွင် မတ်တတ်ရပ်နေသည်ကို တွေ့မြင်ရ၏။ မိုးဖွဲဖွဲကလေးများ ကျနေတာကို မမှုသလိုပဲ။ သူမရှေ့မှ ကပ်ကပ်ကလေး ခပ်ဖြည်းဖြည်း မောင်းသွားသော ကားကိုလည်း သတိထားမိဟန်မတူပါ။ ပတ်ဝန်းကျင် အကဲခတ်မှုသာလည်း ခေါ်တော်ညွှံပုံပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘီပီအိုင်မှတ်တိုင်အလွန် ခပ်လှမ်းလှမ်းမှာ လမ်းဘေးသို့ ကားကို ရပ်ထားခဲ့ပြီး မှတ်တိုင်ဆီသို့ ခြေလှမ်းကျဲများဖြင့် လျှောက်လာခဲ့၏။

အင်းစိန် ဆူးလေ ကားကြီးတစ်စင်း ထိုးဆိုက်လာသည်။

မှတ်တိုင်မှ လူအုပ်က ကားဆီသို့ စုပြုံ တိုးသွားကြသည်။ ကားပေါ်က ဆင်းသော လူစုက နည်းနည်းကလေး။ သူမက ခြေလှမ်း အနည်းငယ် ပြင်ပြီးမှ လက်လျှော့လိုက်သလို နေရာတွင် မတ်တတ် ရပ် ကျန်နေခဲ့သည်။

သူ အမျိုးသမီးအနီးသို့ ကပ်၍ ရပ်လိုက်၏။ သူမ ဖျတ်ခနဲ လှည့်ကြည့်သည်။ သူ အစွမ်းကုန် ပြုံးပြလိုက်၏။

"ခင်ဗျား ဘယ်ပြန်ရမှာလဲ"

သူမကို အမေးခံလိုက်ရခြင်း မဟုတ်သလို ခပ်တည်တည် တစ်ချက်ကြည့်ပြီး ရှေ့ပြန်လှည့်သွားသော အမျိုးသမီး၏ အပြုအမူ ကြောင့် သူ ရှက်သွား၏။ အနီးမှ လူသုံးလေးယောက်၏ မျက်လုံးများ သူ့ထံသို့တစ်ပြိုင်တည်း စူးစိုက်လာသောအခါ သူ မခံချင်စိတ်ဖြင့် ရှေ့ဆက်တိုးရန် ဆုံးဖြတ်လိုက်သည်။ သူ အရှက်ကွဲ မခံနိုင်ပါ။

"မခင်မိုးမြင့်"

အမျိုးသမီး နောက်တစ်ကြိမ် လှည့်ကြည့်လေသည်။ အမျိုး သမီး၏ စူးစမ်းဟန် ဇဝေဇဝါ အကြည့်ကြောင့် သူ မခံမရပ်နိုင် ဖြစ် သွား၏။

လက်စသတ်တော့ သူ ငါ့ကို မမှတ်မိဘဲကိုး။ ဖြစ်မှဖြစ်ရ လေ။

"ကိုယ့်အတွက်စာအုပ်တွေ နိုင်ငံခြားကမှာပေးတဲ့ လူကို တော့ ခင်ဗျားမှတ်မိသင့်တာပေါ့"





ခပ်ပြုံးပြုံး ထောင့်ပေါ်လိုက်သော သူ့စကားကြောင့် အမျိုး သမီး တအံ့တသြ ဖြစ်သွားသည်။

"ဦးမင်းထင်ကျော်"

"ဟုတ်ကဲ့၊ ကျွန်တော် မင်းထင်ကျော်ပါ"

သူ ဘောင်းဘီအိတ်တွေထဲ လက်တစ်ဖက်စီ ထိုးထည့်ပြီး ကိုယ်ကို မသိမသာ ကိုင်းညွတ်ပြလိုက်၏။

"အို... ကျွန်မ မမှတ်မိဘူး"

ရှားပါ့ဗျာ။

"ခင်ဗျား ဘယ်ကို ပြန်မှာလဲလို့ ကျွန်တော် စောစောက မေးလိုက်တယ်"

အမျိုးသမီးက မျက်တောင်နှစ်ချက် ခတ်လိုက်သောအခါ ဥးရဲသော မျက်ဝန်းများ၏ လှပမှုကို ပထမဦးဆုံးအကြိမ် သူသတိ ထားမိသည်။ ချွန်မြသော နှာခေါင်းထိပ်တွင် မိုးစက်ကလေးတစ်စက် တွဲလွဲခိုနေ၏။ သူ ထိုမိုးစက်ကလေးကို ခဏစိုက်ကြည့်ပြီး ကမန်းက တန်း မျက်စိလွှဲလိုက်ရသည်။

"ဪ... လှည်းတန်းကို ပြန်မှာပါ"

"ကျွန်တော့်ကားနဲ့ ကားကြုံလိုက်ခဲ့လို့ ရပါတယ်"

သူမ လက်မခံချင်သလို ပုံစံမျိုး ပြသည်ကို သူ မအံ့သြပါ။

"စောစောက ဘီပီအိုင်လမ်းမှာ မခင်မိုးမြင့်မှန်း မသိဘဲ ကားရပ်ပေးမိသေးတယ်။ ခင်ဗျား မလိုက်ဘူး"

"ဪ...စောစောက ကားရပ်ပေးတာ ဦးမင်းထင်ကျော် လား၊ ကျွန်မအတွက် ရပ်ပေးတာလို့မထင်မိဘူးလေ၊ နောက်ပြီး ကျွန်မ ဘီပီအိုင်လမ်းကို နေ့တိုင်းလမ်းလျှောက်နေကျပါ။ ဘယ် တော့မှ ကားကြုံမစီးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတလေကျတော့ လူ့ဘဝမှာ ခြွင်းချက်ဆိုတာ ရှိရ တယ်ဗျ"

ပြောပြီးမှ ကိုယ့်စကားကို မကျေမနပ် ဖြစ်သွားပြန်သည်။ ဒီလောက် မာနတစ်ခွဲသားနဲ့ မိန်းမကိုမျာ ရင်းရင်းနှီးနှီး ပြောနေမိပါ ရောလား။ သူမ မျက်လုံးတွင် အပြုံးရိပ်ရိပ်ကလေး ထင်ဟပ်လာသလို ရှိသော်လည်း နှုတ်ခမ်းများ တင်းစေ့ထားဆဲ။ သူ စိတ်တိုသွား၏။

"ကဲ...ကျွန်တော်ကတော့ မိုးစက်တွေအောက်မှာ အကြာ ကြီး မတ်တတ်မရပ်နိုင်ဘူးဗျာ၊ ဘယ်လိုလဲ၊ လိုက်မှာလား မလိုက်ဘူး လား"

သူ လှည့်ထွက်မည့်ဟန်ပြင်တော့မှ မခင်မိုးမြင့်က ခေါင်း ညိတ်ပြသည်။

"ဖိုးစိန်လမ်း အိမ်ကို ခင်ဗျား ရောက်ဖူးသလား"

ရှေ့တည့်တည့်ကြည့်ရင်း သူမကို မေးတော့ သူမက လှည့် ကြည့်၏။

"ဟုတ်ကဲ့၊ ရောက်ဖူးပါတယ်။ သုံးလေးခေါက်လောက် ဆရာပေးခိုင်းတဲ့ ပစ္စည်းတွေ လာပေးတာ"

သူ ခေါင်းညိတ်လိုက်၏။ ကားလက်ကိုင်ဘီးကို ညာလက် ဖြင့် ထိန်းကိုင်ပြီး ဘယ်ဘက်လက်က သူမထိုင်နေရာ ကူရှင်ပေါ်မှ တောရှောက်လိမ်းဆေးပုလင်းထုပ်ကို သည်ဘက်တိုးရွှေ့ပေးလိုက်၏။

"ကျွန်တော် အရင်တစ်ပတ်ကပဲ ဘန်ကောက်ကို စာထည့် လိုက်တယ်"

"ဟုတ်ကဲ့"





ထို့နောက် သူတို့နှစ်ယောက် စကားပြတ်သွားကြသည်။ အမျိုးသမီးကလည်း ကားရှေ့မှန်မှတစ်ဆင့် ရှေ့သို့သာ စိုက်ကြည့်နေ ၏။ သူကလည်း ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားသည်။ ပြော ရောစကားလည်း ရှာမတွေ့ဖါ။ ကြာရှည် ငြိမ်သက်နေသောအခါ သူ မနေတတ် မထိုင်တတ် ဖြစ်လာ၏။ အင်း... တစ်ခုခုတော့ ပြောဦး မှ ကောင်းမယ်ထင်တယ်။

"ဘန်ကောက်က ဖာဟိုညိုထင်လမ်းမှာ ရှိတဲ့ ဘိုင်အို ဘက်ခ်နိုလိုဂျီကယ်လ် ရိဆော့(ချ်)မှာ ကျွန်တော့်သူငယ်ချင်းတစ် ယောက် အလုပ် လုပ်တယ်လေ၊ သူ့ဆီကို ကျွန်တော်မှာပေးထားပါ တယ်"

"ဟုတ်ကဲ့"

သူမထံမှ သင်းပျံ့ပျံ့ ရနံ့ကလေး မသိမသာ မွှေးလျက်ရှိ သည်။ စုဒါလီထံမှ မွှေးရနံ့လို ထုံယစ်မွှေးပျံ့ခြင်းမျိုးမဟုတ်။ တကယ် ကို မသိမသာကလေး။ ရှိုက်ပြီး မွှေးကြည့်ပြန်တော့ အနံ့မရသလိုလို။

"ခင်ဗျား ဘီပီအိုင်မှာ အလုပ်လုပ်တာပေါ့"

သူမတစ်အောင့်လောက် ငြိမ်သက်နေပြီးမှ 'ဆိုပါတော့'ဟု ပြောသည်။

သူ ပခုံး မသိမသာတွန့်ကာ ဝိုက်ပါခလုပ်ကို ဖွင့်လိုက်၏။ ဒီလောက်ဆိုရင် ငါ့တာဝန် ကုန်ပြီထင်ပါရဲ့။ အင်းစိန်လမ်းမတစ် လျှောက်လုံး စကားမပြောဖြစ်ကြတော့ပါ။ အာလာပသလ္လာပ ပြောဖို့အရေး တွန့်တိုနေသော အမျိုးသမီးကို သူကလည်း စကား လုံးဝမပြောတော့ဘဲ နေပစ်လိုက်သည်။ ကမာရွတ်ရောက်တော့ သူမကို မျက်လုံးစွေကြည့်မိသေး၏။ သူမက ရှေ့တည့်တည့်သာ စူး စိုက်ကြည့်နေသည်။ ဆင်းမယ့်နေရာရောက်ရင် ပြောလိမ့်မပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



လှည်းတန်းရောက်တော့ သူမ သူ့ဘက်လှည့်ကြည့်၏။

"ဟိုရှေ့က သစ်ဆန်းဆိုတဲ့ ဆိုင်းဘုတ်နားမှာ ဆင်းမယ်"

ဟာ...၊ အသံက ခပ်ပြတ်ပြတ်ပါလား။ သူ့ကိုယ်သူ တက္ကစီဒရိုင်ဘာ တစ်ယောက်ပမာ ခံစားလိုက်ရသည်။ နောက်များတော့ ဒီအမျိုးသမီးကို ကားကြုံ မခေါ်တော့ပါ။ ဒုံးရင်းသီးမကလို့ ဘာကြီးပဲ သယ်ပေးပေး။ သူ ဆုံးဖြတ်ချက် ချလိုက်၏။ ပစ္စည်းတွေ လာလာပို့ဖူးတဲ့ကျေးဇူး ဒီလောက်ဆိုရင် ကျေပြီပေါ့ မမေရာ။

သို့သော် အမျိုးသမီး ကားတံခါးဖွင့် ဆင်းမည်ပြုတော့ မနေနိုင်သည့် သူ့ပင်ကိုစိတ်ကြောင့် စိုးရိမ်တကြီး တားမြစ်မိသေးသည်။

"ခဏကလေး နောက်က ကားလာနေတယ်"

ထိုကား ကျော်သွားမှ အမျိုးသမီးဖွတ်ခနဲ ဆင်းသွားသည်။ သူ့ကား၏ရှေ့မှ ဖြတ်၍ လမ်းချိုးဘက်သို့ ခပ်သွက်သွက် လျှောက်သွားသော အမျိုးသမီးကို သူ တအံ့တဩ စိတ်ပျက်စွာ ကြည့်၍ ကျန်ခဲ့သည်။ ကျေးဇူးတင်ပါတယ်ဆိုတဲ့ စကားကလေးတောင် ဟန်ဆောင် ပန်ဆောင် ပြောဖော်မရပါလား။ တက္ကစီကားပေါ်မှ ဆင်းသွားသလို အမူအရာမျိုး။

သူ နာရီကို ငုံ့ကြည့်လိုက်သည်။ ၄နာရီခွဲရန် ၃ မိနစ်သာ လိုတော့သည်။ ကံကောင်းထောက်မစွာ မိုးတိတ်သွားပြီ။

စုဒါလီနှင့် ချိန်းထားသော 'ရှိုင်း' လက်ဖက်ရည်ဆိုင်သို့ ရောက်သောအခါ ၄ နာရီခွဲအတိဖြစ်သည်။ သူ ခြံဝန်းထဲ မဝင်တော့ဘဲ ဆိုင်ရှေ့မှာပင် ကားကို ရပ်ထားလိုက်သည်။ သူ ကားတံခါးဖွင့်၍ ဆင်းလိုက်စဉ်မှာပင် သူ့အနီးသို့ လိမ္မော်ရောင် အရိပ်တစ်ရိပ်နှင့်အတူ သင်းပျံ့သော မွှေးရနံ့ကလေး ရောက်လာသည်။





"ဒါလီ..."

လိမ္မော်ရောင် တောက်ပသော ဝတ်စုံပျော့ပျော့ကလေးဖြင့် လှပ ရွှင်လန်းသော မိန်းကလေးမှာ စုဒါလီဟာန် ဖြစ်သည်။

"တော်တော် စောင့်နေရသေးသလား"

"ဟင့်အင်း"

မိန်းကလေး၏ ပြုံးချိုသွားသော မျက်နှာကလေးကြောင့် စောစောက သူ့ရင်တွင်းမှ ပြဿနာများကို သူ မေ့သွားသည်။

"ဒါလီ လက်ဖက်ရည် သောက်ပြီးခါစပဲ ရှိသေးတယ်၊ ဆရာ့ကားကိုမြင်တော့ လက်ဖက်ရည်ဖိုး ရှင်းပြီး ထွက်လာခဲ့တာ။ သွားကြမလား ဟင်"

"သွားလေ"

သေးသွယ်သော ခါးကလေးတွင် ငွေခါးပတ်ကလေး ပတ်ထား၏။ သူမခါးမှာ ဝတ်ဆင်ထားသောအရာသည် ထဘီလား၊ ကတ်လား၊ သူ ဘယ်လိုမှ မခွဲခြားတတ်ပါ။ ခြေမျက်စိ အထက်နားအထိ ရှည်လျက် ခပ်ဝဲဝဲကလေး ပွနေသော ပျော့ပျောင်းသည့် ဝတ်စုံသည် ဒါလီနှင့် အလွန်လိုက်ဖက်နေကြောင်း သူ သတိပြုမိ၏။

"မင်း သိပ်လှတာပဲ" ဟူသော အင်္ဂလိပ်စကား တစ်ခွန်းသွာတ်ခနဲ ထွက်သွား၏။

ဒါလီက ခါးကလေး ညွတ်ကိုင်းကာ "ကျေးဇူးတင်ပါတယ်" ဟု အင်္ဂလိပ်လို ပြန်ပြောလေသည်။ ရွှေအိုရောင် နှုတ်ခမ်းဆိုးဆေး ခြယ်ထားသော နှုတ်ခမ်း စိုစိုဖောင်းဖောင်းကလေးကို ခဏငေးကာ သူ မျက်နှာလွှဲလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



လှပ လန်းဆန်းသော ဤမိန်းကလေးနှင့် ရွှေတိဂုံဘုရားရင်ပြင်ကို လက်ယာရစ်တစ်ပတ် ပတ်ရစဉ် သူတို့နှစ်ယောက်၏ပုံစံတွေက မောင်နှမပုံစံမှဟုတ်ရဲ့လားဟု တွေးကြည့်မိသည်။ အင်း... မောင်နှမနဲ့တော့ မတူနိုင်ဘူး ထင်ပါရဲ့၊ ဒါဖြင့် သမီးရည်းစားနဲ့များ တူနေသလား။ လုံးဝ မတူနိုင်ပါ။ တစ်ယောက်နှင့်တစ်ယောက် ရှိုးတိုးရှန့်တန့် အမူအရာလည်းမရှိနိုင်ပါ။ ဒါဖြင့် မိတ်ဆွေပုံစံများလား။ သူသည် မောင်နှမပုံစံဖြစ်အောင် မျက်နှာကို ခပ်တင်းတင်း ထားရလျှင် ကောင်းမလားဟု စဉ်းစားရင်း သူ့အတွေး သူ ရယ်ချင်နေ၏။ သူတို့ မျက်လုံးများ၏ ရိုးသားသန့်စင်မှုကို သူတို့ကိုယ်တိုင် သိလျှင်တော်ပြီဟု အောက်မေ့လိုက်ရသည်။

ဒါလီကတော့ အေးအေးချမ်းချမ်း ပြုံးလျက်ရှိလေသည်။

ကျုံ့ကျုံ့ကလေး ထိုင်၍ ဘုရားကို အကြာကြီး ရှိခိုးနေသော စုဒါလီ၏ နောက် ခပ်လှမ်းလှမ်းတွင် သူ စီးကရက်တစ်လိပ် ထုတ်သောက်၍ စောင့်နေရသည်။ ကော့ပျံသော မျက်တောင်များ ပိတ်လျက် ပါးစပ်က တလှုပ်လှုပ်ရွတ်နေသောအခါ စုဒါလီသည် ချစ်စဖွယ် ကော်ရုပ်ကလေး တစ်ရုပ်ပင် ဖြစ်လေသည်။

"ဆရာ ဒါလီ့အတွက် တစ်ခု ကူညီပါလားဟင်"

ဒါလီ့အတွက်ဆို သူ တစ်ခုမက အများကြီး ကူညီလိုပါသည်။

"ပြော"

"ဒါလီ့အတွက် မြတ်စွာဘုရားကို ရွှေသင်္ကန်း ကပ်ပေးပါနော်"

ဒုက္ခ။ သူ တစ်သက်နှင့်တစ်ကိုယ် တစ်ခါမျှ ရွှေသင်္ကန်း မကပ်ဘူးပါ။ သို့သော် သူအည့်ခံ၍ မဖြစ်ပါ။





"ဘယ်လိုကပ်ရမလဲဆိုတာ ပြောပေါ့ ဒါလီရဲ့"

ဒါလီက ပြုံးပြုံးကလေး မျက်စချီလေသည်။

ဤပြဿနာကို ရွှေသင်္ကန်းအရောင်းဆိုင်က ဖြေရှင်းပေးပါသည်။

ရွှေသင်္ကန်းရောင်းသောဌာနက ကပ်စေးသောသတ္တု ရှိဟန်တူသည့် သစ်သီးအညှာတစ်ခုပေးလိုက်၏။ အဲဒါနဲ့ အရင်သုတ်ပြီးမှ ကပ်ပါတဲ့။ ဒီလိုဆိုပြန်တော့ သိပ်ကိုလွယ်တာပါပဲလား။

"ဒါ စဗွေးရဲ့ အစားပေါ့ ဆရာ၊ ရွှေဆိုင်းက အဲဒီအပေါ်မှာ ကပ်သွားတာပေါ့"

စုဒါလီ၏ဆန္ဒဖြင့် ဗုဒ္ဓရုပ်တုတော်၏နဖူးပေါ်သို့ ရွှေသင်္ကန်း အပြည့်ကပ်လှူပေးလိုက်လေသည်။ သူ တစ်ခါမျှ မပြုလုပ်ဘူး၍ပဲလား၊ ဘုရား၏ အရှိန်အဝါကြောင့်ပဲလား မသိ၊ သူ့လက်သည်းနည်း တုန်နေ၏။

"ဆရာလဲ ရှိခိုးပါ ဆရာ။ ဒါလီနဲ့အတူတူ ကုသိုလ်ယူပါနော်"

အလဲ့ ကုမ္ပဏီရဲ့ ရီဆက်ပ်ရှင်းနစ်(စ်)(တ်) တစ်ယောက်ဆီကထွက်လာတဲ့ စကားက အဆင့်မြင့်လှချည်လား။ သူ တအံ့တဩ ပြုံးရယ်၍ ခေါင်းညိတ် သဘောတူလိုက်မိသည်။ ဗုဒ္ဓဘာသာဝင် အမျိုးသမီးငယ်ကလေးတစ်ယောက်အဖြစ် စုဒါလီကို သဘောကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ငွေစက္ကူများကို တစ်ရွက်ချင်း ခပ်ဖြည်းဖြည်း ရေတွက်နေသော လက်ချောင်းများ ရှည်လျားလှသည်။ စုဒါလီ၏လက်ချောင်းများကဲ့သို့ ဖောင်းအိပြီး အဖျားရှူး သွယ်လျသော လက်ချောင်းပုံစံမျိုး မဟုတ်။ စုဒါလီ၏လက်လို နူးညံ့ပျော့ပျောင်းပုံလည်းမရ။ လေးထောင့်လက်အရှည်စားမျိုးသာဖြစ်သည်။ လက်တွင် လက်စွပ် တစ်ခုတစ်လေမျှမတွေ့ရ။ လက်သည်းများကို တိရိသေသပ်စွာ ညှပ်ထားပြီး လက်သည်းဆိုးဆေး ဆိုးမထားချေ။ သာမန်အားဖြင့်ဆိုလျှင် ရင်ခုန်ဖွယ်ရာမကောင်းသော လက်ချောင်းများဟု ဆိုရမည်။ သို့သော် ပြေပြေသေချာမည့် လက်ချောင်းများဖြစ်သည်။

"ရော့... ဦးမင်းထင်ကျော် ရေကြည့်လိုက်ပါဦး"

သူ ခပ်ပြုံးပြုံး ခေါင်းယမ်းပြလိုက်သည်။ သူမ ရေတွက်နေတာကိုမြင်ပြီးသားပါ။ ငွေစက္ကူစည်းများကို ရှေ့မှာချထားလိုက်သည်။ သူ ညှိဝတ်ပြုထားသော ကော်ဖီကို သူမ လုံးဝ မသောက်ရသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သိပ်ကျေးဇူးတင်တာပဲ"

ရှားပါးလှသော သူမ၏ စိတ်လိုလက်ရ ကျေးဇူး စကားကြောင့် သူ နည်းနည်းဘဝင်မြင့်ချင်သလိုဖြစ်သွားသည်။

"ကျေးဇူးတင်ရင် ကော်ဖီသောက်ပါ"

ထိုအခါ အံ့သြဖွယ်ရာပင် သူမလှစ်ခနဲပြုံးလိုက်လေသည်။ ပါးလျားကျယ်ပြန့်သောပါးစပ်က ပြုံးလိုက်သောအခါ ဆွဲဆောင်မှုများစွာဖြင့် လှပသွားတော့၏။ သူမ၏ အပြုံးကို ပထမဦးဆုံးအကြိမ် မြင်ဖူးသည်၌ သူ ငေးမောမိသွားသည်။ ပြုံးလိုက်သောအခါ မျက်လုံးများ၏ အေးစက်စိမ်းကားမှုက လျော့နည်းသွား၏။ အနည်းငယ် ရှည်ပြီးချွန်သောနှာခေါင်းက ရယ်မောလိုက်သောနှုတ်ခမ်းနှင့် အဆင်ပြေစွာ လှပသွားလေသည်။ အရပ်ရှည်သလောက် ခိုင်မတ်သော လည်တိုင်ရှိသည်။ အဖြူရောင် ရှပ်လက်ရှည်ကို လည်ပင်းကြယ်သီးအထိစေ့ပိတ်၍ တပ်ထားသောကြောင့် ဒါလိုလို လည်တိုင်ဝင်းဝင်းကလေးကို ဖြောင့်စင်းစွာ မမြင်ရချေ။ ဆွဲကြိုး မျှင်မျှင်ကလေးလည်း ဆွဲရန် လိုမှာမဟုတ်ဟု သူ မဆီမဆိုင်တွေးမိ၏။

"ကော်ဖီက ရုံးမှာတင် ဖျော်တဲ့ကော်ဖီပါ။ ဒီနားမှာက လက်ဖက်ရည်ဆိုင် နီးနီး မရှိဘူးလေ။ နောက်ပြီး ကျွန်တော်တို့ရုံးက ရုံးဆိုပေမယ့် အိမ်လိုပဲ မိသားစုလိုပါပဲ။ ဧည့်သည်လာရင် ကိုယ့်ဟာကိုယ် စီစဉ်ရတာ များတယ်"

ကော်ဖီဖျော်ပေးသူသည် စုဒါလီဟန် ဖြစ်ကြောင်း သူ မပြောဘဲ ထားလိုက်သည်။

"ကော်ဖီ သောက်လိုက်ပါဦး မခင်မိုးမြင့်၊ လောလောလတ်လတ် ကြိတ်ထားတဲ့ ကော်ဖီမှုန့်ပဲ၊ သိပ်ကောင်းတယ်"





အင်း... ငါ လောကွတ်လုပ်တာ သာမန်ထက်များ ပိုသွားပြီလား။ စဉ်းစားမိသောအခါ သူ့မျက်နှာကို အနည်းငယ် တင်းထားလိုက်မိသည်။

သူမက ကော်ဖီကို သိပ်အရသာခံ၍ မနေဘဲ ခပ်မြန်မြန်မော့သောက်ချလိုက်၏။ ထို့နောက် သူမ နှာချေလိုက်လေသည်။ သူ အနည်းငယ် သနားစိတ်ဝင်သွား၏။

"အေးဗျာ ခင်ဗျား လာတဲ့ အချိန်မှာ မိုးကလဲ တအားသည်းလိုက်တာ။ အခုတလော မိုးက မပြတ်သလောက်ဘဲနော်"

အင်း... ဒီစကားတွေက အပိုတွေဖြစ်နေပြီနဲ့တူပါရဲ့။ မိုးတွင်းမှာ မိုးရွာတဲ့အကြောင်းက ရေးကြီးခွင့်ကျယ် ကိစ္စလည်း မဟုတ်။

သူမက အနက်ရောင် သားရေအိတ်ကလေးထဲမှ စက္ကူလက်ကိုင်ပဝါကလေးတစ်စကို ဆွဲထုတ်လျက် မျက်နှာကို ပွတ်သပ်ရင်း နောက်တစ်ကြိမ် နှာချေလိုက်ပြန်သည်။

"ဒီလိုပါပဲ၊ ဘတ်စ်ကားနဲ့ သွားရတဲ့လူတိုင်း မိုးမိကြတာပါပဲ။ ဘတ်စ်ကား တစ်စီးနဲ့တစ်စီး အကူးမှာ မိုးသည်းရင် ထီးပါလဲ ဒိုတာပဲလေ။ ကျွန်မ အမြဲ မိုးမိနေကျပါ"

ဘတ်စ်ကားနဲ့ သွားရတဲ့လူ...ဆိုသော စကားမှာ သူ့ကို ရိလိုက်သလို ခံစားရသည်။ သူ အမြဲ ရုံးသို့လာတိုင်း ဘတ်စ်ကားကိုသာ စီးရကြောင်း သူမ သိမှသိပါ့မလား။ တစ်ပိုင်းစိုရွှဲနေသော သူမအိတ်စုံကို သူ မသက်မသာ ကြည့်မိသည်။

"ခင်ဗျား အအေးမိတော့မယ် ထင်တယ်၊အပြန်မှာ တက္ကစီနဲ့ ပြန်ဖို့ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါး၏ ကိုယ်ရေးကိုယ်တာထဲသို့ ဝင်စွက်မိသော မင်းထင်ကျော်ကို သူမက ခပ်စူးစူး တစ်ချက်ကြည့်၏။ အင်း... သတိထားနေတဲ့ကြားက မှားပြန်ပြီ။ သူ အနည်းငယ် မနေတတ်မထိုင်တတ် ဖြစ်သွားသည်။ သူမက ဘာမှ ပြန်မပြောဘဲ ငြိမ်နေသည်။

သွပ်ခေါင်မိုးပေါ်သို့ မိုးကျသံများပြင်းထန်နေဆဲဖြစ်သည်။ ခဏကြာတော့ သူမ ဖျတ်ခနဲ ထရပ်၏။

"ကျွန်မကို ပြန်ခွင့်ပြုပါ"

ဟာ...။ သူ ကမန်းကတန်း ထရပ်လိုက်ရသည်။

"အပြင်မှာ မိုးသည်းနေသေးတယ်၊ ခဏ စောင့်ပါဦးလား"

အမျိုးသမီးက ပြုံးလေသည်။ ပန်းနုရောင် နှုတ်ခမ်းမှာ နှုတ်ခမ်းသား ပျောက်ကွယ်လုနီးပါး မျဉ်းကွေးကလေး ဖြစ်သွား၏။ သည်လိုဆိုပြန်တော့ မခင်မိုးမြင့်က ဣန္ဒြေရစွာ လှပနေပြန်သည်။ လှပရုံမျှမက ချစ်ခင်နှစ်သက်ဖွယ်လည်း ဖြစ်နေသည်။ ဤမိန်းမကို အလွန် ချစ်မြတ်နိုးသူ တစ်ယောက်မက ရှိနိုင်၏။

"မိုးစဲအောင် စောင့်နေလို့ မဖြစ်ဘူးလေ၊ ညနေစာ စီစဉ်ဖို့ တာဝန်တွေနဲ့"

တိုကပ်သော ဆံပင်၊ ယောကျ်ား ရှပ်အင်္ကျီ ဖားဖားကြီးနှင့် မီးဖိုချောင်တွင် ချက်ပြုတ် လုပ်ကိုင်နေမည့် မခင်မိုးမြင့်၏ပုံစံကို တအံ့ တဩ မှန်းဆကြည့်မိတော့ သူ ရယ်ချင်သွားသည်။ သို့သော် သူမမှာ ထမင်းချက် ပြုစုကျွေးမွေးရမည့် ခင်ပွန်းယောကျ်ား ရှိနေပြီလား၊ ဒါမှ မဟုတ် သားသမီးတွေ...။ တွေးမိသောအခါ အနည်းငယ် နှမြော သလို ခံစားလိုက်ရသည်။





အိမ်ထောင်ရှိသလားဟု မေးလိုက်ဖို့ကျပြန်တော့ ခက်ခဲနေပြန်သည်။ ဘာလုပ်မှာလဲ၊ သူ့ဟာသူ အိမ်ထောင် မကလို့ ဘာကြီးပဲ ရှိရှိ။

ကားဂိတ်သို့ လိုက်ပို့ပေးဖို့ စကားစလိုက်လျှင် သင့်တော်ပါ့မလား။ ကားငှားပေးလျှင်ကော လိုက်လျောလွန်းရာကျနေမည်လား။ ပေဖေ့တပည့် တစ်ဦးအပေါ် သူ နောက်ထပ်တာဝန်ကျေဖို့ လိုသေးပါသလား။ သူ စဉ်းစားနေဆဲမှာပင် ထဘီစအောက်ပိုင်း စို့ရွှဲနေသော မခင်မိုးမြင့်သည် အခန်းအပြင်သို့ ထွက်သွားတော့သည်။ သူ ထီးကို ဆွဲယူလျက် အပြင်ဘက် ထွက်လိုက်သွားရသည်။

ရုံးအဆောက်အအုံရှေ့ပိုင်းသို့ လှမ်းမိစဉ်မှာပင် တဖြန်းဖြန်း သည်းပက်သော မိုးစက်များကြောင့် သူ့အင်္ကျီနည်းနည်း စိုသွားသည်။ သူမက လှည့်ကြည့်သည်။

"နေခဲ့ပါ ရပါတယ်၊ နှစ်ယောက်စိုရတာ အဓိပ္ပါယ်မရှိပါဘူး"

သူ ရုတ်သွေးဖြင့် ဖြန်းခနဲ မျက်နှာပူနွေးသွားကာ ဘာဆက်လုပ်ရမှန်းမသိဘဲ နေရာမှာ တောင့်တောင့်ကြီး ရပ်လိုက်မိသည်။ သူမ၏ကြည်လင်သော မျက်နှာကိုမြင်မှ အောင့်ထားမိသော အသက်ကို အားရပါးရ ရှူလိုက်မိ၏။ ထို့နောက် သူမက ခေါင်းတစ်ချက်ညွှတ်ကာ နှုတ်ဆက်လျက် မိုးသည်းသည်းတွင် တစ်လှမ်းချင်း ထွက်သွားတော့သည်။

ပလက်ဖောင်းအတိုင်း မလုံမလဲ ထီးသေးသေးကလေးဖြင့် ခြေလှမ်း ခပ်ကျဲကျဲလှမ်းကာ မိုးထဲလေထဲ တည်ငြိမ်စွာ လမ်းလျှောက်သွားသော သူမကို သူ အကြာကြီး ငေးမောနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မခင်မိုးမြင့်၏ လမ်းလျှောက်ဟန်က နွဲ့နှောင်းမှုမရှိ၊ သို့သော် ခမ်းနားကြီးကျယ်သည်။ မိမိ ဘဝကိုမိမိ ကျေနပ်အားရသော လမ်းလျှောက်ပုံမျိုး ဖြစ်၏။ သည်လို မိန်းမမျိုးအိမ်ထောင်ပြုမှာ မဟုတ်ဟု ကိုယ်လိုရာ ဆွဲတွေးလိုက်သည်။

ထိုညတွင် သူ တစ်ရေးနိုးလာသောအခါ ဖြစ်တောင့်ဖြစ်ခဲ တော်တော်နှင့်အိပ်မပျော်ဘဲ ဖြစ်နေ၏။ သူ့ရင်ထဲမှာလည်းလှိုက်ဟာ နွမ်းနယ်လျက်ရှိသည်။ ခေါင်းအောက်တွင် ဖြန့်ယှက်ထားသော လက်နှစ်ဖက်ကို ဘေးသို့ဆန့်ချလိုက်သောအခါ အေးစက်စက် မွေ့ရာ ပြင်သည် ကျယ်ပြန့်လှ၏။ မွေ့ရာကို လက်ဖြင့် မသိမသာ ထိတို့ပွတ်သပ်ကြည့်ရင်းက ခဏအတွင်းမှာပင် နူးညံ့သိမ်မွေ့သော နာကျင်မှုတစ်ခု သူ့ရင်ထဲသို့ ဖြည်းညင်းစွာ ဝင်ရောက်လာ လေသည်။ ထိုနာကျင်မှုကလေး ပျောက်ကွယ်သွားမှာ စိုးရိမ်သကဲ့သို့ သူ လက်ဝဲဘက်သို့ ဖြည်းဖြည်းကလေး စောင်းအိပ်လိုက်မိသည်။ မိမိ နံဘေးတွင် နွေးထွေးစွာ အိပ်ပျော်နေသော တစ်စုံတစ်ယောက် နိုးသွားမှာ စိုးရိမ်ဟန် အပြုအမူမျိုးပင်ဖြစ်၏။

တစ်ရေးနိုးအိပ်ရာထချိန်များတွင် မိမိ နံဘေးတွင် နွေးထွေးစွာ အိပ်ပျော်နေသော တစ်စုံတစ်ယောက် နိုးသွားမှာစိုးရိမ်ရသည့် ခံစားချက်မျိုးကို သူ လိုချင်လှပါသည်။

ယခုတော့ သူ့ဘေးတွင် မည်သူမျှ မရှိပါ။ တစ်ခါတစ်ရံကျတော့ သူ့ဘဝ၏ အဓိပ္ပါယ်မဲ့မှုကို သူ စိတ်ပျက်လာဖူးသည်။

နံနက် အိပ်ရာထ၊ ကော်ဖီသောက်၊ အလုပ်သွား။ အလုပ်မှ ပြန်လာလျှင် အခန်းထဲဝင်၊ သူနှစ်သက်ရာ ဂီတနားထောင်၊ မေမေ ပြင်ဆင်ကျွေးမွေးသော ညစာထမင်းစား၊ တိုင်း(မ်)နယူးစ်ဝိ(ခ်) မဂ္ဂဇင်းများဖတ်၊ နိုင်ငံတကာ စီးပွားရေး စာစောင်များဖတ်၊ နောက် တစ်နေ့





အလုပ်အတွက် ပြင်ဆင်၊ အိပ်။ ဤသံသရာသည် နေ့စဉ် လည်ပတ်လျက်ရှိသောအခါ ပျင်းရိငြီးငွေ့ဖွယ်ကောင်းလာသည်။

အချေအတင် ငြင်းခုံရမည့် အဖော်မရှိ။ အလုပ်မှ အဆင်မပြေမှုများ၊ ပင်ပန်း နွမ်းနယ်မှုများကို မျှဝေခံစားမည့် ကြင်ဖော်မရှိ။ မိမိကို နွေးထွေးစွာ နှစ်သိမ့်ပေးမည့် ဇနီးမရှိ။ မိမိက နွေးထွေးစွာ နှစ်သိမ့်ပေးရမည့် ဇနီးမရှိ၊ ရုံးသွားရုံးပြန် နှုတ်ဆက်ကြိုဆိုမည့် ဇနီးမရှိ။

သူ ပတ်သက်ခဲ့ဖူးသော မိန်းကလေးများကို စဉ်းစားကြည့်မိတော့ ခပ်ဝါးဝါးသာ မှတ်မိသည်။ သူတို့နှင့် ပတ်သက်စဉ်က ထာဝရ လက်တွဲဖော်အဖြစ် သော်လည်းကောင်း၊ မိမိ သားသမီးများ၏ မိခင်အဖြစ်သော်လည်းကောင်း နည်းနည်းမျှ မစဉ်းစားမိခဲ့ကြောင်း သူ ဝန်ခံပါသည်။ အချစ်၊ ရမ္မက်၊ အလိုဆန္ဒ၊ ပျော်ရွှင်မှု၊ ရင်ခုန်မှု...၊ များစွာသော မိန်းကလေးများထံမှ အမျိုးမျိုး သူ ရရှိခဲ့သည်။ သို့သော် ယနေ့ည သူ လိုအပ်သည်မှာ သူ ရရှိခဲ့ဖူးသော အရာများ မဟုတ်ပါ။

ဒါဖြင့် သူ ဘာလိုချင်ပါသနည်း။

ညသန်းခေါင်ကျော် နံနက် ၂နာရီလောက်တွင် သူသည် အိပ်ရာပေါ်မှာ လဲလျောင်းရင်း မိုးဇာ့(တ်)၏ ပီယာနိုကွန်ဆာတိုတစ်ခုကို တိုးတိုးကလေး နားထောင်ရင်း သူမေ့ထားခဲ့သောအရာ၊ သူ လိုအပ်သောအရာကို သေသေချာချာ ဆုံးဖြတ်ပြီး ဖြစ်သွားသည်။

သူ လိုချင်သည်မှာ မိသားစုဘဝ ဖြစ်သည်။ မိမိ၏ ကိုယ်စိတ်နှစ်ပါးကို ယုံကြည်စိတ်ချစွာ ပုံအပ်နှံလိုက်ရမည့် ထိုက်တန်သော ဇနီးတစ်ယောက်၊ မိမိ၏ စောင့်ရှောက် ချစ်ခင်မှုကို လိုအပ်သော သား (သို့မဟုတ်) သမီး၊ တိုတောင်းကြမ်းတမ်းလှသော လူ့သက်တမ်း



www.burmeseclassic.com

www.burmeseclassic.com



ဘဝခရီးတွင် မိမိ လက်တွဲပေါင်းစည်းရမည့် မိသားစုချစ်ခြင်းမေတ္တာ ဖြစ်သည်။

သို့သော် မိသားစုဘဝကို မိမိ မည်သည့်ဇနီးမျိုးဖြင့် တည်ဆောက်ယူမည်နည်း။ ရဲဘော်ရဲဘက်လို ဇနီးမျိုးလား။ မိမိကို တစ်ဘဝလုံး ပံ့ပေး၍ မိမိ ထားရာနေ စေရာသွားနိုင်မည့် ဇနီးမျိုးလား။ ယခင် ပတ်သက်ခဲ့ဖူးသော မိန်းကလေးများကို သူ နည်းနည်းမျှ စိတ်မဝင်စားနိုင်ခဲ့ပါ။ သူ့မှာ လက်ရှိပတ်သက်နေသော သူစိမ်း မိန်းကလေးမှာ တစ်ယောက်တည်းသာ ရှိသည်။ ၎င်းမှာ စုဒါလီဟန် ဖြစ်သည်။

စုဒါလီ၏ လှပချောမွေ့သော မျက်နှာနုနုကလေးကို ဖျတ်ခနဲတွေးတော စဉ်းစားရင်းက မဆီမဆိုင်စွာ အခြားသော မိန်းမတစ်ယောက်ကို သူ သတိရသွား၏။

ဆံပင်တိုတို၊ ယောကျ်ားရုပ်အင်္ကျီ ပွပွနှင့် လှစ်ခနဲ ပြုံးလိုက်သည့် မခင်မိုးမြင့်၏ အပြုံးသည် လနေရာင်တစ်ချက် ပြက်သွားသလို၊ အလင်းတန်းတစ်ခုလို တောက်ပ ချိုမြလှသည်။

သူမကို သတိရမိသည့်အခါ သူ ရှက်သွား၏။

*

ဘီပီအိုင်လမ်းသည် ခါတိုင်းနေ့များထက် ပိုမို သာယာလျက်ရှိသည်။

ဘီပီအိုင်လမ်းသို့ လာဖို့ သူ ရက်သတ္တတစ်ပတ်လောက် အားယူရသည်။

လာမယ့် လာဖြစ်တော့လည်း အဝိုင်းကျော်အောင် မသွားရဲ သလိုဖြစ်နေသည်။ သူသည် ဘီပီအိုင်လမ်း အဝိုင်းကလေးကိုပ





တက်ဝဲရင်ပြန်ပတ်မိပြီး အဝိုင်းထိပ်က အအေးဆိုင်ခန်းကလေးရှေ့မှာ ကားရပ်လိုက်ရ၏။ ညနေ ၃ နာရီ ၄၅ မိနစ်မှာ သူ စပေါ့ကလင်ကို ဘင်သောက်သည်။ ထို့နောက် လမ်းဘက်သို့ စိတ်ရှည်စွာ၊ အနည်း ငယ် ရှက်ရွံ့စွာ လှမ်းမျှော်ကြည့်မိလေသည်။

အုန်းခွံရောင် ဆန်နီပစ်ကပ်ကလေးကို သူမ မှတ်မှမှတ်မိပါ့ လား။ မှတ်မိလိမ့်မည်မထင်ပါ။ သူမ လမ်းလျှောက်လာတာကိုမြင် တွေ့ရရုံဖြင့် တော်ပြီလား၊ သို့မဟုတ် သူ့ကို သူမ မြင်သွားလျှင် ကျေနပ်ပြီလား၊ သို့မဟုတ် စကား ပြောရဦးမလား၊ သူ တွေဝေနေဆဲ ဖြစ်သည်။

မခင်မိုးမြင့်က လူရော ကားရော မမှတ်မိနိုင်ပေမယ့် မမဝေ ကတော့ ကားကို မြင်လိုက်လျှင် သူမှန်း သိမှာပဲ။

"မင်းထင်... ဘာလာလုပ်တာလဲ" ဟု မေးလျှင် ဘယ်လို ပြေရပါ့မလဲ။

"အတော်ပဲ ငါ့ကို လိုက်ပို့စမ်း" ဟု ခိုင်းလျှင်တော့ သွားပါ ပြီ။

သူ ထိုင်ရာမှ ချက်ချင်းထရပ်မိတော့မလို ဖြစ်သွား၏။

အို... မမဝေတို့ ဌာနက ရုံးဆင်း နောက်ကျတတ်ပါတယ်။ ဟဲကွာ... တွေ့တော့လည်း ကောင်းကောင်း လိပ်လိုက်ရုံပဲပေါ့။ သူ အားတင်းလိုက်သောအခါ နေရာမှာ စွဲမြဲစွာ ထိုင်ဖြစ်သွားလေသည်။

ခဏအကြာတွင် အီးတုံးသောင်ဇင် ကားတစ်စီးပေါ်မှာ မိုးခိုး ပြာထဘီနှင့် ဘီပီအိုင်ဝန်ထမ်း အမျိုးသမီးအုပ်စု ပါသွားတာမြင် လိုက်ရ၏။ ထိုကား ရိပ်ခနဲ ဖြတ်သွားစဉ် ကြည့်ရသမျှတော့ မခင်မိုး မြင့် မပါဝင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဘီပီအိုင်လမ်းကို လမ်းလျှောက်နေကျပါ။ ဘယ်တော့မှ ကားကြုံမစီးဘူး..."

ဤအမျိုးသမီးသည် သူတစ်ပါးကို ကျေးဇူးတင်ရမည့် အလုပ်မျိုး တတ်နိုင်သမျှ မလုပ်လိုသူ ဖြစ်မည်။ သူ့ကို မတတ်သာလွန်း၍ ကျေးဇူးတင်သွားရတာဖြစ်မည်။

နေစမ်းပါဦး၊ သူမအတွက် ဘန်ကောက်မှ မှာပေးရသော စာအုပ်များမှာ ဈေးကြီးလှသည်။ ကျောင်းပြီး၍ အလုပ်ဝင်နေသူတစ်ယောက်သည် ဘာအတွက် ဤစာအုပ်များကို ဈေးမတန်တဆဖြင့် ဝယ်ယူသလဲ။ အမ်အက်စီ ဆက်ဖြေဖို့ဆိုလျှင်တောင် အမ်အက်စီဘွဲ့ကလေး တစ်ခုအတွက် မှီငြမ်းစာအုပ်တစ်အုပ်ကို ငွေထောင်နှင့်ချီ၍ အကုန်ခံနေသလို ဖြစ်မနေဘူးလား။ အဲသည်ထဲမှ ဈေးအကြီးဆုံး စာအုပ်ကိုတော့ သူမှတ်မိ၏။ Micro-Algal Biotechnology စာအုပ်။ အဖုံးမှာ အစိမ်းရောင် အယ်လ်ဂေး နှစ်မျှင်သုံးမျှင်၏ ဓာတ်ပုံနှင့်ဟု မှတ်မိသည်။ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံနှင့် အယ်လ်ဂေးနှင့်ဆက်စပ်မှု၏ တစ်ခုတည်းသောထွက်ကုန်မှာ ပရိုဗီမင်ဆေးပြားဖြစ်သည်။ ဒါကိုတော့ အဏ္ဏဝါဇီဝဗေဒဌာနကထိက၏သားအနေနှင့် ရေထွက်ပစ္စည်း မွေးမြူရေးကုမ္ပဏီ၏ ရုံးမန်နေဂျာ အနေနှင့်ရော သူ ဆက်စပ်တွေးတောတတ်ပါသည်။ သို့သော် ထိုအကြောင်းခြင်းရာထဲတွင် မခင်မိုးမြင့်က မည်သည့်အခန်းကဏ္ဍမှ ပါဝင်နေသနည်း။ ၄င်းမှာ အခုအချိန်အထိ သူ မသိရသေးသော မြှုပ်ကွက်တစ်ခုဖြစ်သည်။

သူမနှင့်ခင်မင်ရင်းနှီးလာသောအခါ သူမ၏စကားတစ်ခွန်းတည်းဖြင့် အားလုံး ရှင်းလင်းသွားပေလိမ့်မည်။ သို့သော် သူမနှင့် ခင်မင်ရင်းနှီးဖို့ ဆိုတာ သူ ထင်သလောက် လွယ်လိမ့်မည်မဟုတ်ပါ။





စုဒါလီ ကုမ္ပဏီသို့ စတင်အလုပ်ဝင်သည့် နှစ်ရက်မြောက်နေ့တွင် သူနှင့် ခင်မင်ရင်းနှီးပြီးပြီ။ မခင်မိုးမြင့်နှင့်သူ သုံးကြိမ် စကားပြောပြီးသော်လည်း စိမ်းကားနေဆဲသာ ဖြစ်သည်။ တကယ်ဆိုလျှင် မြန်မာနိုင်ငံမှာ ဝယ်၍ မရသည့် စာအုပ်များနိုင်ငံခြားမှ တကူးတက မှာဝယ်ပေးသူကို သူမ ဘယ်လောက်ကျေးဇူးတင်ဖို့ ကောင်းသလဲ။

သူ့အတွေး သူ ပြန်အံ့သြသွား၏။ သူ မခင်မိုးမြင့်ထံမှ ဘယ်အရာတွေကို မျှော်လင့်နေမိပါသနည်း။

နောက်ထပ် ကိုယ်ပိုင်ကားတစ်စီး၊ ရုံးကား လင်းဒ်ရိုဗာ တစ်စီးဖြတ်မောင်းသွား၏။ အမျိုးသမီး သုံးလေးယောက်စီ ပါသွားကြသည်။ ထိုအုပ်စုများတွင် မခင်မိုးမြင့် မပါဝင်နိုင်ပါ။

ခဏကြာတော့ အမျိုးသမီး အုပ်စုတစ်စု ခပ်သွက်သွက် လျှောက်လာကြတာ လှမ်းမြင်ရသည်။ အဝိုင်း၏ ဟိုဘက်မှာ လှမ်းမြင်နေရကတည်းက မခင်မိုးမြင့် မပါဝင်မှန်း သိလိုက်ပြီ။ မခင်မိုးမြင့် သာပါလျှင် ဤအုပ်စုတွင် ထိုးထိုးထောင်ထောင် မြင့်မားနေမှာပေါ့။ ကံကောင်းထောက်မစွာ ထိုအုပ်စုထဲတွင် မမလည်း မပါဝင်ချေ။

သူ အနည်းငယ် စိတ်လှုပ်ရှားစွာ ပလတ်စတစ် ပိုက်တံကလေးကို သုံးချီး ချီးခေါက်ပစ်နေမိ၏။ ၄နာရီ ထိုးပြီး၍ ၅မိနစ်။ သူ ပင့်သက် တစ်ချက် ရှိုက်၍ ဖန်ခွက်ကို ရှေ့တွန်းပစ်လိုက်သည်။

ထိုအချိန်မှာပင် အဝိုင်း၏ ဟိုဘက်ထိပ်မှာ တစ်ယောက်တည်း လမ်းလျှောက်လာနေသော သူမကို မြင်လိုက်ရလေသည်။ သူ ဒိတ်ခနဲ ရင်ခုန်လှုပ်ရှားသွားသော်လည်း တွေဝေစွာပင် ငေးမောကြည့်နေမိ၏။ ထိုင်ရာမှထ နှုတ်ဆက်ရမလား၊ သည်အတိုင်းပဲ ကြည့်ပြီး ပြန်ရမလား။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေရင်းမှာပင် သူမက အဝိုင်း၏ သည်ဘက်ထိပ်သို့ ရောက်လာသည်။

ထလေ... အခုနေ မြန်မြန် ထလိုက်။ သွားနှုတ်ဆက်ပေါ့။

သို့သော် သူ အံတင်းတင်းကြိတ်၍ သည်အတိုင်း ထိုင်ကြည့်နေမိ၏။ သူမက လမ်း၏ဟိုဘက်ခြမ်းမှာ လျှောက်နေသည်မို့ သူ့ကို လှမ်း မြင်နိုင်ဖို့ အခွင့်အရေး အလွန်နည်းပါးသည်။ သို့သော် မျှော်လင့်မထားပါဘဲ မခင်မိုးမြင့်က ဆိုင်ရှေ့ ရပ်ထားသည့် ကားကလေးကို လှမ်းကြည့်သည်။ ထို့နောက် သိပ်မကြာမီပင် သူမ၏ မျက်လုံးများ ဆိုင်ရှိရာသို့ ရွေ့ပြောင်းလာလေသည်။ သူ ဖျတ်ခနဲ ဝမ်းသာသွားသဖြင့် ဖြုန်းစားကြီး ပြုံးပြလိုက်ဖို့ မေ့လျော့ကာ ညာလက်ကိုသာ မြှောက်ပြ နှုတ်ဆက်လိုက်သည်။ မခင်မိုးမြင့်က မပြုံးမရယ် မျက်နှာထားဖြင့် ခေါင်းတစ်ချက်ညိတ်ကာ လမ်းဆက်လျှောက်သည်။ သို့သော် စောစောက လမ်းလျှောက်နှုန်းကဲ့သို့ ခပ်သွက်သွက် မဟုတ်ဘဲ ခြေလှမ်း ခပ်စိပ်စိပ် ဖြည်းဖြည်းကလေး ဖြစ်လေသည်။

ဘုရားရေ... ငါ့ကို မြင်တာ၊ ငါက နှုတ်ဆက်တာတောင် ဒီဆိုင်ထဲ ဝင်မလာဘူးလား။ သူ ဒေါသထွက်သွားသည်။ မိန်းမ ကျွန်ဆိုတာ ဒီလိုကြီးလား။ ဒါဖြင့် ခြေလှမ်းကို ဘာလို့ နှေးပစ်သလဲ...။ ဒါက ငါ့ကို အပေးနိုင်ဆုံးအခွင့်အရေးပေါ့လေ။ ငါက ထထွက်သွားရမယ့် သဘောလား...။ သူ စဉ်းစားမိတော့ တစ်စက္ကန့်အတွင်း ထရပ်မိပြီး ဖြစ်သွားသည်။ အအေးဖိုး မရှင်းရသေးဘဲ သူ ကမန်းကတန်း လမ်းဖြတ်ကူးလိုက်သည်။

သူ လမ်းတစ်ဘက် ရောက်သွားတော့ သူမက ကြိုတင်မျှော်လင့်ထားသလိုပင် လှည့်ကြည့်ပြီး ပြုံးပြသည်။ သူ မျက်နှာ





နည်းနည်း ပူသွားသော်လည်း သူမ၏ တောက်ပသော ပြုံးရယ်မှုကြောင့် စောစောက ဒေါသကလေး လွင့်ပျောက်သွားတော့သည်။

"ဦးမင်းထင်ကျော်"

"ဒီတစ်ခါတော့ ကျွန်တော့်ကို မှတ်မိသွားပြီပေါ့နော်"

သူမက ရယ်မောရင်းပင် ခေါင်းတစ်ချက် ညိတ်၏။

"ကားကလေးကို အရင်မှတ်မိတာ၊ နံပါတ်ကို မဟုတ်ဘူးလေ၊ ချိတ်ထားတဲ့ ကျောက်စိမ်း ဘုရားရုပ်တုကလေးကို မှတ်မိတာ"

တော်ပါသေးရဲ့။

"အခု ဘယ်လာတာလဲဟင်"

"ဪ... ဟိုဒင်း... မမဝေဆီ မေမေက လွှတ်လိုက်လို့ပါ။ ကျွန်တော့်အမ ဝမ်းကွဲ ရှိတယ်လေ၊ ဘီပီအိုင်မှာ။ ဒါနဲ့ မခင်မိုးမြင့် တစ်ခုခု သောက်ပါနော်"

"ဟင်အင်း နေပါစေ၊ ကဲ... ကျွန်မ သွားတော့မယ်နော်"

သူမ ခပ်သွက်သွက် ဆက်လျှောက်သွားတော့၏။

သေလိုက်စမ်းပါကွာ။ တကယ်ဆို ကျွန်တော် မခင်မိုးမြင့်ဆီ လာတာပါလို့ ပြောလိုက်ပါတော့လား။ သူ အကြောင်းကြောင်း လှမ်းငေးကာ ကျန်နေခဲ့သည်။ ထို့နောက် စိတ်ပျက်လက်ပျက် ဆိုင်ထဲ ပြန်ဝင်ကာ အအေးဖိုး ရှင်းလိုက်၏။

ယခုနေ ကားဖြင့် ပြန်ထွက်လျှင် လမ်းထိပ် မရောက်မီ လမ်းတစ်ဝက်မှာပင် သူမကို မီနိုင်သေး၏။ သို့သော် သူ မလိုက်ရဲပါ။ မမဝေကို လာတောင့်သူက မမဝေနှင့်မတွေ့ဘဲ သူမဆီ လိုက်လာလျှင် သူမက ဘယ်လို ကောက်ချက် ချမည်လဲ။ သူ ဒီလောက် မျက်နှာ မပြောင်ရဲပါ။

ကျောင်းတုန်းကလို စိတ်မျိုးသာဆိုလျှင်တော့...



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ခင်ဗျ၊ စောစောက ကျွန်တော် ညာပြောလိုက်တာ၊ အမှန်က ကျွန်တော် မခင်မိုးမြင့်ဆီ သက်သက် လာတာပါ" ဟု နောက်က လိုက်ပြောမိမည်။ ယခုတော့ သူ့အသက်လည်း ၂၆ နှစ်ရှိပြီ။ ဂုဏ်သရေရှိ လူကြီးလူကောင်း တစ်ယောက်လို...။ ဘုရားရေ၊ ငါ ဒီမိန်းမကို ပိုးဖို့ ကြိုးစားနေတာလား။

တွေးမိသောအခါ သူ တော်တော် ရှက်သွားသည်။ ကားထဲမှာ တောင့်တောင့်ကြီး ထိုင်နေမိလေသည်။



## အခန်း (၄)

နောက်တစ်ကြိမ် ဘီပီအိုင်သို့ သွားဖို့လည်း နောက်ထပ်ရက်သတ္တ တစ်ပတ်လောက် အားယူရပြန်သည်။

သည်တစ်ခါလည်း ဘီပီအိုင်လမ်း အဝိုင်းကလေးထိပ်ရှိ အအေးဆိုင်ကလေးရှေ့တွင် ကားရပ်ပြီး ယခင်တစ်ပတ်ကလိုပင် စပ့်ါကလင် မှာ၍သောက်ရလေသည်။

ရာသီဥတုက အနည်းငယ် အုံ့မှိုင်းသော်လည်း မိုး လုံးဝ မရွာသေးပါ။

ရေခဲတုံးကလေးများကို ပိုက်တံဖြင့်ဆော့ကစားရင်း စုဒါလီ၏ လှပသောမျက်ဝန်းကလေးများကို သတိရနေသည်။ ရေခဲတုံးကလေးတွေလို ကြည်လင်သော မျက်လုံးကလေးများ၊ နူးညံ့အေးမြသော မျက်ဝန်းကလေးများ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ဒီနေ့ည ဒင်နာမှာ ကုတ်အင်္ကျီပေါ်ကထိုးဖို့ ဒါလီနှင်းဆီပန်းတစ်ပွင့် ယူလာခဲ့မယ်နော်၊ သိပ်လှတဲ့ ပန်းကလေး၊ ဖြူဆွတ်နေတာပဲ၊ ဒါလို့ပန်းအိုးကလေးက ပွင့်တာလေ"

ခပ်ဆောဆောက ရုံးမှထွက်ခါနီး ပြောခဲ့သော စကားသံကလေးကို အမှတ်ရမိသည်၊ ညနေ ၆ နာရီတွင် စထရင်း ဟိုတယ်လ်မှာ ညစာ စားပွဲရှိသည်။

"ဟာကွာ ဒါလီကလဲ ပန်းကြီးနဲ့ဆို ကြောင်တောင်တောင်နေမှာပေါ့" ဟု သူ ရက်ရက်ဖြင့်ဖြင်းတော့ စုဒါလီက မျက်လုံးကလေး ပြူးပြ၏။

"ဖြစ်မှဖြစ်ရလေ၊ အဘိုးကြီးတောင် ဟိုတစ်နေ့ကပန်းကလေးတစ်ပွင့် ထိုးထားတာ မတွေ့ဘူးလား၊ ဆရာက အခုမှ အသက်ငယ်ငယ်ကလေး ရှိသေးတာ။ ဒါလီ ယူခဲ့မယ်နော်၊ ဖေဖေတစ်ပွင့် ဆရာတစ်ပွင့်"

လွန်ခဲ့သည့် တစ်လလောက်က ညစာစားပွဲတွင် စည်းသွားဖို့ဟူ၍ လည်စည်းအသစ်ကလေးတစ်ခု သူမက လက်ဆောင်ပေးခဲ့ဖူးသည်။ ကြက်သွေးရောင်ပေါ်တွင် အဖြူရောင် အစက်ပြောက်ကလေးများပါသော လည်စည်းကလေး ဖြစ်သည်။

သူ့ကို ခင်မင်တွယ်တာပြီး သူ့လိုအပ်ချက်မှန်သမျှ ဖြည့်စွမ်းပေးနိုင်မည့် မိန်းကလေးဟု သူ ရိပ်မိသော်လည်း သူ့စိတ်က အလွန်ဆန်းပြားစွာပင် တခြားမိန်းမတစ်ယောက်အပေါ် အာရုံငြိတွယ်နေ၏။

လျှို့ဝှက် သိပ်သည်းသော ထိုအမျိုးသမီးကို သူ အလွန်စိတ်ဝင်စားနေပါသည်။

စိတ်ဝင်စားခြင်းနှင့် ချစ်ခြင်း အကြားတွင် အလွှာတစ်ခုခြားနေသေးသည်ဟု သူ အကြွင်းမရှိ ယုံကြည်သည်။ ထိုယုံကြည်ချက်





ဖြင့်ပင် ကိုယ့်ကိုယ်ကို လိပ်ပြာသန့်အောင် ကြိုးစားလျက် ဘီပီအိုင်ခန်းသို့ နေ့ဘက်တစ်ခေါက် သူ ရောက်လာခဲ့လေသည်။

၄ နာရီထိုးပြီးသည်အထိ မခင်မိုးမြင့်၏ အရိပ်အယောင်ကို မမြင်ရပါ။

ရုံးကားများ၊ ကိုယ်ပိုင်ကားများ လေးငါးစီး ဖြတ်သွားပြီးသမျှတွင်လည်း သူမ ပါမသွားပါ။ အုပ်စုလိုက် ခြေကျင်လျှောက်လာကြသော အမျိုးသမီး ဝန်ထမ်းများတွင်လည်း သူမ မပါဝင်ပါ။

အအေးကို သူ အချိန်ဆွဲ၍ သောက်နေသည်ဖြစ်ရာ ယခုဆိုလျှင် ရေခဲများ အားလုံး အရည်ပျော်ပြီး ဖန်ခွက်၏ အေးစက်မှုပင်လျှင် လျော့နည်းသွားပြီ။ မခင်မိုးမြင့်ကတော့ မလာသေးပါ။ သူ့ရင်မောလာ၏။

မခင်မိုးမြင့်၏ အရိပ်အယောင်ကို မမြင်ရသော်လည်း သူ့အစ်မကတော့ ဆိုင်ရှေ့ရောက်လာခဲ့သည်။ သူ့ကို မြင်တော့ မမဝေ အလွန်အံ့ဩသွားပုံရ၏။ သူ လက်မြှောက်၍ ပြုံးပြလိုက်တော့ မမက ဆိုင်ထဲ ဝင်လာ၏။

"မင်းထင် ဘယ်လာတာလဲ"

မမကို အမှန်အတိုင်း ပြောဖို့ ဖြစ်ပါ့မလားဟု သူ စဉ်းစားသည်။

"အသိတစ်ယောက် လာစောင့်တာပါ"

မမက မျက်ခုံးပင့်၍ ပြုံးစေ့စေ့ ကြည့်၏။

"မင်းအသိက မိန်းကလေးမှ ဟုတ်ရဲ့လား"

သူ ဝန်ခံသလို ငြိမ်နေလိုက်သည်။

"တွေ့ပြီးပြီလား၊ ဘယ်သူလဲ"

"မခင်မိုးမြင့် တဲ့၊ ဘီပီအိုင်ကပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဌာနကလဲ"

"မသိဘူး"

"ဟောတော်"

မမ၏ အာမေဋိတ်သံက လိုအပ်သည်ထက် ပို၍ ကျယ်သောကြောင့် သူ ရှက်သွား၏။

"ဘီပီအိုင်မှာ ဌာနတွေ အများကြီး၊ ဝန်ထမ်းတွေကလဲ အများကြီး၊ ဘယ်ဌာနကမှန်း မသိရင် ရှာဖို့ ဘယ်လွယ်မလဲ"

"အဲဒါကြောင့် ကျွန်တော် ဒီရှေ့ကနေ စောင့်နေတာပေါ့"

"ကားကြုံနဲ့ ပါသွားရောပေါ့ ဟဲ့"

သူမ ဘယ်တော့မှ ကားကြုံ မစီးကြောင်း သူ မပြောဘဲ မျိုသိပ်ထားလိုက်သည်။ မမဝေနှင့် စကားပြောနေဆဲမှာပင် သူ့မျက်စိ က လမ်းပေါ် ရောက်နေ၏။ မီးခိုးပြာရောင် ရိပ်ခနဲ တွေ့လိုက်တိုင်း သူ တစ်ချက်လှမ်းကြည့်မိသည်။ မမဝေကို သူ အအေးတစ်ပုလင်း မှာပေးရင်း အဖော်လုပ်ခိုင်းရလေသည်။ အိမ်တိုင်ရာရောက်ပို့ပေးရန် ကတိဖြင့် မမဝေက သူ့အနီးတွင် ထိုင်စောင့်ပေးသည်။

"သူ့ဆီက ပိုက်ဆံတောင်းလိုက်တာ အတွက်မှားပြီး လိုနေလို့ မမရဲ့။ အဲဒါ သူ့ကို ပြန်ရှင်းရဦးမှာ"

သူ အဆက်အစပ်မရှိ အကြောင်းပြချက်ပေးမိတော့ မမက ငါသိပါတယ်ဟူသော ပုံစံမျိုးဖြင့် ခပ်ပြုံးပြုံး နေလေသည်။ စိတ်ထဲကတော့ သည်လိုညာပြောမိသဖြင့် မခင်မိုးမြင့်ကို တောင်းပန်လိုက်ရသည်။ ညနေ ၄နာရီခွဲပြီးသည် အထိ၊ လူရှင်းလင်းသွားသည်အထိ မခင်မိုးမြင့် ပေါ်မလာသောအခါ ယနေ့အဖို့ သူ လက်လျှော့လိုက်ရတော့၏။





နောက်တစ်ပတ်တွင် သူ ဇွဲမလျှော့ဘဲ ဆက်စောင့်၏။

သို့သော် မခင်မိုးမြင့် ရောက်မလာခဲ့ပါ။

ညနေ ၃နာရီ မိနစ် ၂၀မှ ၄နာရီခွဲအထိ အဝိုင်းထိပ်အအေးဆိုင်တွင်ထိုင်ရသော အကြိမ်ပေါင်း များလာသောအခါ ဆိုင်ရှင်များနှင့်ပင် အသိအကျွမ်းဖြစ်နေပြီ။ သို့သော် မခင်မိုးမြင့်ကိုတော့ အရိပ်အယောင်မျှပင် မမြင်ရပေ။

သူမ ရုတ်တရက် ဘာကြောင့် ပျောက်ကွယ်သွားရတာလဲ။

သူမ ဘီပီအိုင်မှာ အလုပ်လုပ်တာမှ ဟုတ်ရဲ့လား။ သို့သော် ဘီပီအိုင်ဝန်ထမ်း ဖြစ်တာတော့ သေချာပါသည်။ သံသယဖြစ်စရာ မဟုတ်ပါ။ ဖြစ်နိုင်သည်က သူမ ခွင့်ရက်ရှည်ယူခြင်း သို့မဟုတ် အလုပ်ထွက်ခြင်းပင်တည်း။ သူမ၏ အိမ်လိပ်စာကိုလည်း မသိရ။ လှည်းတန်း မှတ်တိုင်အနီးတွင် သူမ ဆင်းသွားခဲ့ရုံနှင့် ဘယ်လို သူ ရှာရမည်နည်း။

ရက်သတ္တ လေးပတ်တိတိ တနင်္လာနေ့တိုင်း သူ စောင့်ပြီးသောအခါ သူ လုံးဝ လက်လျှော့လိုက်လေသည်။

အလုပ်လုပ်ရာတွင် အဆင်မပြေမှုတွေ ပိုများလာ၏။ တစ်ခါတစ်ရံ စကားပြောရာတွင် လေသံအနည်းငယ် မာထန်သွားသည်ကို ကိုယ်တိုင် သတိထားမိသောအခါတွင်တော့ စိတ်ကို ပြန်ပြန်လျှော့ယူရသည်။

မခင်မိုးမြင့်အပေါ် သူ ရှုံးနိမ့်နေသလို ခံစားရသည်။

အဏ္ဏဝါဗီဇဗေဒဘွဲ့ရ ဟူသော ဂုဏ်ပုဒ်၊ ဘီပီအိုင်ဝန်ထမ်း ဟူသော အလုပ်၊ မခင်မိုးမြင့် ဟူသော နာမည်၊ ထိုသဲလွန်စ သုံးမျိုး ပေးပြီး ချက်ချင်း ပျောက်ကွယ်သွားသော ထိုအမျိုးသမီးကို မေ့ပစ်ဖို့ မလွယ်ကူမှန်း တိတ်တဆိတ် ဝန်ခံလိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရက်ပေါင်းများစွာ မကြာခဏ သတိရနေမိပြီးနောက် မခင်မိုးမြင့်နှင့် ပတ်သက်သည့်သတင်း တစ်စုံတစ်ရာ ရရှိရန် တစ်ခုတည်းသော နည်းလမ်းမှာ မော်လမြိုင် တက္ကသိုလ်ရှိ သူ့ဖခင်ပင်ဖြစ်ကြောင်း သူ သေချာသွား၏။ သို့သော် ဖေဖေ့ကို မိန်းမတစ်ယောက်အကြောင်း မေးဖို့ တော်တော် သတ္တိကောင်းမှ ဖြစ်မည်။

ဖေဖေ၏ အထင်သေး ရှုတ်ချမှုကိုခံပြီး မေးမြန်းရလောက်အောင် ထိုအမျိုးသမီး၏ အကြောင်းအရာက သူ့အတွက် ထိုက်တန်ပါရဲ့လား။ ကိုယ့်ကိုယ်ကို ဆိတ်ဆိတ် စစ်ဆေးမိ၏။

မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှုအပြည့် ရှိသည့် ကျွန်ုပ်ရ ခြေလှမ်းများကပင် သူ့အတွက် ထိုက်တန်နေပါသည်။ ခုံရဲတောက်ပသော မျက်ဝန်းများ၊ ဘာကိုမှ ဂရုမထားသည့် ကျွန်ုပ်ကြီးသော နှုတ်ခမ်းများ၊ နိုင်မတ်သော လည်တိုင်ကိုမြင့်၍ လမ်းလျှောက်တတ်သော ဟန်များ၊ အနည်းငယ် ဖျော့မှိန်သော ဝတ်စုံဖျော့ဖျော့အောက်မှ ရဲရင့်တောက်ပသော အတွင်းစိတ်ကို သူ မြင်နေရသည်။

သူ ဆုံးဖြတ်ချက် ချလိုက်၏။ ဖေဖေ့ကိုမေးရမည်။ ဖေဖေ ရန်ကုန် ပြန်ပြောင်းလာဖို့ ရက်အနည်းငယ်မျှသာ လိုတော့သည်။

ကံအားလျော်စွာ တစ်ညနေ သူအိမ်ပြန်ရောက်သောအခါ ဖေဖေနှင့်မေမေ တယ်လီဖုန်း ပြောနေ၏။ ခါတိုင်း မေမေတို့ စကားပြောနေလျှင် ဘာသိဘာသာ တစ်ချက် ကြည့်လျက် သူ့အခန်းထဲ တန်းဝင်လေ့ရှိသော မင်းထင်ကျော်သည် သည်တစ်ခါတော့ မေမေ့အနားမှာ ကပ်၍ ရပ်နေမိသည်။

"အဲဒါတော့ ကျွန်မ ဘယ်သိမလဲ အစ်ကိုရယ် သွားမေးကြည့်ရဦးမှာပေါ့" ဟူသော စကားသံကို ကြားရကတည်းက ဖေဖေ





ှ် စကားပြောနေမှန်း သူ သိသွားသည်။ မေမေက အနား လာရပ်သော သားကို ပြုံးပြလျက် "သားဖေဖေနဲ့ စကားပြောဦးမလား" ဟု လိုက်တသိမေး၏။ သူ မေမေ့ကို ကျေးဇူးတင်စွာ ကမန်းကတန်း ခေါင်းညိတ်လိုက်သည်။

လက်ဆွဲအိတ်ကို ကုလားထိုင်ပေါ် ချထားလိုက်ပြီး စကားပြောခွက်ကို လှမ်းယူလိုက်၏။

"ဖေဖေ"

"အင်း... အင်း... ဘာပြောမလို့လဲ"

"အရင်လတုန်းက ဖေဖေ့တပည့် တစ်ယောက် ကျွန်တော့်ဆီကို လာတယ်လေ"

"ဘယ်သူလဲ"

"မခင်မိုးမြင့်"

ငါမသိပါဘူးလို့များ ဖေဖေ ပြောလိုက်ရင် ဒုက္ခပဲ။

"ဪ... အေး၊ ခင်မိုးမြင့်တို့ကို သားလိပ်စာ ပေးထားတယ်၊ ဒီတော့"

"ကျွန်တော် ဖေဖေ့ မျက်နှာနဲ့ သူလိုချင်တဲ့ စာအုပ်တွေကို ထန်ကောက်ကနေ မှာပေးလိုက်ပါတယ်၊ ဒါပေမယ့်..."

"ဘာပြဿနာ ရှိလို့လဲ ကွ"

အင်း... အခုချိန်ကစပြီး မုသား သုံးရတော့မည်။

"ကျွန်တော် သူ့ဆီက ယူထားလိုက်တဲ့ ပိုက်ဆံက လိုနေတယ် ဖေဖေ၊ ဘတ်တစ်ရာလောက် ကွာနေတယ်၊ အဲဒါ..."

"အံမာလေး မင်းထင်ရာ၊ လေးငါး ဒေါ်လာလောက်များ ကားထဲ ထည့်ပြောမနေစမ်းပါနဲ့"



www.burmeseclassic.com

ဟာ… သွားပြီ၊ ဘတ် ငါးရာလောက်လို့ ပြောလိုက်မိရင် အကောင်းသား။

"ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ပြန်တောင်းဖို့ မတောင်းဖို့ထက် သူ သိအောင်တော့ ပြောပေးပါနော်"

"ဟာ… သူနဲ့ ဖေဖေနဲ့က အဝေးကြီးကွ"

အင်း… နည်းနည်းတော့ နီးစပ်လာပြီ။ သူ အားတက်သွား၏။

"သူက မော်လမြိုင်မှာ မဟုတ်ဘူးလား ဖေဖေ"

"ဘယ်ဟုတ်မလဲ၊ သူက တွင်းတောင်မှာ"

"တွင်းတောင်…"

သူ တအံ့တသြ ငြိမ်သက်သွား၏။

ယခုဆိုလျှင် သူတွင် ဖြစ်ပေါ်နေသော ပြဿနာ အားလုံး လိုလိုရှင်းလင်းသွားပါပြီ။ အစိမ်းရောင် အယ်လ်ဂေးမျှင်ကလေးများ၏ မျက်နှာဖုံးဓာတ်ပုံဖြင့် အဏုအယ်လ်ဂေး စာအုပ်ကို မျက်စိထဲမှာ ဖျတ်ခနဲမြင်ယောင်သွား၏။ အဏ္ဏဝါဇီဝဗေဒနှင့် မြန်မာနိုင်ငံ ဆေးဝါး စက်ရုံ၏ တစ်ခုတည်းသော ဆက်သွယ်မှုမှာ ပရိုဗီမင် ဆေးပြားဖြစ်ပြီး ထိုပရိုဗီမင်ဆေးကို စပီရူလိုင်းနား (Spirulina) အယ်လ်ဂေးမှ ထုတ် ဖော်ကြောင်း လူတိုင်းသိပါသည်။ မခင်မိုးမြင့်၊ အဏ္ဏဝါဇီဝဗေဒ၊ စပီရူ လိုင်းနား(ခေါ်) အဏုအယ်လ်ဂေး စိမ်းပြာရေညှိ၊ တွင်းတောင်၊ ဘီပီ အိုင်… သို့သော်…

"တွင်းတောင်ကို မသိဘူးလို့တော့ မပြောလိုက်နဲ့နော် မင်း ထင်"

"ဟာ ဖေဖေကလဲ၊ ဖေဖေတို့ ကုမ္ပဏီက အော့ဖ် ဖစ်(စ်) မန်နေဂျာပဲဗျ။ ဒီလောက် အ,ပါ့မလား။ ဟိုတစ်နေ့ကတောင်





တွင်းတောင်က မှာတဲ့ Glass Wares တွေကို စာရင်း လုပ်ရသေး တယ်။ ဒါပေမယ့် ကျွန်တော် မရှင်းတာတစ်ခု ရှိလို့"

"ဘာသိချင်လဲ"

သူ နည်းနည်း အားယူလိုက်၏။

"ဪ… ဟိုတစ်လောတုန်းက အဲဒီ မခင်မိုးမြင့်ကို ဘီပီ အိုင်မှာ ရုံးဆင်းချိန် တွေလိုက်ဖူးလို့လေ၊ အဲဒါ…"

တစ်ဘက်မှ ငြိမ်သက်သွားသဖြင့် သူ လန့်သွားသည်။ ငါ ဘာထက်များ ပိုပြီးပြောလိုက်မိပြီလား။ ဖေဖေက ငါ လိုချင်တာကို ရိပ်မိသွားပြီလား။

"အဲဒါတော့ ဖေဖေ မသိဘူး၊ သင်တန်း လာတက်တာဖြစ် မှာပေါ့၊ တွင်းတောင်က စက်မှု(၁) ဝန်ကြီးဌာနအောက်မှာ မဟုတ် ဘူး၊ တွင်းတောင်ကဝန်ထမ်းတွေကို ဘီပီအိုင်ဝန်ထမ်းအဖြစ် ဘီပီ အိုင်ရာထူးနဲ့ ခန့်ထားတယ်ထင်တယ်၊ ဖေဖေ သိပ်မသေချာဘူး၊ သား အတွက် သိပ်အရေးကြီးရင်…"

"ဟာ… ရပါတယ် ဖေဖေ၊ အရေးမကြီးပါဘူး"

သည်လောက် ဆိုလျှင် ကျေးဇူး ကြီးမားလှပါပြီ။

"ဘာသိချင်သေးလဲ မင်းထင်"

သူ ရှက်သွား၏။ သိချင်တာကတော့ သူမ အိမ်ထောင်ရှိ မရှိ ဆိုတာပဲ။ သို့သော်…

"အာ… ရပါပြီ"

တစ်ဘက်မှ အဆက်အသွယ် ပြတ်သွားသည့်တိုင် သူ တယ်လီဖုန်းကို ကိုင်ထားမိဆဲ ဖြစ်သည်။

ဝေးလှချည်လား မခင်မိုးမြင့်ရေ။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



မိန်းမ တစ်ယောက်အတွက် ပေးရမည့်အချိန်တွေက များလွန်းလှပါလား။

သို့သော် ဤ လျှို့ဝှက်သိပ်သည်းသော မိန်းမအတွက်သူမှာ ရှိသမျှ အားလပ်ချိန် အားလုံး ဆုံးရှုံးခံဖို့ သူ ဆုံးဖြတ်လိုက်ပြီး ဖြစ်သွား၏။

'မြန်မာနိုင်ငံ၏ တွင်းတောင်များ' ဟူသော စာအုပ်ကို ဘေးသို့ ချထားလိုက်ပြီး မနေ့ညနေက မမဝေ ပေးထားသော ဘိ အိုင်က စာအုပ် ပါးပါးကလေးကို သူ ကောက်ကိုင်လိုက်သည်။

'မြန်မာ့သဘာဝ စပီရူလိုင်းနားနှင့် ပရိုဗီမင် ဆေးပြားများ' ဟူသော အင်္ဂလိပ်ဘာသာဖြင့် စာတမ်းကလေး တစ်စောင်ဖြစ်သည်။

ကျဲလိုက် စိပ်လိုက် ဖြစ်နေသော စပရင်ပုံ ရေညှိပင်ကလေးများကို အဓိပ္ပာယ်မရှိ ငေးမောနေမိ၏။ ဤကုမ္ပဏီသို့ ပြောင်းရွှေ့ အလုပ်ဝင်သည်မှာ လပိုင်းသာဖြစ်သော်လည်း ဤရေညှိပင် အမျိုးအစားနှင့် သူမစိမ်းပါ။ သို့သော် ဘယ်တုန်းကမှလည်း စိတ်ဝင်တစား မလေ့လာမိခဲ့ပါ။

'ဤ အပင်ငယ်ကလေးများသည် အပူပိုင်းဒေသရှိ အယ်လ်ကာလီဓာတ်များသော ရေကန်များတွင်ပေါက်သည်။ စပီရူ လိုင်းနား ကို မက္ကဆီကို နိုင်ငံတွင် ၁၆ရာစုအထိ ကျယ်ကျယ်ပြန့်ပြန့် စားသုံးခဲ့ကြသည်။ အာဖရိကန် လူမျိုးများကတော့ ချတ်(ဒ်)ရေကန်မှ စပီရူလိုင်းနားကို ယခုထိ စားသုံးနေကြဆဲဖြစ်သည်'

မခင်မိုးမြင့်၊ ခင်ဗျား တော်တော် ဒုက္ခပေးတာပဲ။

ချွန်မြသော နှာခေါင်းပေါ်ရှိ တွဲလွဲခိုနေသော မိုးစက်ကလေးကို သူ မြင်ယောင်လာသောအခါ ရင်ထဲမှာ နူးညံ့သော ခံစား





ချက်တစ်ခု ဝင်ရောက်လာ၏။ သူ အမျိုးအစား မခွဲခြားတတ်သော ခံစားချက်ဖြစ်သည်။ ထိုခံစားချက် မျှင်မျှင်ကလေးကြောင့်ပင် Office Manager တစ်ယောက်အတွက် စိတ်မဝင်စားဘဲ နေ၍ရနိုင်သော ရေညှိအကြောင်း သူ ကြိုးစားပမ်းစား ဖတ်နေမိလေသည်။

'မြန်မာနိုင်ငံတွင်လည်း မုံရွာခရိုင် ဘုတလင် အနီးတွင်ရှိ တွင်းတောင်ဟုခေါ်သော မီးတောင်ပေါက်ကြီး၏အဝတွင် သဘာဝအလျောက် စပီရူလိုင်းနား ပလာတင်းဆစ် (Spirulina Platensis) ပေါက်ရောက်လျက်ရှိသည်'

'ဓမ်ာလမြိုင်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနရှိ သိပ္ပံပညာရှင်များနှင့် အဏ္ဏဝါဇီဝဗေဒပညာရှင်များ စုပေါင်းကြိုးစားမှု နှင့်အတူ မြန်မာ့သိပ္ပံပညာရှင်များ၏ ပူပေါင်းဆောင်ရွက်မှုဖြင့် မြန်မာ့ စပီရူလိုင်းနားကို ရိတ်သိမ်းပြီး အမှုန့်ပြုလုပ်နိုင်ခဲ့သည်။'

မေမေ၏ တွင်းတောင်အပေါ် စိတ်ဝင်စားမှုကတော့ တစ်မျိုး။

တွင်းတောင်များ စာအုပ်ကို မြင်သွားစဉ်က သူ့ကို စကားတစ်ခွန်းပြောခဲ့၏။

"အဲဒီ တွင်းတောင်ကထွက်တဲ့ တွင်းပိုးက သိပ်စားလို့ကောင်းတာ သားရဲ့ လက်ဖက် အကြော်စုံနဲ့ စားရတာလေ၊ ပုစွန်ခြောက်လိုပေါ့၊ သိပ်ချိုတယ်" တဲ့။

"လူတစ်ကိုယ်မှာ အကြိုက်တစ်မျိုးပေါ့ မေမေရာ" ဟု ရယ်မော၍ ထောက်ခံလိုက်ရသော်လည်း မင်းထင်ရဲ့ အကြိုက်က တွင်းပိုးမဟုတ်ဘဲ မခင်မိုးမြင့် ဖြစ်နေမှန်း မေမေ သိသွားလျှင် တော်တော်ရယ်မှာပဲဟု တွေးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူစားပွဲပေါ်တွင် Argent ကုမ္ပဏီမှ ကြော်ငြာစာအုပ်များဖြင့် ရှုပ်ပွလျက်ရှိ၏။ သူတို့ ကုမ္ပဏီနှင့်ဆက်သွယ်သော နိုင်ငံခြားကုမ္ပဏီများထဲတွင် အင်အားအကောင်းဆုံးမှာ Argent ကုမ္ပဏီဖြစ်သည်။

တစ်ပတ်အတွင်း မင်းထင်ကျော်သည် ပစ္စည်းကြော်ငြာများ၊ စာအုပ်ကြော်ငြာများကို အထပ်ထပ် ဖတ်နေရင်းက စိမ်းပြာရေညှိ ထုတ်လုပ်မှုနှင့်ပတ်သက်သော ပစ္စည်းတစ်စုံတစ်ရာကို ရှာဖွေသည်။

ကုမ္ပဏီအတွက် အလုပ်လုပ်နေတာလား၊ မိမိ ကိုယ်ကျိုးအတွက် အလုပ်လုပ်နေတာလား သို့မဟုတ် မြန်မာနိုင်ငံအတွက် အလုပ်လုပ်နေတာလား၊ သူဟာသူပင် မဝေခွဲတတ်ဘဲဖြစ်နေ၏။ သေချာသည်ကတော့ သူ ရှာဖွေနေသည်မှာ တစ်ချက်ခုတ်လျှင် အနည်းဆုံး နှစ်ချက်ပြတ်မည့် အရာတစ်ခုဖြစ်သည်။ မခင်မိုးမြင့်နှင့်လည်း အဆက်အသွယ်ရလိုသည်။ ယောက်ျားသိက္ခာလည်း မထိခိုက်မှုဖြစ်မည်။ ကမ္ပဏီအတွက်လည်း ဈေးကွက်သစ်တစ်ခု ရချင်သည်။

နောက်ဆုံးတော့ သူလိုချင်သည့်အရာကို တွေ့သွား၏။



## အခန်း (၅)

တောင်ထိပ် နှုတ်ခမ်းပေါ်သို့ ရောက်၍ တောင်အောက်ခြေ တွင်းထဲက မြင်ကွင်းကို မြင်လိုက်ရသည့်အခါ သူ တအံ့တသြ ေးမောမိသွားသည်။

သူ ရေကန်ပေါင်းများစွာ မြင်ဖူးပါသည်၊ ယခုလောက် းဆန်းသောကန်ကို မမြင်ဘူးပါ။ ကန်ရေသည် တောရိပ်တောင်ရိပ် ကြောင့်မဟုတ်ဘဲ သူ့ အလိုအလျောက် စိမ်းမှောင်နေ၏။ မတ်စောက် သော ဒယ်အိုးကြီး တစ်ခုထဲတွင် အစိမ်းရောင်ရေတွေ ရှိနေသလိုပုံစံ မျိုး ကန်တစ်ခုလုံးသည် ဘေးပတ်ဝန်းကျင်၌ မြင့်မားသော တောင်နံရံ များဖြင့် ဝိုင်းရံထားခြင်းခံနေရသည်။ အောက်ခြေသော တွင်းခြေရှုခင်း ည် တစ်လျှောက်လုံး ကြမ်းတမ်းလာခဲ့သောကားလမ်းခရီးကို မေ့လျော့သွားစေသည်။ သို့အပြင် တစ်လျှောက်လုံး သူ ပူပန်ခဲ့ရ သည့် - 'မခင်မိုးမြင့်မှ ရှိနေပါ့မလား' ဟူသော အတွေးကိုပါ မေ့လျော့ သွားစေသည်၊ 'ပင်နီရွာမာ' ဟူသော စကားလုံးတစ်ခု လွှတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ရေရွတ်လိုက်သောအခါ သူ့ဘေးမှာ ထိုင်လျက် လိုက်ပါလာသော သူတို့အဖွဲ့ကိုလာကြိုသည့် တွင်းစခန်းဝန်ထမ်းတစ်ယောက်ကပြုံးရယ် လေသည်။

``ပထမဦးဆုံး မြင်လိုက်ရတဲ့အချိန်မှာတော့ အားလုံး တွင်း တောင်ကို သဘောကျသွားတာချည်းပဲ''

သူ မျက်မှောင် မသိမသာ တွန့်လိုက်မိ၏။

``နောက်အကြိမ်တွေ ကျတော့ရောဗျာ''

``အင်း... နောက်အကြိမ်တွေ ဆက်တိုက်ဖြစ်သွားရင်တော့ မဲဇာပေါ့''

သူတို့ ဖြတ်သန်းလာခဲ့ရသော ဘုတာလင်နှင့် တွင်းတော အကြား ကရော်ကမည်ကားလမ်းကို ပြန်မြင်ယောင်မိတော့ သူ ခေါင်းညိတ် ထောက်ခံလိုက်မိသည်။ သူ တွေ့ဖူးသမျှ ကားလမ်းများ တွင် အဆိုးဝါးဆုံးဖြစ်၏။ ကားအသုံးပြုသည်ထက် နွားလှည်းအသုံး ပြုသည်က ပို၍များသောလမ်း ဖြစ်ဟန်တူပါသည်။

လှပသော တွင်းခြေ အစိမ်းရောင်အုပ်စုဆီသို့ ကွေ့ဝိုက် ဆင်းသွားသော တောင်ဆင်းလမ်း တစ်လျှောက်မှာတော့ မြင်မြင် သမျှ မီးသင့်ကျောက် အပိုင်းအစများချည်း ဖြစ်သည်။ ပုပ္ပားတောင် လမ်းကို သွားသတိရမိသည်။

``အရင်တုန်းက ကျွန်တော်တို့စခန်းကို တောင်ပေါ်မှာ ဆောက်ထားတာ၊ တစ်နေ့ တစ်နေ့ တောင်ပေါ်နဲ့ တောင်အောက် လျှောက်ရတာ မနည်းဘူး၊ အခုတော့ စခန်းတစ်ခုလုံး တောင် အောက်ကို ရွှေ့လိုက်ပြီလေ''

``ဟုတ်လား၊ အဆင်ပြေသွားမှာပေါ့နော်''





``ဟုတ်ကဲ့၊ အတက်အဆင်း သက်သာသွားတာပေါ့၊ ဒါပေ မယ့် ငှက်ဖျားနဲ့ ပိုနီးသွားတာပေါ့ဗျာ''

ထို့နောက် ထိုလူငယ်က ခပ်ဖွဖွ ရယ်မောလေသည်။

ငှက်ဖျားအကြောင်း ဆွေးနွေးမည် စိတ်ကူးခိုက် ကားက ရပ်သွား၏။

မြန်မာနိုင်ငံဆေးဝါးစက်ရုံ၏ ပင်မအသက်သွေးကြောကြီး တစ်ခုဖြစ်သော အဏုဇီဝဆေးဝါးစီမံကိန်းစခန်းမှာ အမြင်အားဖြင့် နည်းနည်းမျှ အထင်ကြီးစရာမရှိပါ။

တောင်ဆင်း ဆင်ခြေလျှောကို သစ်ပင်တွေခုတ်၊ ကျောက် တုံးတွေဖြို၊ မြေနေရာ ညှိယူ၍ အထပ်ထပ် တစ်ထစ်ချင်း ဆောက် လုပ်ထားသော မြေစိုက်အဆောက်အအုံကလေးများသည် ရေညှိ စီမံကိန်း စခန်းတစ်ခုလုံး ဖြစ်ရမည်။

'စက်မှု ( ၁ ) ဝန်ကြီးဌာန

အဏုဇီဝ ဆေးဝါး စီမံကိန်း

ဟူသော ဆိုင်းဘုတ်သာ တပ်မထားလျှင် ဘယ်သူမျှ ထင် မှာမဟုတ်။ အဆောက်အအုံ သေးသေးကလေးများ အဆင့်ဆင့် ဆောက်ထားပုံကတော့ သေသပ်လှပ၏။ သို့သော် အားလုံးမှာ ထရံ ကာ၊ ဖျဉ်ခင်း အဆောက်အအုံကလေးများသာ ဖြစ်လေသည်။

သူ Hand Bag အသေးကလေးကို လွယ်လျက် အီးတူး သောင်ဇင်ကားပေါ်မှ ခုန်ဆင်းလိုက်ချိန်တွင် ပထမဦးဆုံး သတိရ လိုက်သည်က မခင်မိုးမြင့် ဖြစ်သည်။ သို့သော် မည်သည့်အမျိုးသမီး အရိပ်ယောင်မျှမတွေ့ရပါ။ အမျိုးသား သုံးလေးယောက်သာ ကား ဆီသို့ အပြေးအလွှားလာ၍ ကားပေါ်မှပစ္စည်းများ သယ်ချကြသည်။ သူတို့ ညှိသည်အုပ်စုအတွက် ၂ ရက်စာ စားသောက်ကုန်များ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဟန် တူသော အသီးအရွက်များ၊ အသားဘူးများထည့်ထားသည့် ခြင်းတောင်းများလည်း ပါဝင်သည်။

ရန်ကုန်မှထွက်ကတည်းက ဘီပီအိုင်မှဌာနမှူးတစ်ယောက်က ကြိုတင်သတိပေးထားခဲ့သားပဲ။ ``အစားအသောက်ကတော့ ဖြစ်သလိုပဲ၊ ဟိုမှာ ဘာမှမရှိဘူး၊ မုံရွာနဲ့ ၂၈ မိုင်လောက်ဝေးတာ´´တဲ့။ ကိစ္စ မရှိပါ။ သူသည် အစားအသောက်ကို အရသာခံ၍ စားတတ်ကြိုက်တတ်သော်လည်း ဖြစ်သလိုစားရသည့် အခါများတွင်လည်း မညည်းညူတတ်ပါ။

စခန်းနယ်မြေထဲသို့ ဝင်ဝင်ချင်း တွေ့ရသည့် အဆောက်အအုံမှာ ရုံးခန်းအဆောက်အအုံဖြစ်၏။ ရုံးခန်းဘေးမှဖြတ်၍ နောက်ဘက်သို့ဆက်သွားသောအခါ ဧည့်ဆောင်ဟူသောအဆောက် အအုံဖြစ်သည်။ သူတို့အားလုံးကို နေရာချထားပေးသော ဧည့်ဆောင်သည် ရုံးခန်းအဆောက်အအုံထက်မြင့်သော မြေပြင်တွင်ရှိသည်။ တစ်ခန်းလျှင် ခုတင်တစ်လုံးစီနှင့် ဧည့်ရိပ်သာဆောင်ကလေးက မဆိုးပါ။ အိတ်ကို ချပြီးသည်နှင့်တစ်ပြိုင်တည်း သူပထမဦးဆုံး ပြုလုပ်သည့် အလုပ်မှာ တစ်ကိုယ်လုံးဖုန်အလိမ်းလိမ်း ကပ်နေသော ကိုယ်ခန္ဓာကို အချိန်ကြာမြင့်စွာ ရေစိမ်၍ ချိုးခြင်းပင်ဖြစ်သည်။

တွင်းစခန်းတွင် အငိစိစက်ရေဖြင့် ရေပေါ်များလှသောကြောင့် စက်မှူ (၁) ဝန်ကြီးဌာနကို ပထမဦးဆုံးအကြိမ် ကျေးဇူးတင်သွားသည်။

သူတွေ့ချင်လှသော မခင်မိုးမြင့်ကို ညနေ ၆ နာရီ အစည်းအဝေး ရုံးခန်းမထဲတွင် ပထမဆုံးအကြိမ် ပြန်လည် တွေ့မြင်ရသည်။





သူ ကြိုတင် မျှော်လင့်ထားသည့် တွေ့ဆုံမှုမျိုး မဟုတ်ပါ။

မြန်မာနိုင်ငံ ဆေးဝါးစက်ရုံမှ အရာရှိများနှင့်အတူ ရုံးခန်းထဲသို့ ဝင်လိုက်လျှင်ဝင်လိုက်ချင်း ရှေ့ဆုံးထိုင်ခုံတန်း၏ ဟိုဘက် အစွန်ဆုံး အခန်း၏ ဘေးထောင့်တွင် တံခါးပေါက်ဝဘက်သို့ လှည့်၍ထိုင်နေသော မခင်မိုးမြင့်နှင့် မျက်လုံးချင်းဆုံမိသည်။ ကြိုတင်မျှော်လင့်ထားသော သူက ဒိတ်ခနဲ ရင်ခုန်သွားသော်လည်း စူးရှသော မျက်ဝန်းနက်များ လက်ခနဲတောက်ပသွားသည်မှအပ သူမ၏ မျက်နှာပြင်သည် ပကတိတည်ငြိမ်လှသည်။ သို့သော် သူမ သူ့ကို မှတ်မိမှန်း မျက်လုံးအရိပ်အယောင်ဖြင့် သူသိလိုက်ပါသည်။ နဂိုကတည်းက နှစ်ယောက်ချင်း တွေ့တာသာမဟုတ်လျှင် သူမကို ပြုံးပြနှုတ်ခွန်းဆက်ခြင်းမပြုရန် ကိုယ့်ကိုယ်ကို ကြိုတင်ထိန်းချုပ်ထားပြီး ဖြစ်သော်လည်း ယခုလို အေးတိအေးစက်မျက်နှာထားနှင့် ရင်ဆိုင်လိုက်ရသောအခါ သူကြိုးစား အားတင်းထားသောခွန်အားများ ယုတ်လျော့သွားတော့သည်။ အခန်းထဲသို့ တစ်လှမ်းချင်း ဝင်ရောက်သွားခိုက် သူ့မျက်နှာထားကို စိတ်ညစ်သွားသော မျက်နှာထားမဖြစ်စေရန် သူကြိုးစား၍ ခပ်တင်းတင်း လုပ်ထားရသည်။

တော်တော် သွေးအေးမယ့် မိန်းမ… ဟု သူ သေချာသွားသည်။

အကျုဇီဝ ဆေးဝါး စီမံကိန်း ညွှန်ကြားရေးမှူး ဒေါက်တာဦးမင်းသိန်းက သူ့တာပည့်များကို ဧည့်သည်များနှင့် မိတ်ဆက်ပေးနေသည်။ ဒေါက်တာ ဦးမင်းသိန်းသည် ဤစီမံကိန်း စတင်ချိန်အထိ ပေဖော့လိုပင် အဏုဇီဝဗေဒဌာန ကထိကတစ်ဦး ဖြစ်ခဲ့သည်။

``သူကတော့ Integrated Farming Enterprise နဲ့ ရုံးမန်နေဂျာ ဦးမင်းထင်ကျော် ဖြစ်ပါတယ်။ ကိုယ်တို့ လုပ်ငန်းခွင်



www.burmeseclassic.com

www.burmeseclassic.com



အတွက် စိတ်ဝင်စားစရာ ပစ္စည်းတစ်ခုနဲ့အတူ စခန်းကို လေ့လာတဲ့ အနေနဲ့ လာရောက်ခြင်းဖြစ်တယ်။ လက်ရှိ အခြေအနေအရ..."

မခင်မိုးမြင့်သည် ခါတိုင်း တွေ့နေကျ မခင်မိုးမြင့် ဒီဇိုင်း အတိုင်းဖြစ်သည်။

အဖြူရောင် ရှပ်လက်ရှည်ကို လက်ကြယ်သီး တပ်လျက် ကော်လာအထိ စေ့ပိတ်၍ ကြယ်သီးအပြည့် တပ်ထား၏။ မီးခိုးပြာ ရောင် ထဘီစအစွန်းကလေးကို စားပွဲအောက်ခြေမှ လှမ်းမြင်ရသည်။ အားလုံးသော အမျိုးသမီးများသည် အဖြူရောင်အင်္ကျီ၊ မီးခိုးပြာရောင် ထဘီနှင့်ချည်းဖြစ်သော်လည်း ရှပ်လက်ရှည်ကတော့ မခင်မိုးမြင့် တစ်ယောက်တည်းသာဖြစ်သည်။ တစ်ဘက်ရှိ အမျိုးသားအုပ်စုဆီ သူ မျက်လုံးဝင့်၍ ကြည့်ရင်း မခင်မိုးမြင့်၏ ခင်ပွန်း (သို့မဟုတ်) ပက်သက်နေသူ တစ်စုံတစ်ယောက်ကို လိုက်ရှာဖွေမိသည်။

ကြောင်လှချည်လား မင်းထင်၊ မခင်မိုးမြင့်ရဲ့ ခင်ပွန်းက တစ်ကျောင်းတည်းဆင်းတဲ့ အတန်းဖော်၊ တစ်ဌာနတည်း လုပ်တဲ့ လုပ်ဖော်ကိုင်ဖက် ဖြစ်ရမယ်လို့ ဘယ်လိုစိတ်ကူးမျိုးနဲ့ မျှော်လင့်နေ တာတုံး။

သူ့ မျက်လုံး ဦးတည်ရာ တည့်တည့်မှာ မခင်မိုးမြင့်ရှိသည်။ သူမ၏ မျက်ဝန်းများတွင် ဖော်ပြနေသောအဓိပ္ပာယ်ကို သူ ဘယ်လိုမှ ကောက်ချက်မချတတ်ပါ။ သူမ ဝမ်းသာအားရ ဖြစ်မနေတာတော့ သေချာသည်။ ရှက်ရွံ့ဟန်လည်း မတွေ့ရ၊ ရင်းနှီးနှစ်လိုဟန်လည်း မတွေ့ရ။ ပကတိ ရှင်းလင်းနေသော ဗလာမျက်နှာထားကို မျက်နှာ ချင်းဆိုင် ကြည့်နေရင်း ဟိုတုန်းက ရှိခဲ့ဖူးသော မိမိကိုယ်မိမိ အထင် ကြီး ယုံကြည် စိတ်ချစိတ်များ တစ်စစီ ပြိုကြကုန်လေသည်။

သူ မတ်တတ် ရပ်လိုက်ရ၏။





"ကျွန်တော်တို့ရဲ့ ရေလုပ်ငန်းဆိုင်ရာ မွေးမြူရေး ကုမ္ပဏီ ဟာ အကြောင်းကြောင်းကြောင့် လူကြီးမင်းတို့ရဲ့ အဏုဇီဝ ဆေးဝါး စီမံကိန်းလုပ်ငန်းနဲ့ ရင်းနှီးကျွမ်းဝင်ပြီးသား ဖြစ်ပါတယ်။ လူကြီးမင်း တို့ ပိမ်းပြာရေညှိ ထုတ်လုပ်မှုနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ကုမ္ပဏီက တတ်စွမ်းသမျှ ကူညီအားပေးဖို့အဆင်သင့် ဖြစ်နေတယ်ဆိုတာအထူး ပြောဖို့ လိုမယ် မထင်ပါဘူး"

အစည်းအဝေးပေါင်း များစွာကို နိုင်ငံသား အချင်းချင်းနှင့် သည်းကောင်း၊လူမျိုးခြား နိုင်ငံခြားသားများနှင့်လည်းကောင်း ရင်ဆိုင် ဖြတ်သန်းခဲ့ပြီးသော မင်းထင်ကျော်သည် သည်တစ်ကြိမ် အစည်းအ ဝေးတွင် သူ့စကားလုံးများကို သူယုံကြည်မှု ကင်းမဲ့သလိုဖြစ်နေ၏။ ရှေ့တည့်တည့်မှ သူ့တစ်ကိုယ်လုံးကို စိတ်ရှည်လက်ရှည် စူးစိုက် အကဲခတ်နေသော သူမ၏စူးရဲတောက်ပသော မျက်ဝန်းများအောက် တွင် သူ အနည်းငယ် မနေတတ်သလိုဖြစ်နေသည်။

"ကျွန်တော့်ရဲ့ လုပ်ငန်းရာထူးက ရုံးမန်နေဂျာဖြစ်ပေမယ့် ကျွန်တော်ဟာ စာရင်းကိုင်လဲ ဖြစ်နေပါတယ်။ လူကြီးမင်းတို့ စခန်း လိုပဲ ကျွန်တော်တို့ရုံးဟာလဲ မိသားစုဆက်ဆံရေးမျိုးနဲ့ အလုပ်လုပ်နေ ကြတာဖြစ်ပါတယ်။ ဒီတော့ တစ်ခါတစ်ခါမှာ ကျွန်တော်ဟာ ရုံး ကတာအလုပ်ကို ဝင်လုပ်ရသလို တစ်ခါတစ်ခါမှာလဲ အရောင်းကိုယ် စားလှယ် ဖြစ်လာတတ်ပါတယ်"

သူ့စကားကို မည်သူမျှ မပြုံးရယ်ကြပါ။ တဖြည်းဖြည်း မှောင်လာသော ပတ်ဝန်းကျင်သည် အေးစိမ့်လာ၏။ သူ့ရင်ထဲမှာ တော့ ပူလောင်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



စကား သိပ်ရှည်မနေနဲ့ မင်းထင်။ သူတို့အားလုံး စိတ်ဝင်စားနေကြတာက မင်းကိုမဟုတ်ဘူး၊ မင်း ရောင်းမယ့် ပစ္စည်းကိုကွ၊ သူ အားတင်း၍ အနည်းငယ် ပြုံးလိုက်၏။

"စပီရှုလိုင်းနား ရေညှိပင်ရဲ့ လုံးပတ်အကျယ်ဟာ နှစ်ဆယ့်ငါး မိုက်ခရွန်ယူနစ်ရှိနေတော့ သူ့ကိုစစ်ယူတဲ့ Filtre အဝတ်စရဲ့ ချည်မျှင်အကွက်ကြားထဲက အကျယ်အဝန်းဟာ နှစ်ဆယ့်ငါး မိုက်ခရွန် ယူနစ်ထက် ပိုကျယ်ဖို့ မကောင်းပါဘူး"

ဤစကားများကို ဘီပီအိုင်မှ တာဝန်ရှိ ပုဂ္ဂိုလ်များကို သူ ရှင်းလင်း ပြောပြပေးပြီးသား ဖြစ်၏။ ရေညှိစီမံကိန်း ညွှန်ကြားရေးမှူးနှင့်လည်း ဆွေးနွေးပြီးသား ဖြစ်၏။ စမ်းသပ် အသုံးပြုသည့်အနေဖြင့် ဤရေစစ်အစ Filtre Cloth ကို တစ်မီတာလျှင် ဒေါ်လာ တစ်ရာနှုန်းဖြင့် တစ်ဆယ်မီတာ ဝယ်ယူဖို့ သဘော တူညီပြီးသားလည်းဖြစ်၏။ သို့သော် ယခု အစည်းအဝေးမှာတော့ သူ့ရင်ထဲမှာ လှုပ်ရှားနေသည်။ ကိုယ့်ပစ္စည်း ရောင်းမစွံမှာ စိုးသော အရောင်းကိုယ်စားလှယ်ပေါက်စကလေးလို သူ ခံစားနေရသည်။ သူ့ရှေ့မှာ ရှိနေသော မခင်မိုးမြင့်၏မျက်လုံးများကို သူ ရှောင်လိုက်၏။

"ဒီစခန်းမှာ လက်ရှိ အသုံးပြုနေတဲ့ ပိုလီအက်စ်တာ စတွေးရွှေတောင်တက်ထရွန်စတွေထက် အသုံး တွင်ကျယ်မယ့်ပစ္စည်းတစ်ခု ရှိနေပါတယ်။ အဲဒီပစ္စည်းကတော့ Nitex လို့ခေါ်တဲ့ ရေစစ်အစ တစ်မျိုးဖြစ်ပါတယ်။ စပီရှုလိုင်းနား ရေညှိပင်ကို စစ်ယူဖို့ အကောင်းဆုံး အစဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့ချည်မျှင် တစ်ကွက်စာ အကျဲဧရိယာ ပမာဏက နှစ်ဆယ့်ငါး မိုက်ခရွန်ယူနစ် ကွက်တိဖြစ်နေလို့ပါပဲ"





အစည်းအဝေး ပြီးသွားသောအခါ အားလုံးချက်ချင်း ထွက်သွားသော်လည်း မခင်မိုးမြင့်နှင့် အမျိုးသမီး တစ်ယောက်ကျန်နေခဲ့သည်။ သူမတို့နှစ်ယောက်ကို ဒေါက်တာ ဦးမင်းသိန်းက စကားပြောနေ၏။ သူ့စားပွဲမှ မကြားရပါ။ သူ ဖြုန်းခနဲ မတ်တတ်ရပ်၍ အခန်းပေါက်ဝဘက်သို့ ခပ်ဖြည်းဖြည်း လမ်းလျှောက်သွားမိလေသည်။ မခင်မိုးမြင့်တို့အုပ်စုနှင့် တော်တော်ဝေးဝေးရောက်သွားမှ သူ အနည်းငယ် အသက်ရှူချောင်သွား၏။ သူ လက်နှစ်ဖက် နောက်ပစ်၍ အခန်းအပေါက်ဝမှတစ်ဆင့် အပြင်ဘက်သို့ လှမ်းငေးမိသည်။

သူ့ရှေ့တည့်တည့်မှာ ဘောလုံးကွင်း ဖြစ်ဟန်တူသော ကွင်းပြင်အကျယ်တစ်ခုရှိသည်။ ကွင်းပြင်၏ တစ်ဘက်မှာတော့ စိမ်းစိုသောသစ်ပင်အုပ်ကြားမှ စာသင်ကျောင်းတစ်ခုရှိသည်။ မှောင်မည်းနေသော တောရွာကလေးသည် ကျေးငှက်သံမှအပတိတ်ဆိတ်ငြိမ်သက်နေ၏။ သူဘယ်တုန်းကမှ မစဉ်းစားဘူးသော နေရာဒေသမျိုးဖြစ်သည်။ သူလိုက်မလာလျှင်လည်း ဖြစ်နိုင်သည့်နေရာဒေသဖြစ်သည်။ စီးပွားရေးတက္ကသိုလ် ဘွဲ့ရ လူငယ်တစ်ယောက်အတွက် နည်းနည်းမျှ စိတ်ဝင်စားဖွယ်မရှိသော ပတ်ဝန်းကျင်ဖြစ်သည်။ ဤနေရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ရသော သူ့ကိုယ်သူ အံ့ဩနေမိလေသည်။

"မင်းထင်... ဆာပြီလားကွ"

သူ့နောက်မှာ ဒေါက်တာ ဦးမင်းသိန်း လာရပ်သည်။ သူ ကမန်းကတန်း လှည့်ကြည့် ပြုံးပြလိုက်၏။

"မဆာသေးပါဘူး ဆရာ၊ ရပါတယ်"

ဆရာ့ဘေးနားမှာ အမျိုးသမီး နှစ်ယောက် ခပ်တည်တည်မျက်နှာထားများဖြင့် လျှောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ဆရာ ဦးထင်ကျော်ရဲ့ သားလေ၊ ဦးထင်ကျော်က တော့ သားတစ်ယောက်ဆို တစ်ယောက် စိတ်ချယုံကြည်ရတာပဲ"

ဆရာ့ကို လေးစားသမှုဖြင့် ပြုံးနေလိုက်ရသည်။ အမျိုးသမီး နှစ်ယောက်လုံး အံ့ဩမသွားကြပါ။ မခင်မိုးမြင့်ထံမှတစ်ဆင့် ထိုအမျိုး သမီး သိပြီးပြီဖြစ်ကြောင်း သူ လောင်းရဲသည်။

"သူတို့က ကျောင်းမှာတုန်းကတည်းက ဆရာ့ရဲ့အားအကိုး ရဆုံး တပည့်တွေပေါ့ကွာ၊ သူက မေယုခိုင်၊ သူက ခင်မိုးမြင့် တဲ့။ နှစ်ယောက်လုံး အမ်အက်စီတွေပဲ။ ဇွဲလဲ သိပ်ကောင်းကြတယ်"

အရပ်ကလည်း မိန်းကလေးထဲတွင် ရှားပါးစွာမြင့်မားရာ တွင်အတူတူ။ မျက်နှာထားတွေကလည်း ခပ်မာမာ မျက်နှာထားတွေ။ မမေယုခိုင်ဆိုသော အမျိုးသမီးက ကိုယ်ခန္ဓာပို၍ ပြည့်ဖြိုး၏။ ယှဉ်လိုက်တော့ မခင်မိုးမြင့်က ပိန်သွယ်နေသည်။ သူ ယဉ်ကျေးဖွယ် ရာစွာ အစွမ်းကုန် ပြုံးပြ၍ ခေါင်းညွှတ်လိုက်သည်။

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျာ၊ လိုအပ်တဲ့ အကူအညီရှိရင် ပြောပါ။ စီမံကိန်းအတွက် လိုအပ်တဲ့ စာအုပ် စာတမ်းတွေရှိရင် ကျွန်တော် ကူညီနိုင်ပါလိမ့်မယ်။ နိုင်ငံခြား စာအုပ် တွေကို ကျွန်တော်တစ်ဆင့် မှာပေးလို့ ရပါတယ်"

မခင်မိုးမြင့်၏ မျက်နှာထားကို ကြည့်ရခြင်းဖြင့် သူ ခန့် လိုက်မိသည်မှာ မှားသွားပြီဟုသိလိုက်သည်။ သူမ အနည်းငယ် မျက် မှောင်ကျုံ့သွားတာ မကျေနပ်မှုကို ဖော်ပြဟန်တူသည်။

"ဦးမင်းထင်ကျော်က တော်တော် နောက်တာပဲ။ ကျွန်မနဲ့ ဦးမင်းထင်ကျော်နဲ့ အရင်ကတည်းက ခင်မင်ပြီးသား ဆရာရဲ့။ ပြန်တွေ့ရတာ ဝမ်းသာပါတယ်၊ ခွင့်ပြုပါဦးနော်"





မပြုံးမရယ်မျက်နှာထားဖြင့် ပြောလိုက်သောစကားကြောင့် မျက်နှာ နွေးခန်ဖြစ်သွားသည်။ အိုးတိုးအမ်းတမ်း ပြုံးနေလိုက်ရ သည်။ တော်တော် အညာတာ မရှိတဲ့ မိန်းမပါလား။ ထိုညသည် အတွက် ခက်ခဲကြာမြင့်စွာ အချိန်ကုန်လွန်သွား၏။

နံနက် မိုးလင်း၍ ကမ်းစပ်သို့ အဖွဲ့လိုက် ဆင်းကြရသော အချိန်တွင် မနေ့ညပိုင်းက ကြုံတွေ့ထားသော စိတ်မသက်မသာ မှုများ ပျောက်ကွယ်သွားသည်။

အစိမ်းပုပ်ရောင်ကန်ရေပြင်သည် နံနက်ခင်းနေခြည် အောက်တွင် တောက်ပစွာငြိမ်သက်နေ၏။ ကန်ပတ်လည်တောင်ခြေ င် စိမ်းမှောင်သောအပင်များ အုပ်ဆိုင်းလျက်ရှိသည်။ ပဲ့ချိတ် ှကလေးသည် ရေညှိစိမ်းစင် အဆောက်အအုံရှိရာ ကမ်းခြေမှခွာ၍ ပြင်ကို ထိုးခွဲကာပြေးလွှားနေ၏။ လေသည် အေးစိမ့်လှသည်။ အနံ့သည် လန်းဆန်းကြည်လင်မှုမရှိဘဲ အနံ့တစ်မျိုး ထွက်နေ၏။ အနံ့ကို သူ သရုပ်မခွဲတတ်ပါ။ ညှီစို့စို့ စိမ်းရွှေရွှေ အနံ့တစ်မျိုးဖြစ် သည်။

ပဲ့ချိတ် ဦးပိုင်းတွင် လူကြီးများ ထိုင်လျက် လိုက်ပါလာပြီး ကပဲ့ချိတ်အလယ်ပိုင်း ပျဉ်တန်းပေါ်တွင် စခန်းတာဝန်ခံကိုတိုး အောင်နှင့်အတူ ထိုင်လျက် စကားပြောလာမိသည်။ မျက်နှာချင်းဆိုင် ပိုင်းတွင်တော့ မခင်မိုးမြင့်နှင့် မမေယုခိုင်တို့ တိတ်ဆိတ်စွာ လိုက်ပါ လာလေသည်။

"အနံ့တစ်မျိုး ရတယ်နော် ကိုတိုးအောင်၊ ဘာနံ့လဲ၊ ရေညှိနံ့ လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ရေညှိပင်ရဲ့အနံ့၊ နောက်ပြီး ဆာလ်ဖာနံ့ပေ ဗျာ။ ဒီကန်ရေက ပီအိပ်ခ်ျ ရှစ် ဒသမငါး ရှိတယ်"

မျက်နှာချင်းဆိုင်မှ မခင်မိုးမြင့်၏ မျက်လုံးများသည် သူ့ ရှောင်တိမ်းခြင်းမပြုဘဲ ရဲဝံ့စွာကြည့်လျက်ရှိသည်။ အဖြူရော ရုပ်လက်ရှည် အင်္ကျီဖြင့် သူမသည် ရှုရတောက်ပနေ၏။ ဘာသန ခါးမျှ လိမ်းခြယ်မထားသော မျက်နှာပြင်သည် တင်းမွတ်၍ ဝင်းနေ သည်။ မျက်ခုံးကို နေရောင်ကြောင့် အနည်းငယ် ချိထားလျက်ရှိရာ ကော့ပျံသော မျက်တောင်များအောက်မှ နက်မှောင်သော မျက်ဝန်း သည် ပိုမိုတောက်ပလျက်ရှိသည်။ ခိုင်မတ်သော လည်တိုင်မှ ပြေ လျှောစွာဆင်းသွားသော လုံးဝန်းသည့်ပခုံးများသည် ကိုယ့်ကိုယ်ကို ယုံကြည် စိတ်ချမှု အပြည့်ဖြင့် ခပ်မတ်မတ်ရှိနေသည်။

"စကားမစပ် ဦးမင်းထင်က ဘာမေဂျာနဲ့ ကျောင်းပြီးသ လဲ"

အံ့ဩဖွယ်ရာပင် မခင်မိုးမြင့်က သူတို့ စကားဝိုင်းထဲသို့ ရောက်လာသည်။ သူ တရင်းတနှီး ပြုံးပြလိုက်မိ၏။

"ကျွန်တော်က အီကိုက ဆင်းတာပါ"

"ဒီလိုဆိုတော့ ပီအိပ်ခ်ျဆိုတဲ့ စကားလုံးနဲ့ သိပ်မရင်းနှီးဘူ ပေါ့နော်"

သူ့မျက်နှာ နွေးခနဲ ပူသွား၏။ အနည်းငယ်လည်း ဒေါသ ထွက်သွားသည်။

"ဟုတ်ကဲ့၊ ကျွန်တော်က စာရင်းဇယားတွေ၊ ကွန်ပျူတာ ပရိုဂရမ်မင်တွေနဲ့ပဲ ရင်းနှီးပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ သောက် နေတဲ့ ရေရဲ့ ပီအိပ်ခ်ျက ဆဲဗင်း ရှိရမယ်လို့တော့ သိပါတယ်"

မခင်မိုးမြင့်က လှစ်ခနဲ ပြုံးရယ်လိုက်လေသည်။





တောက်ပသော အပြုံးအောက်တွင် သူမ၏ မျက်ဝန်းများ းညှို့သိမ်မွေ့သွား၏။

"ဟုတ်ပြီ၊ အဲဒါ အဓိကပဲလေ၊ သဘာဝရေဟာ ပီအိပ်ခ်ျ နှစ် ရှိတယ်၊ ပင်လယ်ရေရဲ့ ပီအိပ်ချ်က ခုနစ် ဒသမ ရှစ်ကနေ ှစ်ဒသမ သုံး အတွင်းမှာ ရှိတယ်။ အခု တွင်းတောင်က ကန်ရေဟာ ီအိပ်ခ်ျ ရှစ်ဒသမ ငါး ကျော်နေတယ်"

သူမ၏ အပြုံးသည် ပကတိ သန့်စင်ကြည်လင်လွန်းသဖြင့် တစေက ဒေါသတွေ ပျောက်ကွယ်ကုန်၏။

"ဒီကန်ထဲမှာ ငါးတွေ ပုစွန်တွေ ဘာသတ္တဝါမှ အသက် ရှင်တာ အဲဒါကြောင့်ပေါ့"

သူ ရေပြင်ကို လက်ညှိုးဖြင့် ထိတို့ပြီး လက်ညှိုးကို ပြန်နုတ် လိုက်သောအခါ တွဲလွဲခိုကျန်ရစ်သော ရေတစ်စက်သည် အစိမ်း ရောင်ဖြစ်နေ၏။ သူ တအံ့တဩဖြစ်သွားကာ ခပ်တိုးတိုး လေချွန် လိုက်မိလေသည်။

"စပီရူလိုင်းနားကတော့ အဲဒီ ပီအိပ်ခ်ျမှာ အကောင်းဆုံး ျိုးပွားနိုင်တယ်လေ၊ အံ့ဩစရာပဲပေါ့နော်"

ပွဲချိတ်သည် သွပ်မိုး မိုးထားသော အဆောက်အအုံ တစ်ခု ရှေ့တွင်ရပ်သွား၏။ ကွန်ကရစ် ခင်းထားသော အောက်ခြေအဆင့် ပေါ်တွင် တစ်ခုစီ၌ ရေစစ်အဝတ်များခင်းထားသော ကြက်တူရွေး သစ်သားဆန်ခါကွက် ဆင်ခြေလျှောများ ဟိုဘက်သည်ဘက် တည် ဆောက်ထား၏။ ပတ်ဝန်းကျင်သည် ရေစုပ်စက် မော်တာသံ၊ ကျနေ သော ရေသံတို့ဖြင့်ဆူညံနေ၏။ သူ လှေပေါ်မှ ဆင်းလိုက်ပြီး ကြီးမား သော ကျောက်တုံးကြီးများဖြင့် မြေညှိထားသည့် ကမ်းစပ်ကမ်းပါးယံ ကို တက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မခင်မိုးမြင့်သည် မိန်းကလေး တစ်ယောက်၏ နွဲ့နှောင်း
မဝံ့မရဲဖြစ်မှု လုံးဝမရှိဘဲ လှေပေါင်ပေါ်မှတစ်ဆင့် ကမ်းစပ်ကျော
တုံးပေါ်သို့ ဖျတ်ခနဲ ခုန်ကူးလိုက်လေသည်။

"မမမိုး ရောက်လာတာ အတော်ပဲ၊ ဒီမှာ တော်လျှ (မ်)
တစ်မျိုးစီ ထွက်နေတယ်၊ လုပ်ပါဦး"

အဆောက်အအုံဘေးဘက် မြေပြင်ပေါ်တွင် ဖန်ပြွန်
လေးများထောင်လျက် အလုပ်ရှုပ်နေသော အမျိုးသမီးငယ် တစ်ဦး
က အားကိုးတကြီး လှမ်းပြောတော့ မခင်မိုးမြင့်က သူမထံ လျှောက်
သွား၏။



အခန်း (၆)

အထက်တည့်တည့်မှ နေရောင်သည် စူးရှစွာ ပူပြင်းလှ
သည်။

ရေစစ်စင် သစ်သား ဆန်ခါတောင်းများအပေါ်တွင်သာ
အမိုးရှိပြီး ဘေးပတ်ဝန်းကျင်က အမိုးမရှိသောကြောင့် နေရောင်
သည် သူတို့အားလုံးအပေါ် မညှာမတာ ကျရောက်လျက်ရှိသည်။
စိတ်ဝင်စားမှု ကိုယ်စီ၊ အလုပ်ကိုယ်စီဖြင့် စူးစိုက်နေကြသော စခန်းက
အရာရှိများ၊ ဝန်ထမ်းများနှင့် ဘီပီအိုင် လူကြီးများအကြားတွင် ဘာမှ
အလုပ်မရှိသော မင်းထင်ကျော်မှာ အူကြောင်ကြောင် ဖြစ်နေသည်။

အုတ်မြောင်းပေါင်ပေါ်တွင် အဏုကြည့်မှန်ပြောင်းကိရိယာ
ကိုတင်လျက် အကျအန ထိုင်ကြည့်နေသော ဒေါက်တာ ဦးမင်းသိန်း
အနီးတွင် ဘီပီအိုင် လူကြီးများ ဝိုင်းရံလျက်ရှိသည်။ လူငယ်ဝန်ထမ်း
နှစ်ယောက်က ရေစစ်စင် အပေါ်သို့ တွယ်တက်၍ ရေပိုက်က ရေ
အရှိန်ကြောင့် အနေအထား ပျက်ပျက်သွားသည့် ရေစစ်အစများကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်လံ ထိန်းသိမ်းပေးလျက်ရှိသည်။ မခင်မိုးမြင့်က အဆောက်အအုံ၏ဘေးဘက် ခေါင်းရင်း မြေပြင်တွင် ကျောက်တုံးတစ်ခုပေါ် အကျအနထိုင်လျက် ရှေ့ရှိ ဖန်ပြွန်များထဲသို့ ရေဖြည့်လိုက်၊ အစိမ်းရောင်ထုထည် တိုင်းလိုက်နှင့် အလုပ်ရှုပ်နေလေသည်။ မမေယုခိုင်က ရေစစ်စင်များအနီးတွင် မတ်တတ်ရပ်လျက် အဝတ်ကတော့များထဲမှ ရေညှိနှစ်များကို တစ်ခုပြီးတစ်ခုစစ်ယူရာတွင် ဝင်ရောက် လုပ်ကိုင်လျက်ရှိသည်။ အားလုံးထဲတွင် ဘာအလုပ်မျှ မရှိသူမှာ မင်းထင်ကျော်သာ ဖြစ်၏၊

မခင်မိုးမြင့် အနီးတွင် မတ်တတ်ရပ်လျက် ဖန်ပြွန်ထဲက အစိမ်းရောင် ထုထည် မျှင်မျှင်ကလေးကို သူမ လက်ထဲက လျှာခွဖြင့် မရမက ထုထည်တိုင်းနေသည်ကို ငေးမောကြည့်နေမိသည်။

"အဲဒီလို ထုထည်တိုင်းရတာ မပင်ပန်းဘူးလားဗျာ၊ စကေးပါတဲ့ ဖန်ပြွန်တွေနဲ့ သုံးမယ်ဆိုရင်..."

သူ့စကား မဆုံးသေးမီ မခင်မိုးမြင့်က ဆတ်ခနဲ လှည့်ကြည့်၏။

"ကျေးဇူးတင်ပါတယ် လူကြီးမင်းရယ်၊ ကျွန်မတို့ စခန်းမှာ ပီပက် ဘယ်နှစ်ချောင်း၊ ဗြူရက် ဘယ်နှစ်ချောင်း ရှိတယ်ဆိုတာရှင် သိရင် သိပ်သနားသွားမယ်"

သူမ၏ မျက်နှာထားက ခပ်တည်တည်။ သို့သော် သူ့ရှေ့ဆက်ပြောလိုက်မိ၏။

"လိုသမျှ ဝယ်ရမှာပေါ့ မခင်မိုးမြင့်ရဲ့၊ လုပ်ငန်းတွင်ကျယ်ဖို့ လုပင်ပန်းသက်သာဖို့ အချိန်ကုန်သက်သာဖို့ စနစ်ကျဖို့..."

"ပိုက်ဆံက ဘယ်မလဲ"

"ဟောဗျာ"





သူ ခဏ ဆွံ့အ သွား၏။

"လိုအပ်တဲ့ ကုန်ကျစရိတ် အသုံးစရိတ် ပစ္စည်းဖိုးတွေ ကျွန်မတို့ စာရင်း တင်ထားပါတယ်။ကံကောင်းထောက်မရင် နောက်နှစ် လောက်ဆိုရင် လက်(ဘ်)ပစ္စည်းတွေ ရနိုင်ကောင်းပါရဲ့"

သူ သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။

"အဲဒီ သဲမှုန်ကလေးတွေက ဘာလုပ်တာလဲ ဟင်"

မခင်မိုးမြင့်က လက်ထဲမှ သဲမှုန်များကို ဖန်ပြွန်ချောင်းထဲသို့ ဖွဖွကလေးထည့်နေရာမှ အနည်းငယ် ခေါင်းညိတ်၏။ ဖန်ပြွန်ချောင်း၏အောက်တွင် အဖြူရောင် အဝတ်စကလေးဖြင့်ပိတ်ပြီး သားရေကွင်းကလေး စည်းထားရာ သဲမှုန်ကလေးများ ဖန်ပြွန်အောက်ခြေ အဝတ်စပေါ်တွင် ငြိမ်သက်စွာ ထိုင်နေ၏။ ထိုသဲကလေးများကို ရေဖြင့်စိုစွတ်အောင် လောင်းချပြီးနောက် ထိုရေများ တစ်စက်ချင်း ကျရောက် ကုန်ဆုံးသွားအောင် သူမ စောင့်နေသည်။

"ဒီသဲက အကောင်းဆုံး အနည်ထိုင်အောင် လုပ်ပေးတဲ့ ပစ္စည်းပေါ့၊ ကြည့်နေ၊ ကန်ရေ တစ်ဆယ် ကုဗ စင်တီမီတာကို ဒီထဲထည့်ပြမယ်"

သူ တအံ့တသြ ကြည့်နေသည်။

မခင်မိုးမြင့်က ဗီကာ ဖန်ခွက်ထဲတွင် ထည့်ထားသော စပီရူလိုင်နားစစ်ယူပြီးသား ရေကိုဖန်ပြွန်ကလေးဖြင့် စုပ်ယူလိုက်၏။ သို့နောက် ထိုပြွန်ကလေးကို ထိပ်ဝမှာ လက်ညှိုးဖြင့် ထောက်ပိတ်ပြီး ချိတ်ထားသော ဖန်ပြွန်တိုင်ထဲသို့ထည့်၍ လက်ညှိုးပြန်ဖွင့်လိုက်၏။ စိမ်းဖန့်ဖန့် အရည်များ ပြွန်ထဲသို့ ကျသွားသည်။

ခဏကြာတော့ ဖန်ပြွန်ထဲက ရေနည်းနည်းကြည်သွားပြီး အောက်ခြေ သဲပေါ်တွင် အစိမ်းရောင် အနှစ်ကလေးများ တဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြည်း ထိုင်လာ၏။ မခင်မိုးမြင့်က လက်ပတ်နာရီကို ငုံ့ကြည့်သည်။ ထို့နောက် လျှော့ခွဖြင့် ထိုသဲပေါ်မှ အစိမ်းရောင်ထုထည်ကို ကြိုးစား ပမ်းစားတိုင်းယူလေသည်။

"တွေ့လား ဦးမင်းထင်... ကျွန်မတို့ တီထွင်ထားတဲ့ ထုထည်တိုင်း ကိရိယာ ဘယ်လောက်ဟန်ကျသလဲ၊ ငွေကုန်ကြေးကျ အနည်းဆုံးလေ၊ ရှိတဲ့ပစ္စည်းနဲ့ အသုံးဝင်အောင် ဖန်တီးတတ်တာ အကောင်းဆုံးပဲ မဟုတ်လား"

သူမ မျက်ဝန်းများ ပြုံးလျက်ရှိသော်လည်း နှုတ်ခမ်းက မပြုံးပါ။ သူ မသက်မသာ ခေါင်းညိတ်လိုက်၏။

"ကျွန်တော် လက်ခံပါတယ်၊ ဒါ ကျွန်တော်တို့ မြန်မာ လူမျိုးတွေရဲ့ မွေးရာပါ အရည်အချင်း တစ်ခုပဲလေ"

"မဟုတ်ဘူး"

သူမက သူ့ဘက်သို့ ပြုံးခနဲ လှည့်ကြည့်သည်။ မည်းနက်သော မျက်ခုံးများ တွန့်ချိုးလျက်ရှိသည်။

"ဒါ မွေးရာပါ အရည်အချင်း မဟုတ်ဘူး ဦးမင်းထင်ရဲ့၊ ဒါ ဘဝပေး အရည်အချင်းပါ"

"ကောင်းပြီ၊ ကျွန်တော် မငြင်းပါဘူး။ ကျွန်တော်တို့ လူမျိုးဟာ ဆပ်ပ်စ်စတီကျူရှင်း (အစားထိုးခြင်း) သိပ်ကောင်းတာ ကျွန်တော် သိပါတယ်။ ဒါပေမယ့် မခင်မိုးမြင့်တို့ လျှော့ခွဟာ သေးငယ်တဲ့ ထုထည်ကိုဖတ်ဖို့ တီထွင်ထားတာ ဟုတ်ရဲ့လား။ ဒီလောက် သေးငယ်တဲ့ ထုထည်ကို ဒီလောက်ထူတဲ့ လျှော့ခွနဲ့ ဖတ်တဲ့အခါ မျက်စိ မှားမသွားနိုင်ဘူးလား"

မခင်မိုးမြင့် ခေါင်းညိတ်၏။





"အဲဒါကို သိပ္ပံစကားနဲ့ပြောရင် အမြင်သွေလွဲခြင်းလို့ခေါ်တယ်။ ဟုတ်တယ်၊ သိပ်အတိအကျကြီးတော့ ဘယ်ရမလဲ။ဒါပေမယ့် အလွန်ဆုံး ၁သမ သုံးမီလီမီတာလောက်ပဲကွာမှာပါ။ ဒီအတိုင်း ထိုင်စောင့်မယ့်အစား တစ်ခုခု လုပ်ရင်းစောင့်တာ ကောင်းတယ် မဟုတ်လား။ ပျမ်းမျှထုထည် ပြန်တွက်တဲ့အခါ တိကျသွားတာပါပဲ"

သူမ နောက်ရေထုထည် တစ်ခုဖြင့် အလုပ်ရှုပ်သွားပြန်၏။

"စကားကို ကပ်ပြောတယ် မထင်နဲ့နော်၊ ကျွန်တော် မရှင်းတာတစ်ခုရှိလို့"

"ရတယ်လေ ပြောပါ"

"အဲဒီသဲရဲ့ထုထည်ကျစ်လျစ်မှု ပွရောင်းမှုဟာကော ရေညှိထုထည်ကို မပြောင်းလဲစေနိုင်ဘူးလား။ ဥပမာ ဖန်ပြွန်ထဲမှာ နေရာအပြည့် သဲမှုန်တွေ ကျစ်လျစ်နေတဲ့အခါ ထုထည်က တစ်မျိုးထွက်မယ်၊ သဲတွေ ခပ်ပွပွဖြစ်ပြီး အဲဒီသဲတွေထဲကိုအထိ ရေညှိကဝင်ပြီး နေယူခံရရင် ထုထည်က တစ်မျိုးထွက်မယ် မဟုတ်လား"

သူမက အနည်းငယ် ပြုံးလေသည်။

"ဟုတ်ကဲ့၊ သဲကို အောက်ခြေမှာ ကောင်းကောင်း နေသားကျအောင် လုပ်ဖို့ ကျွန်မတို့အားလုံး ကျွမ်းကျင်သွားပါပြီ၊ ဒီ စီမံကိန်းဟာ ၁၉၈၃ ခုနှစ်။ ဒါပေမယ့် တကယ်တမ်း အစိုးရအသိအမှတ်ပြုတာက ၁၉၈၈ ခုနှစ်ဆိုတော့ ၈၈ခုနှစ်ကနေပဲ စပြီး တွက်ကြည့်ပါဦး၊ ဒီလောက် နှစ်တွေ ကြာကြာ နေ့တိုင်း စမ်းသပ်နေရတဲ့ အလုပ်ဆိုတော့"

"နေ့တိုင်း . . . ဟုတ်လား"

သူ၏ တအံ့တသြအမေးကြောင့် သူမ အပြုံးပျောက်သွား၏။ မျက်မှောင် မသိမသာ တွန့်သွားပြီး မျက်လုံးများ မိုမို တောက်ပ



www.burmeseclassic.com

လာလေသည်။

"ရှင်က ဘယ်လိုထင်လို့လဲ၊ ဒီစမ်းသပ်မှုတွေကို တစ်နှစ်တစ်ကြိမ် လုပ်လိမ့်မယ် ထင်လို့လား၊ ဒါမှမဟုတ် ကျွန်မတို့ ဆရာတွေ လူကြီးတွေ လာမှ လုပ်တယ်လို့ ထင်သလား"

"ဟာ မဟုတ်ဘူး မဟုတ်ပါဘူး၊ ကျွန်တော် ထင်တာက တစ်ပတ် တစ်ကြိမ် ဒါမှမဟုတ်. . . "

သူမက နှုတ်ခမ်းကို မဲ့ကွေး၍ မပြုံးချင် ပြုံးချင် ပြုံး၏၊ သူ အနည်းငယ် အားနာသွားသည်။

"လူတွေအားလုံးအတွက် အရေးသိပ်ကြီးတဲ့ အာဟာရပစ္စည်းတစ်ခုကို ကျွန်မတို့ ထုတ်လုပ်နေတာပါ ဦးမင်းထင်ရဲ့၊ ကစားစရာပစ္စည်း ထုတ်နေတာ မဟုတ်ပါဘူး။ ဒီပစ္စည်းအပေါ်မှာ လူထုက ယုံကြည်သလောက် အမြဲတမ်း တိတိကျကျ မှန်နေဖို့ ကျွန်မတို့ ကြိုးစားရမှာပဲ မဟုတ်လား။ ယုံကြည်မှုကို ကျွန်မတို့ ဘယ်တော့မှ အလွဲသုံးစားမလုပ်ပါဘူး။ ကျွန်မတို့ နေ့စဉ်စမ်းသပ်နေတာ ဒီထုထည်ကလေးတွင်မကဘူး။ ရေညှိမှာ နေ့စဉ် အချိန်တိုင်း ပါဝင်နေတဲ့ ဘက်တီးရီးယား ပါဝင်နှုန်း၊ ပိုးမွှား ကင်းစင်ဖို့၊ ကန်ရေရဲ့ အယ်လ်ကာလီဓာတ်အတိုးအလျော့... အဲဒါတွေအားလုံးကို ကျွန်မတို့ လေးလေးစားစား လုပ်နေကြတာပါ၊ ကျွန်မတို့ဆီမှာ စနေ တနင်္ဂနွေ ဆိုတာတောင် မရှိပါဘူး"

"ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော် ဆိုလိုတာက..." သူ ဘယ်လို ရှင်းပြရမှန်း မသိပါ။

သူမ ခေါင်းညိတ်၏။

"ကိစ္စမရှိပါဘူး၊ ဦးမင်းထင် ပြောချင်တာကို ကျွန်မ နားလည်ပါတယ်"





သူတို့နှစ်ယောက်လုံး ခဏ တိတ်ဆိတ် ငြိမ်သက်သွား၏။ သူမ လုပ်ကိုင်နေသမျှကို သူ ငေးကြည့်နေမိသည်။ မှတ်စုစာအုပ်ထဲတွင် ဂဏန်းများ ချရေးလိုက်၊ ထုထည် တိုင်းလိုက်ဖြင့် ပတ်ဝန်းကျင်၏ အပူရှိန်ကို မသိသလိုပင် ဖြစ်၏။ တိတ်ဆိတ်မှုကို သူမက ဖြိုခွဲလိုက်သည်။

"ဦးမင်းထင်... နောက်ထပ်အကြံကောင်းကလေးများ ဆွေးနွေးစရာ ရှိသေးသလား"

သူမ မျက်ဝန်းမှ အပြုံးရိပ်ကို သတိထားမိသဖြင့် သူ စိတ်လက်ပေါ့ပါးစွာ ပြုံးလိုက်မိ၏။

"ဟုတ်ကဲ့၊နောက်ထပ် အကြံပေးချင်တာတစ်ခုကတော့... ရေညှိထုထည်ကို အမြန်ဆုံးရဖို့နဲ့ အတိအကျဆုံး ရဖို့အတွက် လျှပ်စစ်နဲ့ အနည်ထိုင်အောင်လုပ်တဲ့ ကိရိယာတစ်ခုလောက် စခန်းမှာ ဝယ်ထားဖို့ပါပဲ၊ အဲဒါကို ကျွန်တော်တို့ကုမ္ပဏီကတစ်ဆင့် စရိတ်က နည်းနည်းနဲ့ မှာယူ ဝယ်ပေးနိုင်ပါတယ်"

ထူးခြား ဆန်းကြယ်စွာ မခင်မိုးမြင့်က အသံထွက် ရယ်မောလေသည်။ ရယ်သံမှာ ထိန်းချုပ်မှု မရှိ ပွင့်လင်း လွတ်လပ်၏။ မခင်မိုးမြင့် ရယ်မောသံကြောင့် ရေစစ်စင် အောက်က မမေယုခိုင်ပင် ဖျတ်ခနဲ လှည့်ကြည့်လေသည်။ သူ ပျော်သွား၏။

"သိပ်ကောင်းတဲ့ အကြံဉာဏ်ပဲ။ အဲဒီ Centrifuge ကိရိယာ တစ်ခုလောက် စခန်းအတွက် ဝယ်ပေးဖို့ သက်ဆိုင်ရာကို ကျွန်မ အစီရင်ခံစာ တင်သွင်းလိုက်ပါ့မယ်။ ဝယ်ပေးမယ့် ပွဲစားကတော့ ဦးမင်းထင်တို့ ကုမ္ပဏီပေါ့နော်"

"သိပ် သေချာတာပေါ့ဗျာ"

www.burmeseclassic.com



နေ့လယ် နေပူဒဏ်သည် မဆိုစလောက် လျော့နည်းသွား
သလိုခံစားရ၏။ မခင်မိုးမြင့်၏အပြုံးကို သူ ဘယ်လောက် လိုအပ်
ကြောင်း၊ ဘယ်လောက် တန်ဖိုးထားကြောင်း ပထမဦးဆုံး အကြိမ်
သူ့ကိုယ်သူ သတိပြုမိသွားသည်။

အာရုံစူးစိုက် အလုပ်လုပ်နေသော မခင်မိုးမြင့်အနီးမှ
ခွာလျက် ဒေါက်တာ ဦးမင်းသိန်းအနီးသို့ ထွက်လာခဲ့ချိန်တွင်
သူ့စိတ် ကြည်လင်ပေါ့ပါးနေ၏။

ဦးမင်းသိန်းက မော့ကြည့်သည်။

"ကြည့်ဦးမလား"

သူ ပြုံးရယ်၍ ခေါင်းညိတ်လိုက်တော့ ဦးမင်းသိန်းက ထိုင်
ရာမှ ထပေးသည်။ အဏုကြည့်မှန်ပြောင်း အသုံးပြုခြင်းကို သူ သိ
မကျွမ်းကျင်ပါ။ သို့သော် ယခု ဆလိုက်ကတော့ ရေတစ်စက်ကို
ရိုးရိုး ပါဝါအနိမ့် အဏုကြည့် မှန်ဘီလူးဖြင့် ကြည့်ခြင်းဖြစ်၍ သူ့
အတွက် မခက်ခဲပါ။ နောက်ပြီး သူများချိန်ပေးပြီးသား 'ဆုံတာ'
ဖြစ်၍ ပိုလွယ် ပါသည်။

အစိမ်းရောင်စပရင်ပုံ အခွေအလိမ်ကလေးများ အုပ်စုများ
စွာ တွေ့ရသည်။ တချို့က စုပြုံ၍ ငြိမ်သက်နေသည်။ အဏုကြည့်
မှန်ပြောင်း တစ်ကွက်စာ အကျယ်အဝန်းထဲတွင် ရေညှိပင်ကလေး
အများအပြား ပူးကပ်နေလေသည်။ ဤမျှသေးငယ်သော ရေညှိပင်
ကလေးများက အကောင်းဆုံး အဟာရဖြည့် ပစ္စည်းများ ဖြစ်နေသည်
မှာ အံ့သြစရာ။ သူ ဆလိုက်ကို တဖြည်းဖြည်းချင်း ရွှေ့ယူ၍ ကြည့်
သည်။

၅မိနစ်မျှ ကြည့်ပြီးသည့်အခါ သူ ငြီးငွေ့သွား၏။





အဝတ်အိတ်များဖြင့် ရေကို စစ်နေသည့် နေရာသို့
လျှောက်သွားကြည့်မိသည်။ ပိတ်စအဖြူရောင်ဖြင့် ရေစစ်လို ကတော့
ပုံကြီးများဖြစ်အောင် ပြုလုပ်ထားပြီး ထိုရေစစ်အိတ်ကြီးများထဲသို့
ရေညှိနှစ်များ အဆင့်ဆင့်ထည့်၍ ရေစစ်နေကြသည်။ အစအဆုံး
စက်ကိရိယာတစ်ခုမျှမပါဘဲ ရေပိုက်မှ ရေညှိများကို ပထမဆုံး အ
ဝတ်အိတ်ထဲမှ တစ်ဆင့်ပြီးတစ်ဆင့် အဝတ်ကတော့များထဲသို့ ရေ
ခွက်ဖြင့် ခပ်ယူထည့်နေရသောလုပ်ငန်းစဉ်ကိုကြည့်ရင်း သူ စိတ်မ
သက်မသာဖြစ်လာ၏။ ဘယ်လောက်များ ဖွဲ့ကောင်းလိုက်ကြပါလိမ့်။
ရေစစ်ဆန်ခါများ၏အောက်တည့်တည့် ကွန်ကရစ်ခင်း ကြမ်းပြင်
ပေါ်တွင် ကျောက်ပျဉ်လို ဘေးအနားတစ်လျှောက် မြောင်းကြီးဖော်
ထားသောကြောင့် ဆန်ခါမှကျနေသော ကန်ရေများသည် မြောင်းထဲ
မှတစ်ဆင့် ကန်ထဲသို့ စီးဆင်းသွားနေသည်။ ကန်ထဲမှ ရေကိုတော့
မော်တာဖြင့်စုပ်တင်၍ ဆန်ခါစောင်းများ၏အပေါ်မှ ရေပိုက်ခွဲ
များဖြင့် ဖြည်းညင်းစွာ ကျဆင်းစေလျက်ရှိသည်။ ဤသံသရာသည်
ဤကန်ရေမတိမ်ကောသမျှ ဖြစ်ပျက်နေမည့် သံသရာဖြစ်သည်။

ဘေးပတ်ဝန်းကျင်ကို မော့ကြည့်လိုက်သောအခါ တွင်းကြီး
၏ မြင့်မားသော တောင်နံရံများသည် ကောင်းကင်တိမ်ထုနှင့် ထိလု
မတတ်ဖြစ်၏။ တောင်နံရံတွင်ပေါက်ရောက်နေကြသော သစ်ပင်များ
သည် နေပူရှိန်ကို မမှုသလိုပင် စိမ်းမှောင်လျက်ရှိသည်။ ကန်ဘေး
ပတ်လည် နေရာကွက်ကွက်ကလေးသာ လူနေအိမ်ခြေဖြစ်ပြီး ဟို
ဘက် တဖြည်းဖြည်း မြင့်သွားသောအခါ ကျောက်တုံးများ၊ သစ်ပင်
ရိုင်းများဖြင့် ပြည့်လျက်ရှိသည်။ မျက်စိတဆုံး မျှော်ကြည့်သမျှမှာ
မိုးကောင်းကင်နားရောက်နေသည့် တွင်းနှုတ်ခမ်း နယ်နိမိတ်များသာ
ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မဲဇာဟူသော စကားကို သူ နားလည်လာသည်။ လမ်းပန်းဆက်သွယ်ရေး ဘာမျှမရှိသော တွင်းကြီးထဲမှာဖြစ်သည်။ ရုပ်ရှင်ရုံမရှိ၊ ဈေးမရှိ၊ စတိုးဆိုင်မရှိ၊ လမ်းမရှိ၊ စားသောက်ဆိုင်မရှိ။ ဘယ်လိုလူနေရွာတစ်ခုပါလိမ့်။ ရွာနှင့်တူသောအချက်ဟူ၍ စခန်းအဆောက်အအုံများ အနီးက ဘုန်းကြီးကျောင်းနှင့် ယခု ရေစစ်စင် အထက်ခပ်လှမ်းလှမ်းက သင်္ချိုင်းကုန်းသာရှိသည်။

ဘယ်လို ပျော်ရွှင်မှုမျိုးနဲ့ ဒီတွင်းကြီးထဲမှာ သူမ ကြာရှည်ရပ်တည်နေသလဲ။

"ဦးမင်းထင်"

အသံမှာ မျက်နှာချင်းဆိုင်ရှိ မမေယုခိုင်ထံမှဖြစ်၏။ သူ အနည်းငယ် ရှေ့တိုးသွားလိုက်သည်။

"ဟုတ်ကဲ့"

"အခု ဒီမှာသုံးနေတဲ့ ရေစစ် အစတွေ ဘယ်လောက် တန်မယ်လို့ ထင်သလဲ ဟင်"

သူမ၏ မျက်နှာမှာ ခပ်တည်တည်။ သို့သော် မျက်လုံးတွင် ရင်းနှီး ခင်မင်မှုကို တွေ့နေရသည်။

အဲ...၊ သူ အဝတ်စများ၏ တန်ဖိုးကို သိပ်မသိပါ။ မမေချုပ်ပေးသော အင်္ကျီ လုံချည်ကို ဝတ်လိုက်ရုံဖြင့် ဝတ်ဆင်မှုလုပ်ငန်းပြည့်စုံသွားပါသည်။

"ဒါ ပိုလီအက်စ်တာစ ခေါ်တယ် မဟုတ်လား၊ အင်း... တစ်ကိုက်ကို တစ်ရာကျော်လောက်..."

မမေယုခိုင်က ခပ်ဟဟ ရယ်လေသည်။

"ဒါ ရွှေတောင် တက်ထရွန်စ ရှင့်၊ တစ်ကိုက်ကို ၆၇ ကျပ်ပဲရှိတယ်။ ထားပါတော့၊ ၇၀ ပဲထားပါတော့။ တစ်ကိုက်က တစ်မီတာ





နီးပါး ရှိတယ်ဆိုတော့ ဒီအစဟာ တစ်မီတာကို မြန်မာငွေ ၇၀ကျပ်ပေါ့နော်"

သူမ ပြောချင်သည့် အဓိပ္ပာယ်ကို သူ ကြိုတင် တွက်ဆမိပြီး သဘောကျစွာ ပြုံးလိုက်၏။

"အဲဒီတော့ ..."

"အဲဒီတော့... အခု ဦးမင်းထင်ဆီကယူမယ့် နိုက်တက်(က်)(စ်) အစက တစ်မီတာကို ဒေါ်လာတစ်ရာဆိုတော့ မြန်မာငွေခုနှစ်ထောင် ပေါ့နော်"

"ဟုတ်ကဲ့"

သူ မချိပြုံး ပြုံးလိုက်ရလေသည်။

"ဒီတော့ ရေညှိကုန်ချောထွက်တဲ့နေရာမှာ ရွှေတောင်တက်ထရွန်စကို သုံးတာထက် အဆတစ်ရာ ပိုထွက်နိုင်ပါ့မလား ဟင်"

"ရှူး... တိုးတိုး ပြောပါဗျာ၊ လူကြီးတွေ ကြားကုန်ပါ့မယ်" ဟို့နောက် သူ အသံထွက် ရယ်လိုက်၏။

အာရပ်လူမျိုးတစ်ယောက်ကို သဲတွေ ဝယ်အောင် ရောင်းနိုင်သော အရောင်းကိုယ်စားလှယ်တစ်ဦး၏ ကျွမ်းကျင်စွာ ဆွဲဆောင်မှုမျိုးဖြင့် သူ အလုပ်လုပ်နေခြင်း မဟုတ်ပါ။ ပစ္စည်းရောင်းရဖို့ အဓိကကျသော အတ္တသမားတစ်ယောက်လည်း မဟုတ်ပါ။ မခင်မိုးမြင့်၏လုပ်ငန်းသည် သူ၏ လုပ်ငန်းလည်းဖြစ်သည်။ မခင်မိုးမြင့်၏ အောင်မြင်မှု သည် သူ၏အောင်မြင်မှုလည်းဖြစ်သည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံ၏ အောင်မြင်မှုလည်းဖြစ်သည်။

"ကျွန်တော်က မမေယုခိုင်တို့ စီမံကိန်းအတွက် အကောင်းဆုံးဖြစ်အောင် ကူညီပေးချင်တဲ့ ဆန္ဒတစ်ခုသာရှိပါတယ်ဗျာ။ ဟိုရှ



www.burmeseclassic.com

www.burmeseclassic.com



လိုင်းနားအမျှင်ရဲ့ အကျယ်နဲ့ ညီမျှတဲ့အစတစ်ခုဖြစ်လို့ ဒီအစအ ပေါ်မှာ အများကြီး အားကိုးနိုင်ပါတယ်။ စမ်းသပ်ကြည့်သေးတာပေ့ါ သီအိုရီတစ်ခုဖြစ်လာဖို့ စမ်းသပ်ချက်တွေအများကြီးနဲ့ စရတာ မဟုတ်လားဗျ"

"ဆရာ့သားက ဆရာလိုပဲ စကားပြော ကောင်းတယ် မိုး ရေ"

မခင်မိုးမြင့်က ထိုင်ရာမှ ထလျှောက်လာပြီး သူ့ကို မပြုံး မရယ် လှမ်းကြည့်သည်။

"ဒါပေမယ့် တစ်ဖက်သားကို နည်းနည်း ခနဲ့တတ်တာ တော့ ဆရာနဲ့ မတူဘူး"

ပွင့်လင်းသော သူမ၏ ထင်မြင်ချက်ကြောင့် သူ့မျက်နှာ နွေးခနဲ ဖြစ်သွား၏။

နောက်ဆုံးတော့ ကံကောင်း ထောက်မစွာ မခင်မိုးမြင့်နှင့် နှစ်ယောက်ချင်း တွေ့ဆုံခွင့်ကို ရသွားသည်။

ညစာ စားချိန်တွင် အနားမှာ ထမင်းဟင်းများ စီစဉ်ပေး သော ခင်မောင်အုန်းနှင့် အတူ စကားပြောရင်း ထမင်း နှစ်ပန်းကန် ကုန်အောင် စားပစ်လိုက်သည်။

"စား... ဦးမင်းထင်၊ ဒါတွေအားလုံး ကျွန်တော့်လက်ရာ ချည်းပဲ"

မိန်းကလေးပမာ ကန့်ကလျ ဖြစ်နေသော ခင်မောင်အုန်း ကို သူ တအံ့တသြ ချီးကျူးမိ၏။

"ဟာ... အမျိုးသမီးတွေ ချက်တာ မဟုတ်ဘူးလား"

ခင်မောင်အုန်းက မိန်းကလေးလိုပင် နှုတ်ခမ်းမဲ့ကွေး ပြုံး၏





"ဘယ်ဟုတ်မလဲ အစ်ကိုရာ၊ မှတ်ထား၊ ဆရာနဲ့အတူ ပါလာသမျှ ဧည့်သည်တွေကို ကျွေးမွေးဖို့ ဝေယျာဝစ္စအားလုံး ဟောဒီ ခင်မောင်အုန်းပဲ၊ သူတို့က ကျွန်တော့်ကို ကူညီရုံလေးပဲ"

နှစ်ယောက်တည်းရှိသော စကားဝိုင်းသည် ရယ်မောသံများ ဖြင့် နွေးထွေးသွားသည်။

"ထမင်းစားပြီး ပျင်းနေရင် ကျွန်တော်နဲ့ လိုက်ခဲ့လေ၊ ဟို ဘက် အမျိုးသား အဆောင်မှာ တီဗွီရှိတယ်"

ရန်ကုန်မှာတုန်းက ဘယ်တော့မှ တီဗွီ မကြည့်ဖြစ်သော မင်းထင်သည် ဤ တွင်းစခန်းတွင် တီဗွီရှိနေသည့်အတွက် စိတ် သက်သာရာ ရသွားလေသည်။

"ဒီနေ့ မိုးသားကင်းစင်တယ်၊ ဒါကြောင့် တွင်းတောင်မှာ တီဗွီ ကြည်လင်ပြတ်သားမယ်။ မိုးရွာတဲ့နေ့မှာ ဦးမင်းထင် မြင်စေ ချင်တယ်။ ဘာဆို ဘာမှ မမြင်ရအောင် ဝါးပြီး တဂျစ်ဂျစ် ဖြစ် နေရော"

ညရှစ်နာရီခွဲပြီးချိန်တွင် ရုပ်မြင်သံကြား ထားရာ အခန်း ထဲသို့ မခင်မိုးမြင့် ဝင်လာ၏။ ရှည်သွယ်သော အမျိုးသမီး အရိပ်တစ် ခု သူ့ရှေ့မှာ ပေါ်လာကတည်းက သူ ဒိတ်ခနဲရင်ခုန်သွား၏။ မော့ ကြည့်လိုက်တော့ ဖောရင်းရှပ် အညိုနုစင်း အဆင်အကျႌဖြင့် မခင် မိုးမြင့်ကို စိတ်လှုပ်ရှားစွာ မြင်လိုက်ရလေသည်။ သူမသည် ခါတိုင်း မြင်နေကျထက် ပို၍ လှပနေသည်။

"သြော်... ဧည့်သည် ရှိနေတာပဲ"

သူမ၏ ခပ်အက်အက် အသံကို အကဲခတ်ရသမျှတော့ အခန်းထဲသို့ ဝင်ရောက်ရန် အနည်းငယ် တွန့်ဆုတ်နေဟန် တူသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ဝမ်းသာအားရ ဖိတ်ခေါ်လိုက်သည်။

"လာပါ မခင်မိုးမြင့်၊ အတော်ပဲ၊ စကားပြောဖို့ အဖော်ရပြီ"

သူနှင့် မလှမ်းမကမ်းက ထန်းလက် ကုလားထိုင်တွင် သူမ ဝင်ထိုင်သော်လည်း သူတို့ တော်တော်နှင့် စကား မပြောဖြစ်ကြပါ။ သူမကများ စတင်စကားပြောမလားဟု စောင့်နေရာမှ ဂြိုဟ်တု သတင်း လာချိန်အထိ စကားတစ်ခွန်းမှ မပြောမိပေ။ သူမ ရှိရာသို့ မသိမသာ အကဲခတ်ကြည့်မိတော့ သူမက တီဗွီကို စိတ်ဝင်စားစွာ ကြည့်နေသည်။

အင်း... ငါမှ စကား မပြောရင် ဒီဝိုင်းက ဒီလိုနဲ့ ပြီးသွားမှာပဲ။ တစ်ခုခုတော့ ပြောဦးမှ ဖြစ်မယ်။

ပြောမည့် ပြောဖြစ်တော့ စိတ်ထဲမှာ အမြဲရှိနေသည့် အကြောင်းအရာကို တဲ့တိုးကြီး ပြောမိလျက်သား ဖြစ်နေ၏။

"ဒါနဲ့ စကားမစပ် တွင်းတောင်ကို ပို့စ်မင်းလာရဲ့လားဟင်"

ဘုရား... ဘုရား။ မင်းထင်... ဒါ့ထက် ပိုကောင်းတဲ့ ချဉ်းကပ်မှုမျိုး မရှိတော့ဘူးလားကွာ။

သူမ ဖျတ်ကနဲ တအံ့တသြ လှည့်ကြည့်၏။ မင်းထင် နည်းနည်းကလေး မျက်နှာ ပူသွားသည်။

"ပို့စ်မင်း ဟုတ်လား၊ ဘာအတွက် မေးတာလဲ"

မထူးတော့ပါဘူးကွာ။

"ကျွန်တော် ဒီကို စာထည့်ရင် စာရောက်ဖို့ လွယ်မလွယ် သိချင်လို့ပါ"

သူမ ခဏ ငြိမ်သက်သွား၏။ ထို့နောက် တီဗွီကို မျက်နှာမူရင်း အေးတိအေးစက် စကားပြော၏။





"ဒီမှာ စာတိုက်မရှိလို့ စာပို့သမားလဲ မလာဘူး၊ ဒါပေမယ့် ဘုတလင်ကို စခန်းကကားဖြစ်ဖြစ်၊ တွင်းရွာက တစ်ယောက်ယောက် ဖြစ်ဖြစ်ရောက်ရင် ဟိုကနေ စာကိုပေးလိုက်တာပဲ။ မြို့တွေလိုတော့ မမြန်ဘူး။ လမ်းပန်းဆက်သွယ်ရေးပေါ်မှာ မူတည်တယ်လေ"

ဘယ်သူ့ထံ စာရေးမှာလဲဟု သူမ မမေးပါ။ သို့သော် ခေတ်ပညာတတ် အမျိုးသမီးတစ်ယောက်ပီပီ သူမ ရိပ်မိမှာပါပဲ။

သူမ အနီးတွင် ထိုင်နေရခြင်းဖြင့် အရာရာမှာ ပြည့်စုံနေသလို ခံစားရသည်။ သူ့ရင်မှာ ဖြစ်ပေါ်နေသော နူးညံ့သည့်ခံစားမှုကလေးသည် သူ့ကိုအံ့သြအောင် ဖန်တီးပေးလျက်ရှိသည်။ သူမထံမှ ရေချိုးပြီးစ လတ်ဆတ်သော ရနံ့တစ်ခု မွှေးပျံ့နေသည်။ ရေမွှေးနံ့ မဟုတ်ပါ။ သူမ သူ့ကို စူးစူးစိုက်စိုက် အကဲခတ် နေနေသော အချိန် အခိုက်အတန့်တွင် တီဗွီမှ ကြီးမားသော တင့်ကားကြီးများ၊ စစ်လက်နက် ပစ္စည်းများ အပြောက်အကျားများဖြင့် စစ်ဝတ်စုံများသည် သူ့ မျက်စိထဲတွင် ဝေဝါးသွား၏။ ဤအမျိုးသမီးသည် သူ တွေ့ဖူးသမျှ မိန်းမများတွင် စိတ်လှုပ်ရှားမှု အနည်းဆုံးဖြစ်သည်။ သို့မဟုတ် စိတ်ခံစားမှုကို အထိန်းချုပ်နိုင်ဆုံး မိန်းမဖြစ်သည်။ လောကကို ရင်ဆိုင်ရာ တွင် သူမတို့ လူမျိုးများသည် အောင်မြင်တတ်ကြသည်။ ဆုံးဖြတ်စရာ ရှိလျှင် သွေးအေးအေး ဆုံးဖြတ်မည့်လူမျိုးဖြစ်သည်။

ခဏအကြာတွင် သူမ ဖျတ်ခနဲထရပ်၏။သူ ကမန်းကတန်း မော့ကြည့်လိုက်သည်။

"ဟာ . . . မကြည့်တော့ဘူးလား"

သူ ချဉ်းကပ်ပုံ မြန်ဆန်လွန်းသွားလို့များ ကြောက်သွားလေသလား။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ဂြိုလ်တုသတင်း ပြီးပြီပဲ၊ ဦးမင်းထင် ဆက်ကြည့်လေ"

"ဘာဖြစ်လို့လဲဟင်၊ ကျွန်တော်နဲ့ ဒီမှာ အတူထိုင်နေတာ မသင့်တော်ရင် ကျွန်တော် ပြန်အိပ်ပါ့မယ်။ မခင်မိုးမြင့် ထိုင်နေခဲ့ပါ"

သူ ထရပ်လိုက်သည်။

"မသင့်တော်ရင် ဟုတ်လား၊ ဘယ်သူက မသင့်တော်ဘူးလို့ ပြောမှာလဲ"

သူမ မျက်ဝန်းများ အနည်းငယ် နူးညံ့နေသည်။

"ဟိုဒင်း ပတ်ဝန်းကျင်..."

သူမ သူ့ကို တအံ့တသြ ပုံစံဖြင့် စိုက်ကြည့်၏။

"ဘယ်ပတ်ဝန်းကျင်ကမှ ဘာမှ ထင်မှာ မဟုတ်ဘူး။ ခဏနေရင် တီဗွီဇာတ်လမ်း ကြည့်ဖို့ အဖွဲ့သားတွေအားလုံး ရောက်လာကြမှာပါ။ သူတို့ ပန်းကန်ဆေးနေကြလို့ပါ။ ဦးမင်းထင်က ဘာတွေ အဓိပ္ပာယ်မရှိ တွေးပူနေလို့လဲ"

ပကတိ ရိုးသားသော သူမ မျက်နှာထားကြောင့် သူ ပင့်သက်တစ်ချက် ရှိုက်လိုက်မိသည်။

"ကျွန်မက ဇာတ်ခွဲခန်း အဖြေတွေကို စာရင်း ပြုစုရဦးမှာလေ၊ နောက်ပြီး ကျွန်မ ဇာတ်လမ်းတွေ ဘာတွေ မကြိုက်တတ်ဘူး သွားမယ်နော်"

အခန်းကလေးသည် ရုတ်တရက် ခြောက်သွေ့သွား၏။

ထထွက်သွားဖို့ မသင့်တော်မှန်း သတိပြုမိ၍ ဆက်ထိုင်နေခဲ့ရသော မင်းထင်ထံသို့ အခြားဝန်ထမ်းများ ရောက်လာ၍ စကားပြောကြသော်လည်း မင်းထင်အတွက် တစ်စုံတစ်ခု လစ်ဟာနေသလို





ခံစားရသည်။ ထိုလစ်ဟာမှုသည် ည အိပ်ရာဝင်သည်အထိ ကျန်နေ၏။

နောက်နေ့ဆိုလျှင် သူ ပြန်ရတော့မည်။

နောက်တစ်ကြိမ် ဤစခန်းသို့ ရောက်ဖို့ အခွင့်အရေးမှာ အလွန် နည်းပါးလှသည်။ အလုပ်ကိစ္စကို အကြောင်းပြရန်မှာ မဖြစ်နိုင်တော့သလောက် ကုန်ဆုံးနေပြီ။ မျက်နှာပူပူဖြင့် လာလျှင်ကော...။ အကြောင်းပြချက် ရှိရှိ မရှိရှိ လာလို့ရတာပဲ မဟုတ်လား။ လူတိုင်း တွင်းတောင်ကို အလည်အပတ်လေ့လာရေး လာနေကြတာပဲ။ နိုင်ငံခြားသားတွေတောင် လာကြသေးတာ။

ရှုနေသလား။ ဘယ်သူမဆို တွင်းတောင်ကို တစ်ခေါက် လာကြည့်ရင် လုံလောက်ပြီကွ။ မင်းက ဘယ်နှစ်ခါ လာချင်လို့လဲ။

ကဲကွာ... ဘယ်နှစ်ခါ လာလာပေါ့။ ဘယ်သူ့ကို ဂရုစိုက်နေရမှာလဲ။ မိန်းမတစ်ယောက်ကို ပိုးတယ်ဆိုမှတော့ ဒီလောက်တော့ မျက်နှာပြောင်ရမှာပဲ။

အတွေးဖြင့်ပင် သူ မျက်နှာ နွေးခနဲ ပူသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

တွင်းစခန်းတွင် နှစ်ညအိပ်ပြီး သုံးရက်မြောက်နေ့သို့ ရောက်သောအခါ သူတို့အားလုံး ပြန်ဖို့ ပစ္စည်းများ သိမ်းပြီးပြီ။ ထိုအချိန်တွင် မခင်မိုးမြင့်မှတစ်ပါး အခြားသော ဝန်ထမ်းများနှင့် ခင်မင်ရင်းနှီးပြီးသား ဖြစ်နေပြီ။

သူတို့အားလုံးသည် ဖေဖေ့တပည့်များ ဖြစ်ခဲ့ကြသည်။ သူတို့အားလုံးပင် ဖေဖေ့ကို ချစ်ခင်လေးစားကြသည်။ ဖေဖေ အလုပ်ထွက်သည့်ကိစ္စ၊ ရေထွက်ပစ္စည်း မွေးမြူရေးလုပ်ငန်းတွင် အစုရှယ်ယာဝင်ပြီး အလုပ်ဝင်သည့်ကိစ္စ၊ ဖေဖေ၏ သွေးတိုးရောဂါ သက်သာရာရသွားသည့်ကိစ္စအားလုံးကို မင်းထင်ကျော်နှင့် ဆွေးနွေး စကားပြောရင်း ရင်းနှီးမှုရခဲ့သည်။

ဘယ်သူနှင့်မဆို ခင်မင်ရင်းနှီးဖို့ ဝန်မလေးသော မင်းထင်သည် နှစ်ရက်အတွင်းမှာပင် ခင်မောင်အုန်းနှင့် စကားလက်ဆုံ ပြောပြီးပြီ။ ခင်မောင်အုန်းမှာ အလွန်လှသော ညီမလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိမှန်းလည်း သိပြီးပြီ။ ထိုညီမလေးကို လူတကာတောင်းတိုင်း ပါးစပ်ဖြင့် အလွယ်တကူ ပေးတတ်ကြောင်းလည်းသိပြီ။သူ့ကိုတောင် ခင်မောင် အုန်းက စ,နောက်နေသေး၏။

"ဦးမင်းထင်က လူပျို မဟုတ်လား၊ ကျွန်တော့်ညီမလေးက ချောတယ်ဗျ၊ စာလဲ သိပ်တော်တယ်"

သူ ပြုံးနေသောအခါ သူ့ကို မခင်မိုးမြင့်က ခပ်တည်တည် လှမ်းကြည့်နေခဲ့သည်။

သူ့ကို အဖွဲ့သားအားလုံးက အရောင်းကိုယ်စားလှယ် တစ်ယောက်အဖြစ် သဘောမထားဘဲ ဆရာ ဦးထင်ကျော်၏သားအဖြစ်သာ သဘောထားကြ၏။ အသက်အရွယ်ချင်းလည်း သိပ်မကွာလှပေ။ အမျိုးသမီးအဖွဲ့ထဲတွင် အသက်အကြီးဆုံးက မမေယုခိုင် ဖြစ်သည်။ အားလုံးက သူမကို မာမီဟု ခေါ်သဖြင့် ပထမတွင် သူအံ့သြမိသေး၏။ သို့သော် နောက်ပိုင်း သူကပါ မာမီဟု တရင်းတနှီး ခေါ်ရလောက်အောင် ရင်းနှီးခင်မင်ခဲ့လေသည်။ အမျိုးသမီးအားလုံး ခုနစ်ယောက်ဖြစ်ပြီး ထိုအထဲမှာ အိမ်ထောင်ကျပြီးသော အမျိုးသမီးဝန်ထမ်း နှစ်ယောက်ပါကြောင်း သူ သိရသည်။ကံကောင်း ထောက်မစွာ ထိုနှစ်ယောက်ထဲတွင် မခင်မိုးမြင့် မပါဝင်ပါ။ အမျိုးသမီး နာမည်တွေကိုတော့ သူ ရောထွေးနေဆဲဖြစ်၏။ မမေယုခိုင်နှင့် မခင်မိုးမြင့်ကလွဲလျှင် ကျန်သည့် အမျိုးသမီးများကို နာမည်မှန်အောင် မခေါ်နိုင်သေးဘဲ ဖြစ်နေသည်။ တစ်ခါတစ်ခါ တင်အေးရီဟု ခေါ်မိသူက ကြည်ကြည်မြင့် ဖြစ်နေပြီး ခင်ပြုံးလွင်ဟု ခေါ်မိသူက ချိုမွှေး ဖြစ်နေတတ်သည်။ အားလုံးက ဝိုင်းဟားတော့ သူ နည်းနည်း ရှက်သွားကာ နာမည် မခေါ်ဘဲ စကားပြောဖို့ ကြိုးစားရတော့သည်။ အမျိုးသားဝန်ထမ်းများကိုတော့ နာမည်နှင့်လူ တွဲ၍ မှတ်မိပြီ။





တွင်းတောင်သို့အဝင် ကားပေါ်မှာကတည်းက ဆွေးနွေးခဲ့ခင်သော ငှက်ဖျားရောဂါအကြောင်းကို အဖွဲ့သားတွေနှင့် ဆွေးနွေးခဲ့ကြသည်။

"ဒီနားတစ်ဝိုက်က ငှက်ဖျားနယ်မြေတွေပဲ၊ အားလုံးထဲမှာတော့ တွင်းတောင်က ငှက်ဖျားကအဆိုးဆုံးလို့ ပြောရမှာပဲ။ ပလပ်စ်မိုဒိယမ် ဖယ်လ်ဆီပေရမ် အမျိုးအစားလေ"

သူ မခင်မိုးမြင့်အတွက် စိုးရိမ်သွား၏။

"ကြိုတင်ကာကွယ်ပြီး ဆေးစားလို့ မရဘူးလားဗျာ"

"ရတာပေါ့၊ စားနေတာပဲလေ၊ ဒါပေမယ့်..."

စခန်း တာဝန်ခံ ကိုတိုးအောင်က ပခုံးတွန့်ကာ ပြုံးသည်။

"ကျွန်မတို့ စခန်းမှာ အများဆုံး ဆေးဝါးက ငှက်ဖျားဆေး အစုံရှိတယ်။ ကွီနင်း စားဆေးရှိတယ်၊ ပရိုင်မာကွင်းရှိတယ်၊ ဆိုင်ရက်ဇင်း ရှိတယ်၊ ကလိုရိုကွင်းရှိတယ်၊ ထိုးဆေးတွေလဲ ရှိတယ်လေ။ ဘီပီအိုင်က အစုံပေးထားတာပါ၊ နောက်ပြီး ဆရာဝန် မရှိပေမယ့် ကျန်းမာရေးမှူးရှိပါတယ်၊ စိတ်မပူပါနဲ့ ဦးမင်းထင်ရဲ့"

မမေယုခိုင်က မျက်လုံးသာ ပြုံးလျက် ခပ်တည်တည် မျက်နှာပေးလုပ်၍ မင်းထင်ကျော်ကို စိုက်ကြည့်ပြောတော့ သူ ဘယ်လိုနေရမှန်းမသိအောင်ဖြစ်သွားသည်။ တော်ပါသေးရဲ့၊ မမေယုခိုင်က မခင်မိုးမြင့်ကို စောင်းငဲ့မကြည့်ပေလို့။ ကြည့်များ ကြည့်လျှင် မင်းထင် ထိုင်ရာမှ ပြန်းခနဲ ထပြေးမိမည်။

"အံမယ် ဒါထက် အရေးကြီးတဲ့ ကာကွယ်ပစ္စည်း ရှိသေးတယ်လေ မာမီရဲ့၊ ဦးမင်းထင်ကို ပြောလိုက်ပါဦး" ခင်မောင်အုန်းက ရေညှိအိတ်ထဲမှ ရေတွေကို အားနှင့်မာန်နှင့် ညှစ်ချရင်း ခပ်နောက်နောက် ပြောပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ မခင်မိုးမြင့်၏မျက်နှာကို လှမ်းမကြည့်မိအောင် ထိန်းချုပ်ထားရ၏။

ငါ့မျက်လုံးတွေကများ သိပ် သိသာနေလေသလား။ ဒုက္ခပါလား။ ဒီလောက် နှစ်ညအိပ် ရက်ပိုင်းကလေး အတွင်းမှာ သူတို့ ရိပ်မိသွားပြီဆိုရင်တော့ ငါကိုက ညံ့လွန်းလို့ ဖြစ်မှာပဲ။ ဟာ... ဘာဆိုလဲ၊ ငါ ကုမ္ပဏီအတွက် အလုပ်နဲ့ လာတာပဲ၊ မိန်းမ လာပိုးတာ မဟုတ်တာ။ သူ မျက်နှာကို ခပ်တည်တည်ဖြစ်အောင် ထိန်းထားရင်းက ဟန်ဆောင်ပိရိမှု မဟုတ်မှန်း သိနေပြန်သည်။

"ဟုတ်တာပေါ့၊ ကာကွယ်ဖို့အတွက် ခြင်ဆေးခွေ အထုပ်လိုက် ရှိတယ်လေ။ မင်းသား ခြင်နိုင်ဆေးခွေတွေ၊ လစဉ်ခွဲတမ်းထဲမှာ ခြင်ဆေးခွေ အမြဲပါတယ်၊ မပူနဲ့"

ထို့နောက် သူတို့အဖွဲ့သာ သိဟန်တူသော အကြောင်းတစ်ခုခုဖြင့် ဝါးခနဲ အော်ဟစ် ရယ်မောကြသည်။ ဘာမှန်းမသိသော်လည်း အဖွဲ့သားများ၏ပျော်ရွှင်မှုက သူ့ထံကူးစက်သွား၏။ သူ ရောယောင်၍ ပြုံးမိသည်။ မခင်မိုးမြင့်ကတော့ ခပ်လှမ်းလှမ်းမှာ သူမ၏ ဖန်ပြွန်များဖြင့် အလုပ်ရှုပ်ကာ ပြုံးရုံ ပြုံးနေသည်။

"ခြင်မကိုက်အောင် လိမ်းတဲ့ဆေးတွေ ရှိတယ်မဟုတ်လား" သူ အကြံပေးမိတော့ ခင်မောင်အုန်းက လက်ကာပြ၏။

"ရိပီတို ပြောတာ မဟုတ်လား၊ ကျွန်တော်တို့ မရတာ ကြာလှပြီ။ အခုတော့ ခြင်ထောင်ထဲ ရောက်မနေမချင်း မလုံခြုံတော့ဘူးပေါ့။ ဖြစ်ရင် ဆေးသောက်လိုက်တာပဲလေ"

သူ စိတ်မသက်မသာ ဖြစ်သွားသည်။

ကမ်းခြေမှာ အလုပ်လုပ်နေရင်း သော်လည်းကောင်း၊ ခေ
ထဲမှာ (ဥပမာ... နွေရာသီ) လှေဖြင့် ရေညှိတွေ လိုက်ဆယ်ယူနေစဉ်





သော်လည်းကောင်း ခြင်မကိုက်ဘူးလို့ ဘယ့်နှယ်လုပ်ပြီး စိတ်ချနိုင်မည်နည်း။ ဓာတ်ခွဲခန်းတွင် မိုက်ကရိုစကုတ်ကို ငြိမ်သက်စွာ အာရုံစိုက်၍ကြည့်နေစဉ်၊ ရေစစ်စင်ဘေးတွင် ရေညှိပါဝင်နှုန်းကိုဖန်ပြွန်များဖြင့် စိတ်ဝင်စားစွာ တိုင်းတာနေစဉ်၊ ရေညှိစစ်စင်တွင် ရေညှိများကို ရေညှစ်ထုတ်ပြီး ရေချိုဖြင့် သန့်စင်နေစဉ် ဘယ်နေရာမှာမဆို ခြင်ကိုက်နိုင်သည်။

"ကျွန်တော် အကြံပေးမယ်ဗျာ၊ ခင်ဗျားတို့ အလုပ်ခွင်ဝတ်စုံ ကို တတ်နိုင်သမျှ ကိုယ်ခန္ဓာအသားကို ဖုံးအောင် ဝတ်ကြပေါ့"

သည်တစ်ခါ အော်၍ ရယ်မောသူက မမေယုခိုင်ဖြစ်၏။

"အမယ်လေး... ရှင် ဒီက ခြင်အကြောင်း မသိလို့။ ဒီက ခြင်ကလေ အဝတ်စကို ဖောက်ပြီး အသားကို ကိုက်တဲ့နေရာမှာ ကျွမ်းကျင်နေပြီရှင့်။ သူတို့က ပလတ်စတစ်စတောင် ဖောက်နိုင်မသားမသိဘူး၊ အပ်နဲ့ ထိုးသလိုပဲ"

"မာမီရေ နောက်ထပ် အကြံဉာဏ်ကောင်းကလေး တောင်းမေးပါဦး၊ ဦးမင်းထင်က အကြံကောင်းတွေ တော်တော် ထွက်တတ်တယ်" မခင်မိုးမြင့်က လှမ်းပြောချိန်မှာ သူ မျက်နှာနည်းနည်း ပူသွားပြီး ရယ်နေလိုက်ရ၏။

"ကဲ... ဦးမင်းထင်၊ ကျွန်မတို့ ဝန်ထမ်းတွေ ငှက်ဖျားရောဂါဖြစ်အောင် ကာကွယ်ဖို့ နောက်ထပ် အကြံကလေးများ..."

သူ ခပ်ဟက်ဟက် ရယ်လျက် ခေါင်းညိတ်လိုက်၏။

"လွယ်ပါတယ် မာမီရာ၊ ခြင်လုံစကာတပ် တိုက်ခန်းအဆောက်အအုံတွေ ဆောက်ပေးဖို့ ဝန်ကြီးဆီကို အစီရင်ခံစာ တင်လိုက်ပေါ့"

အားလုံး ဝိုင်းရယ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နံနက် ၁၀နာရီထိုးတော့ ဒေါက်တာဦးမင်းသိန်းနှင့်ဘီပီအိုင်
လူကြီးများ မြောက်ဘက် ရေစစ်စင်မှ ပြန်လာကြသည်။

"ဆရာ နေ့လယ်စာ စားမသွားဘူးဆိုလို့ ကျွန်တော်တို့
နေ့လယ်စာ မချက်ထားဘူးနော်"

ခင်မောင်အုန်းက ဦးမင်းသိန်းကို တွေ့တွေ့ချင်း အသိ
ပေးသည်။

"အေးပါကွာ၊ ဘုတလင်ကျမှ စားကြမှာပါ။ ဘယ့်နှယ်လဲ
မင်းထင်၊ တော်တော် လေ့လာပြီးပြီလား"

"ဟုတ်ကဲ့ ဆရာ"

သူ တကယ်တမ်း လေ့လာထားသည်မှာ အလုပ်နှင့်တွဲနေ
သော မခင်မိုးမြင့်သာ ဖြစ်သည်။ရေညှိထုထည် တိုင်းနေစဉ် မခင်မိုး
မြင့်၏ စူးစိုက်သောမျက်ဝန်းများ၊ တစ်ချက်တစ်ချက် မျက်မှောင်ခို
ထားသောမျက်ခုံးများ၊ ဓာတ်ခွဲခန်းတွင် သုမ မွေးမြူထားသော စပီရု
လိုင်းနား မှန်လှောင်ကန်ကလေးထဲမှ ရေတစ်စက်ကို အဏုကြည့်
မှန်ပြောင်းဖြင့် ကြည့်စဉ် တင်းတင်းစေ့ထားသော နှုတ်ခမ်းများ
တစ်ခါတစ်ခါ မကျေမနပ်ဖြင့် ဘာမှန်းမသဲကွဲသော စကားလုံးကို
ခပ်တိုးတိုး ရေရွတ်စဉ် လှုပ်ရှားသွားသော နှုတ်ခမ်းပါးကလေးများ
ဓာတ်ခွဲခန်း မှန်လှောင်ကန်ထဲမှ ရေကို ပီအိပ်ချ်တိုင်းသည့် စက္က
ကိရိယာလေးဖြင့် တစ်စက်ချင်း အရောင်ခွဲခြားတိုင်းနေစဉ် ကျွမ်းကျင်
သွယ်လျသော လက်ချောင်းများ။

ရန်ကုန် ပြန်ရောက်သည့်တိုင် မေ့ပစ်ဖို့ ခဲယဉ်းသော သူ
၏ အသေးစိတ် အမူအရာများဖြစ်သည်။

မိန်းမတစ်ယောက်၏ လှမ်းမိုးမှုကို တွန်းလှန် မပစ်နိုင်သော
သူ့အသိစိတ်ကို သူ ပြန်၍ စိတ်ဆိုးနေမိသည်။





ဤအမျိုးသမီးသည် ဘယ်သူ့ကိုမဆို အထက်စီးမှ အကဲ
ခတ်၍ စကားပြောမည့်အမျိုးသမီးဖြစ်သည်။ စူးရှ ရဲဝံ့သောမျက်လုံး
များက မည်သူ့ကိုမျှ အားနာလိမ့်မည် မဟုတ်ကြောင်း ဖော်ပြနေ
သည်။ တင်းတင်းစေ့ထားသော နှုတ်ခမ်းများက ကိုယ့်ကိုယ်ကိုမှတစ်
ပါး အခြား မည်သူ့ကိုမျှ အားကိုးလိမ့်မည် မဟုတ်ကြောင်း အနည်း
ငယ် ရန်လိုစွာ ဖော်ပြနေသည်။

သူမကိုမှ သူ ဘာဖြစ်လို့ ရွေးချယ်၍ ချဉ်းကပ်နေမိပါလိမ့်။

သူ့အတွေးထဲ ရောက်လာသော ရွေးချယ်မှု... ဟူသော
စကားကို သူ အသေအချာ စဉ်းစားမိသောအခါ လေးလံနေသော
ရင်က နည်းနည်းပေါ့ပါးသွားသလို ရှိသည်။ ရွေးချယ်မှု...ဟု သုံးနှုန်း
ပြီ ဆိုကတည်းက ဒါ အချစ်မဟုတ်နိုင်ပါ။ ဦးနှောက်၏အလုပ် တစ်ခု
သာဖြစ်သည်။ ဦးနှောက်ဆိုလျှင် သူ၏ ဆင်ခြင်ဉာဏ်ကို သူ ပြန်
အားကိုးနိုင်သေးသည်။ မသင့်တော်ဘူး၊ သင့်တော်တယ်ဆိုတာကို
ဆင်ခြင်ဉာဏ်ဖြင့် အလိုအလျောက် ဆုံးဖြတ်ပေးလိမ့်မည်။ သူ အ
နည်းငယ် စိတ်သက်သာရာ ရသွား၏။

သို့သော် ထို စိတ်သက်သာမှုမှာ တာရှည် မခံပါ။

နေ့လယ် ၁၁ နာရီတွင် သူတို့လူစု ပြန်လည် ထွက်ခွာရန်
ကားပေါ်သို့ တက်ကြသည်။

ရေစစ်စင်နှစ်ခုနှင့် ရေညှစ်စင်တွင် တာဝန် ကျနေသော
ဝန်ထမ်းများကလွဲလျှင် အားလုံးက သူတို့ဆရာကို နှုတ်ဆက်ကြ၏။
ခပ်လှမ်းလှမ်း အခြောက်လှမ်းစင်တွင် နန်းဆွဲပြီးသား ရေညှိမျှင်များ
ကို အခြောက်လှန်းနေသော အုပ်စုက လက်ပြ နှုတ်ဆက်ရုံသာဖြစ်
သည်။ နေ့လယ် ၂ နာရီအထိ အားလပ်နေသော အုပ်စုကတော့
ကားဘေးနားအထိ လျှောက်လာ၍ နှုတ်ဆက်သည်။ ထိုအုပ်စုထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



မခင်မိုးမြင့် ပါဝင်နေသောအခါ တွင်းစခန်းမှ မပြန်မီ ကျန်ရှိနေသမျှ မိနစ်ပိုင်းကလေးသည် လွမ်းဆွတ် အောက်မေ့ဖွယ်ရာ ကာလကလေး ဖြစ်သွားလေသည်။

ကားဘေး ခပ်လှမ်းလှမ်းတွင် မတ်တတ်ရပ်လျက် လက်နှစ်ဖက် တင်းတင်းပိုက်ကာ ခြေလှမ်းကို ခပ်ခွဲခွဲ အနေအထားလုပ်၍ ကားဆီသို့ စူးစိုက်စွာ လှမ်းကြည့်နေသော အမျိုးသမီးကလေးကို သူ တစ်ခဏမျှ ငေးမောကြည့်မိ၏။ မိုးရိပ် မိုးငွေ့ဖြင့် အုံ့ပျ မှုန်မှိုင်းနေသော ကောင်းကင်အောက်တွင် သူမ ရပ်နေပုံက အားမာန်တင်းထားပုံ ပေါ်နေသည်။ အားလုံးက ပြုံးရယ်၍ လက်ပြနှုတ်ဆက်ချိန်တွင် သူမ အနည်းငယ်မျှ မပြုံးပါ။ သူမ၏ အကြည့်သည် သူ့ထံသို့ ရောက်လာ၏။ သူမ မပြုံးပါ။ လက်လည်း မပြပါ။ သို့သော် သူနှင့် မျက်လုံးချင်း ဆုံမိစဉ် သူမ၏ အနေအထား မဆိုစလောက်ကလေး ယိမ်းယိုင်သွား၏။ သူမ မျက်စိလွှဲလိုက်ပြီး ခြေလှမ်း အနည်းငယ်ပြင် လိုက်လေသည်။ သူ နည်းနည်းကလေး ကျေနပ် နှစ်သိမ့်သွား၏။ မင်းထင်ကျော် ဟူသော ယောက်ျားတစ်ယောက် ကမ္ဘာလောကတွင် တည်ရှိနေကြောင်း မိန်းမတစ်ဦး အနေဖြင့် အသိအမှတ် ပြုလိုက်ခြင်း ဖြစ်သည်ဟု သူ ယူဆသည်။

ကားအနီးတွင် ကပ်ရပ်နေသော ခင်မောင်အုန်းနှင့် မမေယုခိုင်က သူတို့အားလုံးကို ပြုံးရယ်၍ နှုတ်ဆက်ရင်း

"နောက်လဲ လာလည်ဦးနော် ဦးမင်းထင် "ဟု သူ့ကို ခွင့်ပေး ကြိုဆိုသည့်အချိန်တွင် မခင်မိုးမြင့် နှုတ်ခမ်းများက တင်းတင်း စေ့ထားဆဲသာဖြစ်သည်။

ထိုအချိန်တွင် ကားက စတင် ထွက်ခွာသည်။





ထိုအချိန်တွင် မခင်မိုးမြင့်၏ မျက်လုံးများ သူ့ထံသို့ နောက်တစ်ကြိမ် ရောက်လာ၏။ သည်တစ်ခါတော့ သူ ထိန်းချုပ်မရ တော့သဖြင့် သူမကို ငေးမောကြည့်ရင်းက သူမ တစ်ဦးတည်းကို ပြုံးပြလိုက်မိသည်။ သူမ ပြန်၍ မပြုံးပါ။ သို့သော် ခေါင်းညွှတ်၍ နှုတ်ဆက်လိုက်၏။ လက်နှစ်ဖက် တင်းတင်းပိုက်လျက်၊ နှုတ်ခမ်း တင်းတင်းစေ့ထားရင်းက ခေါင်းကိုညွှတ်၍ နှုတ်ဆက်လိုက်သော သူမ၏ ဟန်အမူအရာကို သူ ဘယ်တော့မှ မေ့ပျောက်နိုင်တော့မည် မဟုတ်ပါ။

အပြန်ခရီး ကားပေါ်တွင် နောက်တစ်ကြိမ် ဘယ်လိုဆုံတွေ့နိုင်အောင် ဖန်တီးရပါမလဲ ဟူသော အတွေးဖြင့် ရင်တစ်ခုလုံး ပြည့်ကျပ် လေးလံလျက်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

တနင်္လာနေ့ နံနက် ၁၀ နာရီခွဲတွင် သူ ရန်ကုန် ပြန်ရောက်သည်။

အိမ်မှာ ရေချိုး၊ ထမင်းစားပြီး ရုံးသို့ ထွက်ခဲ့ရ၏။ ရုံးရောက်တော့ နေ့လယ် ၁၂ နာရီ ခွဲပြီးနေပြီ။

ဖေဖေအပါအဝင် လူကြီးများ နေ့လယ်စာ သွားစားနေကြချိန်ဖြစ်၍ သူ့စားပွဲတွင်တင်ထားသော ငါးစာထုတ်လုပ်မှု စာရင်းဇယားကို စိတ်မပါစွာ ဖတ်နေလိုက်လေသည်။

ဖေဖေ ဤကုမ္ပဏီသို့ ဝင်ရောက်လာချိန်မှစ၍ ယခင်က သူ့အခန်းကလေးမှာ ဖေဖေ့အခန်းဖြစ်သွားသည်။ ထိုအခါ သူ့အလုပ်စားပွဲသည် စုဒါလီတို့ စားပွဲများနည်းတူ ရုံးခန်းမထဲတွင်ရောက်သွားလေသည်။

ခဏကြာတော့ ဖေဖေနှင့်အတူ စုဒါလီတို့သားအဖပါ အတူတူ ဝင်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စားပွဲမှာ သူ ထိုင်နေတာမြင်တော့ စုဒါလီက ချိုမြစွာ ပြုံးရယ် နှုတ်ဆက်လေသည်။

"ဟာ... ဆရာ ပြန်လာပြီ။ ဒါလို့ဖို့ မန္တလေးထိုးမုန့် ပါရဲ့လား ဟင်"

သူ အနည်းငယ် ပြုံး၍ ခေါင်းယမ်းလိုက်၏။

"တွင်းတောင် သွားတာ မန္တလေး သွားတာမှမဟုတ်ဘဲ"

စုဒါလီက မျက်နှာကလေး ရှုံ့ပြီး ရယ်၏။

"ဒါပေမယ့် မန္တလေးကနေ ဖြတ်သွားရတာပဲ ဥစ္စာ ဆရာကလဲ"

ဒါလို့အဖေက ခပ်ပြုံးပြုံးပင် သူ့ သမီးခေါင်းကို ပုတ်လျက် အခန်းထဲဝင်သွား၏။ မင်းထင်၏ စားပွဲနားမှာ ရပ်ကျန်ခဲ့သူက ဖေဖေ ဖြစ်သည်။

"အဆင်ပြေရဲ့လား သား"

"ဟုတ်ကဲ့"

ဖေဖေ ထွက်မသွားသေးပါ။ သူ့ကို စူးစမ်းသလို ငုံ့ကြည့်လျက်ရှိသည်။

ရန်ကုန်မှာကတည်းက Nitex Filtre Cloth ကိုတစ်ဆယ်မီတာ ဝယ်ယူမည်ဖြစ်ကြောင်း ဖေဖေ သိထားသောကြောင့်လည်းကောင်း၊ တွင်းတောင်ကို ယခင်က တစ်ခေါက် ရောက်ဖူးထားသောကြောင့်လည်းကောင်း တွင်းစခန်း အတွေ့အကြုံကို ဖေဖေ စိတ်ဝင်စားမှာ မဟုတ်ဟု သူ ထင်ခဲ့သည်။ သူ့ ထင်မြင်ချက် မှားသွား၏။

"ခင်မိုးမြင့်နဲ့ရော တွေ့ခဲ့ရဲ့လား..."

"ခင်ဗျာ..."





သူ ပြုံးန်းခနဲ ဆွံ့အစွာ ဖေဖေ့ကို မော့ကြည့်မိသည်။ ဖေဖေ့ မျက်နှာက တည်ငြိမ်နေသည်။ သူ ဘာပြောရမှန်း မသိအောင် ဖြစ်သွားပြီးမှ "ဟုတ်ကဲ့..."ဟု အသံတိမ်တိမ်ဖြင့် ဖြေမိလေသည်။

"ဘတ်တစ်ရာ ကိစ္စရော ပြေလည်ခဲ့ပြီလား..."

"ခင်ဗျာ..."

ဖေဖေ ဆိုလိုချင်တာကို သူ နောက်ကျစွာ သဘောပေါက်လိုက်၏။ သူ တွန့်ဆုတ်စွာ ငြင်းလိုက်သည်။

"အဲဒီကိစ္စ... မပြောဖြစ်ခဲ့ဘူး ဖေဖေ..."

"ဩော်..."

"ကျွန်တော် သွားတာ ကုမ္ပဏီအတွက် သွားတာပါ"ဟု သူ ဘယ်လို မျက်နှာထားဖြင့် ထပ်မံအကြောင်းပြရပါမည်နည်း။ သူ ပြီးဖြန်းထားသော ဘတ်တစ်ရာ ကိစ္စကို သူ မေ့နေသည့်အတွက် သူ့ကိုယ်သူသာ အပြစ်တင်နေမိ၏။

ဖေဖေက မင်းထင်ကို မပြုံးမရယ် ကြည့်ရင်း ခေါင်းတညိတ်ညိတ်လုပ်နေသည်။ ထို့နောက် ဦးထင်ကျော် ဟု ဆိုင်းဘုတ်တပ်ထားသော အခန်းထဲသို့ ဝင်ရောက်သွားလေသည်။သူ မသိမသာ သက်ပြင်း ချလိုက်ရ၏။

မခင်မိုးမြင့်နှင့် ပတ်သက်၍ ဖြစ်ပေါ်နေသော ထူးခြားမှုကို ဖေဖေ ရိပ်မိသွားလေသလား။ မဖြစ်နိုင်ပါ။ သူ့တွင်ဖြစ်ပေါ်နေသော ထူးဆန်းသည့် ခံစားမှုကို သူကိုယ်တိုင်ပင် မဝေခွဲနိုင်သေးပါ။

ရန်ကုန်သို့ ပြန်ရောက်ခါစ ရက်များသည် သူ့အတွက် သည်းမခံနိုင်လောက်အောင် အထီးကျန် ဆန်လွန်း၏။ ရန်ကုန် ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ပြီးစရက်များတွင် သူ့ရင်ထဲမှာ အမြဲတမ်း ရှိနေခဲ့သည့် တစ်စုံတခု လစ်ဟာပျောက်ဆုံးလျက်ရှိသလို ခံစားနေရသည်။ ထိုခံစားချက်ကြောင့်ဖြစ်ပေါ်လာသော မကောင်းကျိုး တစ်ခုမှာ သူ့စာရင်းများ လွဲချော် မှားယွင်းနေခြင်းပင် ဖြစ်လေသည်။တစ်ကြိမ် ပြန်စစ်ဆေးတိုင်း အမှားတစ်ခု ထပ်ထပ်တွေ့နေရသောအခါ စားပွဲပေါ်မှ စာရွက်အားလုံးကို စုပြုံဆွဲဆုတ်ပစ်ချင်စိတ် ပေါက်ပေါက်သွား၏။ နာရီဝက် လောက်ကြာအောင် စိတ်ကို ပြန်ထိန်းယူမှ သူ့စာရင်း မှန်ကန်သွား၏။ ထိုအခါမျိုးတွင် သူ မချိပြုံးသာ ပြုံးတတ်လေသည်။

ယခင်က နှစ်ရက်ဖြင့် အပြီး လုပ်နိုင်သော လစဉ် ဝင်ငွေထွက်ငွေ စာရင်း ချုပ်ခြင်းကို တစ်ပတ်ခန့် ညှိယူရသောအခါ သူ့ကိုယ်သူ တော်တော် အံ့သြ ထိတ်လန့်သွား၏။

ကံဆိုးဝါးလှစွာ မိုးရာသီ မကုန်တတ်သေးချိန်ဖြစ်ရာ ရုံးခန်းအပြင်မှ မိုးစက်များကို မြင်ရတိုင်း သွယ်ချွန်သော နှာခေါင်းဖျားမှာ တွဲလွဲခိုနေသည့် မိုးစက်ကလေးတစ်စက်ကို မြင်ယောင်လာတတ်၏။ ထိုသို့ မြင်ယောင်တိုင်း သူ့ရင်ထဲတွင်နူးညံ့သော နာကျင်မှုကလေး တစ်ခု မသိမသာ ဝင်ရောက်လာတတ်သည်။

အချိန်ရှိသမျှ သူ့အာရုံထဲသို့ရောက်နေသည်မှာ မခင်မိုးမြင့်အတွက် မည်သည့် ပစ္စည်းတွေ အသုံးဝင်သလဲ ဟူသောအကြောင်း အရာပင် ဖြစ်လေသည်။

နောက်ပိုင်း ရက်များတွင် ဓာတ်ခွဲခန်းပစ္စည်း စုဆောင်းသော အလုပ်တစ်ခု ပိုလာ၏။သူ စုဆောင်းသော ပစ္စည်းထဲတွင် လက်အိတ်အမျိုးမျိုး ပါဝင်၏။ ဆေးရုံသုံး ရာဘာလက်အိတ် အမျိုးအစား၊ ဓာတုဗေဒလုပ်ငန်းသုံး ရာဘာလက်အိတ် အမျိုးအစား၊ သူ





ီးခြားခဲ့ထုတ် စုဆောင်းနေသည်ကို လူကြီးအားလုံးက မျက်ခုံးပင့်ကြည့်ရုံသာ ဖြစ်၍ ဘာမျှဝေဖန်ချက်မပေးဘဲ နေကြသည်။ထိုလူကြီးအုပ်စုထဲတွင် ဖေဖေလည်း ပါဝင်သည်။

တွင်းတောင်ရှိ တစ်ခုတည်းသော သုတေသန အခန်းကျဉ်းကျဉ်းကလေးထဲမှ ကော်နီကယ်လ် ဖန်ပုလင်းကလေး သုံးလေးခုကို မြင်ယောင်လာချိန်မှာတော့ ကော်နီကယ် ဖန်ပုလင်းများ(သမဝါယမ တစ်ခုအတွက်) မှာယူပေးချိန်တွင် လိုအပ်သည်ထက် ပို၍ စာရင်းပြုပေးလိုက်တော့သည်။ ရေဓါးပီအိပ်ခ်ျ တိုင်းသည့် စက္ကူတိပ်(ပ်) ကီရိယာလေးများ၊ ဖန်ပြွန်ညှပ်သည့် သံမဏိဒေါက်တိုင်များ၊ မီလီမီတာ စကေးအထိပါဝင်သည့် ဖန်ပြွန်ရှည်ကလေးများကို တဖြည်းဖြည်းခြင်း စုဆောင်းယူ၏။ တစ်နေ့တော့ စားပွဲတွင် ငုံ့၍ ရသုံးခန့်မှန်းခြေစာရင်းများ ပြုစုနေသည့် မင်းထင်၏ ရှေ့သို့ဖေဖေ လာ၍ ရပ်၏။

"ဖေဖေ ဘာလိုချင်လို့လဲ ဟင်..."

သူ မေးတော့ ဖေဖေက မျက်မှောင်ကြုတ်၍ ခေါင်းယမ်းပြသည်။

"ဖေဖေ မရှင်းတာ တစ်ခု မေးချင်လို့"

သူ တအံ့တသြ ဖြစ်သွားသည်။

"ဟုတ်ကဲ့..."

"မင်းတို့ စီးပွားရေးတက္ကသိုလ်မှာ ဓာတုဗေဒများ သင်ခဲ့ရသလား"

သူ အူကြောင်ကြောင် ဖြစ်ကာ ခေါင်းယမ်းလိုက်၏။

"မသင်ရပါဘူး ဖေဖေ၊ ဘာဖြစ်လို့လဲ"

"သား သိမ်းထားတဲ့ လက်(ဘ်) ပစ္စည်းတွေက ဓာတ်ခွဲခန်း တစ်ခုစာ ရှိနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူမျက်နှာ နည်းနည်း ပူသွားသည်။

"ဟုတ်ကဲ့"

သူ ရှေ့ဆက်မပြောတတ်ဘဲ အိုးတိုးအတ ဖြစ်နေသော အခါ ဖေဖေက ခေါင်းတစ်ချက်ညိတ်သည်။

"အေးလေ၊ အဲဒါကို နားမလည်လို့ပါ။ လုပ် လုပ်... စာရင်း ပြီး အောင်လုပ်..."

ထို့နောက် ဖေဖေက အဖြေ မလိုအပ်တော့သလိုပင် လှည့် ထွက်သွား၏။ သူဘာပြောရမှန်း မသိဘဲ ငေး၍ ကျန်ခဲ့လေသည်။ ထို့နောက်တွင်တော့ ဖေဖေက ဓာတ်ခွဲခန်း ပစ္စည်းနှင့် ပတ်သက်၍ နောက်ထပ် စပ်စုခြင်း မပြုလုပ်တော့ပါ။

သူ နောက်ထပ် စုဆောင်းသော ကိရိယာ တစ်ခုမှာ Bug Killer ဟုခေါ်သည့် လျှပ်စစ်ဓာတ်အားသုံး ခြင်ထောင်ချောက် မီး အိမ်ဖြစ်သည်။

ဤမီးအိမ်၏ ခရမ်းပြာမီးရောင်ကလေးက ခြင်ကိုဆွဲဆောင် နိုင်သည်ဟူ၏။ လျှပ်စစ်ပစ္စည်းနှင့် ပတ်သက်၍ သိပ်မကျွမ်းကျင် သည့်အပြင် စိတ်လည်းသိပ်မဝင်စားပါ။ တစ်ခုတည်းသော မျှော် လင့်ချက်မှာ ငှက်ဖျားရောဂါပိုးသယ်ဆောင်ထားသော ခြင်အမျိုး အစားကိုသာ မလွတ်တမ်း ဆွဲဆောင်နိုင်ပါစေဟူသော ဆုတောင်း ကလေးပင် ဖြစ်သည်။

ပစ္စည်း စုဆောင်းခြင်း ပြီးဆုံးသွားချိန်တွင် တွင်းတော လူကြုံကို ရှာရပြန်သည်။ လူကြုံက တော်တော်နှင့်မရဘဲ ရက်ရွှေ့ ကုန် သွား၏။ မြန်မာနိုင်ငံ ဆေးဝါးစက်ရုံမှာ အလုပ်ပြောင်းရွှေ့





သွားသည်ဆိုသော တွင်းတောင် ဝန်ထမ်းဟောင်းအမျိုးသမီးတဦးထံ သွားပြီး အကူအညီတောင်းဖို့ သူစဉ်းစားရတော့သည်။ တွင်းတောင်မှ လစဉ် လချုပ်စာရင်းကို မြန်မာနိုင်ငံ ဆေးဝါးစက်ရုံသို့ အစီရင်ခံစာ အဖြစ် တင်ရသည်ဆိုတာ သူ သိခဲ့ပြီ။ ထိုစာရင်းကို တွင်းတောင်မှ ဝန်ထမ်းတစ်ယောက်က အမြဲ လာ၍တင်ရသည်ဆိုတာလည်း သိခဲ့ ပြီ။ ဘာပဲဖြစ်ဖြစ် မြန်မာနိုင်ငံ ဆေးဝါးစက်ရုံမှ အမျိုးသမီးကတော့ သူ့ကိုကူညီနိုင်လိမ့်မည်။ ပစ္စည်းကိရိယာများ၊ စာရင်းဇယားများကို တွင်းတောင်သို့ ကားကြုံဖြင့် တင်ပို့ပေးရန် သူမက ကူညီနေကျဖြစ် သည် ဟူသော အကြောင်းအရာက စိတ်ဝင်စားစရာ ကောင်းနေ သည်။

ကံအားလျော်စွာ မင်းထင်တို့ ကုမ္ပဏီမှ Cat Fish ငါးအ မျိုးအစားများ စမ်းသပ်မွေးမြူရန် တွင်းတောင်သို့ ပို့ပေးမည့်ကိစ္စ ပေါ်ပေါက်လာ၏။ ဘာဘဲဖြစ်ဖြစ် တစ်ယောက်ယောက်ကတော့ တွင်းစခန်းကို ရောက်ရလိမ့်မည်။ သေချာပေါက် မျှော်လင့်ချက်ဖြင့် သူ ပစ္စည်းများကိုစနစ်တကျ စုဆောင်း ထုပ်ပိုးလေသည်။

Bug Killer ၏လက်ဆွဲကိုင်းအစပ်တွင်...

'မခင်မိုးမြင့်' အတွက်...

'အမ်(မ်)'

ဟူသော အင်္ဂလိပ်လက်ရေးဖြင့် ကတ်ကလေး ချိတ်ဆွဲထား သည်မှအပ အားလုံးသော ပစ္စည်းများ၊ ကတ်ဘူးများတွင် ဘာစာ၊ ဘာအမှတ်အသားမျှ လုပ်မပေးလိုက်တော့ဘဲ ထား၏။ ထို ကတ်ဘူး များကို စက္ကူကတ်ထူ သေတ္တာ အကြီးကြီးထဲသို့ ထည့်ရလေသည်။ စက္ကူသေတ္တာကြီး၏ အပြင်ဘက်မှာတော့...

'သုတေသန ဓာတ်ခွဲခန်း



www.burmeseclassic.com

www.burmeseclassic.com



အဏုဇီဝ ဆေးဝါးစီမံကိန်း စခန်း

တွင်းတောင်'

ဟု မြန်မာလက်ရေး ခပ်ကြီးကြီးရေး၍ လိပ်စာ တပ်လိုက်လေသည်။ ပေးပို့သူနေရာတွင် ကုမ္ပဏီနာမည် မပါဘဲ မင်းထင်ကျော်ဟု တစ်လုံးတည်း ရေးလိုက်သည်။

သည်လောက်ဆိုလျှင် သူမ ရိပ်မိပါလိမ့်မည်။

ဘယ်တုန်းကမှ စကားမစပ်ဘူးသော၊ ဘယ်တုန်းကမှ လိုချင်သည်ဟု မပြောခဲ့ဘူးသော ဓာတ်ခွဲခန်း ပစ္စည်းများကိုမြင်၍ မင်းထင်၏ သူမအပေါ် အလေးထားမှုကို သူမ သိလျှင် သူ ကျေနပ်ပါသည်။ စာပို့သမားအကြောင်း မေးခဲ့မိသောကြောင့် သူမက သူ့ထံမှ စာကို မျှော်ကောင်း မျှော်လင့်နေလိမ့်မည်။ စာတစ်လုံးမျှမရေးဘဲ ပစ္စည်းတွေသာ ပို့လိုက်သော အဖြစ်အပျက်ကြောင့် သူမ တအံ့တဩ ဖြစ်သွားမှာ သေချာ၏။ အံ့ဩမှုကို ဘယ်သူမှ မသိအောင် ထိန်းချုပ်နိုင်စွမ်း ရှိတာက တစ်ကဏ္ဍပေါ့လေ။

သူ့အတွေး သူ ပြန်၍ ရယ်ချင်သွား၏။ အင်း... ကိုယ့်ကိုယ်ကို အထင်ကြီးမှုကလေးက ပျောက်ကွယ်မသွားသေးပါလား။

လူကြုံဖြင့် ပစ္စည်းများတင်ပို့ချိန်မှာတော့ အားလုံး၏မျက်လုံးအကြည့်များက မင်းထင်ဆီမှာ ရောက်နေသည်။ ထိုအကြည့်များကြောင့် သူ့တွင် ဘာမှမထူးခြားဟန်၊ ဘာမှမဖြစ်ဟန် ခပ်တည်တည် မျက်နှာထားလုပ်ရ၏။

"ဓာတ်ခွဲခန်းပစ္စည်းတွေ လက်ခံရရှိကြောင်း စာရွက်ဖြတ်ပိုင်းတစ်ခု ပို့လိုက်ပါလို့ ပြောနော်၊ ကြားလား"

တမင် ဘယ်သူဟု နာမည်တပ်၍ မပြောဘဲ ထားလိုက်သည်။ သို့မှသာ တွင်းစခန်းတစ်ခုလုံးနှင့် အကျုံးဝင်ပေလိမ့်မည်။





သူ၏ ဟန်ဆောင်မှုသည် အတိုင်းအတာတစ်ခုအထိတော့ အောင်မြင်၏။ အနည်းဆုံး စနောက်လိုသော မျက်လုံးများဖြင့် အကြည့်ခံရဘူးပေါ့။

ဖေဖေကတော့ ကြီးမားသော ကတ်ဘူးကြီးပေါ်မှ လိပ်စာကို တစ်ချက်သာကြည့်ပြီး မသိဟန်ဆောင်နေ၏။ စာနာထောက်ထားစွာပင် တွင်းစခန်းက မှာလို့လားဟူသော မသက်ာမေးခွန်းမျိုးကို မေးပေ။ ကျန်သည့်လူကြီးများကလည်း မင်းထင်၏ ကိုယ်ရေးကိုယ်တာ အလုပ်ကိစ္စအဖြစ် သဘောထား ဟန်ရှိသည်။ ဘာမျှ မေးမြန်းဆင်မြင်ချက်မပေးကြချေ။ နားမလည်သော မျက်လုံးများဖြင့် ကြည့်ကြခြင်းကိုမူ သူ မေ့ထားနိုင်ပါသည်။

နောက် ၅ရက်အကြာတွင် လူကြုံဖြင့် သူ့ထံသို့ တွင်းတောင်မှ စာပါလာသည်။ ဦးမင်းထင်ကျော် ဟူသောနာမည်ဖြင့် သူတို့ကုမ္ပဏီ၏လိပ်စာ အတိအကျ ရေးထားသောစာအိတ်ကို သူ လျှင်မြန်စွာ၊ နောက်ပြီး ရင်ခုန်စွာ ဖွင့်ဖတ်သည်။ မြန်မာ လက်ရေးများဖြစ်သည်။စာက နှစ်ကြောင်းတည်းသာဖြစ်၏။

ပေးပို့သောပစ္စည်းများအား လက်ခံရရှိပါသည်။

ကျေးဇူးတင်ပါသည်။

ဟူ၏။ ဤ အလုပ်သဘော ဆန်လွန်းသော စာကြောင်းကို ဖတ်ရသည့်အခါမှာတော့ မခင်မိုးမြင့်နှင့် ပတ်သက်သော သူ၏မျှော်လင့်ချက်များ လွင့်စဥ်မတတ် စိတ်ဓာတ်ကျသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်က ခပ်ကြီးကြီး စောင်းစောင်း၊ အင်္ဂလိပ်စာလုံးများဖြစ်ဟန်တူ၏။ သော့လွန်းသော လက်မှတ်ဖြစ်၍ သူ မဖတ်နိုင်ပါ။

လက်မှတ်၏ အောက်မှာတော့ အဏုဇီဝ ဆေးဝါးစီမံကိန်း စခန်း၊ တွင်းတောင် ဟုရေးထားသည်။ လက်ရေးက မိန်းကလေးလက်ရေးနှင့်မတူသော မိန်းကလေးလက်ရေးဖြစ်သည်။ ဘယ်လက်ရေးဟုပြောရမည့် ခပ်စောင်းစောင်း ခပ်သော့သော့ (အဆင့်အတန်းမြင့်မြင့်ဟု သူဖြည့်စွက်တွေးလိုက်သည်) လက်ရေးမျိုးဖြစ်၏။ ဤလက်ရေးသည်အလုပ်ရှုပ်နေသူ တစ်ဦး၏လက်ရေးဖြစ်သည်။ လှပမှုကို အရေးမထားသူတစ်ယောက်၏ လက်ရေးဖြစ်သည်။ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချသော လက်ရေးဖြစ်သည်။

ဤလက်ရေးသည် မခင်မိုးမြင့်၏ လက်ရေးသာဖြစ်ရမည်ဟု သူ့စိတ်ထဲက ကျိတ်၍လောင်းလိုက်သည်။ ဘာပဲဖြစ်ဖြစ် သူမ၏လက်ရေးဖြင့် စာတစောင် သူ လက်ခံရရှိလိုက်ပြီမဟုတ်လား။

ဟိုး ငယ်ရွယ်စဉ် ပထမဆုံးသော ရည်းစားဆီမှ ပြန်စာကို လက်ခံရရှိစဉ်က ပျော်ရွှင်မှုမျိုးကဲ့သို့ ရူးရူးမူးမူး ပြင်းပြစွာ စိတ်လှုပ်ရှားခွင့်မရှိသော်လည်း တမြေ့မြေ့ ဝင်ရောက်လာသော ခံစားချက်အပိုတစ်ခုဖြင့် သူ အနည်းငယ် ကျေနပ်နှစ်သိမ့်သွားမိသည်။

ဤစာကို သူ တယုတယ မနမ်းမိပါ။ ငယ်ငယ်တုန်းကချစ်သူဆီက စာများလိုလည်း မကြာခဏ ပြန်မဖတ်မိပါ။ အိပ်ရာဝင်ချိန်တွင် စာကို ရင်ဘတ်ပေါ်မှာလည်း မတင်မိပါ။ သို့သော် သူ့အလုပ်ကိစ္စများကိုရေးမှတ်လေ့ရှိသည့် ၁၉၉၁ ခုနှစ် ဒိုင်ယာရီ စာအုပ်ကြားထဲတွင်တရိုတသေ ညှပ်ထားလိုက်သည်။ ထိုဒိုင်ယာရီစာအုပ်ကို သွားလေရာမှာ သယ်ဆောင်လေ့ ရှိသဖြင့် မခင်မိုးမြင့်သည် သူနှင့်အလွန်





းကပ်စွာတည်ရှိနေလေဟန် ကိုယ့်ကိုယ်ကို လှည့်စားရာတွင် အောင်မြင်သွား၏။

တကယ်တော့ မခင်မိုးမြင့်နှင့် သူ မိုင်ပေါင်းများစွာ ဝေးကွာလှပါသည်။

သူတို့နှစ်ယောက် ထပ်မံတွေ့ဆုံဖို့ သူ ဘယ်လိုမှ မျှော်လင့်၍ မရပါ။ သူတို့နှစ်ယောက်သည် မတူညီသော အလုပ်ကိုယ်စီဖြင့် ဝေးကွာလှစွာ တစ်နေရာစီမှာ နေထိုင်ကြသည်။ သူတို့နှစ်ယောက်ကို ညီသည့်အရာကမျှ ဆက်စပ် ဖန်တီးပေးနေခြင်း မရှိ။ သူတို့နှစ်ဦး အကြားတွင် တိုက်ဆိုင်စွာ တွေ့ဆုံမှုကို မျှော်လင့်၍ မရစကောင်းမှန်း သူ သိသည်။ ကျောင်းမှာတုန်းကလို ပရဝုဏ်တစ်ခုအတွင်း၊ သိပ်မများလှသော စာသင်ခန်းများ၊ လမ်းများ၊ စားသောက်ဆိုင်များ အတွင်း ဖြုန်းခနဲတွေ့ဖို့ မလွယ်ကူပါ။ ဖြုန်းခနဲ တွေ့ဟန်ဆောင်ဖို့လည်း မလွယ်ကူပါ။ သူတို့ နှစ်ယောက်နောက်တစ်ကြိမ် ထပ်မံတွေ့ပြီဆိုလျှင် ဤတွေ့ဆုံမှုသည် တစ်ယောက်ယောက်က တမင်သက်သက် ဖန်တီးယူရသော တွေ့ဆုံမှုသာ ဖြစ်ပါလိမ့်မည်။ သေချာသည်မှာ ထိုဖန်တီးမှုကို သူ့ဘက်ကသာ ကြိုးစားရမည် ဖြစ်သည်။မခင်မိုးမြင့်ကတော့ ဘယ်တော့မှ ဖန်တီးကြိုးစားလိမ့်မည် မဟုတ်။

သူမ၏မျက်လုံးများတွင် ရင်းနှီးခင်မင်မှုကို မတွေ့ရ။ စိမ်းကားမှုကိုသာ တွေ့ရသည်။ ရှက်ရွံ့ ကျေနပ်မှုလည်း မတွေ့ရ။ အေးစက်မှုကိုသာတွေ့ရသည်။ သွေးအေးသော အမျိုးသမီး တစ်ယောက်ယောက်ကို သူ တစ်ခါမျှ စိတ်မဝင်စားခဲ့ဘူးပါ။ အကယ်၍သာ သူ၏ချစ်သူကို သူ ရွေးချယ်ခွင့်ရခဲ့မည် ဆိုလျှင် သွေးအေးသော မိန်းမမျိုးကို သူ ဘယ်တော့မျှ ရွေးချယ်လိမ့်မည် မဟုတ်ပါ။

သို့သော် လောလောဆယ် အခြေအနေမှာတော့ သူ့ဘက်



www.burmeseclassic.com

www.burmeseclassic.com



မထားမိခင်မှာကို သူမကို သူ မြတ်နိုးနေမိပြီ။ သူမကို လက်လွှတ်ဆုံးရှုံးလိုက်ရဖို့ စိတ်ထဲက တွေးမိရုံဖြင့် နင့်ခနဲ ကြေကွဲသွားမိနေပြီ။ သူမတွင် အိမ်ထောင်ပြုဖို့ စီစဉ်ပြီးသား ရှိနေလေသလား ဟု တွေးလိုက်မိရုံဖြင့်ပင် သူ ဝမ်းနည်း အားငယ်သွားမိပြီ။ သူမနှင့် နီးစပ်ပတ်သက်ဖို့၊ ရင်းနှီး ကျွမ်းဝင်ဖို့ သူ နည်းအမျိုးမျိုးဖြင့် ကြိုးစားရန် ဆုံးဖြတ်မိတော့သည်။ သည်မိန်းမကို သူ မရ ရအောင်ယူမည်။

ရှပ်အင်္ကျီအဖြူ လက်ရှည်ကို ဝတ်ဆင်ရန် ဗီရိုထဲမှ ထုတ်မိသော အချိန်တိုင်း သူမ၏ မျက်နှာကလေးကို ဖျတ်ခနဲ မြင်ယောင်လွမ်းဆွတ်သွားတတ်၏။ အဖြူရောင် ရှပ်လက်ရှည်ဖြင့် ရဲရင့်တောက်ပပြီး သပ်ရပ်သော မျက်နှာကလေးမှာ တည်ကြည် ငြိမ်သက်နေလေ့ရှိသည်။ သူမကို သတိရတိုင်း အဖြူရောင် ရှပ်အင်္ကျီကို လက်ကြယ်သီး လည်ပင်းကြယ်သီး အပြည့်တပ်၍ ဝတ်မိလေသည်။ ပရုတ်လုံးနံ့နှင့် ရေမွှေးနံ့ ရောနှောနေသလို အနံ့ယဉ်ယဉ်ကလေးကို ပြန်လည် သတိရတိုင်း ခေါင်းတစ်ချက် ခါယမ်းကာ အတွေးထဲမှ ဖယ်ထုတ်ပစ်ဖို့ ကြိုးစားရ၏။ သို့သော် ကော့ပျံ့ မည်းနက်သော မျက်တောင်များအောက်မှ စူးရှ ရွှန်းလက်သော မျက်ဝန်းများကို သူ ရင်ခုန်လှုပ်ရှားစွာ မြင်ယောင်နေဆဲဖြစ်သည်။ ပါးလှစ်သော နှုတ်ခမ်းများဖြင့် ဖျတ်ခနဲ ပြုံးရယ်လိုက်သော တောက်ပသည့် မျက်နှာကလေးကို သတိရစဉ်မှာ တော့ " မိုး..." ဟု လွှတ်ခနဲ ရေရွတ်မိတော့သည်။

မိုးရဲ့ဘဝမှာ အချစ်ဆုံးယောကျ်ားဟာ ဘယ်သူလဲ ဟင်...

ထိုမေးခွန်းကို စိတ်ထဲမှာ အကြိမ်ကြိမ် မေးကြည့်မိပြီး မေးမိတိုင်းလည်း ကိုယ့်ကိုကိုယ် သိမ်ငယ်စိတ်ဖြင့် ကြေကွဲမိလေသည်။

သူ နောက်ကျနေပြီလား။





ဤ အတွေးကြောင့် ရင်ထဲမှာ ပူလောင်၍ မောသွားသည်။ ကျွန်တော် မိုးကို ရမှ ဖြစ်မယ်။

နောက်ဆုံးတော့ သူမထံ သူ စာရေးဖို့သည်သာ လောလောဆယ် အကောင်းဆုံးနီးစပ်မှုဖြစ်ကြောင်း လက်ခံလိုက်ရတော့သည်။

မိုး...

ကျွန်တော် မိုးကို အမြဲလိုလို သတိရနေတော့ တာပဲ။

ဟာ... မဟုတ်သေးပါဘူး။ ဒီ အတိုင်းဆိုရင် ငါ့စာက ကလက်တက်တက် အကြောင်ကြောင်ကြီး ဖြစ်နေတော့မှာပေါ့။ သူ ရေးပြီးသား စာရေးစက္ကူကို ဆွဲဖြတ်လုံးခြေပစ်လိုက်၏။ ဒီစာမျိုးဖတ်မိလို့ကတော့ သူ့ဘေးနားက မိန်းမတွေကိုပါပြပြီး လှောင်ရယ် ရယ်တော့မှာပဲနဲ့ တူပါရဲ့။ သို့သော် တစ်စုံတစ်ယောက်ကို ဟားတိုက်လှောင်ပြောင်ပြီး စိတ်ချမ်းသာမှု ရှာတတ်သူမျိုး မဟုတ်နိုင် ပါဘူးဟု ဖြေ၍တွေးလိုက်မိပြန်သည်။ ဘာပဲဖြစ်ဖြစ် I. F. E ကုမ္ပဏီမှ ရုံးမန်နေဂျာတစ်ယောက်ရေးသည့်စာက ကလေးမဆန်သင့်ဘူးပေါ့။

နောက်တစ်ကြိမ် သူ ကြိုးစားပမ်းစား ရေးချလိုက်သည်။

မခင်မိုးမြင့် ခင်ဗျား ...

သတိရခြင်းများစွာနဲ့ ကျွန်တော် စာရေးလိုက်ပါတယ်။

အင်း... ဒီလောက်ဆိုရင် မဆိုးလှပါဘူး။ သူ အနည်းငယ် အားတက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရန်ကုန်ပြန်ရောက်ကတည်းက မခင်မိုးမြင့် တို့တွင်းတောင်ကို နောက်တစ်ကြိမ် ဘယ်လို လာလည်ရပ့ါမလဲလို့ စဉ်းစားနေခဲ့တာပါ။အပူပိုင်းဒေသဖြစ်ပေမယ့် တွင်းရွာက တော်တော် အေးချမ်းသားပဲနော်။ လူဦးရေ ထူထပ်ရှုပ်ထွေးတဲ့ မြို့ကနေ အေးချမ်း ဆိတ်ငြိမ်တဲ့နေရာကို ရောက်လိုက်ရတော့ ပတ်ဝန်းကျင်ဟာ ကျွန်တော့်ကို သိပ် ဆွဲဆောင်သွားတော့တာပဲ။

ရေးလက်စ စာကို ပြန်ဖတ်ရင်း သူ ရယ်ချင်သွားသည်။

မလိမ်နဲ့။ မင်းကို ဆွဲဆောင်တာ စားသောက်ဆိုင်တောင်မရှိတဲ့ တောရွာပတ်ဝန်းကျင်ကလား၊ မခင်မိုးမြင့်ကလား၊ မင်း အမှန်ကို ဝန်မခံရဲဘူးလား။

အမှန်ကို ဝန်ခံဖို့ နည်းနည်း စောသေးသည်ဟု သူ ဆင်ခြင်လိုက်၏။

နှစ်လအတွင်း သူ စာနှစ်စောင် ထည့်ပြီးသော်လည်း မိုးထံမှ စာ လုံးဝ မပြန်လာပါ။

တစ်ခါမျှ မကြုံဘူးသော ရှုံးနိမ့်စိတ်ဖြင့် သူ နေမထိ ထိုင်မသာ ဖြစ်နေတော့သည်။ နည်းနည်းမှ ညှာတာစိတ် မရှိဘူးလား မိုးရာ။

နံနက် ရုံးသွားချိန်တွင် ကိုယ့်ကိုယ်ကို မှန်ထဲ တစ်ချက်ကြည့်တိုင်း ကိုယ့်ဘဝကို မကျေနပ်သော ဆုံးရှုံးသူ တစ်ဦး၏ မျက်နှာကို ပြန်ပြန် မြင်နေရသည်။ စိတ်ဓာတ်ကျနေသော လူတစ်ယောက်၏ မျက်နှာမှာ သူ မရင်းနှီးခဲ့ဘူးသော ဟန်ပန်မူရာ ဖြစ်နေ၏။ အလုပ်ထဲ





ကို စိတ်ပါဝင်စားအောင် မရမက သွင်းယူလျက် ရုံးသို့ ထွက်ခွာလာနိုင်ခဲ့သော်လည်း စာဝေချိန်ဖြစ်သည့် နေ့ခင်း (၁၂) နာရီ နှင့် တစ်နာရီကြားအချိန်သည်သူ့အတွက် ရင်ခုန်မောပန်းလှသော ကာလများဖြစ်နေ၏။ သူ၏ စိတ်ပူပန်မှုများ၊ ဆန္ဒများကို ဘယ်သူမှ သိအောင် တော်တော် ထိန်းချုပ်ခဲ့ရသောအခါ နှစ်လ ဟူသော အချိန်ကာလသည် တစ်ဘဝစာလောက် ကြာမြင့်သွား၏။

နောက်ဆုံးတော့ သူ သူမ ရှိရာ တွင်းတောင်သို့ ဒုတိယ အကြိမ် သွားရောက်ရန် ဆုံးဖြတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ဒုတိယအကြိမ် ချစ်သူထံသွားသော ခရီးဟူသော အသိဖြင့် သူ့ကိုယ်သူ အနည်းငယ် ရှက်ရွံ့ နေခဲ့သည်မှတစ်ပါး မန္တလေးခရီးသည် အစစအရာရာ အဆင်ပြေခဲ့ပါသည်။

ရထားလက်မှတ် ကြိုတင်ဝယ်ယူ ရရှိပြီးသည့်နောက်မှ သူ ခရီးထွက်မည်ဖြစ်ကြောင်း မိဘများကို အသိပေးမိ၏။ နို့ဝင်ဘာလ၏ နှင်းမြူပါးပါးဖြင့် အနည်းငယ် အေးစိမ့်သော ပတ်ဝန်းကျင်သည် သူ့ကို ရဲရင့်တက်ကြွအောင် တွန်းအားပေးနေသယောင် ခံစားရသည်။

"ကျွန်တော် မနက်ဖြန်ညနေ မန္တလေးကို သွားမလို့ ဖေဖေ"

နံနက်စာ စားပွဲဝိုင်းတွင် သားအမိ သားအဖ သုံးယောက်သာရှိနေသည့်အထဲ သူ့စကားကြောင့် ပိုမိုတိတ်ဆိတ်သွား၏။ မေမေကတော့ နဂိုတည်းက စကားနည်း အေးဆေးသူမို့ မင်းထင်ကို "ဟုတ်လား"ဟူသော အကြည့်မျိုးဖြင့် ကြည့်ရုံသာဖြစ်သည်။ ဖေဖေကတော့ အတွေးတစ်ခုခုဖြင့် ငြိမ်သက်သွားမှန်း မင်းထင် သိသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေက ဖေဖေ့ရှေ့ရောက်နေသော ပေါင်မုန့်ထောပတ်သုတ် ပန်းကန်ကို မင်းထင်ရှေ့ ရွှေ့ပေးပြီး ပြုံးနေသည်။ ဖေဖေ၏ ငြိမ်သက်မှုကြောင့် မင်းထင် နည်းနည်းကလေး မနေတတ် မထိုင်တတ် ဖြစ်သွား၏။

အင်း... မန္တလေးကို သွားချင်တယ် ဖေဖေလို့ ပြောလိုက်မိရင် အကောင်းသား။ အခုတော့ သွားမလို့ လို့ ပြောတော့ တိုင်ပင်တာခွင့်တောင်းတာမှ မဟုတ်ဘဲ၊ အသိပေးတာပဲ။ သို့သော် သူကလေး မဟုတ်တော့ပါ။ ဖေဖေနှင့်မေမေသည် သူ့ကို ဘယ်တုန်းကမှ မချုပ်ချယ်ခဲ့ဘူးပါ။ အခုမှ ဘာအထူးအဆန်းလုပ် တွေးနေတာလဲ။

ခဏကြာမှ တိတ်ဆိတ်နေပြီးမှ ဖေဖေ့စကားသံ ထွက်လာ၏။

"မန္တလေးတင်ပဲလား"

သူ မျက်နှာ နွေးခနဲ ပူသွား၏။ အမှန်အတိုင်း ပြောရမလား ဒါမှမဟုတ် ညာရမလား။ ဖေဖေ့ မျက်နှာကို အကဲခတ်ရသမျှ တော့ ခပ်တည်တည် ပုံစံပါပဲ။ ဒါပေမယ့်...။ အဖေတွေဟာ သားတွေရဲ့ အရိပ်အကဲကို အမြဲ သိနေတော့တာပါပဲလား။ မညာနဲ့တော့။ မင်းနောက်ကျသွားပြီ။

"တွင်းတောင် အထိပါ"

ခဏ ငြိမ်သက်သွားပြန်သည်။ သူ ပေါင်မုန့် ပန်းကန်ကို လက်ဖြင့် ထိတို့ကာ မမြင်ဘူးသလို စိုက်ကြည့်နေလိုက်၏။ အရင်တစ်ခေါက် သွားခါနီးတုန်းက ပုံစံမျိုး ဘာဖြစ်လို့ မရဲဝံ့တော့တာလဲ။ ဒါ လိပ်ပြာမသန့်ဘူး ဆိုတဲ့ အဓိပ္ပာယ်လား။

"ဒါဖြင့် ရုံးကို သောကြာနေ့ ပျက်မယ်ပေါ့"

"ဟုတ်ကဲ့"





မျက်နှာထား ခပ်တည်တည် ထားစမ်း မင်းထင်။ ဒါဟာ အလုပ်ကိစ္စ တစ်ခုပဲလို့ ဘာလို့ သဘော မထားနိုင်ရတာလဲ။ လူတစ်ယောက်မှာ သူချစ်မြတ်နိုးတဲ့မိန်းမဆီ အချိန်မရွေး သွားလည်ခွင့်ရှိတယ်။ လူတစ်ယောက်ဟာ သူ့ဘဝမှာ သောကြာနေ့ တစ်နေ့လောက်တော့ ရုံးပျက်ခွင့်ရှိတယ်။ အထူးသဖြင့် အစိုးရ အလုပ်လည်း မဟုတ်ဘဲ ကိုယ့်အဖေရဲ့ ကုမ္ပဏီ အလုပ်ဖြစ်ရင် အဲဒီ အခွင့်အရေး ပိုပြီးရှိတယ်။ သူ့ကိုယ်သူ အားတင်းလိုက်သည်။

"အဲဒါ ကျွန်တော် တစ်ရက် ပျက်ကွက်ဖို့အတွက် ခွင့်တင်ခဲ့ရမလား ဖေဖေ"

"တစ်ရက်တလေကတော့ မလိုပါဘူး"

တော်ပါသေးရဲ့။ ဘာကိစ္စလဲဟု ရှေ့ဆက် မမေးသည့်အတွက် ဖေဖေ့ကို ကျေးဇူးတင်ရပါသည်။

သောကြာနေ့ နံနက် (၇) နာရီခွဲတွင် မန္တလေးဘူတာသို့ ရထားဆိုက်သည်။ မန္တလေးသည် နိုဝင်ဘာလကုန်ရက် နံနက်ခင်းတွင် အေးမြမြကလေးဖြစ်၏။ သူ တနင်္ဂနွေနေ့ အပြန်ရထားလက်မှတ် ကို တစ်ခါတည်း စီစဉ်ပြီးမှ မုံရွာကားဂိတ်ရှိရာသို့ ဆိုက်ကားဖြင့် သွားသည်။ အလျင်တစ်ခေါက် သွားတုန်းက ဒေါက်တာ ဦးမင်းသိန်း က စီစဉ်ပေးခဲ့သော ကံရာဇာ ဟီးနိုးကားကြီးမှာ ယနေ့အတွက် လက်မှတ် မရှိတော့ပါ။ သူ အနည်းငယ် ထိတ်လန့်သွားသည်။ မန္တလေးမှာ တစ်ရက် အချိန်ဖြုန်းဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါ။

ကံအားလျော်စွာ ဆိုက်ကားဆရာက ကူညီ ဖြေရှင်းပေး၏။



www.burmeseclassic.com

www.burmeseclassic.com



"မုံရွာ ကားတွေက ပေါ်သလား မမေးနဲ့၊ ဆရာ အခုချက်ချင်း သွားလို့ရတယ်။ ကားလေးတွေ အများကြီး"

ကျေးဇူး ကြီးမားလှပါသည်။

ဆိုက်ကားဆရာ ပြောသလိုပင် မန္တလေးမှ မုံရွာသို့ ပြေးဆွဲသော ဟိုင်းလပ်(က်)(စ်)ကားကလေးများ များပြားလှပါသည်။ နံနက်စာကို ကားဂိတ်နားက လက်ဖက်ရည်ဆိုင်မှာ စားလိုက်ရသည်၊ တစ်ကိုယ်လုံး နွမ်းနယ်လျက် ငြီးငေါ် နံနေသလို ခံစားရပြီး ချက်ချင်း ရေချိုးပစ်ချင်စိတ် ပေါက်လာ၏။ သူ့ ဘဝမှာ တစ်ခါမျှ ဤမျှလောက် ခရီးဆက်တိုက် (မနားဘဲ) မသွားဘူးပါ။ သို့သော် မိုးနှင့်တွေ့ရမည့် အချိန်တို့ကို တတ်နိုင်သမျှ ထိန်းသိမ်းချင်စိတ်ဖြင့် အားတင်းထားရသည်။

မုံရွာသို့ နေ့လယ် ၁နာရီကျော်ကျော်တွင် ရောက်၏။ သူ့ခရီး မဆုံးသေးပါ။ နောက်ထပ်နှစ်ဆင့် သွားဖို့ ကျန်သေးသည်။ ပို၍ဆိုးသည်မှာ ဘုတလင်ကားဂိတ် ဘယ်မှာရှိမှန်း မသိ။ ပထမဦးဆုံး သူ ဆာလောင်နေသော ပြဿနာကို အလျင် ရှင်းရ၏။ ထမင်းနှင့်ဟင်းကို ဘယ်လိုအရသာမျိုးမှန်း မသိလိုက်ဘဲ ဗိုက်ပြည့်သွားသည်။ ရေချိုးချင်စိတ်၊ အနားယူချင်စိတ်မှာ ပိုမိုပြင်းထန်လာ၏။ သူ့အာရုံထဲ တွင် အေးမြစိမ်းလဲ့နေသော ရေကူးကန်ကြီး တစ်ခုကို မြင်ယောင်လာ သည်။

မဖြစ်ဘူး။ တွင်းတောင်ကို ဒီကနေ့ညနေ ရောက်ကိုရောက်မှဖြစ်မယ်။

ယနေ့အဖို့ ဒုတိယအကြိမ် ဆိုက်ကား စီးရပြန်၏။ ဘုတလင်ကားဂိတ်နှင့် မန္တလေးကားဂိတ်မှာ သိပ်မဝေးလှပါ။ မုံရွာနှင့် ဘုတလင်ခရီးမှာ ယခင်အခေါက်ထက်ပို၍ ကြာရှည်နေသလို ခံစား





ရသည်။ တစ်ယောက်နှင့်တစ်ယောက် ထပ်လုနီးပါး ကျပ်သိပ်သော လူဦးရေဖြင့် ၂၈ မိုင်ခရီးကို တစ်နာရီမျှ သွားရသောအခါ ကားစီးရသော ဒုက္ခသည် အလွန်စိတ်ညစ်ညူးဖွယ်ရာဖြစ်သည်။ ယခင်ကတော့ ဌာနက ကားဖြစ်၍ လမ်းကြမ်းသည့်ဒုက္ခကိုသာ သိခဲ့ရ၏။ ပြည့်ကျပ်သော လူဦးရေ ဒုက္ခကို မခံစားခဲ့ရပေ။

ဘာပဲဖြစ်ဖြစ် ဤခရီးသွား ဒုက္ခသည် မိုး၏ တည်ရှိရာနေရာသို့ ဦးတည်နေကြောင်း စဉ်းစားမိသည်နှင့် တစ်ပြိုင်တည်း ညည်းညူချင်စိတ်များ ပျောက်ကွယ်သွားလေသည်။

သို့သော် တင်းဆယ်ထားရသော ခွန်အားများသည် ဘုတလင်မြို့သို့ ရောက်သည့်အခါ ယုတ်လျော့ ကျဆင်းသွားတော့သည်။

ဘုတလင်မှ တွင်းတောင်သို့ ခရီးဆက်ရန် ကား မရှိပါ။

သူ ဆရာ ဦးမင်းသိန်းတို့နှင့် ထိုင်ခဲ့ဖူးသော လက်ဖက်ရည်ဆိုင်ကလေးတွင် ခပ်ကြောင်ကြောင် ထိုင်နေလိုက်ရသည်။

"တွင်းကားက ပြန်သွားပြီဗျ။ တခြား ကားကြုံလဲ မရှိဘူး" ဟူသော စကားဖြင့် သူ ပုံလဲကျမတတ်ဖြစ်ရ၏။ ဘာဆက်လုပ်ရမှန်း မသိပါ။ ညနေ ပြန်မည့် နွားလှည်း ကြုံတော့ရှိသည်တဲ့။ ဘုရား... ဘုရား၊ သူ့ တစ်သက်တွင် နွားလှည်း တစ်ခါမျှ မစီးဘူးပါ။ နွားလှည်းဖြင့် သွားလျှင် တွင်းတောင်သို့ ဘယ်အချိန်ကျမှ ရောက်မှာပါလိမ့်။ ဆိုင်ဆောင် အိတ်ကလေး ဘေးချကာ စိတ်ပျက်လက်ပျက် ထိုင်နေသော မင်းထင် အနီးသို့ လူတစ်ယောက် ရောက်လာပြီး အကြံဉာဏ် တစ်ခုပေး၏။

ဘုတလင်မှ တွင်းတောင်သို့ စက်ဘီးဖြင့် သွားနိုင်သည်တဲ့၊ စက်ဘီးငှားသော ဆိုင်ရှိသည်တဲ့။ ထို အကြံပြုချက်သည် စက်ဘီးစီး



www.burmeseclassic.com

www.burmeseclassic.com



မကျွမ်းကျင်သော သူ့အတွက် အပိုသက်သက်ဖြစ်သွား၏။ ဘုတလင်နှင့်တွင်းထောင် အကြား ရွှံ့စေးထူထပ်ပြီး ချိုင့်ခွက်များ ကျောက်တုံးများဖြင့် ကြမ်းတမ်း ဆိုးဝါးလှသော ကားလမ်းကို သူ ဘယ်လို သတ္တိမျိုးဖြင့် စက်ဘီးနင်းရမည်နည်း။ တွင်းတောင် မရောက်မီ စက်ဘီး တစ်စုံတစ်ခု ပျက်သွားလျှင် ပြဿနာ။

သူ ညနေ ၄နာရီခွဲသည့် အချိန်အထိ ကားကြုံ ရှိလေနိုးဖြင့် ထိုင်စောင့်ပြီး တဖြည်းဖြည်း နေရောင် ကျကျလာသောအခါ ဖြန်းခနဲ မတ်တတ်ရပ်လိုက်မိသည်။ ၇မိုင် ခရီးကို လမ်းလျှောက်ဖို့တော့ သူမှာ ခွန်အားတွေ ကျန်ပါသေးသည်။ တွင်းတောင်လမ်းခွဲဟူသော ဆိုင်းဘုတ်နှင့် တည့်တည့်လျှောက်သွားလျှင် ည၇နာရီ မထိုးမီ တွင်းစခန်းသို့ ရောက်နိုင်တာပဲ မဟုတ်လား။

"ဟာ... ဆရာလေး ဘာနဲ့ သွားမှာလဲဗျ"

သူ မချိပြုံး ပြုံးလျက် "ခြေလျင်ပေါ့" ဟု ဖြေလိုက်သည်။

"ဟာ... ခဏနေရင် လှည်းလာတော့မှာ၊ ခဏကလေး စောင့်လိုက်ဗျ။ ဒီလောက်အဝေးကြီးကို"

သဘောမနော ကောင်းပုံ ရသော ထိုလူ ခပ်ရွယ်ရွယ်ကို သူငေးမော ကြည့်လိုက်မိလေသည်။

"နွားလှည်းနဲ့ လူခြေလှမ်းနဲ့ ဘယ်ဟာက မြန်လဲဗျ ဟင်"

"လှည်းက မြန်တာပေါ့၊ နောက်ပြီး လူ မပင်ပန်းဘူးပေါ့ဗျာ"

နာရီဝက်အကြာတွင် နွားလှည်းကို သူ ပထမဦးဆုံးအကြိမ် စီးဖူးသွားတော့သည်။

လှည်းက မြန်တာပေါ့ ဟူသောစကား မှားယွင်းကြောင်း နောက် ၁၀မိနစ်လောက် အကြာတွင်ပင် သူသိသွား၏။





နွားနှစ်ကောင်သည် ပျင်းရိ ငြီးငွေ့စွာ တစ်လှမ်းချင်း သွားနေသည်။ လှည်းဘီးသည် တစ်လိမ့်ချင်း လိမ့်လျက် ရှိ၏။ ဆီမထည့်လို့လား၊ တစ်ခုခု ချွတ်ယွင်းလို့လား မသိ။ ဝင်ရိုးကလည်း တအီအီ ဘဂျီဂျီ မြည်နေသည်။ ဘေးပတ်ဝန်းကျင်ကလည်း ရှုခင်း လှလှပပ မရှိ။ သွေ့ခြောက်ခြောက် ယာခင်းပြင်များ၊ ကျိုးတိုးကျဲတဲ လမ်းဘေး သစ်ပင်များသာရှိသည်။ သူမ၏တည်ငြိမ်လှပသော မျက်နှာကလေးသာ မျှော်လင့်ချက် မရှိဘူးဆိုလျှင် ဤခရီးကို သူ လုံးဝ စိတ်ကူးမိမည် မဟုတ်ပါ။

လူ မပင်ပန်းဘူးပေါ့ ဟူသောစကားလည်း မှားယွင်းကြောင်း ခရီးတစ်ဝက်တွင် သူသိသွား၏။ ကျောက်တုံးများဖြင့် ဖို့ထားသော ချိုင့်ခွက်များ၊ ရွှံ့စေးဖြင့် ခြောက်ကပ် မို့မောက်နေသော မြေမာ လှည်းလမ်းများသည် နွားလှည်းနောက်မြီးကို မညှာမတာပင် ဆောင့်ချနေသကဲ့သို့ ရှိသည်။ တစ်ချက် ဆောင့်လိုက်တိုင်း သူမျက်နှာတစ်ချက် ရှုံ့မဲ့သွားရလျက် လှည်းနံရံကို မြဲမြဲစွာ ကိုင်ထားရလေသည်။ကျောက်ခဲကြီးကြီးပေါ်မှ နင်းဖြတ်ပြီး တစ်ချက် ချော်ကျ သွားတိုင်း သူက မြောက်ခနဲကြွကာ (လှည်းကြမ်းပြင်နှင့်) ဒုန်းခနဲ ဆောင့်မိတော့သည်။ ဖေဖေ့ကို သူ သတိရသွား၏။ ဖေဖေသာ သူ့အဖြစ်ကို မြင်ရလျှင် ကောင်းကောင်း သရော်တော့မှာပဲ၊ ဖေဖေဟာ မေမေ့ကို ပိုးပန်းခဲ့တုန်းက သူ့လို နွားလှည်း စီးခဲ့ရလေသလားဟု သူရယ်ချင်စွာ တွေးကြည့်လိုက်မိလေသည်။

တွင်းစခန်းသို့ ညနေ၆နာရီခွဲတွင် ရောက်သွား၏။ တွင်းတောင်ခြေသည် အလင်းရောင် လုံးဝမရှိတော့ဘဲ မှောင်ပိန်းနေပြီ။ ခရီးဆောင် သားရေအိတ်ကလေးလွယ်လျက် ဘောလုံးကွင်းကို ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာခိုက် သူ့မျက်နှာ ပူနွေးကာ ရင်တဒိတ်ဒိတ် ခုန်လျက် ရှိသည်။

စခန်း အဆောက်အအုံကလေးများမှာ မီးများ ထွန်းလင်းလျက် အေးချမ်း တိတ်ဆိတ်နေ၏။ သူ့ခြေလှမ်း တစ်လှမ်းချင်း သွက်လက်စွာ လျှောက်လာခိုက် မိုးမှ ရှိနေပါ့မလား ဟူသောအတွေးဖြင့် ရင်မှာ ပူလောင် နွမ်းနယ်နေတော့သည်။

မြေလှေကားထစ် နှစ်ယစ်မျှ တက်လိုက်စဉ်တွင် အပေါ်ဘက်အဆောင်များဆီမှ လူတစ်စု လျှောက်လာသည်နှင့် မျက်နှာချင်းဆိုင်မိသည်။ တမာပင်ရိပ် ပတ်လည်က သစ်သားခုံ အဝိုင်းပေါ်မှာလည်း လူနှစ်ယောက်ထိုင်နေ၏။ ဘာစကား စ,ပြောရပါ့မလဲ။ ဘယ်သူ နဲ့တွေ့ချင်ပါတယ်လို့ ပြောရမလဲ။ အမှန်အတိုင်းပြောရင် မိုးကို မညှာတာရာ ကျလေမလား စဉ်းစားရင်း နီးကပ်လာသော လူစုထဲမှ တစ်ယောက်ကို သူ အူကြောင်ကြောင် ပြုံးပြလိုက်မိလေသည်။

''ဟာ... ဦးမင်းထင်''

လေးလံနေသော ခေါင်းက ပေါ့လျော့သွား၏။ စခန်းတာဝန်ခံ ကိုတိုးအောင်၏ လိုက်လှဲစွာ ကြိုဆို နှုတ်ဆက်ဟန်ကြောင့် သူ စိတ်သက်သာရာ ရသွားပါသည်။

''ဘယ်လိုဖြစ်တာလဲ၊ ဒီအချိန်ကြီးကျမှ။ လာ လာ''

သူဖြစ်ကြောင်းကုန်စင် ပြောပြဖို့ ခွန်အားများပင် မကျန်တော့ပါ။ ပြုံး၍သာ နေလိုက်ရ၏။ အရေးကြီးဆုံး မေးခွန်းကို မေးလိုက်သည်။

''မခင်မိုးမြင့်တို့ ရှိရဲ့လားဗျ''

''ရှိပါတယ် ရှိပါတယ်''





ရှက်ရွံ့နေသည့်ကြားမှ ယနေ့အဖို့ ပထမဦးဆုံးအကြိမ် သူ ...ာ်ရွှင်သွားလေသည်။

ည ရနာရီတွင် မခင်မိုးမြင့်ကို အမျိုးသမီးဆောင်ရှေ့ ...မြိမ်းပြင်ပေါ်၌ သူ တွေ့ခွင့်ရသွားသည်။

အဖြူခံပေါ်တွင် အပြာနုစင်းကလေးများဖြင့် ရုပ်အကျီခပ် ...ကို ဝတ်ဆင်ထားသော မိုးသည် ရှိနေကျ မာန်များ ပြေလျော့ကာ ...တိုင်းထက် ပိုမိုနုနယ်နေ၏။ ရှက်ရွံ့မှုကို ဖွတ်ဖျောက်ကာ ရေ မ ...ခြောက်တခြောက် ဆံပင်ဖျားအစကို လက်ဖြင့် ပွတ်သပ်ဖွကာ အား ...င်း၍ သူ လျှောက်လာနေသည်ကို စူးစူးစိုက်စိုက် ကြည့်နေသော ...မ၏ဟန်က တည်ငြိမ်နေသည်။ မိုး၏ တောက်ပသောမျက်လုံး ...းသည် ဖန်ချောင်းမီးရောင်ကြောင့် သူ တွေ့ဖူးသမျှတွင် အလှပဆုံး ...က်ဝန်းများ ဖြစ်သွားသည်။

''ဘာကိစ္စရှိလို့လဲ ဦးမင်းထင်''

ဤကဲ့သို့သော စိမ်းကားမှုမျိုးကို သူ ကြိုတင် မျှော်လင့် ...ားပါလျက် တကယ်တမ်း ရင်ဆိုင်ရသောအခါ ဆွံ့အသွားသည်။ ... အားယူကာ ပြုံးပြလိုက်၏။

''ကျွန်တော် ထိုင်ပါရစေနော်''

''ဟုတ်ကဲ့ ထိုင်ပါ''

မပြုံးမရယ် မျက်နှာထားကလေးမှာ စိတ်ညစ်ညူးဟန်တော့ ...မတွေ့ရပါ။ သို့သော် စိတ်လှုပ်ရှားဟန်၊ အံ့ဩဟန်လည်း မရှိ။ ...းသာ ကျေနပ်ဖို့တော့ ဝေးပါသေးသည်။

ဖိနပ်ချွတ်ဟု ခေါ်လျှင်ရမည့် ပျဉ်ခင်း ကြမ်းပြင် ကျဉ်း ...ဉ်းကလေး၏ သပ်ရပ်သောသင်ဖြူးဖျာပေါ်တွင် သူ ဝင်ထိုင်လိုက် ...သည်။ ထမင်းစားပွဲခုံ အဝိုင်းကလေး ချထားပြီး သင်ဖြူးဖျာ အစွပ်



www.burmeseclassic.com

www.burmeseclassic.com



ထပ် ခင်းထားပုံက ရှိရိုးရှိစဉ် အနေအထားနှင့် တူ၏။ အိမ် အဝင် နံရံနှင့် ကပ်လျက် ထောင့်တွင် ကြောင်အိမ်ဗီရို တစ်ခုရှိသည်။ ဤနေရာသည် အမျိုးသမီးများ ထမင်းစားရာ နေရာ ဖြစ်ဟန်တူ သည်။

"အမှန်အတိုင်း ပြောရရင်တော့ ဘာကိစ္စမှ မရှိပါဘူး"

သူ မျက်နှာပူပူဖြင့် ပြောချလိုက်သည်။ တစေ့တစောင်း အကဲခတ်ကြည့်တော့ သူမ အံ့ဩသွားဟန်မတူပါ။

"ကိုယ်ရေးကိုယ်တာ ကိစ္စနဲ့ အလည်လာတယ်ဆိုရင် အံ့ဩမလား ဟင်"

စိတ်ထင်လို့လား မသိ၊ မိုး နှုတ်ခမ်း နည်းနည်း မဲ့ပြုံးပြုံးလိုက်သလိုပဲ။

"မအံ့ဩပါဘူး၊ လောကမှာ ဘာမဆို ဖြစ်နိုင်တာပဲလေ"

"ကျွန်တော် ဒီကို ရောက်အောင် ဘာနဲ့ လာခဲ့ရတယ် ဆိုတာရော စိတ်ဝင်စားရဲ့လား"

"ဟင့်အင်း"

သူ သက်ပြင်း မသိမသာ ချလိုက်သည်။ သူမ နောက်ပြောင်နေခြင်း မဟုတ်ပါ။ ဒူးနှစ်ဖက်ကို လက်ဖြင့်ပိုက်လျက် သက်သက်သာသာ ထိုင်နေသော သူမသည် လောကဝတ် တရားများကို ဘာမျှ မသိသလိုပင်ဖြစ်၏။ အိမ်ထဲက အခန်းတွေမှာ အမျိုးသမီးသံသဲ့သဲ့များ ကြားနေရသည်။ မမေယုခိုင် ရောက်လာလျှင် နေရထိုင်ရတာ နည်းနည်းပေါ့ပါးသွားမှာပဲဟု သူ မျှော်လင့်သည်။ မျှော်လင့်ထားသည်ထက် ပို၍တိတ်ဆိတ်နေသော မိုးကို သူ အံ့ဩရပါသည်။

မိုး၏ ခြေဖမိုးဆီတွင် ဝဲနေသော ခြင်တစ်ကောင်ကို သူ မချင့်မရဲ ကြည့်မိသည်။ သူ ခြင်ကို လက်ဖြင့် ခြိမ်းခြောက်ပေးဖို့ပင်





မလှုပ်ရှားရဲပါ။ တိတ်ဆိတ်စွာ ထိုင်နေသော မိုး၏ဘေးတွင် သူ ဘဖြည်းဖြည်း ဝမ်းနည်းလာသည်။

မိုးရယ်...။ ကျွန်တော် မိုးကို တွေ့ချင်လွန်းလို့ မိုင်ပေါင်းများစွာဝေးတဲ့ခရီးကို ရောက်လာခဲ့ရတာပါ။ မိုးရဲ့ အပြုံးကလေး တစ်ခုကို ရဖို့ ကျွန်တော် ဘာကိုမဆို ရင်ဆိုင်ရဲပါတယ်။

မိုးကို တစ်ခုခုတော့ ပြောမှ ဖြစ်မည်။

"မခင်မိုးမြင့် ထမင်းစားပြီးပြီလား ဟင်"

သူမ သူ့ကို မော့ကြည့်၏။ ပကတိ ရှင်းလင်းသော မျက်နှာထားကလေးဖြင့် ခေါင်းညိတ်ပြ၏။သူ နောက်ထပ် သက်ပြင်းတစ်ချက် ချလိုက်ပြန်သည်။

"ကျွန်တော် ဘာမှ မစားရသေးဘူး"

"အို... ဟုတ်လား"

သူမ နည်းနည်း လှုပ်ရှားသွား၏။ နည်းနည်းလည်း စိတ်ရှုပ်သွားပုံရသည်။ ဆံပင်ကို လက်ဖြင့် ထိုးဖွကာ ပြန်သပ်လိုက်လေသည်။ မည်းနက်သော ဆံပင်တို့များသည် နောက်စေ့ဘက်တွင် အုပ်အုပ်ကလေးဖြစ်ပြီးမှ လည်ကုပ်အထက်နားတွင် ပြန်၍ ပါးသွားသည်။

"ကျွန်တော် ဆာပြီ"

"အို ..." သူမ လှစ်ခနဲ ပြုံး၏။ မိုး၏ အပြုံးသည် ပကတိ ရိုးသားသန့်စင်သော အပြုံးကလေးဖြစ်သည်။ ထိုအပြုံးကလေးကြောင့်ပင် ဧည့်ဝတ် မကျေပွန်လှသော မိုးကို သူ ခွင့်လွှတ်စိတ်ဖြင့် မေ့မောမိသွားပါသည်။

"ဟုတ်ပါရဲ့နော်၊ ကျွန်မ တစ်ခုခု စီစဉ်ရမှာပေါ့၊ ခက်တာပဲ"

သူမ ပြုံးခနဲ မတ်တတ်ရပ်၏။



www.burmeseclassic.com

www.burmeseclassic.com



"မာမီရေ ဒီကို ထွက်ခဲ့ပါဦး၊ ညည့်သည် ရောက်နေတယ်
လေ"

မြတ်စွာဘုရား၊ ကျွန်တော် မိုးဆီလာတဲ့ ညည့်သည်ပါ မိုးရဲ့ သူ ဘာပြောရမှန်း မသိအောင် ဖြစ်သွားသည်။ သို့သော် ပြုံးရွှင်စွာ ထွက်လာသော မမေယုခိုင်က အခြေအနေကို အချိန်မီ ထိန်းသိမ်း ပေးရှာပါသည်။

"ဦးမင်းထင် ကံဆိုးတယ် သိလား၊ ကျွန်မတို့ ဒီနေ့ ထမင်းမကျန်တော့ဘူး၊ ခါတိုင်းဆို သွန်တောင် သွန်ပစ်ရသေးတယ်"

"စိတ်မကောင်း လိုက်တာဗျာ"

သူ တကယ် စိတ်မကောင်းပါ။ သူ့အူ တကြုတ်ကြုတ် ဆာလောင်လျက် ရှိပါသည်။

"စိတ်မကောင်းမဖြစ်ပါနဲ့ ဦးမင်းထင်ရယ်၊ ကျွန်မတို့ ထပ်ပြီး ချက်မှာပေါ့။ နာရီဝက်လောက် စောင့်နိုင်တယ် မဟုတ်လား"

"ဟုတ်ကဲ့" သူ ခပ်သွက်သွက် ခေါင်းညိတ်လိုက်ရသည်။

"ဦးမင်းထင် ကော်ဖီနဲ့ ပေါင်မုန့်ဆိုရင် တင်းတိမ်မလား ဟင်"

မိုး၏ အသံက ခပ်တိုးတိုးကလေး။ နူးညံ့သော မျက်နှာ ထားကလေးနဲ့ဆိုလျှင် မိုးက ချစ်မြတ်နိုးစရာ အလွန်ကောင်းပါသည်။

"ဟုတ်ကဲ့၊ ကော်ဖီ နှစ်ခွက်နဲ့ ပေါင်မုန့် တစ်လုံးလောက် ဆိုရင် ရပါတယ်"

မိုးက ပြုံး၍ "ရှိတယ်" ဟု ပြောပြီး အိမ်ထဲ ဝင်သွားသည်။ မမေယုခိုင်က အနီးတွင် ဝင်ထိုင်၏။

"မိုးက ကျွန်မတို့နဲ့ တွဲမစားဘူး၊ သူ့ဟာသူ ဖြစ်သလို စားတာ၊ အများအားဖြင့်တော့ မုန့်နဲ့ ကော်ဖီပဲ"





သူ တအံ့တဩ ဖြစ်သွားသည်။

ငါးမိနစ်ခန့် ကြာသောအခါ မိုးလက်ထဲတွင် ကော်ဖီ လင် ပန်းကလေး ပါလာ၏။ ပေါင်မုန့် အချပ်များစွာလှီးထားပြီး ပန်းကန် ထဲမှာ ထပ်ထားသည်။ ဒါ... ငါ အကုန် စားခွင့်ရှိတဲ့ သဘောပေါ့ လေ။ ကော်ဖီကို ကြွေရည်သုတ် မတ်ခွက်ခပ်လတ်လတ်ဖြင့် အပြည့် ဖျော် ထားတာတွေတော့ သူ ရယ်ချင်သွားသည်။

"ငါးသေတ္တာ ကြိုက်လားဟင် ဦးမင်းထင်"

"ဟာ... သိပ်ကောင်းတာပေါ့ ခင်ဗျာ"

သူ နည်းနည်း ရဲဝံ့သွား၏။ မိုး၏ ငါးသေတ္တာက ပေါင်မုန့် နှင့်စားရန် အကောင်းဆုံးဖြစ်သည်။

သူ စားခဲ့ရသော ညစာများအနက် မိုး ပြင်ဆင်ကျွေးသော ညစာသည် တန်ဖိုး အရှိဆုံး ဖြစ်လေသည်။

မိုးက ငါးသေတ္တာ ကြိုက်တတ်ပုံရတယ်။ ဒီတစ်ခါ တွင်း တောင်ကို လူကြုံပစ္စည်းပေးရင် ငါးသေတ္တာတွေ ထည့်ပေးလိုက် ဦးမှပဲ ဟု သူမ၏ စားသောက်မှု ဒုက္ခအတွက် သူ ပူပင်မိပြန်သည်။

မမေယုခိုင်က မေး၍ သူ၏ လမ်းပန်းဆက်သွယ်ရေး ဒုက္ခ ကို အမှန်အတိုင်းပြောပြစဉ် အမျိုးသမီးများ အားလုံး ရယ်မော ကြသည့်အထဲတွင် မိုး မပါဝင်ပါ။ မျက်လုံး တောက်တောက်ကလေး များဖြင့် သူ့ကို စူးစမ်းသလို ကြည့်လျက် ငြိမ်သက်နေသော အမျိုး သမီးကလေး၏အတွေးကို သူ သိချင်လှသည်။

မိုးနဲ့ တွေ့ချင်လွန်းလို့ ဘယ်တုန်းကမှ မမျှော်လင့်ဘူးတဲ့ ဒီဒုက္ခတွေကို ရင်ဆိုင်ခဲ့ရတဲ့ ကျွန်တော်ဟာ မိုးအတွက် စိတ်ဝင်စား စရာသတ္တဝါ မဟုတ်သေးဘူးလား မိုးရယ်။



www.burmeseclassic.com

www.burmeseclassic.com



စကားဝိုင်းတွင် ဦးဆောင်၍ စကားပြောသူက မမေယုခိုင် ဖြစ်သည်။ ကျန်သည့်အမျိုးသမီးများကမူ တစ်ချက်တစ်ချက်ဝင်ပြော ကြသေး၏။ မိုးကတော့ စကားဝိုင်း အစအဆုံး တိတ်ဆိတ် ငြိမ်သက် လွန်းနေသည်။ နောက်ဆုံးတော့ မိုးက လက်ပတ်နာရီလေးကို ငုံ့ကြည့် လျက် ထိုင်ရာမှ ထတော့သည်။

"ကျွန်မကို ခွင့်ပြုပါဦး ဦးမင်းထင်၊ အလုပ်ကလေးတွေ မပြီးပြတ်သေးလို့ပါ"

သူ့ရင်ထဲမှ လှိုက်ခနဲ ဟာသွားကာ ကြောင်ကြောင်ကြီး ဖြစ်သွား၏။ မိုးကတော့ စကား ထိုင်ပြောနေကြသူများဘေးတွင် မတ်မတ်ရပ်လျက်ရှိပြီ။ သူ ဘယ်လိုသတ္တိမျိုးဖြင့် နေပါဦး မိုးရယ် ဟု တားမြစ်ရမည်နည်း။

"ဟဲ့ မိုးရယ်၊ ခဏထိုင်ပါဦးဟယ်၊ အခုမှ ရှစ်နာရီပဲ ရှိသေး တာ၊ ဦးမင်းထင်က အဝေးကြီးက လာရတာ"

မမေယုခိုင် စကားကို မိုးက မတုန်မလှုပ် နားထောင်လျက် မတ်မတ် ရပ်နေဆဲ။

"ဘာအလုပ်လဲ ဟဲ့၊ ငါတို့ ကူလုပ်မှာပေါ့"

"ဟင့်အင်း၊ ဒါ ဌာနအလုပ် မဟုတ်ပါဘူး၊ မိုး အလုပ်ပါ။ လစာ လယ်ဂျာတွေနဲ့ အမြတ်ငွေ ရာခိုင်နှုန်းတွေလေ"

သူ နားမလည်စွာ မော့ကြည့် ငေးနေခိုက် မိုးက သူ့ကို ဖျတ်ခနဲ ငုံ့ကြည့်၍ ရိပ်ရိပ်ကလေး ပြုံးပြသည်။

ဘာလဲ... အဓိပ္ပာယ်က 'နားလည်ပေးပါ' ဆိုတာမျိုးလား။ ဒါမှမဟုတ် 'ဘာမှမတတ်နိုင်ဘူး' ဆိုတဲ့ အဓိပ္ပာယ်မျိုးလား။

သူ စိတ်ပျက်လက်ပျက် မျက်နှာမျိုး မဖြစ်အောင် ဘယ်လိုမှ ဟန်ဆောင် ချုပ်တည်း၍ မရပါ။ ဟန်ဆောင်ဖို့ရော လိုပါသေးရဲ့





လား။ ဒီလောက် သိသာထင်ရှားလှသော အဖြစ်အပျက်ကြီးကို အဖွဲ့ သား အားလုံး ရိပ်မိနေပြီပဲ။ သူ ရှက်လည်းရှက်၊ ဝမ်းလည်း နည်းကာ ဟန်ဆောင်၍ပင် မပြုံးနိုင်ဘဲရှိနေသည်။ မိုး၏ခြေဖျားကလေးတွေကို ကြည့် ကော်စီ ရောက်ကာ စိုက်မိစိုက်ရာ ငေးနေမိ၏။ ခြေသည်းများ တိရိ သသပ်နေ၏။ ခြေသည်း အစွန်းအစများတွင်လည်း ဘာကြေးညှော် မှ ရောက်မနေဘဲ ဖြူဖွေးနေသည်။ စုဒါလီ၏ ခြေဖမိုးများလိုတော့ သပ္ပာ မို့အစ်ဖောင်းအိခြင်းမရှိ။ သွေးကြောများ မညီမညာ ထင်ရှား ပေါ် လွင်နေသည့်ခြေဖမိုးမှာ ခြေထောက်ကို အားကိုး အသုံးပြုနေကျ သူတစ်ယောက်၏ ခြေဖမိုးများဖြစ်သည်။

သူ တိတ်ဆိတ်နေခိုက် မိုးက အိမ်ထဲ လှည့်ဝင်သွားသော အခါ သူ့ရင်ထဲမှာ တစ်စုံတစ်ခု လစ်ဟာစွာ မောန္တမ်း ကျန်ရစ်ခဲ့၏။

သူ မမေယုခိုင်ကို မျက်နှာ မပြရဲလောက်အောင် ရှက်သွား ကာ ခေါင်းငိုက်စိုက် ချထားလိုက်သည်။

မိုးဟာ ကျွန်တော့်ကို မညှာတာဘူး ဆိုတာ နဂိုတည်းက သိခဲ့ပါရဲ့ မိုးရယ်။ ဒါပေမယ့်။

စကားဝိုင်းသည် ကြောက်မက်ဖွယ်ရာ တိတ်ဆိတ်သွား၏။ ခပ်လှမ်းလှမ်း အမျိုးသားဆောင် ဧည့်ခန်းဆီမှ တယ်လီဗီးရှင်း သတင်းကြေညာသံ သဲ့သဲ့သာ ပတ်ဝန်းကျင်၏ တစ်ခုတည်းသော အသံ ဖြစ်နေသည်။

"ခင်မိုးမြင့်က မန္တလေးမှာ သူ့ကိုယ်ပိုင်အလုပ် ရှိသေးတယ် ဦးမင်းထင်၊ အဲဒါ အခုလပိတ်ရက် ဖြစ်နေတော့ သူ့အလုပ်ကိစ္စ တွေ ရှုပ်နေတာပေါ့၊ မနက်ဖြန် သူ့အလုပ်သမားတွေကို လခပေးရ မှာ၊ သူက လပိတ်ရက်တိုင်း မန္တလေးကို နှစ်ရက် ပြန်နေကျပဲ"

သူ မမေယုခိုင်ကို မော့ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ သူ မနက်ဖြန် မန္တလေးသွားမယ့်အကြောင်း ဦးမင်း
ထင်ကို ပြောပြပြီးပြီလား ဟင်"

ဟာ...။ သူ နင့်ခနဲ ကြေကွဲစွာ အသံတိတ် ခေါင်းကိုသ
ယမ်းပြလိုက်မိ၏။ မမေယုခိုင်က စိတ်မကောင်း ဖြစ်သွားဟန်ဖြ
ပင့်သက်တစ်ချက် ရှိုက်လေသည်။

သူ ဘာဆက်လုပ်ရပါ့မလဲ။

မိုး မရှိသော တွင်းစခန်းမှာ သူ နောက်ထပ် တစ်ည ဆက်
နေဖို့ ဘယ်လို ကြိုးစားအားတင်းရပါမလဲ။ မိုး မန္တလေး သွားသည်န
တစ်ပြိုင်တည်း သူ ပြန်သွားဖို့ရော ကောင်းပါ့မလား။

အို... ကောင်းပါတယ်။ ဘယ်သူ့ကို ဂရုစိုက်နေရဦးမှာလဲ
အခုမှတော့ မထူးတော့ပါ။

ဤခရီးသည် သူ့အတွက် အရှုံးသက်သက်သာ ဖြစ်၏။

မိုးက ညှော်ဝတ် မကျေပွန်ပေမယ့် မမေယုခိုင်တို့ အုပ်စု
ညှော်ဝတ်ကျေပွန်ပါသည်။ သူ စားရန် လက်ဖက်သုပ်နှင့် ငါးမုန့်ကြေ
ကို ကမန်းကတန်း စီစဉ်ပေး၏။ သူ စိတ်လျှော့ ဝမ်းနည်းလျက်
အားတုံ့အားနာဖြင့် စိတ်မပါစွာ စားနေရသည်။ ဣန္ဒြေဆည်က
စကားကို တစ်လုံးစ နှစ်လုံးစ ပြောနေရသော်လည်း သူ့ အာရုံ
စကားဝိုင်းထဲမှာ မရှိပါ။ အသံကလည်း ခြောက်သွေ့သွေ့။

"Bug Killer ကအသုံးရော ဝင်ရဲ့လား မာမီ"

"အင်း... မဆိုးပါဘူး ဦးမင်းထင်ရယ်၊ သုံးနေတဲ့ အချိန်မှာ
ခြင်ကိုက်သက်သာပါတယ်။ ဒါပေမယ့် ရှင်က ခင်မိုးမြင့်အတွက်





ပို့လိုက်တာကိုး။ စခန်းမှာ ဝန်ထမ်း ၁၈ယောက် ရှိတယ်လေ ဦးမင်း
ထင်ရဲ့"

ပြောပြီး ဟက်ခနဲ ရယ်သောအခါ သူ မျက်နှာ ပူထူသွား
၏။ တင်အေးရီတို့ မျက်နှာတွေကလည်း ပြုံးစိစိ။ သူ ချက်ချင်း စကား
လွှဲပစ်လိုက်ရသည်။

"တစ်နှစ် တစ်နှစ်ကို ရေညှိ ဘယ်လောက် ထွက်လဲဗျ"

"အင်း... နေဦး" မမေယုခိုင်က မျက်လုံးထောင့်ကပ်၍
စဉ်းစားသည်။

"တဖြည်းဖြည်းနဲ့တော့ တိုးတက်လာပါပြီ။ ၈၉ခုနှစ်တုန်း
က ၅တန် လောက်ပေါ့။ ၉၀ ခုနှစ်ကျတော့ ၁၃ တန် ဖြစ်သွားတယ်။
အခု ၉၁ခုနှစ်မှာတော့ ၁၈ တန်ပေါ့"

"မဆိုးပါဘူးနော်၊ များသားပဲ"

တကယ်တမ်းတော့ ဒီရေညှိတွေကို ကျွန်တော် လုံးဝ စိတ်မ
ဝင်စားပါဘူး မိုးရယ်။

"ဒါပေမယ့် ဒါထက်မကထွက်သင့်တာ ဦးမင်းထင်။ ကျွန်မ
တို့က ဒီစီမံကိန်း စခါစပဲ ရှိသေးလို့၊ နောက်ပြီး ဝန်ထမ်းအင်အားလဲ
သိပ်ကို နည်းသေးလို့၊ ခေတ်မီ ကိရိယာမရှိ၊ အစအဆုံး လက်နဲ့
ချည်း လုပ်ရပြီး လုပ်ရတဲ့ လူအင်အားကလဲ မဖြစ်စလောက်ကလေး။
ရွာက လူတွေ ကူညီလို့ တော်သေးတယ်။ တကယ်တမ်းကျတော့ ဒီ
တွင်းတောင်ကန်ထဲမှာ စပီရူလိုင်းနား ရေညှိတွေ တန် ၈၀ လောက်
ရှိတယ်၊ တစ်နေ့တစ်နေ့ကို ၈တန်လောက် အသစ် ပွားနေတယ်"

မမေယုခိုင် ပြောနေသည့် တန်ချိန် ကိန်းဂဏန်းများ သူ့နား
ထဲမှ လွှဲမသွားအောင် အတော်ကြိုးစား၍ မှတ်နေရ၏။ ဤ စကား
ဝိုင်းတွင် မခင်မိုးမြင့် မရှိသော်လည်း သူတာတော့ ပုံမှန်အတိုင်းပါပဲဟု



www.burmeseclassic.com

www.burmeseclassic.com



သူ ဟန်ဆောင်ချင်သောကြောင့် စကားကို အဆက်မပြတ်အောင် မနည်း စုစည်းယူရသည်။

"အသစ်ပွားနေတာ ရှိသလို ပျက်စီး သေကျေသွားတာရော မရှိဘူးလား"

"ရှိတာပေါ့၊ အသစ်ပွားတဲ့ အရေအတွက်လောက်ပဲ သေနေကြတာပဲ"

"ဒီတော့ ကျွန်တော် မရှင်းတာ တစ်ခု မေးပါရစေဦးနော်။ အဲဒီ သေနေတဲ့ စပီရှုလိုင်းနားတွေက မာမီတို့ ထင်သလို ပရိုတိန်းခာတ်တွေ ဗီတာမင်တွေ ရှိနိုင်သေးရဲ့လား"

မမေယုခိုင်က သဘောကျစွာ ပြုံး၏။

"အဲဒါ ဦးမင်းထင်က အပင်တွေရဲ့ သဘောကို နားမလည်လို့။ စပီရှုလိုင်းနားက သေသွားလို့ရှိရင် သူ့အလိုလို ရေရဲ့အောက်မှာ အနည်ထိုင်သွားပြီးတော့ မြေဆီလွှာအဖြစ် နုန်းအဖြစ် အောက်ခြေ မြေကြီးမှာ သွားစုတော့တာပေါ့။ ဒီတော့ ကျွန်မတို့ ရယူနေတဲ့ စပီရှုလိုင်းနားက အပင်အာနိသင်ရှိတဲ့ အမျိုးအစားတွေချည်းပါ။ အဲဒီ အပင်အခြေအနေတွေကို နေ့တိုင်း ကြည့်ရှုစစ်ဆေးဖို့ သုတေသန လုပ်ဖို့ ကျွန်မနဲ့ ခင်မိုးမြင့်က အထူးတာဝန် ယူရတယ်"

သူ လက်ပတ်နာရီကို မသိမသာ ကြည့်မိ၏။ ည ၉နာရီ ထိုးတော့မည်။ မိုးက အခန်းထဲမှ လုံးဝ မထွက်လာခဲ့ပေ။ နောက်ထပ် တစ်နာရီလောက်တော့ သူ ရှေ့မျက်နှာ နောက်ထား၍ ဇွဲကောင်းစွာ စောင့်ကြည့်ဦးမည်။

"နောက်ပြီး ကျွန်တော် သိချင်တာ တစ်ခုရှိသေးတယ်၊ ကျွန်တော် သိသလောက်ကတော့ ပရိုတိန်းဆိုတာက အပူနဲ့ တွေ့ရင်





ပျက်စီးလွယ်တာပဲ။ ဥပမာ ကြက်ဥထဲက ပရိုတိန်း၊ ဟုတ်တယ် ဟုတ်လား"

"ဟုတ်ပါတယ်"

"အခု စပီရှုလိုင်းနားရဲ့ ပရိုတိန်းကရော အခြောက်ခံလိုက်တဲ့အခါမှာ ပရိုတိန်းသဘောဝတွေ ပျက်မကုန်နိုင်ဘူးလား။ ကျွန်တော်တို့ ပရိုဗီမင်ဆေးထဲက ပရိုတိန်းတွေဟာ နဂိုမူလ စပီရှုလိုင်းနား ပင်ရဲ့ ပရိုတိန်းနဲ့ ဘာကွာသလဲ"

"ဟုတ်တယ်၊ မသိတဲ့လူ အတွက်တော့ အဲဒါ ပြဿနာပဲ။ ဒါပေမယ့် လွယ်လွယ်ပြောရရင် စပီရှုလိုင်းနားဟာ ခြွင်းချက်ထဲမှာပါတယ် ဦးမင်းထင်၊ စပီရှုလိုင်းဟာ သူ့ကို အမြင့်ဆုံး သတ်မှတ်ထားတဲ့ အပူချိန်နဲ့ အခြောက်ခံပြီးတာတောင်မှ ဘဝသက်တမ်းတစ်ကြိမ် ပြန်ရှင်နိုင်တယ်။ အဲဒါ အံ့ဩစရာပဲ၊ ဒါပေမယ့် တကယ်ကို လက်တွေ့ စမ်းသပ်ထားပြီးသား။ စပီရှုလိုင်းနားကို အခြောက်ခံတဲ့အခါ ကျွန်မတို့ တစ်ရာ့ခြောက်ဆယ်ဒီဂရီဖာရင်ဟိုက် အထိအပူပေးထားတယ်။ အဲဒီ အခြောက်ခံ စပီရှုလိုင်းနားကို အမှုန့်မလုပ်ဘဲနဲ့ ဒီအတိုင်း ထားပြီး သူနဲ့ လိုက်လျောညီထွေရှိတဲ့ ရေ လေ ဓာတုပစ္စည်းသာ ဖန်တီးပေးလိုက်ရင် သူဟာ အသက်ရှင် နေသေးတာပဲ၊ အပူချိန်ဟာ စပီရှုလိုင်းနားထဲက အင်ဇိုင်းတွေကို ဘာမှမဖျက်ဆီးနိုင်ဘူး။ မဖျက်ဆီး နိုင်တဲ့အပြင်... ...-

မခင်မိုးမြင့် အခန်းဆီမှ လက်နှိပ်စက်ရိုက်သံ သဲ့သဲ့ ကြားနေရသည်။

သူ ပင့်သက် မသိမသာ ရှိုက်လိုက်မိ၏။

သူ ငါ့ကို ရှောင်တာသက်သက်တော့ မဟုတ်ဘူး။ သူ တကယ်ကို အလုပ် လုပ်နေတာ။ ညှော်သည်ကို ပစ်ထားပြီး တကယ်



www.burmeseclassic.com

www.burmeseclassic.com



အလုပ် လုပ်နေတာ။

သူ စိတ်သက်သာရာ ရခြင်းတစ်ဝက်၊ မခံချိ မခံသာ ဒေါသတစ်ဝက်ဖြင့် မမေယုခိုင်၏ စကား တစ်စွန်းတစ်စကို လှဲ့သွား၏။

"အအေးဓာတ်ဟာ စပီရှုလိုင်းနားကို ပျက်စီးစေတယ် ဦးမင်းထင်ရဲ့၊ ခုနှစ်ဆယ်ဒီဂရီဖာရင်ဟိုက်လောက်ဆိုရင် စပီရှုလိုင်းနားရဲ့ ကြီးထွားမှုဟာ လုံးဝ ရပ်ဆိုင်းသွားတယ်၊ ခြောက်ဆယ်ဒီဂရီဆိုရင်တော့ စပီရှုလိုင်းနားဟာ သေကို သေသွားတယ်။ သူက အပူပိုင်းဇုံက အယ်လ်ကာလီ ရေကန်တွေထဲမှာ ပေါက်တဲ့ အပင်ဆိုတာ မမေ့နဲ့လေ။ သူကြိုက်တာ အပူပဲ။ ပရိုတင်းမို့ ရေခဲသေတ္တာလို အအေးမျိုးနဲ့ ထားမိရင် အဲဒီအမှောင်ခန်း ရေခဲသေတ္တာထဲမှာ အဆိပ်အတောက်တောင် ဖြစ်သွားသေးတာပဲ။ ဒီတော့ ကျွန်မတို့က စပီရှုလိုင်းနားကို ရိတ်သိမ်းစုယူပြီးရင် တတ်နိုင်သမျှ မြန်မြန် အခြောက်ခံရတယ်"

စကားဝိုင်းက နည်းနည်း တိတ်ဆိတ်သွားပြန်သည်။ သူ နောက်မေးခွန်း တစ်ခုကို ခပ်မြန်မြန် စဉ်းစားယူလိုက်၏။

"စပီရှုလိုင်းနားက အဆင်ရှယ်လ် အမိုင်နို အက်စစ်တွေ ဗီတာမင်တွေ ပါသလို မီနရယ်လ်စ်တွေလဲ ပါနေတယ်နော်၊ အဲဒီဓာတ်သတ္တုတွေထဲမှာ လူကို ဘေးဥပဒ် ဖြစ်စေတဲ့ဓာတ်တွေလဲ ပါနေနိုင်တယ်မဟုတ်လား"

"ပါနေနိုင်တယ် မဟုတ်ဘူးလေ၊ ပါကို ပါတာ။ ဒါပေမယ့် စိတ်ချလက်ချ စားပါ ဦးမင်းထင်ရဲ့။ ကျွန်မတို့ဆရာ ဒေါက်တာဦးမင်းသိန်း ကိုယ်တိုင် နိုင်ငံခြား တိုင်းပြည်တွေအထိ သွားပြီးလက်တွေ့ ဓါတ်ခွဲ စမ်းသပ်ပြီးသား။ အာဆင်းနစ်(ခ်)ပါတယ်၊ မာကျူရီပါတယ် ဆိုင်ယာနိုက် တောင်ပါတယ်။ ဒါပေမယ့် အချိုးအဆပါဝင်နှုန်းက





...ပ်ကို သေးမွှား လွန်းလို့ လူကို လုံးဝ ဘေးဥပဒ် မဖြစ်စေနိုင်ဘူး ...…"

အမျိုးသမီးကလေးများ သဘောကျစွာ ရယ်မောကြတော့ ...နည်းနည်းပြုံးလိုက်မိသည်။

"ဟာ…ကျွန်မ အကြံရပြီ၊ ဦးမင်းထင်ကို မနက်ဖြန်ရေညှိ ...ကြော်ပြီး ကျွေးရအောင်၊ မနက်စာလေ…ရေနွေးကြမ်းနဲ့ မြည်းဖို့ ...နော်…မာမီ"

မျက်မှန်ကလေးနှင့် အမြဲတမ်း ရယ်မောနေတတ်သော ...ကြည်ကြည်မြင့်က ဝင်ပြောတော့ သူ အနည်းငယ် မျက်နှာရှုံ့ သွား...သည်။

"ဟာ … မလုပ်နဲ့ မလုပ်နဲ့၊ ကျွန်တော် ရေညှိတွေ မစားရဲ ...ဘူး"

"မဟုတ်ဘူး။ စားလို့ အရမ်းကောင်းတယ် ဦးမင်းထင်ရဲ့၊ ...မွှိဆိမ့်ကလေး၊ မြည်းကြည့်ရုံ ကြည့်ပေါ့။ စားဖူးတယ်ရှိအောင်လေ။ ...သို့ပါဘူး . . . ကြက်သွန်ဖြူတို့ ချင်းတို့ထည့်လိုက်ရင် စပယ်ရှယ်ပဲ"

ဒုက္ခပါလား။ ပရိုဗီမင် ဆေးပြားတောင် တစ်ခါမျှ သူစား ...ကြည့်ခဲ့တာ ဘယ်လိုရှင်းရပ့ါမလဲ။

တွင်းတောင် ရေကန်၏ ညှိစို့စို့ စိမ်းရွှေရွှေ အနံ့သည်ယခု ...ိုင်နေစဉ်မှာကို လေထဲမှတစ်ဆင့် သူ့ထံသို့ လွင့်ပါနေသည်။ မိုး၏ ...တ်ခွဲခန်းထဲမှ မှန်လှောင်ကန်ထဲက ရေညှိများကတော့ ဆာလ်ဖာ ...မှုန်ထုလျက် ရှိခဲ့သည်။ ဘာပဲဖြစ်ဖြစ်လေ၊ မက္ကဆီကိုနိုင်ငံမှာ ...ည်း လူတွေ ဒါကိုစားနေကြတာပဲ။

"ဒါနဲ့ ဦးမင်းထင်… ဘယ်လိုမှတော့ မအောက်မေ့ပါ ...နော်၊ မနက်ဖြန် ဘယ်လို အစီအစဉ် ရှိသလဲ"



www.burmeseclassic.com

www.burmeseclassic.com



မမေယုခိုင်က အသံနှိမ့်၍ တိုးတိုးကလေး မေးတော့ သူ့မျက်နှာ နွေးခနဲ ပူသွားပြန်၏။ အားလုံး သိနေတာတော့သေ ချာပြီပဲ။

"ဒီမှာ ဆက်နေပါလို့ ကျွန်မ မတိုက်တွန်းဘူးနော်။ အားနာ စရာလဲ မလိုပါဘူး၊ ဘာမှ ငဲ့စရာလဲ မလိုဘူး၊ စခန်းတစ်ခုလုံး မှာ အားလုံး လူငယ်တွေချည်းပဲ ရှိတယ်။ ဦးမင်းထင်ဆန္ဒရှိသလိုလုပ် ပြန်လိုက်ချင်ရင် လိုက်သွား၊ အိမ်ရှင်မရှိဘဲ ဧည့်သည် ကျန်နေ တာမျိုးတော့ မလုပ်နဲ့"

သူ ကြိုးစား ပမ်းစား ရယ်ချလိုက်ရသည်။

"လိုက်ချင်ရင် လိုက်သွား ဆိုတော့ ဘယ်သူက လိုက်ခဲ့ ပါလို့ ခေါ်သေးလို့တုံးဗျာ"

မမေယုခိုင်က မျက်ခုံး ပင့်ကြည့်၏။

"ဘုရားရေ၊ ဘယ်သူခေါ်မှ လိုက်ရမှာတုံး၊ တွင်းတောင် ကနေ ပြန်ချင်တဲ့အချိန် ပြန်လိုက်လို့ ရနေတာပဲ။ ကားရှိဖို့သာ လိုတာ၊ အခု ကား ကြုံနေတယ်လေ၊ ကားပိုင်ရှင်ကို ကျွန်မသွား ပြောပေးမှာပေါ့။ ဒါဖြင့် ရှင်က နွားလှည်းနဲ့ ပြန်ဖို့များ စိတ်ကူး ရှိနေလို့လား"

ဖြန်းခနဲ သူတို့ အားလုံး ဝိုင်းရယ်လိုက်ကြလေသည်။

"နွားလှည်းတော့ ကြောက်ပါပြီဗျာ၊ အခု ထိုင်နေရင်းက တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလိုပဲ နာနေတယ်"

"ဒါဖြင့် ပြီးရောပေါ့"

"ကားက စခန်းက ကားလား"

"မဟုတ်ဘူး ရွာထဲက ကား။ အမယ်...ရွာထဲက ကားဆိုလို့ ချက်ပလက်လဲ မဟုတ်ဘူး၊ အစုတ်ပလုတ်လဲ မဟုတ်ဘူး၊ တီအီး





အလဲဗင်း ရှင့်။ ရှင် ကံကောင်းရင် ကားခေါင်းခန်းမှာ သက်သက်သာ သာ စီးလို့ရမယ်။ သူတို့အားလုံး ဒီ တွင်းစခန်းက လူတွေကို ဦးစားပေးတယ်လေ။ တစ်ခုတော့ရှိတယ်၊ ရှင် အရမ်းပင်ပန်း နေ တယ် ဆိုတော့ နောက်တစ်ရက်ထပ်နားဖို့များ လိုမလား မသိ"

"ဟာ...ရတယ် ရတယ်၊ ကျွန်တော် သိပ် မပင်ပန်းပါဘူး ခင်ဗျ"

မမေယုခိုင်က တဟားဟား ရယ်မောလေသည်။

မိုးရယ် အားလုံးလည်း သိကုန်ကြပါပြီ။

နောက်ထပ် ၁၅ မိနစ်လောက် စကားပြောပြီးသောအခါသူ ပြန်အိပ်ရန် ထလိုက်သည်။ မိုးရှိရာ အခန်းဆီသို့ လှမ်းကြည့်လိုက်မိ သော်လည်း နှုတ်မဆက်တော့ဘူးဟု ဆုံးဖြတ်လိုက်၏။

သို့သော် သူ ကံကောင်းတာလား ကံဆိုးတာလား မသိ၊ အိမ်ထဲမှ မိုး ထွက်လာလေသည်။

"ကျွန်တော် သွားတော့မယ် မခင်မိုးမြင့်"

"ဟုတ်ကဲ့"

ဒါပဲ...ဒီစကားက လွဲလို့ ခင်ဗျားမှာ ပြောစရာစကားမရှိ ဘူး။ ကျွန်မ မနက်ဖြန် မန္တလေးပြန်မှာလို့တောင် အသိပေးဖော် မရဘူး။ သူ အနည်းငယ် ဒေါသထွက်နေ၏။

"ဒါနဲ့ ကျွန်တော် မနက်ဖြန် မခင်မိုးမြင့် လိုက်မယ့် ကားကြုံနဲ့ပဲ ပြန်လိုက်ဖို့ စီစဉ်ထားတယ်။ အဲဒါ မခင်မိုးမြင့်အနှောင့် အယှက်မဖြစ်ဘူးဆိုရင်..."

မိုးမျက်နှာ နည်းနည်း တွေဝေ တွန့်ဆုတ်သွားသည်။ နှုတ် ခမ်းတင်းတင်း စေ့လျက် ကြမ်းခင်းမှ ဆင်းနေပြီဖြစ်သော မင်းထင်ကို ခပ်စူးစူး ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သွားမယ့်ခရီးမှာ ဘေးက ယောကျ်ားတစ်ယောက် ကန့်လန့် ကန့်လန့် ပါနေတာကိုတော့ ကျွန်မ သဘောမကျဘူး"

မမျှော်လင့်သော စကားကြောင့် ဖိနပ်စီးလက်စကို မေ့လျော့သွားအောင်ပင် မျက်စိမျှား ပြာဝေကာ ဒေါသ ဖြစ်သွားသည်။ သူ နှုတ်ခမ်းထောင့်စွန်းကလေးများ တုန်ယင် လှုပ်ရှားသွားလျက် တစ်ခုခု ပြောဖို့ အားယူလျက် အသံထွက်မလာ။ မခင်မိုးမြင့်ကသာ ဆက်ပြော၏။

"ဒါပေမယ့်…"

သူ အားတင်း၍ မိုးကို တစ်ချက် ကြည့်လိုက်၏။ ခင်ဗျား အားနာ စကားတစ်ခွန်းတော့ ပြောသင့်ပြီ မိုး။

"ဒါပေမယ့် ကားပိုင်ရှင်က ခွင့်ပြုလို့ လိုက်တာမျိုးကိုကျွန်မ ဘာမှ မတတ်နိုင်ဘူးလေ"

သူ မျက်နှာ ရဲခနဲ နီသွားသည်။ ဆွံ့အလျက် ဘာစကားမှမပြောနိုင်လောက်အောင်ပင် မိုး၏ ရိုင်းပျမှု ဒဏ်ကိုသူ အလူးအလဲ ခံနေရတော့သည်။

"ခင်ဗျား တတ်နိုင်ပါတယ်ဗျာ၊ မလိုက်စေချင်ရင် ကျွန်တော့်ကို ခင်ဗျား တားခွင့် ရှိပါတယ်၊ ကျွန်တော် ဖြစ်သလိုပြန်ရမှာပေါ့၊ ကျွန်တော် ယောကျ်ားပဲ"

ပြောရင်း စိတ်လှုပ်ရှားမှုကြောင့် အသံက အဖျားဆွတ်၍တုန်ယင်သွားသော အခါ သူနှုတ်ခမ်း တင်းတင်းစေ့လျက် ချာခနဲ လှည့်ထွက်လာခဲ့တော့သည်။

လက်သီးကိုတင်းတင်းဆုပ်ထားရင်း ဧည့်ဆောင်အခန်းဆီသို့ ခပ်သွက်သွက် ပြန်လာခဲ့ရချိန်တွင် ပတ်ဝန်းကျင်မှာ ဘယ်သူတွေ ရှိနေမှန်း၊ ဘာတွေ ဖြစ်နေမှန်း လုံးဝ သတိမရနိုင်အောင်ရှိ၏။





ဒေါသကြောင့်ရော ရှက်ရွံ့မှုကြောင့်ရော သူ့မျက်လုံးများ ပြာဝေကာ သွေးခုန်နှုန်း တဒိတ်ဒိတ် မြန်ဆန်လျက် ရှိသည်။ ဖြစ်နိုင်လျှင် ဤနေရာမှ အမြန်ဆုံး ပြန်ထွက်ပြေးချင်၏။ သူ့ကို ဘယ်သူမှ မမြင်နိုင်သောနေရာသို့ ပြေးသွားချင်လောက်အောင် ရှက်နေသည်။

အခန်းထဲရောက်တော့ ထိန်းချုပ်ထားသမျှ စိတ်ကို လွှတ်ပေးလိုက်သောအခါ အခန်းတံခါး ပျဉ်ပြားပေါင်ကို လက်သီးဖြင့် သုံးလေးချက် ဆက်တိုက် ထိုးမိလျက်သား ဖြစ်သွား၏။လက်ဆစ်များ မခံမရပ် နိုင်အောင် နာကျင်သွားမှ သူ ရပ်လိုက်သည်။ တံခါးနံရံပေါင်ပေါ် လက်ဖဝါးဖြင့်ဖြန့်ထောက်ကာ ထိုလက်ဖမိုးများပေါ်သို့ နဖူးအပ်ထားရင်း စက္ကန့်တော်တော်များများ ငြိမ်သက်နေရသည်။ ကိုယ်ခန္ဓာထဲမှာ ဆူပွက်နေသော သွေးများ ပြန်လည်ငြိမ်သက်သွား ပြီဆိုမှ နံရံမှမျက်နှာခွာလိုက်ရသည်။ ခုတင်ဆီသို့ တစ်လှမ်းချင်း လျှောက်လာကာ ခုတင်ပေါ်တွင် ချထားသော ခရီးဆောင်အိတ် သေးသေးကလေးကို မမြင်ဘူးသလို ငေးမိသည်။ မျှော်လင့်တကြီး ကြိုတင်မှန်းဆခဲ့ရသော စိတ်ကူးများ၊ ရင်ခုန် လှုပ်ရှားခဲ့ရသော နေ့ရက်များ၊ အားလုံး လွင့်မျောသွားပြီ။

တစ်ခါမှ မခံစားရဘူးသော နာကျင် ရှက်ရွံ့မှုများဖြင့် အိပ်ရာပေါ် ပစ်လှဲချလိုက်သည်။ခြင်ထောင်အမိုးကို အဓိပ္ပါယ်မရှိ မျက်လုံးကြောင်စွာ ငေးစိုက် ကြည့်နေမိလေသည်။

ကျွန်တော် မှားလိုက်တာ။ ဒီမိန်းမကိုမှ ချစ်နေမိပါ ပြီကောလား။ ဖေဖေ သိရင် ဘာပြောမလဲ။

သူ ခေါင်းအုံးပေါ် မျက်နှာ အပ်ကာ ကိုယ်ကိုမှောက်ချလိုက်သဲ့ ကမ္ဘာလောကကြီး တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

တစ်ကိုယ်လုံး ကိုက်ခဲ နာကျင်လျက် ရှိသော်လည်းသူနံနက် နာရီ ကတည်းက အိပ်ရာမှ နိုးနေ၏။

မျက်လုံးဖွင့်လိုက်လျှင် ဖွင့်လိုက်ချင်း အမှောင်နှင့် ရင်ဆိုင်လိုက်ရသည်။ ကိုယ့်ကိုယ်ကိုဘယ်မှာ ရှိနေမှန်း သတိမရဘဲ ပျောက်ဆုံးနေ၏။ ပတ်ဝန်းကျင်၌ ကျေးငှက်သံများကို သဲ့သဲ့ကြားနေရသည်။

တွင်းတောင်...

မိုး...

မိုးကိုသတိရလိုက် သောအခါ သူပြုန်းခနဲ အိပ်ရာမှ ထထိုင်လိုက်မိသည်။

တော်တော် အညာအတာ ကင်းတဲ့ မိန်းမ။ သူ တက်တစ်ချက်ခေါက်လိုက်မိပြီးမှ သူ့စိတ်ကို ပြန်လျှော့လိုက်သည်။ ဘာဆိုင်သလဲ၊ မိုးဟာ အပြစ် တစ်ခုမှ မလုပ်ခဲ့သေးဘူး။ သူကသူ့ရင်ထဲရှိတဲ့ စကားကိုပဲ ပြောတာ။ အပြစ်လုပ်မိတာကငါပဲ။ ကိုယ့်ကို မလိုလားတဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းမ တစ်ယောက်ကို ချဉ်းကပ်မိတဲ့ အပြစ်။ သူထိုင်ရာမှ မတ်တတ် ရပ်ဖို့ တော်တော် ကြိုးစားရသည်။ သို့သော် နောက်နာရီဝက်ကြာ သော အခါ အေးမြလှသော ဆောင်းနံနက်ခင်း နှင်းမှုန်များ ကြားတွင် သူ ခပ်ဖြည်းဖြည်း ပြေးနေတော့သည်။

ကားလမ်းအတိုင်း တောင်ပေါ်အထိ တက်လိုက်ပြီးတွင် နှုတ်ခမ်း ပေါင် တစ်လျှောက် တွင်းကို ပတ်၍ သူ ခပ်ဖြည်းဖြည်း မှန်မှန် ခြေလှမ်း စိပ်စိပ်ကလေးပြေးသည်။ တွင်းနှုတ်ခမ်း အဝန်း အရှည်သည် ၃မိုင်ခွဲလောက်ရှိ၏။ ရန်ကုန်မှာကြီးပြင်းသော ရန်ကုန် သား တစ်ယောက်အတွက် ဤနံနက်အစော လမ်းလျှောက် ပြေးခြင်း သည် ကိုယ့်ကိုယ်ကို နှိပ်စက်ခြင်းသက်သက် ဖြစ်သည်။ မလင်းတ လင်း အရုဏ်ဦး အောက်တွင် စိမ်းမှောင်သော တွင်းခြေ ရေကန်နှင့် ကမ်းစပ် သစ်ပင်စိမ်းတို့၏ မြူကြားထဲမှ ရှုခင်းသည် အလွန်လှပနေ ၏။ အကယ်၍သာသူ့၌ရက်ရွဲ့ နာကြည်းမှုကြီးသာ ရှိမနေဘူးဆိုလျှင် ဤ နံနက်ခင်းတွင် သူ သီချင်း တစ်ပိုင်းတစ်စပင် ညည်းချင်စိတ် ပေါက်လာနိုင်သည်။

ယခုတော့ ပတ်ဝန်းကျင်ရှုခင်းက သူ့ရင်ကို မအေးမြစေနိုင် ပါ။

တွင်းတစ်ပတ် မပြည့်ခင်မှာကို သူ အရမ်း မောပန်းလာ သည်။ သူ ခဏနားရန် စိတ်ကူးသေး၏။ သို့သော် မနားဖြစ်ပါ။ မညာမတာပင် ဆက်၍ လမ်းလျှောက်ပြေးနေဆဲ ဖြစ်သည်။ ဗုန်းကနဲ လဲကျသွားရင် ပိုကောင်းမယ်။ သို့သော် သူ မလဲကျပါ။ တဆတ်ဆတ် တုန်ယင်နေသော ခြေထောက်များ၊ တဒိတ်ဒိတ် မြန်ဆန်စွာ ထုနက် နေသော နှလုံးခုန်နှုန်းများ၊ စိုရွှဲနေသောချွေးများဖြင့် စခန်းရှေ့ ကွင်း ပြင်သို့ ၆နာရီခွဲ တိတိတွင် ပြန်ရောက်သွား၏။





နှင်းများ ပိုမိုထူထပ်လာပြီ။ နှင်းမြူထဲမှာ အရိပ်သဏ္ဌာန် တစ်ခုကို ခပ်ဝေးဝေး ကတည်းက လှမ်းမြင်ရ၏။ တဖြည်းဖြည်း နီးနီးလာ သောအခါ ရှည်သွယ် မြင့်မားသော အရပ်ဖြင့် အမျိုးသမီး ကိုယ်ခန္ဓာ တစ်ခု...၊ ဖြူလွလွ အင်္ကျီ...။ မျက်စိထဲသို့ ကျနေသော ချွေးစက်များကို ပွတ်သပ်ပစ်လိုက်သည်။

မိုး...။

သူနှင့်တော်တော် နီးနီးကပ်ကပ် ရောက်မှ မခင်မိုးမြင့် မှန်း သိသည်။ သိလိုက်သည်နှင့် တစ်ပြိုင်တည်း သူ့မျက်နှာ ထူအမ်းသွား ၏။ မနှုတ်ဆက်ဘဲ ရှေ့ဆက်သွားဖို့အထိ သူစိတ်ကူးလိုက်မိသော ကြောင့် သူ့ကိုယ်သူ ပြန်ရှက်သွားမိသေးသည်။ သူ့စိတ်ကို လျှော့ချ ကာ သူ တုံ့ခနဲရပ်လိုက်၏။ မောနေသည့်ကြားမှ ပြုံးပြလိုက်ပါသည်။

"မခင်မိုးမြင့်"

သူမ လက်ထဲတွင် ခရီးဆောင် သားရေအိတ် တစ်ခု တလေ မျှမရှိပါ။

"ဟုတ်ကဲ့"

သူမ မျက်နှာထားက ပကတိရှင်းလင်းနေသည်။

"ပြန်တော့မလားဗျ"

သူ့အမေးကို သူမ ခေါင်းယမ်းပါသည်။

"တောင်ဘက်စင်ကို သွားမလို့ပါ၊ ကျွန်မက မနက်တာဝန် လေ"

သူ နားမလည်စွာ ငေးကြည့်လိုက်သည်။

"မပြန်ဖြစ်ဘူးလား"

"အို... ပြန်ဖြစ်ပါတယ်၊ ဆယ်နာရီမှ ကားထွက်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ပြုံးမယောင်ယောင် မျက်နှာထားကြောင့် အလောတကြီး မေးမိသော ကိုယ့်ကိုယ်ကို ကျိန်ဆဲ လိုက်မိသည်။ အေးစက်လာသော လက်ဖဝါး နှစ်ဖက်ကို တစ်ခုနှင့် တစ်ခု ပွတ်သပ်လိုက်ရသည်။

"ဦးမင်းထင် လမ်းလျှောက် ပြန်လာတာလား"

ဘယ်ဆိုးလို့လဲ၊ အာလွှာပ သလ္လာပတွေ ဘာတွေတောင် ပြောနေပါ့လား။ သူ သရော်တော်တော် တွေးလိုက်၏။

"ဟုတ်ကဲ့၊ တွင်းနှုတ်ခမ်း အတိုင်း တစ်ပတ် လျှောက်ပြေးတာပါ"

"ဪ…ဟုတ်တယ်နော်၊ ဘီပီအိုင်က လူကြီးတွေ လာရင်လဲ သူတို့ အမြဲ အဲလိုလျှောက်တယ်၊ ကျန်းမာရေး အတွက် သိပ်ကောင်းတာပေါ့"

သူမဲ့ပြုံး ပြုံးလိုက်၏။

"ကျွန်တော်ကတော့ ကျန်းမာရေးအတွက် လျှောက်တာ မဟုတ်ပါဘူး"

သူမ မျက်မှောင် နည်းနည်း တွန့်သွားသည်။

"ကိုယ့်ကိုယ်ကို ဒဏ်ပေးတာပါ"

ဇွတ်မိုတ်၍ ပြောချလိုက်သောအခါ သူမ မျက်လုံး ဝိုင်းသွား၏။ နှုတ်ခမ်း မဟတဟ ဖွင့်လျက် တစ်ခဏ စိုက်ငေးသွားသော မျက်နှာကလေးကို သူနာနာကြည်းကြည်း ကြည့်လိုက်သည်။ ဘာဖြစ်လို့ဒဏ်ပေးတာလဲ ဟုသူမ ဆက်မမေးပါ။ သူမ ဆက်မမေး သောကြောင့် အင်မတန် ရက်စက်တင်းမာတဲ့ မိန်းမ တစ်ယောက်ကိုမှ ချစ်မိလို့ပေါ့ဗျာ ဟူသော အကြောင်းပြချက်ကို မပြောဖြစ်တော့ပါ။

သူခေါင်းတစ်ချက် ညွှတ် နှုတ်ဆက်လျက် သူမ ဘေးမှ ဖြတ်ကျော်ရန် ခြေလှမ်း လှမ်းလိုက်သည်။





"ဦးမင်းထင်"

နှစ်လှမ်းမျှ ခြေလှမ်း လှမ်းပြီးသောအခါ သူမ အသံကြောင့် သူ တုံ့ခနဲ ရပ်လိုက်၏။ နောက်လှည့် ကြည့်လိုက်သောအခါ ဘုံချတုံ ဖြစ်နေဟန် ဇဝေဇဝါ မျက်နှာထားဖြင့် မိုးကို မျက်နှာချင်း ဆိုင်မိသည်။ သူ့နှုတ်ခမ်း တင်းတင်းစေ့ လျက်သူမ အပြောကို စောင့်နေသည်။

"ကျွန်မ ညက နည်းနည်းကလေး ရိုင်းသွားတယ် ထင်တယ်"

ဟား…၊နည်းနည်းကလေး မဟုတ်ဘူးဗျ၊ အများကြီးရိုင်းတာ။

သို့သော် သူဘာမှ ထင်မြင်ချက် မပေးပါ။

"ဦးမင်းထင်ရဲ့ ကျေးဇူးတွေ ကျွန်မ အပေါ်မှာ ရှိနေတယ်"

"ဪ…"

ပြောပုံကိုက ကျေးဇူးတွေ ရှိနေတာကို မနှစ်မြို့တဲ့ ပုံစံမျိုးပါလား။

"အဲဒီကျေးဇူးတွေကို ကျွန်မ ပြန်ဆပ်ရမှ ဖြစ်မယ်"

သူဒေါသထွက်သည့်ကြားမှ အနည်းငယ် ရယ်ချင်သွား၏။ သူ ဘာမှ မပြောပါ။

"ဒီတော့ ရှင် ကျွန်မလိုက်တဲ့ ကားကြုံနဲ့ လိုက်ခဲ့ပါ"

သူ နာနာကျင်ကျင်ပင် အသံထွက်အောင် ရယ်မောလိုက်မိလေသည်။

"ရှင် ဘာရယ်တာလဲ"

ချက်ချင်း မာကျောသွားသော သူမ မျက်ဝန်းများကို သူရဲရင့်စွာ စိုက်ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားနဲ့ ကားကြုံ အတူ လိုက်ရရင် ကျွန်တော့်ကျေး
တွေ ကျေရောလား"

"ကျွန်မ စကား မဆုံးသေးဘူး"

"ဩော်...ဆောရီး"

သူ ဘောင်းဘီအိတ်တွေထဲ လက်တစ်ဖက်စီ ထိုးထည့်လျက် ခေါင်းညွှတ်ပြလိုက်သည်။

"ကျွန်မရှင့်ကို ဒီနေ့ နေ့လယ်စာ မုံရွာမှာ ကျွေးချင်တယ် ညစာကို မန္တလေးမှာ ကျွေးချင်တယ်။ နောက်ပြီး ရန်ကုန်ပြန်တဲ့အခါ လက်ဆောင် ဝယ်ပေးလိုက်ချင်တယ်"

သူမဲ့ပြုံး ပြုံးပြလိုက်၏။

"ဘာလက်ဆောင်လဲ"

"အိုး... ရှင် လိုအပ်မယ် ထင်တဲ့ ပစ္စည်းမျိုးပေါ့"

"ကျွန်တော် ဘာလိုတယ် ဆိုတာ ခင်ဗျားက ဘယ်လို လု
သိမှာလဲ"

သူမ နှုတ်ခမ်းက မျဉ်းဖြောင့်ကလေးလိုပင် တင်းခနဲ ဖြေ
သွားသည်။ တစ်ခဏမျှ တိတ်ဆိတ်သွားပြီးနောက် သူမက လက်ပတ်
နာရီကို ငုံ့ကြည့်သည်။

"ကျွန်မ နောက်ကျနေပြီ၊ အဲဒီကိစ္စ နောက်မှ ဆက်ပြော
ရအောင်"

သူမခြေလှမ်းပြင်၏။

"မိုး..."

လွှတ်ခနဲခေါ် လိုက်မိသော ပါးစပ်ကို ပိတ်ရိုက်ပစ်ချင်စိတ်ဖြင့် သူတောင့်တောင့်ကြီး ရပ်မိလျက်သား ဖြစ်သွားသည်။ သူမ
သူ့ကိုမကြည့်ပါ။ ရှေ့တည့်တည့်သို့ စိုက်ကြည့်နေသည်။ ထို့နောက်





ခေါင်းတစ်ချက် ဆတ်ကာ "ရှင့်ကို မာမီတို့ မနက်စာ ကျွေးဖို့စောင့်နေကြတယ်" ဟု သတင်းပေးပြီး၊ ခပ်သွက်သွက် လမ်းလျှောက်သွားလေသည်။

နံနက် ၁၀ နာရီတွင် တွင်းတောင်ထိပ်မှ ကားစတင်ထွက်ခွာသည်။

မိုးသည် မြင်နေကျ အဖြူရောင်မှ ခွဲထွက်ကာ ရေညှိစိမ်းရောင် ရှပ်အင်္ကျီလက်ရှည်ဖြင့် နဂိုက ဖြူဝင်းသော အသားမှာ ပိုမိုဝင်းပလျက်ရှိသည်။ စာရွက်စာတမ်းများညှပ်ထားဟန်ရှိသော အညိုရောင် ဖိုက်ဘာ ဖိုင်တွဲကြီးတစ်ခုကို လက်ကိုင်ကွင်းတပ် ပလတ်စတစ်လက်ဆွဲအိတ်ထဲ ထည့်ထားသည်။ ထိုလက်ဆွဲအိတ်ပါးပါးကလေးမှတစ်ပါး တခြားဘာပစ္စည်းမှ မပါဝင်ချေ။ တောင်ပေါ်အထိ လိုက်ပို့သော မမေယုနိုင်တို့ အုပ်စုကို ပြုံးရယ်နှုတ်ဆက်နေသော သူမ၏မျက်နှာက လန်းဆန်းနေသည်။ အစွမ်းကုန်ပွင့်အာနေသော နှင်းဆီဖြူတစ်ပွင့်နှင့် တူလေသည်။

ကားမောင်းသူ၏ ဘေးကပ်လျက်တွင် သူမ ထိုင်စေပြီး အစွန်းဘက်ခုံတွင် သူ ထိုင်သည်။ အင်္ကျီချင်း ထိစပ်လျက်ရှိသော မိုး၏ ကိုယ်သင်းနံ့မှာ လန်းဆန်း ချိုမြလျက်ရှိသည်။ ကားမောင်းသူ သူစိမ်းတစ်ယောက်ရှိနေသောကြောင့် သူ အတတ်နိုင်ဆုံး စကား မပြောဘဲ မျိုသိပ်ထားလိုက်၏။ တွင်းတောင်နှင့် ဘုတလင်ကြား ကြမ်းတမ်းသောခုနစ်မိုင်ခရီးသည် ယခုအခါ သာယာလှပမှုအတိ ဖြစ်တော့သည်။ ခြောက်သွေ့သော ယာခင်းများ၊ ပင်ပေါက်ကလေးများ ပျိုးထားခါစ စိုက်ခင်းများသည် မိုးကုပ်စက်ဝိုင်း အစွန်းအထိ ကျယ်ပြန့်နေသည်။ ရှေ့တည့်တည့်သို့ စိုက်ငေးနေသော မခင်မိုးမြင့် အနီးတွင် သူတိတ်ဆိတ် ငြိမ်သက်စွာ လိုက်ပါလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုတလင်မြို့သို့ ဝင်ချိန်အထိ နှစ်ယောက်သားတစ်ခွန်းမှ စကားမပြောကြသည်ကို ကားမောင်းသူက ရိပ်မိဟန်တူပါသည်။ သူတို့ဘက်သို့ မကြာခဏ လှည့်လှည့်ကြည့်သည်။

"ဆရာမတို့ ဆာပြီလားဗျ"

"မဆာသေးပါဘူး ဦးလေး"

"ဒါဖြင့် ကျွန်တော်တို့ မုံရွာအရောက် ဆက်မောင်းမယ်နော်"

"ဟုတ်ကဲ့"

ဤစကားသည် တွင်းတောင်မှ ထွက်လာကတည်းက ဘုတလင်ရောက်သည်အထိ ကားရှေ့ခန်းထဲတွင် ပထမဆုံး ပြောဖြစ်သော စကားဖြစ်၏။ နောက်ထပ်လည်း ဘယ်သူမှ ဘာစကားမှ မပြောကြတော့ပါ။ တဖြည်းဖြည်းပူလာသော နေပူဒဏ်သည် ဆောင်းရာသီနှင့် မဆီဆိုင်စွာ ဒုက္ခပေးလျက်ရှိသည်။ သူရှပ်အင်္ကျီအပေါ်ဆုံး လည်ပင်းကြယ်သီးကို ဖြုတ်လိုက်ရ၏။ လက်ကြယ်သီးများ ဖြုတ်ကာ လက်ကို တံတောင်ဆစ်အထိ ခေါက်တင်လိုက်သည်။ မိုးကတော့ နောက်မှီကို သက်သက်သာသာ မှီကာ ပူအိုက်မှုဒဏ်က သူ့အပေါ် မကျရောက်သလို ခပ်တည်တည်ငြိမ်သက်နေလေသည်။ တော်တော် ထိန်းချုပ်နိုင်စွမ်းတဲ့မိန်းမ။

သူတို့နှစ်ယောက် ဤခရီးတွင် ပထမဆုံး စကားပြောဖြစ်သည်မှာ မုံရွာစားသောက်ဆိုင်ထဲကျမှဖြစ်သည်။ စားသောက်ဖွယ်ရာများမှာယူပြီးစီးသည်အထိ စကားတစ်ခွန်းမှ မပြောသော မင်းထင်ကို မိုးက မျက်ခုံးပင့်ကြည့်သည်။

"ဦးမင်းထင်... စကားလေး ဘာလေး ပြောဦးမှပေါ့၊ ဘာလို့ မပြောတာလဲ၊ ဒါ ပုံမှန်မဟုတ်ဘူး"





သူမျက်နှာချင်းဆိုင်မှ မိုးကို စူးစူးရဲရဲစိုက်ကြည့်သည်။ သူမ မျက်လုံး လွှဲမသွားပါ။

"ဩော်... ခင်ဗျား ဘေးမှာ ယောကျ်ားတစ်ယောက် ကန့်လန့် ကန့်လန့် ပါနေတာကို အတတ်နိုင်ဆုံး ခင်ဗျား မေ့ပျောက်ထားလို့ ရစေချင်လို့ပါ"

"အိုး..."

မိုးက အားရပါးရ ပြုံးရယ်လိုက်သောအခါ သူမ မျက်လုံးများ နူးညံ့သိမ်မွေ့သွား၏။

"ရှင်က ယောကျ်ားဖြစ်ပြီး၊ စိတ်ကောက်တတ်တယ်နော်"

ဤ ထိုးနှက်ချက်ကြောင့် သူ မနေတတ် မထိုင်တတ် ဖြစ်သွား၏။ သူဘာမှ မပြောဘဲ ပထမဆုံး လာချထားသော ဝက်ခေါက်ကင် ပန်းကန်ကို သူမဘက်သို့ ရွှေ့ပေးလိုက်သည်။

"ဒါပေမယ့် ကျွန်မဟာ အမှန်တွေကိုပဲ ပြောခဲ့တာပဲ၊ ဒီအတွက် ရှင် မကျေနပ်ဖြစ်တာကို ကျွန်မ မတတ်နိုင်ဘူးလေ"

"မှန်တိုင်း မပြောရဘူး မိုးရဲ့"

နောက်တစ်ကြိမ် မိုးဟု ခေါ်လိုက်မိသည့်အခါ ပထမဦးဆုံးအကြိမ်လောက် အိုးတိုးအမ်းတမ်း မဖြစ်တော့ပါ။ နည်းနည်း မျက်နှာပူသွားတာကိုတော့ မသိဟန် ဆောင်ထားလိုက်ပါသည်။

"စကားကြီးခြောက်ခွန်းထဲမှာ ညက မိုးပြောတဲ့စကားမျိုးက မပြောသင့်တဲ့ အမျိုးအစားပဲ"

မိုးကရွှန်းလက်သော မျက်ဝန်းများဖြင့် ကြွေ့ရွရွ ကြည့်နေသည်။ သူ ဆက်ပြောလိုက်၏။

"ဟုတ်မှန်၏။ အကျိုးမရှိ၊ ကြားသူလဲ မနှစ်သက်သော စကား... ဆိုတာလေ"



www.burmeseclassic.com

www.burmeseclassic.com



မိုး မျက်ဝန်းများ လက်ခနဲ တောက်ပအောင်ပြုံးလေသည်။

"ဆိုလိုတာက ရှင်နှစ်သက်မယ့် စကားမျိုး ပြောရမယ်ပေါ့လေ"

"မဟုတ်ဘူး၊ အဲဒါလဲ မပြောသင့်တဲ့ စကားပဲ။ မဟုတ်မမှန် အကျိုးမရှိ၊ ကြားသူ နှစ်သက်သော စကား... ဆိုတာလဲ မပြောသင့်တဲ့စကားပဲဗျ"

ထိုအခါ မိုးက အသံထွက် ရယ်မော၏။ မိုးနှင့် သူ့အကြားမှ အာယာတများ လွင့်ပျောက်သွားသလို သူ ခံစားလိုက်ရသည်။ ရန်ကုန်မှ ထွက်လာသည့် အချိန်ကစ၍ ယခုအကြိမ် ပထမဦးဆုံး သူ စိတ်သက်သာရာရသွားပါသည်။

ကြာဇံကြော်များ ရောက်လာသောအခါ သူတို့နှစ်ယောက် တိတ်ဆိတ်စွာ စားကြသည်။ သူမ စားသောက်ပုံ ဟန်ပန်ကို ပထမဦးဆုံးအကြိမ် မြင်ဖူးသည်။ သူမသည် ဇွန်းခက်ရင်းကိုင်ရာတွင် အနေအထားတစ်မျိုး ဖြစ်နေသည်ဟု သူထင်၏။ သေသေချာ ကြည့်တော့မှ သူမခက်ရင်းကို မှောက်ခုံမကိုင်ဘဲ ပက်လက် ကိုင်ထားတာ တွေ့ရသည်။ သို့သော် ပြဿနာ မဟုတ်ပါ။ ဝက်ခေါက်ကင်ကို ခက်ရင်းဖြင့် ထိုးမယူဘဲ တူဖြင့် ကျွမ်းကျင်စွာ ကောက်ယူစားနိုင်တာ တွေ့ရသည်။ ထို့နောက် တူကို ဟင်းချိုပန်းကန်ပေါ် ဖျတ်ခနဲ တင်လိုက်၏။

"ကြည့်စမ်း၊ ကျွန်မ မေ့နေလိုက်တာ၊ ဦးမင်းထင် ဝက်သားမစားဘူးနဲ့ တူတယ်နော်၊ ကျွန်မ မမေးမိဘူး။ တစ်ခုခု ထပ်မှာရအောင်"

သူ အနည်းငယ် ရယ်ချင်သွားသည်။ ကြာဇံကြော်ထဲမှ ကြက်အသည်းဖတ်ကလေးများကို သူ ရွေးစားရင်း ပြုံး၏။





"မဟုတ်ဘူး၊ ကျွန်တော် အသားစုံ စားပါတယ်၊ ဘာမှ မလိုပါဘူး၊ နေပါစေ"

တော်တော် လူမှုရေးညံ့တဲ့ မိန်းမပါလား၊ အင်း...မေမေမျှားတွေ့လိုက်လို့ကတော့... ။ သူ မဆီမဆိုင် တွေးကာ ရှက်ပြုံးပြုံးလိုက်မိလေသည်။

"ဒါနဲ့ မခင်မိုးမြင့် မန္တလေး ဘယ်မှာနေတာလဲ ဟင်"

သူမ အနည်းငယ် တွန့်ဆုတ်သွား၏။

"ရှင်တွင်းတောင်ကို ရောက်လာကတည်းက အမေးသင့်ဆုံးမေးခွန်းတစ်ခုကို မမေးသေးဘဲနဲ့ မဆိုင်တွေချည်း ပြောနေတော့တာပဲနော်"

သူ မိုးကို ငေးကြည့်လိုက်သည်။

"အမေးသင့်ဆုံး မေးခွန်း... ဟုတ်လား"

"ဟုတ်တယ်၊ ရှင် ရောင်းခဲ့တဲ့ နိုက်တက်(က်)(စ်) အစရဲ့ အကျိုးသက်ရောက်မှု အခြေအနေကို ရှင်တခါမှ မမေးသေးဘူး"

သူ အနည်းငယ် ဒေါပွသွား၏။

ကျွန်တော်က ဒီသောက် နိုက်တက်(က်)(စ်) အစကို ဘာဖြစ်လို့ စိတ်ဝင်စားရမှာလဲ။ သို့သော် သူထိန်းချုပ်ကာ ပြုံးလိုက်ပါသည်။

"ဒီအစရဲ့ အကျိုးဖြစ်ထွန်းမှုကို ကျွန်တော် ယုံကြည်စိတ်ချပြီးသားပဲ။ ပြောစမ်းပါဦး၊ ရေညှိအထွက်နှုန်း ဘယ်လောက်တိုးလဲ"

"ရှင်ထင်တာနဲ့ ပြောင်းပြန်ဖြစ်နေတယ်"

"ဘယ်လို..."

"နိုက်တက်(က်)(စ်) အစရဲ့ ရေညှိစစ်ယူနှုန်းက ပိုလီအက်စ်တာစရဲ့ စစ်ယူနှုန်းနဲ့ ဘယ်လိုမှ မကွာဘူး၊ နောက်ပြီး၊ စိတ်မကောင်း



www.burmeseclassic.com

www.burmeseclassic.com



လဲမဖြစ်နဲ့ဦး။ အခုအခြေအနေအတိုင်းဆိုရင် ပိုလီအက်စ်တာစ ... ပိုပြီး ရေညှိ စစ်ယူနူန်းများနေတယ် ဦးမင်းထင်"

သူ မျက်နှာ နည်းနည်း ပူသွား၏။

"မဖြစ်နိုင်ဘူး"

"ဩော်... ဖြစ်နိုင်လို့ ဖြစ်နေပြီပဲရှင်၊ တစ်နေ့ တစ်နေ ... ဗွီဗိုင်ဗွီ (V/V) အမြဲ တွက်ချက်ပြီး မှတ်တမ်းတင်နေတာပါ။ ကျွန် ... တို့ နေ့စဉ် စမ်းသပ်ချက်တွေ မှားတယ်လို့ ရှင်က ပြောချင်တာလား"

"မဟုတ်ပါဘူး"

ဒါထက်ပို၍ သူပြောသင့်သည်။ သူအနည်းငယ် စဉ်းစား ... လိုက်၏။

"ကျွန်တော်တစ်ခုမရှင်းတာမေးပါရစေဦး၊ နိုက်တက်(က် ... (စ်) အစက ကျတဲ့ ရေညှိရေနဲ့ ပိုလီအက်စ်တာစ. ကရေညှိရေ ... ခင်ဗျားတို့ ခွဲခြားမထားဘူး မဟုတ်လား"

"ရေညှိရေတွေအားလုံး ဆန်ခါစောင်းတွေထဲကနေ ပျ ... ပြားမြောင်းတစ်လျှောက် အတူတူ သွားနေတာတော့ မှန်ပါတယ် ... ဒါပေမယ့် ပျဉ်ပြားမြောင်းပေါ် မရောက်ခင် အစအောက်ခြေမှာ ... ဇီကာခွက်နဲ့ ခံထားပြီး စမ်းသပ်ကြည့်နေတာပဲလေ"

သူ အစဉ်စားရ ကျပ်သွား၏။

"နိုက်တက်(က်)(စ်) အစ အကုန်လုံး စင်တစ်ဘက်ခြမ်းက ... ဆန်ခါစောင်းတွေပေါ်မှာ တစ်ညီတည်း ခင်းပြီး ဟိုဘက်ခြမ်းက ရေ ... ညှိစစ်နူန်းနဲ့ ယှဉ်တွက်ကြည့်ရင်ကော"

"အိုး... ဆယ်မီတာကို ဆန်ခါစောင်း ဆယ်ခုစာ ဘယ် ... လုပ်ခင်းလို့ရပါ့မလဲရှင့်၊ ဆန်ခါစောင်းတစ်ခုကို နိုက်တက်(က်)(စ်) ... အစသုံးကိုက် သုံးရတာကိုး စင် တစ်စင်မှာ နိုက်တက်(က်)(စ်)အ ...





ခင်းတဲ့ ဆန်ခါစောင်း တစ်ခုပဲရှိတယ်။ အပိုအဖြစ် အစ လေးမီတာ ချန်ထားသေးတယ်။ ဩော်... နောက်ပြီး ပိုပြီးဝမ်းနည်းစရာကောင်းတာက အစတစ်ခုဆိုရင် တစ်ထွာကျော်ကျော်လောက် ကွဲနေပြီ။ ပိုလီအက်စ်တာလောက် ရှင်တို့ အစက အကြမ်းမခံတာလဲ အမှန်ပဲ"

"ဟော့ဗျာ"

သူ ဘာစကားမှ မပြောနိုင်အောင် ဖြစ်သွား၏။

"တစ်ခုတော့ ရှိတယ်ဗျ။ နိုက်တက်(က်)(စ်) အစက အသစ် မဟုတ်လား။ ပိုလီအက်စ်တာစက အဟောင်းဆိုတော့ သူ့အပေါ်မှာ ရေညှိ အထပ်ထပ် တင်ပြီးသား ပိတ်ဆီးနေပြီပေါ့ဗျာ။ ချည်အကွက်ကြားထဲကနေ ရေညှိထွက်ကျနူန်းက..."

"ကျွန်မတို့ ဒီရေစစ်စတွေကို သုံးပြီးတိုင်း လျှော်ပစ်မှာ မဟုတ်ဘူးလို့ ရှင်ထင်နေတယ်မဟုတ်လား။ ရေစစ်အား ပိုကောင်းအောင် နောက်ပြီး သန့်ရှင်းစင်ကြယ်အောင် ကျွန်မတို့ အမြဲလျှော်နေကြပါ။ ဘာ ဟာကွက်မှ မရှိဘူး ဦးမင်းထင်"

"ဒါပေမယ့် ဒီအစကိုက စပီရှုလိုင်းနား စစ်ယူဖို့ ထုတ်လုပ်ထားတဲ့အစပဲ မိုး"

"သူ့ဟာသူ ဘာအတွက် ထုတ်ထုတ်၊ ကျွန်မတို့ စခန်းအတွက်တော့ ထင်သလောက် အကျိုးမရှိသေးဘူး၊ ဒါပေမယ့် တရားဝင်တော့ မသတ်မှတ်ရသေးပါဘူး၊ ဆရာ ဦးမင်းသိန်းကတော့ နည်းနည်းထပ်စောင့်ကြည့်ဦးမယ်လို့ ပြောတယ်။ ဒီသတင်းကြားရရင် စက်မှု (၁) ဘဏ္ဍာရေးမှူးတော့ နည်းနည်း အသက်ရှုချောင်သွားမှာ အမှန်ပဲ၊ ရှင်စဉ်းစားကြည့်လေ၊ ရေစစ်စင်တစ်ခုမှာ ဟိုဘက်သည်ဘက် ဆန်ခါစောင်း အခုနှစ်ဆယ်ရှိတယ်။ ရေစစ်စင် နှစ်ခုဆိုတော့ အားလုံး လေးဆယ်။ ဆန်ခါစောင်းတစ်ခုမှာ သုံးရတဲ့ရေစစ်အစက သုံးမီတာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်။ ဆန်ခါစောင်း လေးဆယ်အတွက် မီတာ တစ်ရာ့နှစ်ဆယ်၊ မြန်မာ့ငွေ ရှစ်သိန်းခွဲ၊ အစတစ်ခုကို စင်တစ်ခုမှာ ဘယ်နှစ်လ ကြာကြာသုံးနိုင်သလဲဆိုတာလဲ တွက်ကြည့်ပါဦး"

သူလက်မြှောက်ပြကာ ပြုံးနေလိုက်ပါသည်။

သူမ၏ လုပ်ငန်းကျွမ်းကျင်မှု၊ ပြတ်သားမှု၊ စည်းစနစ်ကျမှု တို့ကို သူအစောကြီးကတည်းက သတိပြုမိပါသည်။

"ခင်ဗျားဟာ ယောကျ်ားတစ်ယောက်ဖြစ်ဖို့ကောင်းတယ် မိုး..."

သူ့ချီးကျူးစကားသည် သူမကို စော်ကားလိုက်သလို ဖြစ်သွားမှန်း သူအချိန်လွန်စွာ သိလိုက်ရ၏။ သူမ မျက်နှာရဲခနဲနီသွားတာကိုမြင်မှ သူနောင်တရသွားသည်။

"ရှင်ဆိုလိုတာက ကျွန်မသာ မိန်းမ မဖြစ်ဘဲ ယောကျ်ား ဖြစ်ရင် ကျွန်မဟာ အခုထက်ပိုပြီး အသုံးကျမယ် အဲဒီလိုလား"

"ဟာ... မဟုတ်ပါဘူး၊ ကျွန်တော် ဆိုလိုတာက ဒီလိုလေ၊ ယောကျ်ားတွေမှာ ရှိတဲ့ စွမ်းရည်သတ္တိမျိုး ခင်ဗျားမှာ ရှိတယ်၊ ဒါပေမယ့် မိန်းမသားဆိုတော့ ယောကျ်ားတွေနဲ့ ဘယ်လောက်ပဲ ရင်ပေါင်တန်းနိုင်သည်ဖြစ်စေ အနည်းနဲ့ အများ ခွန်အား ကွာခြားမှု..."

"ရှင် ဘယ်လို လှည့်ပတ်ပြောပြော အဓိက ဆိုလိုရင်းကတော့ တစ်ခုတည်းပါပဲ"

သူမ၏ မျက်ဝန်းများမှာ နာကြည်းရိပ်ကို မြင်ရသည်။

"ကျွန်မ ယောကျ်ားဖြစ်ရင် စခန်းအတွက်ရော မြန်မာနိုင်ငံအတွက်ရော ပိုပြီး အသုံးကျမယ်၊ ရှင် ပြောချင်တာ ဒါပဲ။ အဲဒီစကားမျိုးကို ကျွန်မရဲ့ဆရာတွေလဲ ခဏခဏ ပြောနေကျပဲ၊ ခင်မိုးမြင့် မိန်းကလေး မဟုတ်ရင် သိပ်ကောင်းမှာပဲ တဲ့"





"ဒါပေမယ့် ခင်ဗျားအဲလို စွမ်းရည်ရှိတဲ့ မိန်းကလေးဖြစ်နေတာကို သဘောကျတဲ့လူရှိနေမှာပါဗျာ။ အနည်းဆုံး တစ်ယောက်တော့ရှိမယ်ဗျာ"

သူမ ဟက်ခနဲ ရယ်ချလိုက်သဖြင့် သူ အံ့သြသွား၏။

"ဘာလဲ အဲဒီလူက ဦးမင်းထင်ပဲလား"

ပွင့်လင်းလှသော သူမမေးခွန်းကြောင့် သူ အိုးတိုးအမ်းတမ်း ဖြစ်ကာ ခေါင်းကိုသာ ညိတ်ပြလိုက်မိလေသည်။

"ကျွန်မရဲ့အဘွားက ကျွန်မကို ခဏခဏ ဆူတယ်။ ညည်းကိုညည်း ယောကျ်ားကလေး အောက်မေ့နေသလားတဲ့။ မိန်းမ တစ်ယောက်ရှိရမယ့် အရည်အချင်းတွေမရှိဘဲ ယောကျ်ားတစ်ယောက်ရဲ့ အရည်အချင်းတွေရှိနေတယ်လို့ ဘွားဘွားက ပြောနေကျပဲ၊ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ ကိုယ့်ပတ်ဝန်းကျင်မှာ ကိုယ်ဟာ အလိုအပ်ဆုံး လူသားဖြစ်အောင် ကြိုးစားခွင့်တော့ ရှိတယ်လေ၊ ကျွန်မ ပြောတာ သဘောတူလား ဦးမင်းထင်"

"ခင်ဗျာ... ဟုတ်ကဲ့"

သူ တအံ့တသြ ငေးမောနေရာမှ ကမန်းကတန်း ခေါင်းညိတ်လိုက်သည်။

"ကျွန်မဟာ ကျွန်မ မိသားစုထဲမှာ ငယ်ငယ်ကလေးတည်းက တန်ဖိုး အရှိဆုံးဖြစ်အောင် နေခဲ့တယ်။ ကိုယ်ကျင့်တရားနဲ့ ပတ်သက်လို့ ကျောင်းမှာ၊ ကောလိပ်မှာ၊ အတန်းထဲမှာ ကျွန်မဟာ တန်ဖိုး အရှိဆုံး ဖြစ်ရမယ်လို့ ဆုံးဖြတ်ချက်ချခဲ့တယ်။ အဲဒီတန်ဖိုးက ယောကျ်ားတွေအတွက် တန်ဖိုးမဟုတ်ဘူးနော်၊ ယောကျ်ား မိန်းမ အားလုံးအတွက်..."



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်ဝန်းထဲမှာ မာနရိပ်များဖြင့် တောက်ပလျက်ရှိ
သည်။

"ဟုတ်ကဲ့၊ ကျွန်တော် နားလည်ပါတယ် မိုး"

"အလုပ်ထဲ ဝင်တဲ့အခါ အလုပ်စခန်း တစ်ခုလုံးမှာ ကျွန်မ
ဟာမရှိရင်မဖြစ်အောင် တန်ဖိုးရှိဖို့ အမြဲကြိုးစားထိန်းသိမ်းခဲ့တာပဲ
မန္တလေးမှာ ကျွန်မကိုယ်ပိုင် အလုပ်တွေရှိတယ်။ အဘွားနဲ့ စိတ်ချ
လက်ချလွှဲထားရတယ်၊ အဲဒီအလုပ်မှာလဲ လူအားလုံးအတွက် ကျွန်မ
မရှိရင် မဖြစ်လောက်အောင် လိုအပ်နေဖို့ ကျွန်မကြိုးစားခဲ့တာပဲ
ကျွန်မ သတ်မှတ်ထားတဲ့ လူ့တန်ဖိုးဆိုတာ အဲဒါပဲ ဦးမင်းထင်၊ မြန်မာ
နိုင်ငံမှာ ကျွန်မကို လိုအပ်ဖို့ ဆိုတာတော့ ဝေးလွန်းပါတယ်၊ ဒါပေမယ့်
ဒီအုပ်စု ကွက်ကွက်ကလေးတွေ အတွက်တော့ ကျွန်မဟာ အမြဲတမ်း
အဆင်ရှယ်လ် ဖြစ်နေရမယ်၊ ခင်မိုးမြင့်ဟာ မိန်းမတစ်ယောက်ဆို
တာကို မေ့သွားရတဲ့အထိ လိုအပ်နေစေရမယ်။ အဲဒီစိတ်ကူးမျိုးကို
မှားတယ်လို့ ရှင်ပြောမလား"

"ဟာ... မပြောပါဘူး မိုး"

သူ ရည်မှန်းချက် ကြီးမားသော အလိုဆန္ဒ ကြီးမားသော
အတ္တ ကြီးမားသော အမျိုးသမီးကလေးကို ငေးမောကြည့်နေမိသည်။
ငယ်ရွယ်သူများအတွက် မရှိမဖြစ်လိုအပ်သော စိတ်ဓါတ်မျိုးဖြစ်
သည်။ လောကီဆိုင်ရာ လူ့တန်ဖိုးနှင့်ပတ်သက်၍ စိတ်ပျက်နာကြည်း
ဖွယ်ရာ ဖြစ်ရပ်များကို မကြုံဘူးသေးသူတစ်ယောက်၏ မာနမျိုးဖြစ်
သည်။ ဗုဒ္ဓ၏ တရားတော်ကို ခွဲခြမ်းစိတ်ဖြာ မကြည့်ဘူးသေးသူ
တရားတော်နှင့်အညီ ဖြစ်ပျက်နေသော လူ့လောကဖြစ်ရပ်များကို
မကြုံဘူးသေးသူတစ်ယောက်၏ မာန်မာနမျိုးဖြစ်သည်။ ဤ လူ့လော





ကတွင် မရှိမဖြစ် လိုအပ်သော 'Essential' ဟူသည့် လူစားမျိုး
မရှိကြောင်း သူမတစ်ချိန်ချိန်မှာတော့ သိသွားပါလိမ့်မည်။

သူ သက်ပြင်း တစ်ချက် ရှိုက်လိုက်၏။

"ကျွန်တော် ခင်ဗျားကို ချီးကျူးပါတယ်။ နောက်ပြီး၊ ခင်ဗျား
မ်းသာစရာ ဂုဏ်ယူစရာ တစ်ခုပြောရဦးမယ်"

သူမက စားပြီးသွားသော ပန်းကန်ကို ရှေ့သို့ တွန်းပို့၍
မျက်ခုံး ပင့်ကြည့်၏။

"ခင်ဗျားကို မရှိမဖြစ် လိုအပ်နေတဲ့ နေရာတစ်ခုလဲရှိနေပါ
သေးတယ်၊ အဲဒါ ခင်ဗျားမသိလို့ပါ"

သူမ မျက်လုံးဝိုင်းစက်ကာ သူ့ကို ငေးကြည့်ရာမှာ မျက်လွှာ
ချပစ်လိုက်လေသည်။ ဘယ်နေရာမှာလဲဟု သူမ မမေးပါ။ သူမ
မေးသောကြောင့် သူကလည်း မပြောဖြစ်တော့ပါ။ ဘယ်နေရာမှာ
လဲဆိုတာ သူမ မုချသိနေလိမ့်မည်ဟု သူယုံကြည်ပါသည်။

"ကျွန်မတို့ ကားပေါ် ပြန်သွားကြရအောင်"

ဗြုန်းခနဲ သူမထိုင်ရာမှ ထရပ်လိုက်၏။

"စောစောက ခင်ဗျား ဘယ်မှာနေတာလဲလို့ ကျွန်တော်
မေးလိုက်တယ်၊ ခင်ဗျားမဖြေသေးဘူး"

"ကျွန်မရဲ့ နေရပ်လိပ်စာတွေ ကျွန်မလုပ်ငန်းတွေ ရှင်သိ
ပြီးသားလို့ ကျွန်မ ထင်နေတာ"

ဆန်းပြားသော သူမစကားကြောင့် သူ မျက်မှောင်ကြုတ်
ခ်လိုက်မိသည်။

"ခင်ဗျားအကြောင်း ဘယ်သူ့ကို မေးကြည့်လို့ ကျွန်တော်သိ
နိုင်ရမှာတုံး"

"မသိနိုင်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



သူ မကျေမနပ်ဖြစ်သွား၏။

ဘာလဲဟ၊ ဘာအဓိပ္ပါယ်တွေလဲ၊ သူ သိပ် စိတ်မရှည်တော့ပါ။

"ကဲ... ဒီလောက်တောင် မပြောချင်ရင်လဲနေဗျာ"

သူ ရှေ့မှ ခပ်သွက်သွက် ဖြတ်ကျော် လျှောက်သွားလိုက်၏။ သူမ ပြုံးရယ်လိုက်တာ သူ တစ်စွန်းတစ်စ မြင်ရသည်။ ဘာလဲ ငါက သူ့အတွက် ဟာသတစ်ခု ဖြစ်သွားပြန်ပြီလား။

"စိတ်ဆတ်တယ်ဆိုတာ မကောင်းဘူးဦးမင်းထင်"

သူမ၏ မှတ်ချက်ကြောင့် သူ့မျက်နှာ နွေးခနဲ ဖြစ်သွား၏။

သွေးအေးလွန်းတာလဲ မကောင်းဘူးဗျ။

ထိုစကားကို သူမပြောဘဲ မျိုသိပ်ထားလိုက်ပါသည်။



## အခန်း (၁၁)

သူမ အချိန် အလွန် တိကျပါသည်။

ည ၇ နာရီတိတိတွင် မန္တလေးဟိုတယ် အောက်ထပ်ဧည့်ခန်းဆောင်သို့ သူဆင်း၍ ထိုင်နေလိုက်သည်။ ၇ နာရီနှင့် ၃ မိနစ်တွင် သူမ ရောက်လာ၏။

သူမကို မြင်လိုက်တော့ သူ အံ့အားသင့်ကာ တစ်ခဏမျှ ငြိမ်သက်စွာ ငေးမော မိသွား၏။

ဘုရားရေ၊ သိပ်လှတဲ့ မိန်းမပါလား။

သူ့ရှိရာ ဧည့်ခန်းဆောင်ဆီသို့ တစ်လှမ်းချင်း လျှောက်လာနေသော သူမသည် ဂုဏ်သရေရှိ မိန်းမလှတစ်ဦး ဖြစ်သည်။ ခါတိုင်း မြင်နေကျ ရှပ်အင်္ကျီ လက်ရှည် ဒီဇိုင်းမျိုး မဟုတ်ပါ။ ကြက်သွေးရောင် တောက်ပသော ဘလောက်စ် အင်္ကျီမှာ ကိုယ်နှင့် တိုင်းပြီး ချုပ်ထားသည့် ပုံစံဖြစ်သည်။ ကော်လာ မပါဘဲ လည်ပင်းသားကို ဖော်ထားသော ပုံစံ ဖြစ်၍ ကြော့ရှင်း ခိုင်မတ်သော လည်တိုင်မှာဖြူဝင်းလှပနေ



www.burmeseclassic.com

www.burmeseclassic.com



၏။ ခါးဆီတွင် အနည်းငယ် သိမ်၍ ချုပ်ထားသော အင်္ကျီ၏ အောက်တွင် သူမ၏ ကိုယ်ခန္ဓာမှာ နွဲ့နှောင်းစွာ အဆင်ပြေလျက် ရှိသည်။ ထဘီက အနက်ခံပေါ်တွင် ကြက်သွေးရောင် ဆန္ဒဝင်းမကင်း ကွက် သေးသေး ကလေးများ ဖော်ထားသော ပျော့ပျောင်းသည့် အစ ဖြစ်သည်။ သူမ ခြေတစ်လှမ်း လှမ်းလိုက်တိုင်း ပျော့ပျောင်းသော ထဘီစသည် ခြေသလုံး ၏ လှပမှုကို တွန်းအားပေးလျက် ရှိလေ့သည်။ သူမ၏ လက်တွင် အဖြူရောင် အပေါ်ဝတ် အင်္ကျီ တစ်ထည်ကို ခေါက်လျက် တင်ထားသည်။

သူ အံ့ဩလွန်းသဖြင့် ဗြုန်းခနဲ ထိုင်ရာမှ ထရပ်လိုက်မိသည်၊

"အဆင်သင့်ပဲလား ဦးမင်းထင်"

"ဟုတ်ကဲ့"

သူမ လည်တိုင်တွင် ရွှေကြိုး မျှင်မျှင်ကလေးကို သုံးခုဆင့်၍ ဆွဲထားသည်။ အင်္ကျီက တံတောင်ဆစ်အောက် နည်းနည်းသာ ဖုံးသဖြင့် ဖြူဝင်းသော လက်ဖျံများကို ပထမဦးဆုံးအကြိမ် ရင်ခုန်စွာ မြင်တွေ့နေရသည်။

"ရှင် သဘောကျတဲ့ စားသောက်ဆိုင် တစ်ခုခုများ ရှိနေသလား"

"ဟာ...မရှိပါဘူး၊ ကျွန်တော် မန္တလေးနဲ့ နည်းနည်းစိမ်းပါတယ်"

"ဒါဖြင့် ကျွန်မတို့ ထောယဉ်ပဲ သွားရအောင်နော်"

ကားရပ်ရာ နေရာဆီသို့ တစ်လှမ်းချင်း ဦးဆောင်၍ လျှောက်သွားသော မိုး၏ နောက်မှ သူ လိုက်သွားသည်။ သူမ လက်ထဲတွင် တန်းလန်းကလေး ဆွဲထားသော သော့တွဲလေးကိုမြင်မှ မိုးမှာ





ားပါလာပုံ ရသည်ဟု သူတွေးလိုက်မိသည်။ မိုး၏ ကားမှာ ိုသွားသော၊ အကြမ်းခံသော လဲင်း(ဒ်)ရိုဗာ ရေညှိစိမ်းရောင် ဖြစ် ည်။ သူမနှင့် လိုက်ဖက်ပါသည်။

"ဒီလို ကားမျိုး ကျွန်မ မောင်းနေတာ ကိုးလိုးကန့်လန့် ဖြစ်နေသလား"

"ဟာ... မဖြစ်ပါဘူး မိုး၊ ကြည့်ကောင်းပါတယ်"

သူမသည် လက်ကိုင်ဘီးကို သက်သက်သာသာ ထိန်းကိုင် င်းက မပွင့်တပွင့် ပြုံးလိုက်လေသည်။ သူမထံမှ သင်းမွှေးသော နံ့ တစ်ခု မွှေးနေသည်။ ထိုရနံ့သည် သူ့ကို အိပ်မက်တစ်ခု ကဲ့သို့ တားမှုမျိုး ဖြစ်ပေါ်အောင် ဖန်တီးလျက်ရှိသည်။

"ဦးမင်းထင်ကို အိမ်မှာ ထမင်း မကျွေးတာကို ဘယ်လိုမှ သဘောမထားနဲ့နော်၊ ကျွန်မက မီးဖိုချောင် မနိုင်နင်းဘူး။ အဘွားကို ဲ ဒုက္ခမပေးချင်ဘူး"

"ကိစ္စမရှိပါဘူး"

သည်လိုဆိုပြန်တော့ မိုးက လူမှုရေး သိတတ်နေပြန်ရော။

"မိုးရဲ့ မိဘတွေရော"

သူမ မျက်ဝန်းများ အနည်းငယ် စူးရှသွား၏။

"ရှင် တော်တော် စပ်စုတယ်"

ဟာ...။ သူ နောင်တ ရသွားကာ တစ်ဘက်သို့ မျက်နှာ ွဲလိုက်၏။ မြို့တော်ခန်းမ နာရီစင်ကြီးကို အဓိပ္ပာယ်မရှိ ငေးနေ ိုက်လေသည်။

ထောယဉ်သည် သူ တစ်ခါမျှမရောက်ဘူးသော စား သောက်ဆိုင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့က နှစ်ယောက်တည်းဆိုတော့ အခန်းထဲ သွား စားဖို့မကောင်းဘူး ဦးမင်းထင်၊ ဒါပေမယ့် အပေါ်ထပ်မှာ အေးအေး ဆေးဆေးထိုင်လို့ကောင်းတဲ့ နေရာ ရှိတယ်၊ လူမြင်ကွင်းပဲ၊ ဝရန်တာ လေ၊ လူမရှိသေးရင် အဲဒီမှာ စားကြတာပေါ့"

ကံကောင်း ထောက်မစွာ ဝရန်တာတွင် စားပွဲတစ်ဝိုင်း နေရာလွတ်ကျန်နေသေးပါသည်။ အနည်းငယ်အေးစိမ့်သော လေထုအောက်မှာ သူ နည်းနည်းချမ်းသလို ဖြစ်လာသည်။ သူ ရှပ်အင်္ကျီ လက်ကို တံတောင်ဆစ်အထိ တင်ထားရာမှ ဖြေချ လက်ကြယ်သီး တပ်လိုက်၏။

"ကဲ... ဦးမင်းထင်၊ အရက်က လွဲလို့ ကြိုက်တာမှာ"

ကျွန်တော် အကြိုက်ဆုံးက အရက်ပဲ ဟု ပြောပစ်လိုက် စဉ်းစားသေး၏။ သို့သော် ဤနေရာသည် ရန်ဖြစ်ရန် နေရာ မဟုတ် ပါ။ သူ အမြင်ကတ်ကတ်ဖြင့် ဟင်းကို စုံနေအောင် မှာပစ်လိုက် မည်ဟု ကျိတ်၍ တွေးလိုက်သည်။ သူမ၏ လက်ကောက်ဝတ် မိန်းမပတ် ရွှေရောင် ရိုးလက်(စ်) နာရီသေးသေးကလေးနှင့် လည်တိုင် မှ သုံးဆင့် ဆွဲထားသော ဆွဲကြိုးကိုထောက်ထား၍ ဂဏန်းလက် ကြော်၊ ငါးရှဉ့်ခြောက်ကြော်၊ ကြက်သွန်ဖြူ အပွကြော်တို့ကို စ ကလင်နှင့် တွဲ၍ ပဏာမ မှာလိုက်၏။ သူမ ဘာမှ ထင်မြင်ချက် မပေးပါ။နာရီကိုသာ တစ်ချက် ငုံ့ကြည့်၏။ သူအနည်းငယ် ဒေါသ ထွက်သွားပြန်သည်။

"မခင်မိုးမြင့် တခြား ချိန်းထားတာ ရှိနေသလား"

သူမ နှုတ်ခမ်း တင်းခနဲ စေ့သွားတာကို မြင်ရ၍ သူပျော် သွားသည်

"ဒီလို ညအချိန်မှာ ကျွန်မက ဘယ်သူနဲ့ချိန်းရမှာတုံး"





"မသိဘူးလေ၊ ဒါဖြင့် ကျွန်တော့်ကို ခင်ဗျား ဘယ်လောက် အချိန်ပေးနိုင်သလဲ"

"ည ရှစ်နာရီခွဲ အထိ"

"ကောင်းပြီ"

ထိုရရှိသမျှအချိန်ကို အကျိုးရှိရှိ အသုံးချမည်။

"မနက်ဖြန်မှာ ကျွန်တော် မခင်မိုးမြင့်နဲ့ တွေ့နိုင်ဦးမ လားဟင်"

"မတွေ့နိုင်ဘူး"

ဟာ ပြတ်သားလှချည်လား။

"မနက်ဖြန်မှာ ကျွန်မ ဒရိုက်ဘာနဲ့ ရှင့်အတွက် လက် ဆောင်ပစ္စည်းတွေ ဟိုတယ်ကို ပေးခိုင်းလိုက်ပါ့မယ်"

"ဩော်..."

ဒီလို ပို့ပေးရင် ကျွန်တော့် ကျေးဇူးတွေ ကုန်ပြီပေါ့နော်။ သူ မချင့်မရဲ ငေးမောနေမိသည်။

"ဘာတွေများ ပေးဖို့ စီစဉ်ထားသလဲဗျ"

"သာမန် ယောကျ်ား တစ်ယောက် လိုအပ်မယ့် ပစ္စည်း တွေပေါ့"

ဟ ချွတ်လှချည်လား။ ငါ့ကို သာမန် ယောကျ်ားလို့ပြော လိုက်တာပေါ့လေ။

သူ မချိပြုံး ပြုံးလျက် ခေါင်းတစ်ချက် ညိတ်လိုက်၏။

"ခင်ဗျား ပေးမယ့် ပစ္စည်းတွေက ကျွန်တော့်အတွက် ခင်ဗျား လိပ်စာ သိရဖို့လောက် မလိုအပ်ပါဘူး"

သူမ စိတ်ပျက်လက်ပျက် သက်ပြင်းရှိုက်လိုက်တာကို အသေအချာ သိလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာဖြစ်လို့ ဒီလောက်တောင် ကျွန်မ အိမ်ကို စိတ်ဝင်စားနေရတာလဲ"

"ခင်ဗျားကရော ဘာဖြစ်လို့ ဒီလောက်လျှို့ဝှက်နေရတာလဲ။ ကျွန်တော် မသိစေချင်တဲ့၊ မလှပတဲ့ လျှို့ဝှက်ချက်တစ်ခုခု ရှိနေလို့လား"

သူမဒေါသပွသွားတာ ကြည့်၍ သူ ပျော်ရွှင်သွား၏။

"ဘာလျှို့ဝှက်ချက်မှ မရှိဘူး၊ မပြောချင်တာ တစ်ခုပါပဲ။ ကျွန်မ မပြောချင်တာ တစ်ခုကို ဖွတ်မေးတာဟာ ကျွန်မကို စော်ကားတာပဲ"

"ခင်ဗျား လုပ်ပုံက စပိုင်ဝတ္ထုတွေလို ဖြစ်နေပြီ၊ ကံဆိုးချင်တော့ ခင်ဗျားရဲ့ ကားနံပါတ်ကို ကျွန်တော် အလွတ်ရသွားပြီဗျ။ ဘယ့်နှယ့်လုပ်မလဲ၊ ကဲ..."

"လဲသေလိုက်ပေါ့"

သူ တဟားဟား အော်ရယ်လိုက်သောအခါ သူမ မျက်လုံးပြူးသွားလေသည်။

"ရှူး... တိုးတိုး၊ တခြားလူတွေ ကျွန်မတို့ကို ဂရုမစိုက်စိုက်အောင် ရှင် လုပ်နေတာပဲ"

ဖြစ်ရပြန်ပြီ။

ခါတိုင်းနှင့်မတူဘဲ အနည်းငယ် ပြင်ဆင်ခြယ်သထားသော မျက်နှာ တည်တည်ကလေးကို သူ ငေးစိုက် ကြည့်မိ၏။ သူမ၏ ပါးမို့မို့များ ပန်းသွေးရောင် လျှမ်းနေသည်မှာ မိတ်ကပ်ကြောင့် ဖြစ်နိုင်ပါသည်။ နှုတ်ခမ်းသည် ကြက်သွေးရောင် တောက်ကာ စိုလက်နေ၏။ ပါးလျားလွန်းသောကြောင့် ကြက်သွေးရောင် မျဉ်းကွေးကလေးနှင့် တူနေ၏။ ခင်ဗျား ဘယ်လောက်ပဲ ရိုင်းစိုင်းပါစေ၊





ကျွန်တော်ကတော့ ခင်ဗျားအပေါ် နည်းနည်းမှ လက်မလျှော့နိုင်ဘူးဗျာ။

ဖျော့ဝင်းသော လည်တိုင်ကလေးမှ တလှုပ်လှုပ် ခုန်နေသော သွေးကြောကလေးကြောင့် သွေးကြောပေါ်မှာ တင်နေသော ဆွဲကြိုးမျှင်ကလေး တစ်စ ကပါ လိုက်၍ ခုန်နေသည်။ ထိုသွေးခုန်နှုန်းကို သူဂရုတစိုက် ရေတွက်ကြည့်၏။ သူထင်သလို သူမ သွေးခုန်နှုန်း မမြန်ဆန်ပါ။ သာမန်အတိုင်း နွေးထွေးလျက် ရှိနေပါသည်။

ခင်ဗျားကို ရင်ခုန်အောင် ကျွန်တော်က မတတ်နိုင်သေးဘူးပေါ့နော်။

သူ အကြော်များကို အချဉ်ရည်ဖြင့် တို့ရင်း ငြိမ်သက်စွာ စားနေလိုက်ပါသည်။

မှာထားသော ဟင်းများ တစ်ခုပြီးတစ်ခု ရောက်လာ၏။ သူတို့နှစ်ယောက် စား၍ မကုန်နိုင်အောင် ဟင်းများကများပြားနေသည်။ သူမ ဘာမျှ မပြောဘဲ ငြိမ်သက်စွာ ထမင်းစ စားသည်။

"ဪ... မိုး"

သူမ မော့ကြည့်၏။

"ကျွန်တော့်ကို ဘာလက်ဆောင်ပစ္စည်းမှ မပေးပါနဲ့နော်၊ ကျွန်တော် အတည်ပြောနေတာပါ။ ကျွန်တော် မိုးဆီက လက်ဆောင်ပစ္စည်းကိုမျှော်ကိုးပြီး လက်ဆောင်ပေးခဲ့တာ မဟုတ်ပါဘူး၊ ဒီလောက်ဆိုရင် ကျွန်တော့် ကျေးဇူးတွေ ကုန်သွားပါပြီ"

သူမ လက်ထဲက ဇွန်းခက်ရင်းကို ခပ်ဆတ်ဆတ် လွှတ်ချလိုက်၏။

"ရှင့်ကျေးဇူး ကုန် မကုန်ကို ကျွန်မဘာသာ တန်ဖိုး ဖြတ်ပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



အင်း… တော်တော် ကျေးဇူးတင်တတ်မယ့် မိန်းမမျိုးပဲ။

"နောက်ပြီး ရှင် နားလည်မှု လွဲနေတာ တစ်ခု ရှိတယ်။ ရှင့်ရဲ့ကျေးဇူးတွေ ကျွန်မ အပေါ် မှာ ရှိနေတယ်ဆိုတဲ့ နေရာမှာ ဓာတ်ခွဲခန်း ပစ္စည်းတွေ၊ ဘတ်(ဂ်)ကီလာတွေ ပို့ပေးတဲ့ ကျေးဇူးကို ပြောတာ မဟုတ်ဘူး။ ကျွန်မအတွက် ကျွန်မလိုချင်တဲ့ စာအုပ်တွေကို ထိုင်းနိုင်ငံကနေမှာပေးတဲ့ကျေးဇူးကိုပြောတာ၊ ဟိုပစ္စည်းတွေအတွက် ကျွန်မ ရှင့်ကို လုံးဝ ကျေးဇူးမတင်ဘူး၊ သိရဲ့လား"

ဟောဗျာ။ သူ စားလက်စ ထမင်းကို ဝါးဖို့ လုံးဝ မေ့ကာ ခပ်ကြောင်ကြောင် ငေးကြည့်နေမိသည်။ ဘယ်လို မိန်းမလဲဗျာ။ သူ စကားကို အတတ်နိုင်ဆုံး ပြေပြစ်အောင် ကြိုးစားစီစဉ်လိုက်ရ၏။

"ဒါပေမယ့် ကျွန်တော့်ကိုတော့ ကျေးဇူးတင်ပါတယ် ဆိုတဲ့ စာတစ်စောင် ရေးပေးသားပဲ။ ခင်ဗျား ဒါကို ကျေးဇူးတင်တဲ့ အနေနဲ့ ရေးပေးတာ မဟုတ်ဘူးလား"

ယနေ့အဖို့ ပထမဆုံးအကြိမ် သူမ အားရပါးရ ပြုံးလေသည်။ သူမထံတွင် တွေ့ရခဲသော ညစ်ကျယ်ကျယ် အပြုံးမျိုးဖြစ်၏။ သူမ အပြုံးကြောင့် သူစိတ်မသက်မသာ ဖြစ်သွားသည်။

"လက်စသတ်တော့ ရှင် အထင်မှားနေတာကိုး။ အဲဒီ ကျေးဇူးတင်ကြောင်း စာလွှာက ကျွန်မ ရေးတာ မဟုတ်ဘူးရှင့်၊ မာမီ ရေးတာ၊ မာမီ့ လက်ရေး"

သေလိုက်စမ်းပါကွာ။

သူ မျက်နှာ ပူရှိန်းကာ ရှက်ရွံ့ ဆွံ့အ, သွားလေသည်။

ထို့နောက် စကားဝိုင်းသည် အတန်ကြာအောင် တိတ်ဆိတ် ငြိမ်သက်သွား၏။ သူ့ ပါးစပ်ထဲမှာ တစ်ခုခုကို အဆက်မပြတ် ဝါးနေရသော်လည်း ဘာဟင်းမှန်းမသိ၊ ဘာအရသာမှန်းလည်း





သိတော့ပေ။ တဖြည်းဖြည်း အေးစိမ့်လှသော နိုဝင်ဘာ ၃၀ ရက်နေ့ ည၏ အအေးဓာတ် အောက်တွင်ပင် သူ ချွေးပြန်လာ၏။

မိန်းမ တစ်ယောက်ကို ဒီလောက်အထိ ရှုံးနိမ့်ရလိမ့်မည်ဟု ဘယ်တုန်းကမှ မထင်ခဲ့ဘူးပါ။

"နောက်ပြီး ပြောလက်စနဲ့ တစ်ခါတည်း ပြောလိုက်ပါရစေဦး၊ ရှင့်အတွက် သက်သာရာရမယ့် စကားမျိုးတော့ မဟုတ်ဘူး၊ ဒါပေမယ့် ပြောမှကို ဖြစ်မှာမို့ပါ"

အေးစက်စက် စကားသံကြောင့် သူ ကြိုးစား၍ မော့ကြည့်လိုက်သည်။

"နောက်ကို ကျွန်မဆီ ဘာလက်ဆောင်မှ ပေးဖို့စိတ်မကူးပါနဲ့ နော်၊ ဒီလို ချဉ်းကပ်မှုမျိုးနဲ့ တခြားမိန်းမ တစ်ယောက်ယောက်ကို ဆွဲဆောင်နိုင်ကောင်း ဆွဲဆောင်နိုင်လိမ့်မယ်၊ ကျွန်မက အဲဒီ မိန်းမမျိုး မဟုတ်ဘူး"

ယောကျ်ား တစ်ယောက်ကို စော်ကားရာတွင် အပြောင်မြောက်ဆုံး စကား ဖြစ်သည်။ သူ မျက်နှာ ရှိန်းကနဲ ပူထူ သွားပြန်၏။

"ခင်ဗျားကို ဆွဲဆောင်ဖို့ ဆိုတဲ့ မသမာတဲ့ စိတ်ကူးမျိုးနဲ့ ကျွန်တော်အဲဒီ ပစ္စည်းတွေ ပေးခဲ့တာ မဟုတ်ဘူးဗျ၊ ခင်ဗျားလိုအပ်မယ် ထင်လို့ပေးခဲ့တာ၊ စေတနာနဲ့ ပေးခဲ့တာ၊ ခင်ဗျား အဲဒီ စေတနာကိုတော့ စော်ကားဖို့ မကောင်းဘူး"

"စေတနာ ဟုတ်လား၊ အံ့သြစရာပါလား၊ ဒီပစ္စည်းတွေကို ရှင်က စေတနာသက်သက်နဲ့ ပေးတယ်ပေါ့နော်"

သရော်တော်တော် စကားသည် သူ့နားတွင် ခါးသက်လှ၏။ သူ အံကြိတ်ထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ရှင့်ကို ကျွန်မ ရှင်းရှင်းပဲ မေးမယ်၊ ရှင် ကျွန်မ
က ဘာကိုမှ မမျှော်လင့်ဘူးလို့ ရှင် ကျိန်ရဲလား၊ ကျွန်မဆီ
နောက်ဆက် တွဲ ဘာတစ်ခုကိုမှ မလိုချင်ဘူးလို့ ရှင် သေချာရဲ့လား

သူ ဒေါပွပွဖြင့် ဘာစကား ပြန်ပြောရမှန်း မသိအော
တုန်ယင်နေ၏။

"လောကမှာ လူတွေဟာ ဆောင်ကို မလိုချင်ဘဲနဲ့ ရာ
ဘယ်တော့မှ မစွန့်ဘူး ရှင့်။ ကိုယ့်အတွက် တစ်ခုခု အကျိုးအမြ
မရဘဲနဲ့ ဘယ်တော့မှ ဘာမှ မလုပ်ဘူး၊ နားလည်လား။ အခုရှင်
ကျွန်မဆီက ဘာအကျိုးအမြတ်မှ မမျှော်လင့်တဲ့ စေတနာသက်သ
နဲ့ လုပ်ပေးခဲ့တာပါလို့ ပြောချင်တုန်းပဲလား"

သူ ဘာပြောရမည်နည်း။ သူမ ထင်ထားသလို သူမထံ
အကျိုးအမြတ်တစ်ခုခုကို လိုချင်၍ မဟုတ်ကြောင်း သူ ဘယ်
ဖြေရှင်းနိုင်ပါမည်နည်း။ သူမကို ချစ်မြတ်နိုးခြင်း၊ သူမထံမှ ချစ်မြ
နိုးမှုကို လိုလားခြင်းတို့သည် သူမ ပြောသောအကျိုးအမြတ်ထဲတွ
အကျုံးဝင်နေသလား။ ကျွန်တော်ခင်ဗျားဆီက ဘာဆိုဘာမှ မ
ချင်ဘူး ဟု မျက်နှာမဲ့ကာ သူငြင်းလိုက်ချင်သည်။ သို့သော်

"ပြောလေ ဦးမင်းထင်၊ ရှင် ကျွန်မဆီက ဘာကိုမှ မ
ချင်ဘူးလို့ ပြောလေ"

ယောက်ျားတစ်ယောက်၏ ထွက်ပေါက်ကို ပိတ်ဆို့ရာတွ
သူမ အလွန် တော်ပါသည်။

"ခင်ဗျားနဲ့ ကျွန်တော်နဲ့ ဘယ်တုန်းကမှ ရန်သူတွေ မဖြစ်
ကြပါဘူးမိုး၊ ခင်ဗျား ကျွန်တော့်ကို ရန်သူလို မဆက်ဆံပါနဲ့၊ ကျွ
တော်က စေတနာ သန့်သန့်နဲ့ ခင်ဗျားကို ကူညီဖို့ကြိုးစားခဲ့ တာပ





"ဟင် လာပြန်ပြီ ဒီ စေတနာ၊ ဒါဖြင့် ကျွန်မ မေးတာ
ရှင် ဖြေဦးမှပေါ့၊ ကျွန်မဆီက တကယ့်ကို ဘာအကျိုးအမြတ်မှ
မမျှော်လင့်ခဲ့ဘူးလား"

သူ စိတ်ရှုပ်စွာ စားလက်စ ပန်းကန်ကို ခပ်ကြမ်းကြမ်း
တွန်းပစ်လိုက်၏။

"ဒီလိုရှိတယ် မိုး၊ ကျွန်တော် ခင်ဗျားကို လက်ဆောင်ပစ္စည်း
ပေးတဲ့ နေရာမှာ အကျိုးအမြတ်ကို လုံးဝ မမျှော်ကိုးဘူးလို့တော့
ကျွန်တော် မညာချင်ဘူး။ ဒါပေမယ့် ခင်ဗျားလိုအပ်တာတွေ ဖြည့်
ဆည်းပေးဖို့ဆိုတဲ့ စိတ်ဆန္ဒဟာ ပထမဆုံး ဖြစ်ပေါ်လာတဲ့စိတ်ပါ။
ခင်ဗျားလိုအပ်တာတွေကို ထာဝစဉ် ဖြည့်ဆည်းသွားပေးခွင့် ရဖို့
စိတ်ဆန္ဒဟာ ဒုတိယ ဖြစ်ပေါ်လာတဲ့ စိတ်ပါ။ ကျွန်တော် ခင်ဗျား
ကို အဲလိုဖြည့်ဆည်းပေးတာကို ခင်ဗျား ကျေနပ်မှုရှိဖို့ ဆိုတာက
တတိယ ဖြစ်ပေါ်လာတဲ့ စိတ်ပါ။ ခင်ဗျား ကျွန်တော့်စေတနာကို
နားလည်ရင် ကောင်းမှာဆိုတဲ့ စိတ်ဆန္ဒက စတုတ္ထ ဖြစ်ပေါ်တဲ့စိတ်
ပါ။ ခင်ဗျားဆီက အကျိုးအမြတ်ကို မျှော်လင့်တာကတော့ နောက်ဆုံး
ကျမှ ဖြစ်ပေါ်တဲ့ စိတ်ပါမိုး။ သိပ်ကို အရေးမပါတဲ့ နောက်ဆုံး
နေရာမှာ ရှိပါတယ်"

"ဒါဖြင့်..."

"နေဦး၊ ကျွန်တော့်စကား မဆုံးသေးဘူး။ အဲဒီ သိပ်အရေး
မပါဘူးဆိုတာ ကျွန်တော့်ဘဝအတွက် သိပ်အရေးမပါဘူးလို့ ဆိုလို
တာ မဟုတ်ဘူးနော်၊ မိုးနားလည်မှု မလွဲနဲ့၊ ခင်ဗျားကို လိုအပ်တာ
တွေ ဖြည့်ဆည်းပေးသွားချင်တဲ့ စိတ်ဆန္ဒ တည်မြဲနေဖို့အတွက်
သိပ်အရေး မပါဘူးလို့ ပြောတာ၊ ရှင်းရဲ့လားမိုး"

"ရှင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ အသံက တိုးတိတ်သွားသည်။

"ပထမဆုံး အချက် အနေနဲ့ မျှော်လင့်တာပဲ ဖြစ်ဖြစ် နောက်ဆုံး အချက် အနေနဲ့ မျှော်လင့်တာပဲ ဖြစ်ဖြစ် ခင်ဗျားဆီက တစ်ခုခုကို ကျွန်တော် မျှော်လင့်တယ် ဆိုတာတော့ ခင်ဗျားထင်တဲ့ အတိုင်း မှန်သွားပြီပေါ့နော်"

သူမ စကား တစ်ခွန်းမှ မပြောဘဲ စပ့်ါကလင် ဖန်ခွက်ကို လှည့်ပတ် ကြည့်ရှုနေ၏။

"အဲဒါ ဘာလဲလို့ ခင်ဗျား မမေးတော့ဘူးလား"

သူမ စကားပြောရန် နှုတ်ခမ်းပြင်လိုက်ချိန်တွင် သူကမန်းကတန်း ပြောချလိုက်သည်။ "ကျွန်တော် ခင်ဗျားကို လက်ထပ်ချင်တယ် မိုး"

တော်ရုံတန်ရုံ မိန်းမ တစ်ယောက် ရှက်ရွံ့သွားနိုင်သည့် သူ့ စကားကို သူမ မတုန်လှုပ်သည့်အပြင် ပြုံးပင် ပြုံးလိုက်သေး၏။

"ခတ်ခွဲခန်း ပစ္စည်းလေး မဖြစ်စလောက် လက်ဆောင်ပေးပြီး ရှင်က မိန်းမတစ်ယောက်ကို လက်ထပ်ယူမယ် ဟုတ်လား။ ပစ္စည်းတန်ဖိုးချင်း နည်းနည်း ကွာခြားမနေဘူးလား ဦးမင်းထင် ရယ်"

သူ့စကားနှင့် သူ ပိတ်မိသွားသောကြောင့် သူ နှုတ်ခမ်းကိုက်ကာ ငြိမ်သက်သွား၏။ ဘာမှ ပြောစရာ စကား မရှိအောင် ဖြစ်သွားသည်။ အခြေအနေ သိပ်မကောင်းပါ။ မဟုတ်သေးဘူး။ သိပ်မကောင်းခြင်း မဟုတ်ဘဲ သိပ်ကို ဆိုးဝါးသည့် အခြေအနေ ဖြစ်ပါသည်။

"ကျွန်မက အဲဒီ ခတ်ခွဲခန်း ပစ္စည်းလောက်ပဲ တန်ဖိုးရှိတယ် လို့ ရှင် သတ်မှတ်တယ်ပေါ့ နော်"

"မိုး" သူ လုံးဝ သည်းမခံနိုင်တော့ပါ။





သူ စားပွဲကို ဖြန်းခနဲ ပုတ်ပစ်လိုက်မိ၏။

"ခင်ဗျား စကားတတ်တိုင်း ကျွန်တော့်ကို ချောင်ပိတ်ပိတ် မမေးစမ်းပါနဲ့။ ချစ်ခြင်းမေတ္တာ ဆိုတာ ဘာနဲ့မှ တန်ဖိုးဖြတ်လို့မရဘူး မိုး၊ အခု ကျွန်တော်ပေးတဲ့ လက်ဆောင်ဟာ ခင်ဗျားကို တန်ဖိုးဖြတ်တာလဲမဟုတ်ဘူး၊ ခင်ဗျား နည်းနည်းမှ နားမလည်ဘူးဗျာ။ တကယ်တမ်းတော့ ခင်ဗျားဟာ ကျွန်တော့်ဘဝမှာ တန်ဖိုးအမြင့်ဆုံး မိန်း မပဲဗျ။ ကျွန်တော့်အသက်ထက်တောင် တန်ဖိုးကြီးတဲ့ မိန်းမပါ။ ကျွန်တော့်အချစ်ကို ခင်ဗျားက ရေညှိ ခတ်ခွဲသလို ခွဲခြမ်းစိတ်ဖြာပြီး တန်ဖိုးမဲ့အောင် လုပ်ပစ်တယ်....၊ ခင်ဗျား...."

"မဟုတ်သေးဘူး ဦးမင်းထင်၊ တကယ် တန်ဖိုးရှိတဲ့ ပစ္စည်း တစ်ခုဟာ ဘယ်လောက်ပဲ ခတ်ခွဲ ကြည့်ပါစေ၊ သူ့တန်ဖိုး လျော့မသွားဘူး၊ ပျက်မသွားဘူး။ ကျွန်မ ခွဲခြမ်းစိတ်ဖြာမှုကြောင့် ရှင့် အချစ်ကြီးက တန်ဖိုးမဲ့သွားတယ် ဆိုရင် နဂိုတည်းက တန်ဖိုး မဲ့နေခဲ့လို့ပဲ"

သူခေါင်းကို အထပ်ထပ် ခါယမ်းနေမိသည်။ ဘယ်လို ရှင်းပြရပါ့မလဲ။

သူ့အချစ်ကို ဒီမိန်းမ နားလည်အောင် ဘယ်လို ရှင်းပြ ရပါ့မလဲ။

သူမကတော့ မတ်မတ် ထိုင်လျက် မျက်နှာ မော့နေဆဲ။ မျက်နှာမှာ မထီတရီ အပြုံးကလေး ရှိနေသည်။

"ကျွန်တော် ခင်ဗျားကို အရှုံးပေးပါတယ်။ အချစ်ဆိုတာ ရုပ်ဝတ္ထုပစ္စည်း မဟုတ်တဲ့အတွက် အတိုင်းအဆကို တွက်ဖို့၊ စိစစ်ဖို့ ဘယ်လိုမှ မလွယ်နိုင်ဘဲကိုး။ ခင်ဗျား ယုံဖို့ ကျွန်တော် သက်သေလဲ မပြတတ်ဘူး၊ ပြလဲ မပြနိုင်ပါဘူး။ ဒါပေမယ့် တစ်ချိန်ချိန်မှာ ခင်ဗျား သိလာလိမ့်မယ်လို့ မျှော်လင့်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ တိတ်ဆိတ်စွာ သူ့ကို စိုက်ကြည့်နေသည်။ သူမ မျက်ဝန်းများတွင် မုန်းတီးရိပ် မရှိ၊ ရှက်ရွံ့ရိပ် မရှိ၊ ခင်မင်ရင်းနှီးရိပ် မရှိ။ စူးစမ်းသော အကြည့်များသာ ဖြစ်သည်။

"မိုး... "

သူမ မလှုပ်ရှားပါ။

"မိုးကို ကျွန်တော် လက်ထပ်ပါရစေနော်၊ တကယ်လို့ မိုးမှာ တခြား ရည်ရွယ်ထားတဲ့ လူ တစ်ယောက်ယောက် မရှိဘူး ဆိုရင်..."

သူမ မဲ့ပြုံးပြုံးလေသည်။ နှုတ်ခမ်းပါးလေး မဲ့ကွေးသွားပုံက မခံချိ မခံသာ ဖြစ်စရာ။

"ဘယ်ယောကျ်ားကိုမှ လက်ထပ်ဖို့ ရည်ရွယ်မထားပါဘူး အဲဒီထဲမှာ ရှင်လဲ ပါတာပေါ့။ ကျွန်မ ဘဝမှာ ယောကျ်ားဆိုတာ လုံးဝမလိုအပ်တဲ့ အရာပဲ"

သူ တိတ်ဆိတ်စွာ ခေါင်းငိုက်စိုက် ကျသွား၏။

သူမ မုန်းခြင်း မဟုတ်တာ သူ သိသည်။

"ကဲ ရှစ်နာရီခွဲပြီ၊ ကျွန်မတို့ ပြန်ဖို့ကောင်းပြီ"

သူမ ပိုက်ဆံရှင်းနေစဉ် သူ ခပ်ဝေးဝေး ကြယ်ကလေးများကို ရည်ရွယ်ချက်မဲ့စွာ ငေးစိုက်ကြည့်နေခဲ့မိ၏။

မန္တလေးဟိုတယ်သို့ အပြန်လမ်းတွင် သူ့ကိုယ်သူ ပျောက်ဆုံးနေ၏။ ဘေးမှ မိုးကတော့ ကားလက်ကိုင်ဘီးကို ဂရုတစိုက် သတိထား မောင်းနှင်ရလေဟန်ဖြင့် မျက်နှာကလေးမှုပင် ငဲ့စောင်းကြည့်ဖော်မရ။ မင်္ဂလာ တံတားနား ရောက်တော့မှ ပြုံးခနဲ သူ့ဘက် လှည့်ကြည့်သည်။

"မနက်ဖြန် ဘယ်အချိန် ဘူတာဆင်းမလဲ ဦးမင်းထင်"





သူ ရင်နှင့် ကြေကွဲလျက်က မြည့်မြည့်ကလေး ပြုံးလိုက်မိသည်။

"ဘာလဲ၊ ကျေးဇူးတွေ ကျန်နေသေး သလားဟင်"

သူမ မဖြေပါ။

"ကျွန်တော် ငါးနာရီ ရထားနဲ့ ပြန်မယ်"

"ကျွန်မ မန္တလေး ဟိုတယ်ကို ကားလွှတ်ပေးလိုက်မယ်နော်"

သူ ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။

"မလိုပါဘူး မိုး ကျွန်တော် တက္ကစီနဲ့ သွားလို့ဖြစ်ပါတယ်"

"ဘာလဲ၊ ဒါ ကျွန်မကို စိတ်ခုနေသေးတဲ့ သဘောလား"

"မဟုတ်ပါဘူး၊ အားနာလို့ပါ၊ မိုးအနေနဲ့ မလုပ်ချင်တဲ့ အလုပ် တစ်ခုကို..."

"ရှင် ကျွန်မကို နားမလည်ဘဲကိုး၊ ကျွန်မမှာ မလုပ်ချင်တဲ့ အလုပ်တစ်ခုကို လောကဝတ်နဲ့ လုပ်တယ်ဆိုတာ မရှိပါဘူး။ ဒီတော့ မနက် ကိုးနာရီမှာ ကျွန်မ လက်ဆောင်ပစ္စည်းတွေ ပို့ခိုင်းလိုက်မယ်၊ ညနေ လေးနာရီမှာ ဘူတာဆင်းဖို့ ကားလွှတ်ပေးလိုက်မယ်၊ ဟုတ်ပြီနော်"

သူခေါင်းကို ခပ်လေးလေး ညိတ်ပြလိုက်၏။

"ဒါနဲ့ မိုးတစ်ယောက်လည်း ကားမောင်းသွားရမှာနော်၊ ဝေးသလားဟင်၊ ဘယ်အထိ ပြန်ရမှာလဲ၊ ကျွန်တော် ဘာအကူအညီ ပေးရမလဲ"

သူမ လှစ်ခနဲ ပြုံး၏။

"ဘာလဲ၊ ဒါတစ်ဖက်လှည့်နဲ့ ဘယ်မှာနေလဲလို့ မေးလိုက်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ကျွန်တော့်ကို စော်ကားပြန်ပြီ"

"ဟုတ်လား"

ဒေါသကို သူ ထိန်းထားလိုက်၏။

"မိုးတို့အိမ်မှာ ဖုန်း ရှိတယ်နော်၊ ရှိရဲ့လား"

"ရှိတာပေါ့"

သူ အရဲစွန့်၍ ပြုံးပြလိုက်သည်။

"ဒါဖြင့် ကျွန်တော့်ကို တစ်ခုတော့ ကူညီပါ။ မန္တလေးဟိုတယ်နဲ့ မိုးအိမ်နဲ့ ဘယ်နှစ်မိနစ် ကြာအောင် ကားမောင်းရသလဲ ခန့်မှန်းလိုက်၊ အဲဒီအချိန်ကို တွက်ပြီး ကျွန်တော် မိုးဆီ ဖုန်းဆက်ကြည့်ပါရစေ၊ ဒါမှ မိုး ချောချောမောမော အိမ်ပြန်ရောက်တယ်ဆိုတာသိရမယ်။ မဟုတ်ရင်ကျွန်တော် စိတ်ပူနေရလိမ့်မယ် မိုး"

သူမ အသံထွက် ရယ်မောလိုက်လေသည်။

"အင်း... ဒါလဲ တစ်ဖက်လှည့်နဲ့ မေးတဲ့ မေးခွန်းပဲ"

သူ ဒေါသ တစ်ဝက်၊ ဝမ်းနည်းမှု တစ်ဝက်ဖြင့် တိတ်ဆိတ်သွားသည်။

"ဒါပေမယ့် မေးခွန်းလေးက ပညာသားပါလွန်းတော့ ဖုန်းနံပါတ် မေးချင်စိတ် ပေါက်သွားတယ်"

ထို့နောက် သူမ၏ ဖုန်းနံပါတ်ကို သူ့အား ရွတ်ပြသည်။

"ကျေးဇူးတင်ပါတယ် မိုး"

ည ၉ နာရီ ၅ မိနစ် အချိန်တွင် သူ ဟိုတယ် ဧည့်ကြိုဌာနမှ တယ်လီဖုန်းဖြင့် မိုးထံ ဖုန်းဆက်သည်။

"မိုး..."

"ဟုတ်ကဲ့"





သူမ၏ ကြည်လင်သော အသံကို ကြားရသည့်အခါ ပူပင်သောကများ လွင့်စဉ်သွားသည်။

"မိုး အိမ်ပြန်ရောက်တယ်ဆိုတော့ ကျွန်တော် စိတ်ချသွားပြီ"

"ဟုတ်ကဲ့၊ ဒါပဲ မဟုတ်လား"

"ခဏ...ခဏ နေပါဦး မိုး"

တစ်ဘက်က ငြိမ်သက်နေ၏။

"ကျွန်တော် တစ်ခု ပြောပါရစေဦး။ စောစောက ထောယဉ်မှာ ပြောခဲ့တဲ့ မိုးအဖြေနဲ့ ပက်သက်လို့ ကျွန်တော် ဝမ်းလဲသာတယ်၊ ဝမ်းလဲနည်းတယ်၊ မိုး နားထောင်နေရဲ့လား ဟင်"

"ဟုတ်ကဲ့"

"ဝမ်းနည်းတာက မိုးဆီက ကျွန်တော် မျှော်လင့်တာကို မရလို့၊ ဝမ်းသာတာကတော့ အဲဒီ အကျိုးအမြတ်ကို မျှော်လင့်တဲ့ စိတ်ဆန္ဒက နောက်ဆုံးနေရာမှာ ရှိတယ် ဆိုတဲ့ ကျွန်တော့်စကားကို မိုး ယုံကြည်ဖို့အခွင့်အရေး ရသွားလို့ပဲ။ မိုး ကျွန်တော် ပြောတာ နားလည်ပါတယ်နော်"

"ဟုတ်ကဲ့၊ နားလည်ပါတယ် ဦးမင်းထင်"

ခါးသီးဖွယ်ရာ ဖြစ်သော အရှုံး၏ အရသာကို တစ်ညလုံး တလူးလူး တလိမ့်လိမ့် ခံစားရသည်။ ညသည် ကုန်ဆုံးရန် ကြာရှည်လှသည်။

မိန်းမ တစ်ယောက်ကို ချစ်ဖို့ဆိုရာတွင် ထိုမိန်းမ၏လျစ်လျူရှုမှုကို ဒေါသဖြစ်မှုမပါဝင်စေရဘဲ အားတင်း၍ ခံနိုင်လောက်သည့် စိတ်ဓွမ်းအင်လည်းလိုအပ်ကြောင်းသူပထမဆုံးအကြိမ်သဘောပေါက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ကားနံပါတ်မှ တစ်ဆင့် အိမ်လိပ်စာ စုံစမ်းဖို့ ကိစ္စမှာ သုံး
လေးဆင့်လောက် ကြိုးစားဖို့ လိုအပ်သော်လည်း တယ်လီဖုန်း
ပါတ်ဖြင့် အိမ်လိပ်စာ စုံစမ်းရန်မှာ တစ်ဆင့်သာလိုအပ်ပါသည်၊

နံနက် ၈ နာရီခွဲတွင် မိုး၏ အိမ်လိပ်စာကို သူ သိသွား၏။

ဆောင်းနှင်းမြူများဖြင့် စိတ်အေးချမ်းဖွယ်ရာ မန္တလေး
ဟိုတယ်ရှေ့ နံနက်ခင်း မြင်ကွင်းကြောင့် သူ အနည်းငယ် စိတ်ကြည်
သင်နေသည်၊ နှင်းဆီဖြူကလေး တစ်ပွင့်လိုလန်းဆန်း တောက်ပ
သော မိုးတစ်ယောက် ဤလို နံနက်ခင်းမျိုးတွင် ဘာလုပ်နေမှာ
ါလိမ့်၊ မိုးနှင့်လက်တွဲပြီး ဘဝ၏ကျန်သော ကာလများကို ရဲရဲဝံ့ဝံ့
င်ဆိုင်ချင်လှပါသည်။

ဟိုတယ် ဧည့်ခန်းတွင် စိုက်ထားသော နှင်းဆီ ပန်းစိုက်
ိုးကလေးထဲမှ နီရဲသော နှင်းဆီပွင့်ကလေးကို ငေးကြည့်ပြီးနောက်
းကို နှင်းဆီပန်း လက်ဆောင် ပေးရန် စိတ်ကူးရသွား၏၊ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



မိုး၏ ဒရိုင်ဘာနှင့် ပေးဖို့ စိတ်မကူးပါ၊ သူ့ဆီက ဘာပစ္စည်းမှ မယူခဲ့ဆိုသည့် စကားကို မှာချင်မှာလိုက်လိမ့်မည်၊ သို့မဟုတ် သူမေးတာတွေ ဘာမှမဖြေနဲ့ ဟု မှာချင် မှာလိုက်လိမ့်မည်၊ မိန်းမ တစ်ယောက်အကြောင်း စုံစမ်းသည့် ကိစ္စတွင် သူမ၏ ဒရိုင်ဘာ မလိုအပ်ပါ။

မိုး၏ ဒရိုင်ဘာသည် မိုးကဲ့သို့ပင် အချိန်မှန်၏၊ မိုးကဲ့သို့ပင် မျက်နှာထား မာကျောကျော ဖြစ်၏၊ ညည့်ခန်းဆိုဖာတွင် ထိုင်စောင့်နေသည် ဖြစ်ရာ မိုး၏ကား ဟိုတယ် ဝင်းထဲသို့ ဝင်လာကတည်းက သူ မြင်ရသည်၊ ကားပေါ်မှ ဆင်း၍လျှောက် လာသော ထိုလူသည် အိတ်နှစ်အိတ်ကို ဆွဲလာ၏၊ အိတ်တစ်အိတ်က တော်တော်ကြီးမားသည်၊ သူ့ ကို မေးမြန်း စုံစမ်းနေရမှာ စိုးသောကြောင့် သူသွား ကြိုဆိုလိုက်ပါသည်။

"မခင်မိုးမြင့် လွှတ်လိုက်တာလား"

"ဟာ...ဟုတ်တယ်ခင်ဗျ၊ သူက ဒီပစ္စည်းတွေ ဦးမင်းထင်ကျော် အတွက် ပေးလိုက်ပါတယ်"

သူ ပစ္စည်းများကို လက်လွှဲ ရယူလိုက်၏။

"ဒီ အိတ်အကြီးက ဆရာ့အတွက်တဲ့၊ ကြွပ်ကြွပ်အိတ်က ဆရာ့အဖေ အတွက်တဲ့"

သူ ပြုံးမိသည်၊

"ကျွန်တော် ညနေလေးနာရီမှာ ဆရာ့ကို ဘူတာ လိုက်ပို့လာခဲ့ပါ့မယ်"

သူပြုံး၍ ခေါင်းညိတ်ပြလိုက်ပါသည်၊ မိုး၏ ကားမောင်းသူကို ဘာမှ စကားမပြောမိအောင် သူ ကြိုးစား၍ အောင်မြင်ပါသည်။





အခန်းထဲ ပြန်ရောက်တော့ ပစ္စည်းများကို စိတ်ဝင်တစား ဖွင့်ကြည့်ပြီးနောက် တစ်ယောက်တည်း ကျိတ်၍ ရယ်မောလိုက်မိလေသည်၊

ဪ...သာမန်ယောကျ်ား တစ်ယောက် အသုံးလိုတဲ့ ပစ္စည်းဆိုတာ ဒီ အဝတ်အစားတွေကို ပြောတာကိုး၊

မီးခိုးရောင်နှင့် အနက်ရောင် ရောစပ်၍ နှစ်ပင်ပူးထိုးထားသော လက်ထိုး ခေါင်းစွပ် သိုးမွှေးဆွယ်တာ တစ်ထည်။ ရှားညိုရောင် ဂန့်ဂေါ လုံချည် နှစ်ထည်။ ချာလီ ရေမွှေးပုလင်း တစ်ခု။ ယာဒ်လေ ဆပ်ပြာမွှေး တစ်ခဲ။ အသားရောင် အနုအရင့် ခြေအိတ် နှစ်စုံ၊

ဖေဖေ့အတွက် ကြွပ်ကြွပ်အိတ်ကတော့ မန္တလေးထိုးမုန့်ဘူးများနှင့် ကျောက်ဖရုံယိုထုပ် ဖြစ်သည်၊ အိတ် သုံးအိတ် ဆင့်၍ ထည့်ထား၏၊ အိတ်တွေထဲတွင် စာကလေး တစ်ကြောင်းမျှ မပါ၊ လက်မှတ်ကလေးနှင့် တူသော အရာပင် မပါ၊

နောက် နာရီဝက် အကြာတွင် သူ လုပ်ငန်းစ,တော့၏။

နန်းရွှေ နှင်းဆီခြံ တစ်ခုသို့ ကိုယ်တိုင် သွားကာ အလှပဆုံးသော နှင်းဆီများကို အရောင်အသွေးစုံစွာ ရွေးချယ်၍ ဝယ်ယူလိုက်သည်၊ ထို့နောက် ထိုနှင်းဆီ ၁၅ ပွင့်ကို စည်းရန် ဖဲကြိုး အဖြူသေးသေးကလေး တစ်ကိုက် ဝယ်၏၊ ဟိုတယ် ပြန်ရောက် သောအခါ သူ ဖဲကြိုး တစ်စဖြင့် အလုပ်ရှုပ်တော့သည်၊ နှစ်ခါတိတိ နှင်းဆီဆူးခုံးပြီးသောအခါ လှပသော နှင်းဆီပန်းစည်းကလေး ဖြစ်သွားလေသည်၊ ကတ်ပြားအလွတ်အဆင်သင့် မရှိသဖြင့် **Visiting Card**ကိုပဲ သုံးလိုက်သည်၊ တစ်ဘက်မျက်နှာ အလွတ်တွင် "မိုးအတွက်..." ဟု ရိုးရှင်းစွာ ရေးလိုက်ရုံဖြင့် ပြီးပြည့်စုံသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် နာရီဝက် အကြာတွင် ဟိုတယ်ရှေ့မှ အငှားကား တစ်စီးကိုငှား၍ သူသိထားသော လိပ်စာကို ရွှတ်ပြလိုက်သည်။

မန္တလေး ဟိုတယ်နှင့် မလွန်ရပ်ကွက် ၈၆ လမ်းကို ၁၀ မိနစ်ဖြင့် မောင်းနိုင်သော မိုးကို သူ ချီးကျူးပါသည်၊ သူဆိုလျှင်သည်မျှ ရှုပ်ယှက်ခတ်နေသော စက်ဘီးများ၊ ဆိုင်ကယ်များ အကြားတွင် ဘယ်လိုမှ မြန်မြန် မောင်းနိုင်မည် မဟုတ်ပါ။

မိုးတို့ အိမ်နံပါတ်မှာ ကျယ်ဝန်းသော ခြံကြီးတစ်ခု ဖြစ်ပြီး မြင့်မားသော အုတ်နံရံဖြင့် ဝင်းခတ်ထားသောကြောင့် လမ်းထိပ်မှ ကြည့်လျှင် တိုက်အပေါ်ထပ်ကိုသာ တစ်ပိုင်းတစ်စ မြင်ရ၏၊ အုတ်နံရံ ရှေ့တွင် နီရဲအောင် ပွင့်သော စက္ကူပန်းချုံကြီးရှိသည်၊ သူလမ်းထိပ်မှာ ကားရပ်စေပြီး ထိုကားမောင်းသူကိုပင် နှင်းဆီပန်းစည်းအပို့ ခိုင်းလိုက်လေသည်။ ကားမောင်းသူ ထို ခြံအဝတွင် နှစ်မိနစ်လောက်ကြာအောင် ရပ်နေတာ မြင်ရ၏။

သံတခါး ပွင့်လာပြီး ဒရိုင်ဘာနှင့် လူတစ်ယောက် ရပ်စကားပြောနေသည်ကို ကားထဲမှ လှမ်းကြည့်နေမိသည်၊ ထိုလူမှာ မိုး၏ ကားမောင်းသူ မဟုတ်ပါ၊ ထိုနောက် ပန်းစည်းကို ယူသွားပြီး သံတခါးကြီး ပြန်ပိတ်သွား၏။

"ဆရာ...ဒေါ်ခင်မိုးမြင့် အမေရိက သွားတယ်တဲ့။ နေ့လယ်မှ ပြန်ရောက်မယ်တဲ့။ သူ့ အဘွား ရှိတယ် တဲ့၊ ဆရာက ဘာမှ မမှာတာနဲ့..."

"ဟာ...ကောင်းတာပေ့ါ၊ ကျွန်တော် အဘွားကြီးတွေနဲ့ စကားမပြောတတ်ပါဘူး"

အရေးကြီးသည်မှာ ဤအိမ်မှာ မိုး နေထိုင်ကြောင်း သေချာဖို့၊ မိုး ပြန်လာလျှင် နှင်းဆီပန်းစည်းကို လက်ခံရရှိဖို့ပင် ဖြစ်ပါသည်၊





ဟိုတယ် ပြန်ရောက်သည့်အခါ မိုးထံ ဖုန်းဆက်ချင် စိတ်ဖြင့် သူ ချီတုံချတုံ ဖြစ်နေသည်၊ မိုးက ဤဖုန်းနံပါတ်ကို သူမ ထံ ခဏခဏ ဆက်ရန် ပေးထားခဲ့ခြင်း မဟုတ်ပါ၊ ညအပြန် စိတ်ပူသော သူ့အတွက် မဖြစ်လွန်း၍ ပေးခဲ့ရခြင်း ဖြစ်ပါသည်၊ မိုး၏ ဖုန်းနံပါတ်ကို သူ အသုံးချရန် မကောင်းပါ၊ နောက်ပြီး မိုး၏ ရှားပါးလှသော မန္တလေး၌ နေထိုင်ရသည့် လွတ်လပ်ခွင့်ကို သူ မနှောင့်ယှက်သင့်ပါ၊

ဖုန်းမဆက်ရန် ထိန်းချုပ်မှုသည် နောက်ဆုံးတော့ အောင်မြင်သွား၏။

ရန်ကုန်သို့ တနင်္လာနေ့ နံနက် ၇ နာရီခွဲတွင် ရောက်သွား၏။

သားရေအိတ် ပခုံးမှာ လွယ်လျက်၊ အိတ်နှစ်အိတ် တစ်ဖက် တစ်ချက်ဆွဲလျက် လှေကားမှ မနိုင်မနင်း တက်လာသော မင်းထင်ကို ဝရန်တာမှ လှမ်းမြင်ဟန်တူသော မေမေက အလျင်အမြန် တံခါးဖွင့်၍ ကြိုဆို၏။

"သား ပြန်လာပြီ။ ရထား စောသားပဲနော်"

သူ့လက်ထဲမှ ပစ္စည်းတွေကို လှမ်းယူတော့ သူ မုန့်ထုပ်ကိုသာ ပေးလိုက်ပြီး ကျန်သည့် ပလတ်စတစ် လက်ဆွဲအိတ်ကို သူ့လက်က မလွှတ်ဘဲ ကိုင်ထားသည်။

"ဘာတွေလဲ သား"

"ဪ... ဖေဖေနဲ့ မေမေဖို့ မုန့်တွေပါ"

"အလိုတော်... ထူးထူးဆန်းဆန်း"

သူ ပြုံးရုံ ပြုံးပြီး သူ့အခန်းသို့ သွားရန် လှည့်ထွက်လိုက်သည်။

"ဒါနဲ့ ငါ့သားကံကောင်းခဲ့ရဲ့လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဟာ...ဘယ်လို မေးခွန်းကြီးပါလိမ့်၊ သူ မေမေ့ကို တအံ့တသြ လှည့်ကြည့်မိသည်။

"မေမေကလဲ ကံကောင်းရအောင် ကျွန်တော် ထီသွားထိုးတာမှ မဟုတ်ဘဲ"

မေမေက သူ့မျက်နှာ အရိပ်အကဲကို သေသေချာချာ စူးစိုက်ကြည့်နေ၏။

"ဒါပေမယ့် ထီထိုးတာထက် အရေးကြီးတဲ့ ကိစ္စ မဟုတ်လား သားရဲ့"

အင်း...မေမေ့ကို ဖေဖေပြောပြပြီးပြီ ထင်ပါရဲ့။

" မင်း ဖေဖေက ပြောတယ်။ သားမိန်းကလေးတစ်ယောက်ကို သွားပိုးတာတဲ့"

"ဟာ...ဖေဖေကတော့ လုပ်ပြီ"

သူ ပြုံးစိစိဖြင့် ခေါင်းတစ်ချက် ကုတ်လိုက်မိ၏၊ မေမေ့ကိုတော့ သူ လုံးဝ မရှက်ပါ။

"အဆင်ပြေခဲ့သလား သား"

သူ ပင့်သက် တစ်ချက် ရှိုက်ကာ ခေါင်းယမ်းလိုက်၏။

"မပြေခဲ့ဘူး မေမေ"

သူ ရေချိုးအပြီး နံနက်စာကို တစ်ယောက်တည်း ထိုင်စားနေစဉ် မေမေက ဘေးနားမှာ ထိုင်နေ၏၊ ဖေဖေကတော့ မီးဖို ထဲဝင်လာလိုက်၊ အိမ်ရှေ့ခန်း ထွက်သွားလိုက်နှင့် တစ်ခုခုအလုပ်ရှုပ်နေဟန်ရသည်၊ သို့သော် ခဏကြာတော့ သူ့အနီးသို့ လာရပ်၏။

"မုန့်တွေက သားဝယ်လာတာတော့ မဟုတ်ဘူး"





ဖေဖေ့ ထင်မြင်ချက် မှန်ပါသည်၊ သူ ဆက်လက် လျှို့ဝှက်ထားဖို့လည်း စိတ်မကူးမိပါ။

"မခင်မိုးမြင့်က ပေးလိုက်တာပါ။ ဖေဖေ့အတွက် တဲ့"

"အေး...ထင်သားပဲ၊ မုန့်တံဆိပ်တွေ မြင်လိုက်တာနဲ့ ဝယ်ပေးလိုက်တဲ့ လူကို ခန့်မှန်းလို့ရတယ်၊ မခင်စိန် ထိုးမုန့်နဲ့ ဆနွင်းမကင်းတွေ ကရေကူရာတွေက ခင်မိုးမြင့် ပေးနေကျ မုန့်တွေ၊ ဒါနဲ့များတောင် မင်းက အဆင်မပြေခဲ့ဘူးလို့ ပြောချင်သေးလို့လား"

သူ ဖေဖေ့ကိုမော့ကြည့်လိုက်၏။ ဖေဖေ့မျက်နှာထားက ခပ်တည်တည်၊ သို့သော် သူ၏ တစ်ဦးတည်းသော သား တစ်ယောက် မိန်းမရဖို့အရေး စိတ်ဝင်စားနေပုံရသည်။ ထိုမိန်းမက သူ့တပည့်ဖြစ်နေ၍ စိတ်ဝင်စားခြင်း ဖြစ်ပါလိမ့်မည်။

"မပြေဘူး ဖေဖေ။ အပြတ် ငြင်းလွှတ်လိုက်တာပဲ၊ ဒါထက် သေချာတာတော့ မရှိတော့ဘူး"

"မေမေတော့ အဲဒီသတင်း ကြားရတာဝမ်းသာတယ်၊ သားအသက်ကလေးက အငယ်လေး ရှိသေးတာကွယ်။ မိန်းမ ယူဖို့ ငယ်လွန်းပါသေးတယ်"

"ဟာ...နုနု။ မင်းဟာက တစ်မျိုးကြီးပါလား။ ငါ့တုန်းကတော့ ငါ့အသက် နှစ်ဆယ့်လေးနှစ်ပဲ ရှိသေးတာ မင်းပဲ မရမက လက်ထပ်ဖို့ ပူဆာခဲ့ပြီး အခု မင်းသားက နှစ်ဆယ့် ခြောက်နှစ်တောင်ရှိနေပြီကွ။ ငါ့အသက် နှစ်ဆယ့်ခြောက်နှစ်မှာ သူ့ကိုမွေးပြီးပြီ။ သော်တော် တရားကျဖို့ ကောင်းပါလား"

သူ အသံထွက် ရယ်မောလိုက်မိ၏။ အေးဆေးလှသော မေမေကတော့ သားမျက်နှာကို တစိမ့်စိမ့်ကြည့် ပြုံးလျက်သာ နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမ တစ်ယောက်ကို ပိုးတဲ့ နေရာမှာ အဲဒီ မိန်းကလေး
က မင်း လုပ်မှာပဲလို့ တစ်ထစ်ချ မျှော်လင့်ထားတဲ့ အပြုအမူ မျိုးတွေ
ကို ဘယ်တော့မှ မလုပ်နဲ့ကွ။ သူ အံ့ဩအောင် မင်းကြိုးစားရမယ်
သူ့ အတွေးထဲမှာ မင်းရောက်နေအောင် ကြိုးစားဖို့က မင်းတာဝန်
နောက်ပြီး မင်းကြောင့် သူ စိတ်မညစ်စေနဲ့၊ ကိုယ် တွေ့ချင်တာ
တစ်ခုတည်း ကြည့်ပြီး သူ စိတ်ညစ်ရလောက် အောင် အရှက်မ
ခဏခဏ သွားတာမျိုး။ သူ့ ဧည့်သည် ရှိမှန်း မရှိမှန်း မသိ၊ သူအိ
ချိန်မှန်း မသိ တယ်လီဖုန်း တဝွမ်ဝွမ် ဆက်တာမျိုး။ အဲဒါ တွေ
သူ့ကို စိတ်အနှောင့်အယှက် ပေးတတ်တယ်ကွ"

ဖေဖေထံမှ တစ်ခါမှ မကြားရဘူးသော စကားများကို ကြား
ရသောကြောင့် သူ တအံ့တဩ မော့ကြည့်နေမိသည်။

"မင်းကြောင့် သူ ပျော်ရွှင်နေစေရမယ်။ကြားလား...မ
ထင်"

"ဟုတ်ကဲ့"

ဒါပေမယ့် ကျွန်တော်က လူပြက်မှ မဟုတ်တာဘဲဖေဖေ

"သူ့ကို ပိုင်ဆိုင်ရဖို့ထက် သူ လိုအပ်ချက်တွေကို ဘေး
အကဲခတ်ပြီး တတ်နိုင်သမျှ ဖြည့်ဆည်းပေးဖို့ကို မင်းကြိုးစားရမယ်

ဒီဇင်ဘာ တစ်လလုံးလုံး မိုးထံ ဖုန်းဆက်လို့ ရမှာ မဟုတ်
မှန်း သိသော်လည်း မိုးအသံကလေးကို ကြားချင်စိတ်ဖြင့် ဖုန်းနံပါတ်
ကလေးကို အမြဲအမှတ်ရနေတော့သည်။ ခန့်မှန်းကြည့်ရသလော
တော့ ထိုဖုန်းနံပါတ်တွင် တစ်လ၌ အများဆုံး သုံးရက်သာ ရှိ
သည်။ ထို သုံးရက်သည် လပိတ်ရက် ဖြစ်သည်။ထိုလ ပိတ်ရက်
ရောက်ရန် ဒီဇင်ဘာတစ်လလုံးလုံး တွန့်လိမ်နေအောင်သူစောင့်ရ





မိုးထံသို့ နှင်းဆီပန်းစည်း ဖြစ်စေ၊ အခြားပစ္စည်း တစ်ခုခု
ကို ဖြစ်စေ ပေးပို့လျှင် အသုံးပြုရန် ကတ်ပြားကလေးတွေ လိုအပ်
သည်။ ထို ကတ်ပြားကလေးများကို ပုံနှိပ်တိုက် တစ်ခုသို့ သွား၍
သူ လုပ်ခိုင်းလိုက်၏။ ကတ်ပြားကို **Visiting Card** ထက်ပို၍
လှပသော နိုင်ငံခြားဖြစ် ကတ်ကလေးများ သုံးသည်။ ကတ်ပြားပေါ်
မှာ ပုံနှိပ်ရမည့် စာကို သူ စာရွက်လွတ်တစ်ရွက်တွင် ရေးပေး လိုက်
၏။

To Essential Moe ...

With Love.

M.

ကတ်ကလေးတွေ ရသော နေ့က သူ စာတန်းစောင်းစောင်း
ကလေးကို ဖတ်ကာ မိုး၏ ရှားပါးသော အပြုံးကလေးကို လွမ်းဆွတ်
နေမိသည်။

ကျွန်တော် ရူးပြီထင်တယ် မိုးရေ...။

ဒီဇင်ဘာ လကုန်ရက်တွင် နိုင်ငံခြားကုမ္ပဏီတစ်ခုခုက လူ
တစ်ယောက်ယောက် ရောက်မလာဖို့ သူ ဆုတောင်းရသေး၏။ဒီဇင်
ဘာ လကုန်ရက်သည် နိုဝင်ဘာတုန်းကလို ရုံးပိတ်ရက်နှင့် မကိုက်ပါ။

သူ ဆုတောင်း ပြည့်သွား၏။

ဒီဇင်ဘာ ၃၀ ရက်၊ တနင်္လာနေ့အထိ သူ ရုံးတက်လိုက်ပြီး
ညနေ ၆ နာရီခွဲ ရထားဖြင့် သူ မန္တလေးသို့ နောက်တစ်ကြိမ် ခရီးထွက်
ပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါနှင့် ဗုဒ္ဓဟူးနှစ်ရက်စာ ဖေဖေ့ကို ခွင့်တိုင်တော့ ဖေဖေက သဘောကောင်းစွာ ခွင့်ပြုလိုက်သည့်အပြင် "အေးအေးဆေးဆေးနေပေါ့" ဟုပင်မှာသေး၏။

အေးအေးဆေးဆေးတော့ နေလို့မရဘူး ဖေဖေ။ ဘာကြောင့်လဲဆိုတော့ မိုးကလည်း မန္တလေးမှာ နှစ်ရက်ပဲ ရှိမှာမို့ပါ။

သို့သော် သူ ပြုံးရုံသာ ပြုံးနေလိုက်ပါသည်။

မန္တလေးသို့ ရောက်ချိန်မှာ နေ့လယ် တစ်နာရီဖြစ်သည်။

ဤအချိန်သည် နှင်းဆီပန်း ပို့ရန် အကောင်းဆုံး အချိန် မဟုတ်ကြောင်း သူသိသည်။ သို့သော် သူ မတတ်နိုင်ပါ။ မိုး အိမ်ပြန် ရောက်ရောက်ချင်း နှင်းဆီပန်းစည်းက ကြိုဆိုနေမည်ဆိုလျှင် ဖေဖေ ပြောသလို မိုး အံ့သြသွားနိုင်မည်ဟု သူ ထင်သည်။

သည်တစ်ခါ နှင်းဆီပန်းရောင်စုံ မရပါ။ မနက်ဖြန် မနက်မှ ရောင်စုံရမည်။ လောလောဆယ်တော့ အနီရောင် နှင်းဆီများသာ ရခဲ့၏။ မနက်ဖြန် မနက်အတွက် အော်ဒါမှာထားခဲ့ပြီး ရသမျှ နှင်းဆီနီသာ ၁၅ ပွင့် ဝယ်လာခဲ့ရသည်။ ထိုနှင်းဆီနီများကို ဖဲကြိုးဖြင့် စည်း၍ ကတ်ပြားလေး ချိတ်လိုက်၏။

ကံကောင်းထောက်မစွာ အလျင်လက တက္ကစီကားသမားကြီးကို ဟိုတယ်ဘေး ကားရပ်ရာနေရာတွင် ရှာတွေ့သွား၏။ သူသည် ငါးသေတ္တာဘူးများ၊ ငါးပိဆီကြော်ဘူးများ၊ ထားဝယ်ငါးမုန့်အထုပ်များကို ပလတ်စတစ် လက်ဆွဲအိတ်ထဲထည့်၊ နှင်းဆီ ပန်းစည်းကို လက်က ကိုင်လျက် မိုး၏ မလွန်ရပ်ကွက် ခြံဝန်းရှေ့သို့ နေ့လယ် ၂ နာရီ အချိန်တွင် ရောက်သွားသည်။





လူခေါ် ခေါင်းလောင်းကလေးကို နှိပ်ပြီး တစ်မိနစ်လောက်ကြာမှ သံတံခါး၏ လူဝင်ပေါက် ကျဉ်းကျဉ်းကလေး ပွင့်သွား၏။ မျက်နှာထား ခပ်ဆိုးဆိုး လူကြီး တစ်ယောက် အပေါက်မှ ကုန်းကြည့်၏။

"မခင်မိုးမြင့်ရဲ့ အိမ် ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်။ ဒါပေမယ့်"

"မခင်မိုးမြင့် လာတဲ့အခါ ဒီပန်းစည်းကလေးတွေ ပေးပေးပါခင်ဗျာ" သူ စကားဖြတ်ပြောလိုက်၏။

ထိုလူက မယူချင့်ယူချင် ပုံစံမျိုးဖြင့် လှမ်းယူ၏။ လူဝင်ပေါက်ကလေးမှ ခြံအတွင်းထဲမြင်ရသမျှမှာ မြင့်မားသော ရှေးဟောင်းပုံစံ တိုက်အနီကြီးနှင့် တိုက်ရှေ့မှာ ရပ်ထားသောလဲင်း(ဒ်) ရိုဗာ အစိမ်းရောင် ကားသာ ဖြစ်သည်။ လူမရှိသလို တိတ်ဆိတ်ငြိမ်သက်နေတာ မအံ့သြပါ။

"ဘယ်သူက ပေးသွားတယ်လို့ ပြောရမလဲ"

"ကိစ္စမရှိပါဘူး။ ပေးတဲ့လူကို သူ သိပါတယ်၊ ကျွန်တော်သွားတော့မယ်"

ထိုလူ၏ ပုံစံမှာ မိုးနှင့် ဆွေနီးမျိုးစပ်တော်ပုံ မရပါ။ ခြံစောင့် အလုပ်သမား ပုံစံမျိုး ဖြစ်သည်။

ထိုနောက်တွင်တော့ သူ့အလုပ်မှာ ညနေခင်းတစ်ခုကုန်ဆုံးသွားအောင် စိတ်ရှည်လက်ရှည် စောင့်ဆိုင်းခြင်းပင်ဖြစ်သည်။ ညနေခင်းတွင် သူမ၏ အလုပ်သမားများကို လခပေးခြင်းဖြင့် သူမ အလုပ်ရှုပ်နေမှာ သေချာသည်။ ဘာအလုပ်သမားတွေများလဲ။ ဘယ်နှစ်ယောက်လောက်ရှိမလဲ။ မိုးနှင့် ပတ်သက်သမျှ သူ အကုန် စိတ်ဝင်စားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ည ရှစ်နာရီ ရောက်တော့ သူ ထိန်းချုပ်နိုင်စွမ်း အားလုံး ကုန်ဆုံးသွားတော့သည်။

တစ်လလုံးလုံး အောင့်အည်း မျိုသိပ်ခဲ့ရသော အလုပ်ကို သူ စိတ်လှုပ်ရှားစွာ လုပ်မိသွား၏။

မိုးထံ တယ်လီဖုန်း ဆက်လိုက်ခြင်းပင် ဖြစ်သည်။

" မိုး"

သူ့ နားထဲသို့ အဘွားကြီး အသံတစ်ခု ဝင်လာသည်။

"လူ မရောက်သေးဘူး။ နှင်းဆီပန်းတွေ ရောက်ရတာနဲ့ ဖုန်းလာရတာနဲ့"

ခပ်တိုးတိုး မြည်တွန်တောက်တီးသံကြောင့် သူ မျက်ခုံးပင့် မိသွား၏။

"ဘွားဘွား၊ မိုး နားထောင်နေပါပြီ ဘွားဘွားရဲ့"

" ပြီးရော"

တယ်လီဖုန်း ဆောင့်ချသံ တစ်ခုက သူ့နားထဲသို့ ကန့်လန့်ကြီး ဝင်သွား၏။ မိုး၏ အိမ်တွင် တယ်လီဖုန်း နှစ်ခု ရှိရမည်ဟု သူ ခန့်မှန်းလိုက်သည်။

" ဦးမင်းထင်ပဲ မဟုတ်လား" အသံက ခပ်မာမာပေမယ့် ထိုအသံကလေးကိုပင် သူ ချစ်မြတ်နိုးလှပါသည်။

"ဟုတ်ပါတယ် မိုး။ မိုးအဘွား ဒေါပွသွားတယ်နဲ့ တူတယ်။ ကျွန်တော် စိတ်မကောင်းပါဘူး"

"ဘွားဘွား ဒေါပွတာ ရှင့်အတွက် စိတ်မကောင်းစရာ မဟုတ်ပါဘူး။ ဘွားဘွားက ဒီလိုပဲ။ တကယ်တမ်း ဒေါပွတာက ကျွန်မရှင့်"





သူ ပြုံးလိုက်မိသည်။ အဲဒီစကားကလေးတွေကိုပဲ သူ ကြားချင်နေပါသည်။

"ရှင် ကျွန်မ စကားကို ဂရုမစိုက်တဲ့ သဘောပေါ့။ ဘာလက်ဆောင်မှ မပေးပါနဲ့လို့ ကျွန်မ မှာထားတာကို ရှင် ဂရုမစိုက်ဘူး"

သူ ဘာမှ မပြောပါ။

"နောက်ပြီး ရှင်ကျွန်မကို ဆက်သွယ်စရာ အကြောင်းလဲ မရှိတော့ဘူးလေ။ ရှင့်ကျေးဇူးတွေ ကျွန်မဆီမှာ မရှိတော့ဘူး"

သူ အသံထွက် ရယ်လိုက်၏။

"ဒါရယ်စရာ မဟုတ်ဘူး"

"မိုးရယ် ဒေါသမကြီးပါနဲ့။ ကျွန်တော် မိုးဆီဖုန်းဆက်တာက မိုး နေကောင်းရဲ့လား သိချင်လို့ပါ။ မိုး မန္တလေးကို ချောချောမောမော ရောက်ရဲ့လား သိချင်လို့ပါ။ မိုးရဲ့ ကျန်းမာရေး၊ မိုးရဲ့ ခရီးသွားလာရေးအတွက် ကျွန်တော် စိတ်ပူလို့ ဖုန်းဆက်ကြည့်တာပါ"

"ကျွန်မ ဘာမှ မဖြစ်ဘူး။ ဒီလောက် သိရင် ကျေနပ်ပြီ မဟုတ်လား။ နောက် မဆက်ပါနဲ့တော့"

"ဟာ... နေပါဦး မိုးရဲ့၊ ကျွန်တော် ဘယ်မှာ တည်းသလဲ ဆိုတာ မမေးတော့ဘူးလား ဟင်"

"စိတ်မှ မဝင်စားတာ"

ထို့နောက် တစ်ဘက်က အဆက်အသွယ် ပြတ်သွား၏။

မိုးဟာ တကယ်ကို ကျွန်တော့်ကို စိတ်မဝင်စားဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ တုံ့ပြန်မှုများသည် မင်းထင်၏ ယောကျာ်း မာနကို ဆွပေးနေသည်။ မိန်းမ တစ်ယောက်ကိုရဖို့ ဒီလောက် အောက်ကျ နောက်ကျ ချဉ်းကပ်ရမှန်း အခုမှ သိသည်။

ကျွန်တော့်အတွက် မိန်းမ မရှားပါဘူး မိုးရဲ့။ အချစ်ဆိုတာ သာ မပါရင် ကျွန်တော် ဒီတစ်ခေါက် မန္တလေးတောင် ရောက်လာစရာ အကြောင်း မရှိပါဘူး။

နောက်တနေ့နံနက် နှင်းများ ဝေနေချိန်တွင် သူ နှင်းဆီခြံသို့ လမ်းလျှောက်သွားစဉ်မှာတော့ တတ်ကြွ ရွှင်လန်းလျက်ရှိ၏။

အဖြူရောင်ချည်း ၁၅ပွင့် ရသောအခါ သူ အလွန်ပျော်ရွှင်သွားသည်။

နှင်းဆီဖြူ ပန်းစည်းကို ဖဲကြိုး အပြာရောင်ကလေးဖြင့် စည်းလိုက်လေသည်။ နှင်းဆီပန်း စည်းရာတွင် ကျွမ်းကျင်သွားပြီဖြစ်၍ လုံးဝ ဆူး မစူးတော့ပါ။

မန္တလေးမြို့၏ တိတ်ဆိတ် ငြိမ်သက်နေဆဲဖြစ်သော နံနက် ၇နာရီ နှင်းများ ဝေနေချိန်တွင် သူ မိုးတို့ခြံရှေ့သို့ ရောက်နေပြီ။ နည်းနည်းရှက်နေသော မျက်နှာကို ခပ်တည်တည်လုပ်ကာ လူခေါ်ခေါင်းလောင်းကလေး နှိပ်လိုက်၏။ မနေ့ကလိုပင် လူဝင်ပေါက် ကလေးပွင့်သွားပြီး မနေ့က လူကြီး၏မျက်နှာကို မြင်ရသည်။

"မခင်မိုးမြင့် ရှိပါသလား"

"ရှိပါတယ်၊ ဘယ်သူက တွေ့ချင်တယ်လို့ ပြောရမလဲ"

ထိုအခွင့်အရေးကို အသုံးချလုနီးပါး ဖြစ်သွား၏။ သို့သော် မရမက ထိန်းချုပ်၍ ပန်းစည်းကိုသာ ပေးလိုက်သည်။





"ကိစ္စ မရှိပါဘူး၊ ဒီပန်းစည်းကို ပေးလိုက်ပါနော်"

မိုး ရှိနေသော အိမ်ရှေ့မှ သူ့ဆုံးဖြတ်ချက်ဖြင့် ပြန်လည်ထွက်ခွာလာချိန်တွင် ရင်ထဲမှာ လစ်ဟာလျှက်ရှိသည်။ တွင်းတောင်ဘုန်းက နှင်းထုထဲမှ မိုး၏ မျက်နှာကို သူ ဖျတ်ခနဲ မြင်ယောင်မိကာ ၎င်းမျက်နှာကလေးကို ထပ်မံတွေ့ချင်စိတ်ကို မနည်းကြိုးစား၍ ထိန်းချုပ်ထားရသည်။

မိုး အံ့သြအောင် လုပ်တာတော့ ဟုတ်ပါရဲ့ ဖေဖေ။ သူ အံ့သြ မအံ့သြတော့မသိဘူး၊ ကျွန်တော်တော့ တွေ့ချင် မြင်ချင်လွန်းလို့ ရင်တစ်ခုလုံး နာကျင်နေပြီ ဖေဖေရ။

မန္တလေးဟိုတယ်မှာ သူ တည်းလိမ့်မည်ဟု မိုး တွေးမှ တွေးပါ့မလား။ မန္တလေးဟိုတယ် ဖုန်းနံပါတ်ကို လူတိုင်း သိပါသည်။ ဟိုတယ်ကို မိုး ဖုန်းဆက်ဖို့ ဆိုတာတော့ မမျှော်လင့်ကောင်းသော အရာသာဖြစ်သည်။ သို့သော် သူ မရှက်ဘဲ ဝန်ခံရလျှင် တစ်နေ့လုံး ဟိုတယ်မှာပင် နေ့လည်စာ စားလျက် အခန်းထဲမှာ လဲလျောင်းစောင့်စားနေခဲ့သည်မှာ မိုး၏ ဆက်သွယ်မှုပင် ဖြစ်သည်။ သို့သော် သဘာဝကျစွာပင် မိုးထံမှ အဆက်အသွယ်မရပါ။

ဧည့်ကြိုဌာန အမျိုးသမီးကလေးကို ကျွန်တော့်အတွက် ဖုန်းများ လာသလားဟု မရှက်မကြောက် မေးယူရလောက်အောင် သူ ရူးသွပ်စွာ မျှော်လင့်နေခဲ့သည်။

သို့သော် မိုးထံမှ ဘာမှ မဆက်သွယ်ပါ။

ထိုအခါ မိုး၏ မျက်နှာကလေး မမြင်ရစေကာမူ အသံကလေးဖြစ်ဖြစ် ကြားချင်လှသော မင်းထင်ကသာ ဖုန်းဆက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ကဲဆိုးသွား၏။

"မိုး. . ."

"မိုးမဟုတ်ဘူးကွယ့်၊ မိုး အဘွား"

"ကျွန်တော် မိုးနဲ့ စကားပြောပါရစေ ဘွားဘွား"

"မိုး အပေါ်ထပ်မှာ ရှိတယ်။ ငါ့ကို မှာထားတယ်၊ ဖုန်းလာရင် အဖွားပဲ စကားပြောလိုက်ပါ တဲ့၊ သူ့အခန်းထဲက ဖုန်းကိုတောင် သူ ကောက်မကိုင်ချင်တဲ့ သဘောပေါ့ကွယ်၊ ဘယ်သူနဲ့မှ စကား မပြောချင်တဲ့ အဓိပ္ပာယ်ပဲ"

"ဟုတ်ကဲ့ ခင်ဗျာ၊ ဒီလောက်ပြောရင် ကျွန်တော် နားလည်ပါတယ်"

"ဘာကိစ္စ ရှိလို့လဲကွယ့်၊ ဘယ်က ဆက်တာလဲ"

"ကျွန်တော် အခုညနေ ပြန်မယ်ဆိုတာ နှုတ်ဆက်ချင်လို့ပါ ခင်ဗျာ. . ."

"အေး. . . အေး၊ ပြောလိုက်မယ်၊ မင်းနာမည်က ဘယ်သူ တဲ့လဲ"

"မင်းထင်ပါ ဘွားဘွား"

"တွင်းတောင်က မဟုတ်ဘူးနော်၊ ဒီနာမည် ငါ မသိဘူး"

သူ မချိပြုံး ပြုံးလိုက်၏။ မိုးက ကျွန်တော့် အကြောင်းတစ်ခါမှ မပြောဖူးဘူးဆိုတဲ့ အဓိပ္ပာယ်ပေါ့နော်။

"ဟုတ်ကဲ့၊ ကျွန်တော် ရန်ကုန်ကပါ"

"ရန်ကုန်ကနေ မန္တလေးကို ဘာလာလုပ်တာလဲ ကွယ့်"

ကျွန်တော် မိန်းမ လာပိုးတာပါ ခင်ဗျာ။ သူ့အတွေးဖြင့် သူ ပြုံးရယ်မိသွား၏။





မိုးအတွက် နှင်းဆီပန်းတွေနဲ့ ငါးသေတ္တာဘူးတွေ လာပေးတာပါ ခင်ဗျာ"

ဒါ အမှန်တရားပါပဲ အဘွားရယ်။

"ခေတ်ကာလ ကလေးတွေများ တော်တော် ရူးတာပဲနော်"

သူ အသံထွက် ရယ်လိုက်မိ၏။

"ကျွန်တော် နှုတ်ဆက်တဲ့အကြောင်း ပြောပေးပါနော် ဘွားဘွား၊ နောက်လကျမှ တစ်ခါပြန်လာပါ့မယ်"

"နှင်းဆီပန်း လာပေးဖို့ပဲလား"

အဘွားကြီးနှင့် စကားပြောရတာ သူ ပျော်နေသည်။

"ဟုတ်ကဲ့၊ ခြင်မကိုက်တဲ့ လိမ်းဆေးရော လာပေးမှာပါ ခင်ဗျာ၊ ဘွားဘွားရော ရန်ကုန်ကနေ ဘာမှာဦးမလဲ"

"ငါ မမြင်ဖူးတဲ့ လူဆီကနေ ငါ ဘာမှ မလိုချင်ပေါင်"

မခင်မိုးမြင့်ရဲ့ အဘွား ပီသပါပေသည်။

ချစ်လှစွာသော မိုး၏ မျက်နှာ တင်းတင်းကလေးကိုမှ မမြင်တွေ့ရဘဲ ပြန်လာခဲ့ရသော ခရီးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ဇန်နဝါရီလလယ်၏ နံနက် အရုဏ်တက် တစ်ရေးနိုးအချိန် တစ်ခုတွင် သူ ပြုန်းခနဲ အိပ်ရာမှ လန့်နိုးလာခဲ့၏။

သူ နိုးနိုးချင်း ဖျတ်ခနဲထထိုင်လိုက်မိအောင် အံ့ဩတကြီးဖြစ်နေသည်။

သူ့ခြင်ထောင် အမိုး၊ ဇာခြင်ထောင်၏ ပါးလွှာမှုကို ဖောက်ထွင်း၍ မြင်နေရသော ကျွန်းသုံးထပ်သား နံရံ၊ နံရံမှာချိတ်ထားသော အင်္ကျီချိတ်။ ဘေးမှာရှိသည့် အဝတ် ဗီရို။ သူသည် သူ့အခန်းတွင်းမှာ ရောက်ရှိနေခြင်း ဖြစ်ကြောင်း သေချာအောင် ခဏလောက် အာရုံစူးစိုက် နေရသေး၏။ နောက်တော့ သူ ရန်ကုန်မှာ ရှိနေကြောင်း သတိခံလိုက်ရသည်။

မိုး...။ ဒါဖြင့် စောစောကဟာ အိပ်မက်ပေါ့။

မိုး၏မျက်နှာသည် သူ တစ်ခါမျှ မမြင်ဘူးသော ညှိုးနွမ်းသည့် မျက်နှာထားကလေးဖြစ်သည်။ တောက်ပသော မျက်ဝန်းများ



www.burmeseclassic.com

www.burmeseclassic.com



မှေးမှိန်လျက်၊ နှုတ်ခမ်းကလေးက ဖြူဖျော့လျက်။ မိုး အနားတွင် သူ ရပ်နေခဲ့သည်။ မိုးကို သူ စကားတွေ အများကြီး ပြောနေခဲ့သည်။ မိုးက တစ်ခွန်းမှ ပြန်မပြောပါ။ မိုးကို သူ ငုံ့ကြည့်နေရသည်။ မိုးသည် အိပ်ရာလိုလို အခင်းတစ်ခုပေါ်မှာ ပက်လက်ကလေး။ မိုး၏ ဝတ်စုံမှာ အညိုရောင်လိုလို ခပ်မှောင်မှောင် ဝတ်စုံတစ်ခု ဖြစ်သည်။

သူ မိုးကို တစ်ခါမျှ အိပ်မက် မမက်ဘူးပါ။

မိုး နေကောင်းရဲ့လား။

တွင်းတောင်သို့ ပထမဦးဆုံးအကြိမ် သူ ရောက်သွားသော နေ့သည် တွင်းရွာမှလုပ်အားပေးကျောင်းဆရာမကလေးတစ်ယောက် ငှက်ဖျားရောဂါဖြင့် သေဆုံးပြီး အသုဘချသည့်နေ့ဖြစ်သည်။

တွင်းတောင်သို့ ဒုတိယအကြိမ် သူ ရောက်သွားသောနေ့သည် မမေယုခိုင် ငှက်ဖျားရောဂါဖြင့် ဆေးရုံမှ ဆင်းပြီးတစ်လ မြောက်သော နေ့ဖြစ်သည်။

တွင်းတောင်မှ ရန်ကုန်သို့ ပြန်ရောက်ပြီး သုံးရက်အကြာတွင် တွင်းတောင်မှ လူကြုံဖြင့် သိရသော သတင်းတစ်ခုမှာ တွင်းစခန်း က မိုးတို့သူငယ်ချင်း ကိုကျော်လေး ငှက်ဖျားရောဂါဖြင့် ဆုံးသွားကြောင်း သတင်းဖြစ်သည်။

အခုတစ်ခေါက် မန္တလေးမှ ပြန်လာလာချင်း သိရသည့် သတင်းမှာ မိုး၏ သူငယ်ချင်း၊ သူနှင့်လည်း ခင်မင်နေပြီဖြစ်သော ကြည်ကြည်မြင့် ဆေးရုံတက်ရကြောင်း သတင်း ဖြစ်သည်။

တွင်းတောင်တွင် ငှက်ဖျားရောဂါ အဖြစ်များလျက်ရှိပြီး တွင်းစခန်း ဝန်ထမ်းများအားလုံး ငှက်ဖျားရောဂါကြောင့် ဆေး မကြာခဏ တက်နေကြချိန်တွင် မိုး၏အိပ်မက်ထဲက မျက်နှာညှိုးညှိုးကလေးကို သူ ဘယ်လို မေ့ပျောက်၍ ရမည်နည်း။





ဒါဟာ စိတ်စွဲလို့ မက်တာပါဟု ဘယ်လို ဖြေသိမ့်နိုင်မည်နည်း။

ဘုရား မ,လို့ မိုးတစ်ယောက် ကျန်းမာပါစေ။

သူ့ရင်ထဲမှာ ပူလောင်လျက် ရှိလေသည်။

စားပွဲတင် နာရီကို လှမ်းကြည့်တော့ နံနက် ၄ နာရီ ထိုးရန် မိနစ်။

သူသည် မိုး၏ကျန်းမာရွှင်လန်းသော လေသံမာမာကလေးဖြင့် ပြောသည့်စကားကို အခုချက်ချင်း နားထောင်ချင်လာသည်။ သို့သော် ယခုရက်ပိုင်းမှာ တွင်းစခန်းမှာသာ မိုး ရှိနေလိမ့်မည်။ တွင်းစခန်းမှာ တယ်လီဖုန်း မရှိပါ။ သူ ကြံရာမရ ဖြစ်ကာ စားပွဲပေါ်မှ မိုး လက်ဆောင်ပေးထားသည့် ရေမွှေး ပုလင်းလေးကို ငေးစိုက် ကြည့်နေမိသည်။ မဟုတ်သေးပါဘူး၊ နည်း တစ်ခုခုတော့ ရှိရမယ်။ မိုးရဲ့ ကျန်းမာရေးကို ဒီကနေ လှမ်းသိနိုင်မယ့် နည်း တစ်ခုခုတော့ ရှိနေရမယ်။

မိုး၏ ဘွားဘွားကို သူ ဖုန်းဆက်ရမည်။

သို့သော် ယခုလို နံနက် ၄နာရီတွင် ဖုန်း လှမ်းဆက်ပါက မိုး ကျန်းမာနေချိန်သာ ဆိုလျှင် အဘွားကြီး သူ့ကို ဘယ်လောက် ဒေါပွလိုက်မလဲ။

သူသည် နံနက် ၆နာရီအထိ ပူပင်သောကကို ဇွတ် ကြိတ်မှိတ် မျိုသိပ်ထားရသည်။ ၆နာရီ ထိုးသောအခါ မျက်နှာပင် သစ်ရသေးမီ သူ ဧည့်ခန်းသို့ ရောက်သွားသည်။

တယ်လီဖုန်းကို တစ်ဘက်တွင် ကိုင်မည့်သူ ရှိပါစေ ဟု ဆုတောင်းရင်း နံပါတ် ခုနစ်ခု လှည့်လိုက်သည်။ တစ်ဘက်က ချက်ချင်း ကောက်ကိုင်သောအခါ သူ ဒိတ်ခနဲ ရင်ခုန်သွားသည်။

"ဟဲလို..."



www.burmeseclassic.com

www.burmeseclassic.com



လေသံတော့ ခပ်မာမာ။ သို့သော် အနည်းငယ် အလော
တကြီးနိုင်သော အဘွား၏အသံ။

"အဘွား၊ မခင်မိုးမြင့် အခု ဘယ်မှာလဲဟင်...။ သူ နေ
ကောင်းရဲ့လား"

သူ့အသံကို အေးဆေး တည်ငြိမ်အောင် ဘယ်လိုမှ ထိန်း
ချုပ်မရပါ။

"အခု ပြောနေတာ ဘယ်ကလဲ"

"ရန်ကုန်ကပါ အဘွား၊ မိုး နေကောင်းပါတယ်နော်"

"မကောင်းဘူးကွဲ့"

သူ့ခေါင်းက နဂိုထက် အဆမတန် ကြီးလာသလို ပူထူ
ခံစားလိုက်ရသည်။

"မိုး ဆေးရုံတင်ထားရတယ်"

ဘုရား... ဘုရား။

"ငှက်ဖျားလား"

"အေး၊ ဘုတလင်ကနေပြီး မနေ့ညက မုံရွာကို ပြောင်းတင်
လိုက်တယ် တဲ့။ ငါ့ကို မနေ့ညကမှ ဖုန်းဆက်ကြတယ်"

မုံရွာအထိ ပြောင်းရွှေ့ရသည် ဆိုတော့ မိုးအခြေအနေ
မတိုးတက်လို့ပေါ့။ သူ့ လက်ဖျားတွေ ပိုမို အေးစက် တင်းကျ
သွား၏။

"အခြေအနေ..." သူဆက် မမေးနိုင်ပါ။

"သတိလစ်နေတယ်တဲ့"

ဟာ... သွားပြီ။ သူ တယ်လီဖုန်း လွတ်ကျမသွားအောင်
ဂရုစိုက် ကိုင်လိုက်ရ၏။ ငါ ဘာလုပ်ရပါ့မလဲ။

"အဘွား၊ ကျွန်တော် လိုက်လာပါရစေနော်"





"ငါ အခုပဲ မုံရွာ သွားတော့မလို့"

"ဟုတ်ကဲ့၊ ကျွန်တော် မုံရွာ လိုက်ခဲ့ပါ့မယ်၊ ဒါနဲ့ မုံရွာကို
ဆက်သွယ်ကြည့်ဖို့ နည်းလမ်း..."

အဘွား ရွတ်ပြသော ဖုန်းနံပါတ်ကို သူ စိတ်ဖြင့် အလွတ်
ကျက်လိုက်ရသည်။

အေးမြသော ဇန်နဝါရီ နံနက်ခင်းတွင် သူ ရင်တစ်ခုလုံး
ပြည့်ကျပ် ပူလောင်ကာ ချွေးပြန်နေ၏။

မိုးသည် အိပ်မက်ထဲကလိုပင် မျက်နှာ ဖြူဖျော့လျက်ရှိ
သည်။ အိပ်မက်ထဲကနှင့် ကွာခြားသည်မှာ မှိတ်ထားသော မျက်လုံး
များပင် ဖြစ်သည်။ မျက်ခွံများ ချိုင့်ဝင်နေပြီး အနည်းငယ် ညိုရောင်
သန်းနေ၏။ နဖူးတွင် ချွေးများ စို့စွတ်နေသည်။ မိုး၏ လက်ဖျံ
တစ်ဖက်တွင် အရည်ကြည် ပုလင်းတစ်လုံးမှ ကျသည့်ပိုက်ဖြင့် အပ်
တန်းလန်း စိုက်သွင်းပြီး ပလတ်စတာကပ်ထားသည်။ ထိုလက်ကို
ခုတင်ပေါင်နှင့်တွဲ၍ ပတ်တီးစဖြင့် ချည်နှောင်ထားတာ မြင်ရတော့
သူ ရင်ဆို့သွားသည်။

ဖြစ်မှဖြစ်ရလေ မိုးရယ်...။

မိုး၏ သွေးနီဥများပေါက်ကွဲကုန်ပြီး သွေးအား ဖြူဖျော့
ဆုတ်လျော့သွားသောကြောင့် သွေးသွင်းရမည်ဟု အားလုံး ခေါင်းချင်း
ဆိုင်၍ တိုင်ပင်ကြစဉ်မှာ မိုးအတွက်လိုအပ်သောသွေးကို အကုန်
ဖောက်ထုတ်ပေးချင်စိတ် ပြင်းပြနေခဲ့သည်။ သို့သော် သူ မိုးအတွက်
သွေးပေးလှူ၍မရပါ။ အားလုံး၏သွေးများကို ဖောက်စစ်ကြည့်သည့်



www.burmeseclassic.com

www.burmeseclassic.com



အခါ သူ့သွေးမှာ ဘီအုပ်စု ဖြစ်နေ၏။ မိုး၏သွေးက အေ အမျိုးအစား ဖြစ်နေပါသည်။

စိတ်ခါတ် ခိုင်မာပုံရသော မိုး၏ အဘွားသည် ခုတင်ဘေးတွင်ထိုင်လျက် မိုး၏ လက်ဖျံတစ်ဘက် မလှုပ်ရှားအောင် ထိန်းကိုင်ရင်း မျက်ရည်စ စွန်းထင်းသည့် မျက်လုံးများဖြင့် မြေးကို တစိမ့်စိမ့်ကြည့်နေခဲ့သည်။ ယောက်ျား ဖြစ်နေသောကြောင့် လူနာကြည့်ချိန်မဟုတ်ဘဲ တရားဝင် ဝင်ခွင့် မရှိသော မင်းထင်ကတော့ အခန်းထဲဝင်လိုက်၊ အပြင်ပြန်ထွက်လိုက်နှင့် စိတ်ပူပန်မှုကို ထိန်းချုပ်ဖို့ သတိမရဘဲ ဖြစ်နေသည်။ မိုးကို သွေးသွင်းပေးသော ထမီအပြာဝတ် သူနာပြုဆရာမကြီးကို တစ်ခုခုမေးချင်လျက် မေးမထွက်ဘဲ ဖြစ်နေသည်။ ဂျူတီကုတ်အဖြူနှင့် ခပ်ရွယ်ရွယ် ဆရာဝန်တစ်ယောက် ဖြတ်လျှောက်သွားသည့်အခါမှာတော့ သူ ကမန်းကတန်း မေးလိုက်တော့၏။

"ဆရာ...ကျွန်တော့်ကို တစ်ခုလောက် ကူညီပါဆရာ၊ ဟို... မခင်မိုးမြင့်ရဲ့ အခြေအနေ ကျွန်တော်သိပါရစေ" ဆရာဝန်က သူ့ကို စူးစမ်းစွာကြည့်၏။

"ကျွန်တော် ပြောပြီးသားပဲ၊ ဒါ ဦးနှောက်ထဲ ကို ငှက်ဖျားပိုးရောက်သွားတာ၊ သွေးနီဥတွေ ပေါက်ကွဲပြီး သွေးအားလည်း သိပ်နည်းသွားတယ်"

"အဲဒီအတွက် ကျွန်တော်တို့ သူ့ကိုနောက်ထပ် ဘာကူညီနိုင်ဦးမလဲ ဆရာ"

ဆရာဝန်က နှုတ်ခမ်းကလေးသာ ပြုံး၏။

"သူ့ အတွက် အကောင်းဆုံး ကျွန်တော်တို့ ကူညီထားပါတယ်။ သူ့ဘယ်ဘက်လက်ကနေ ငှက်ဖျားပိုးကို တိုက်ခိုက်ဖို့ဆေးရည် သွင်းပေးနေတယ်၊ ညာဘက် လက်ကနေ သူ့ရဲ့ပျက်စီးသွားတဲ့ သွေး





အတွက် အစားပြန်သွင်းပေးနေတယ်၊ သူ့ငှက်ဖျားပိုး အမျိုးအစားကို သွေးဖောက် စစ်ပြီး ကျွန်တော်တို့ သိထားတယ်။ ဒီ ပိုးအမျိုးအစားရဲ့ ဆိုးဝါးတဲ့ အကျိုးဆက်တွေကို ကာကွယ်တဲ့အနေနဲ့ ရောဂါလက္ခဏာတွေကိုနာရီဝက်တစ်ကြိမ် စောင့်ကြည့်ပေးတယ်။ ကျောက်ကပ်ကို ထိခိုက်မှု ရှိမရှိ ချက်ချင်းသိနိုင်အောင် ဆီးကို အမြဲ စိစစ်ပြီး တွက်ချက် ချင့်တွယ် ကြည့်နေတယ်။ အဖျား သိပ်မကြီးအောင် ရေခဲဝတ် အုပ်ပေးတယ်၊ ငှက်ဖျားမဟုတ်တဲ့ တခြား ဘက်တီးရီးယားကို ကာကွယ်ဖို့ ခြောက်နာရီခြား တစ်ခါ ပဋိဇီဝဆေးတွေ သွင်းပေးနေတယ်"

"အခုထိ ဘာဖြစ်လို့ သူ သတိမရသေးတာလဲ ဆရာ"

ဆရာဝန်က သက်ပြင်းတစ်ချက် ချ၏။

"သူ့ ငှက်ဖျားပိုး တိုက်ခိုက်မှုက ထင်ထားတာထက် ပိုပြီး ပြင်းထန် နက်ရှိုင်းနေလို့ပေါ့ဗျာ"

"အသက် အန္တရာယ်ကို ထိခိုက်နိုင်သလားဟင်"

"အမှန်အတိုင်းပြောရရင် လူနာရဲ့အခြေအနေကို ကျွန်တော် အတိအကျ မပြောနိုင်သေးပါဘူး"

သူ နာကျင်ပူပန်သော ရင်ဖြင့် ပင့်သက်တစ်ချက် ရှိုက်လိုက်မိသည်။

"လူနာအတွက် လိုအပ်တာ မှန်သမျှ ကျွန်တော်တို့ကို အသိပေးပါ ဆရာ၊ ဆေးဝါးနဲ့ပတ်သက်လို့ ဖြစ်ဖြစ်၊ ပစ္စည်း ကိရိယာနဲ့ ပတ်သက်လိုပဲ ဖြစ်ဖြစ်၊ နေရာဒေသနဲ့ ပတ်သက်လို့ပဲ ဖြစ်ဖြစ်"

သူ့စကားသည် ဆရာဝန်ကို စော်ကားသလိုဖြစ်သွားနိုင်သည်။ သို့သော် သူ လုံးဝ မတတ်နိုင်ပါ။

"ကျွန်တော် ပြောချင်တာက ဒီလိုပါ ဆရာ၊ ကျွန်တော်တို့ ဝတ္ထုပစ္စည်း ချို့တဲ့မှုကြောင့် မိုးကို အဆုံးရှုံးမခံနိုင်ပါဘူး၊ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



စကားမှားရင် ခွင့်လွှတ်ပါနော်"

ဆရာဝန်က အနည်းငယ် တင်းမာသော မျက်နှာထားကို လျှော့ချ၏။

"ကိစ္စ မရှိပါဘူး၊ လူနာရှင်တွေရဲ့ အပူဒဏ်ကို ကျွန်တော်တို့ နားလည်ပြီးသားပါ"

ဆရာဝန်က လှည့်ထွက်တော့မည့်ဟန် ပြင်၏။

"ခဏလေး ဆရာ၊အခု...အခု လောလောဆယ် ကျွန်တော်တို့ ဘာလုပ်ထားရဦးမလဲ"

ဆရာဝန်က ပြုံးသည်။

"ခင်ဗျားတို့ လုပ်နိုင်တာကတော့ ဆုတောင်းဖို့ပါပဲ"

ဆုတောင်းဖို့...။

ထိုစကားကို တခြား တစ်ယောက်ကပြောလျှင် သူ လက်ခံနိုင်သော်လည်း ဆရာဝန်တစ်ယောက်က ပြောလိုက်သောအခါ သူ တော်တော်မခံချိ မခံသာ ဖြစ်သွား၏။ ဒါဟာ ဆရာဝန် တစ်ဦးဆီက မျှော်လင့်နိုင်သမျှ စွမ်းဆောင်မှုပဲလား။ သို့သော် သူ စိတ်ကို လျှော့ချ၍ ဖြေသိမ့် လိုက်ရသည်။

သူတို့ အနေနဲ့ သူတို့ဘက်က လိုအပ်သမျှ လုပ်ပေးပြီးပြီ ဆိုတဲ့ အဓိပ္ပါယ်ပဲ။

"မိုးက အင်မတန်ခေါင်းမာတာ လူလေးရဲ့၊ ပိုက်ဆံကလေး မဖြစ်စလောက်ရတဲ့ ဒီအလုပ်ကို ထွက်ဖို့ အဘွားပြောနေတာ ကြာလှပါပြီကွယ်။ သူက ဒီ ရေညှိတွေကို တော်တော် သံယောဇဉ် ရှိတာ"





အဘွား စကားကို အကြွင်းမဲ့ သူ ထောက်ခံပါသည်။ သူမသည် ငွေကြေးကြောင့် ဤအလုပ်ကို လုပ်နေခြင်း မဟုတ်ပါ။

အဘွားက ပါးစပ်မှ တလှုပ်လှုပ်နှင့် ဘုရားစာတွေရွတ်လိုက်၊ သူ့ကို စကားပြောလိုက်နှင့် ဆောက်တည်ရာမရ တုန်လှုပ်လျက်ရှိသည်။ အရပ် ခပ်ပုပ်ပုပ်၊ ဆံပင်ဖြူ တော်တော်လွှမ်းနေပြီဖြစ်သော်လည်း မျက်လုံးများ မာကျောဆဲ၊ နှုတ်ခမ်းပါးမှ စကားသံများက အင်အားအပြည့် ပါဆဲ။ ပါးရေနားရေ တွန့်ရုံမှတပါး အသက်၇၀ကျော် ဟု ထင်နိုင်စရာ မရှိသည့် မိုး၏ အဘွားသည် ချစ်ခင် လေးစားဖွယ်ရာ ဖြစ်သည်။

"ငါ့အတွက် ဒီ မြေးကလေး မရှိလို့ မဖြစ်ဘူး။ အကြီးမက ဘာမှ သုံးလို့ မရဘူး၊ အလကား လင်တရူးမ၊ ငါ့မြေးကလေးသာ မရှိရင် ငါဖြင့် သေတာကြာလှပြီ"

အဘွားရယ်၊ ကျွန်တော့်အတွက်လည်း အဘွားမြေး မရှိလို့ မဖြစ်ပါဘူး။

လိုအပ်သည့် ဆေးများကိုဝယ်ပေးခြင်း၊ လူနာပြုစုသော အဘွားကို ဂရုတစိုက် လိုတာဖြည့်ဆည်းပေးခြင်း မိုးအနားမှာ အရိပ်တကြည့်ကြည့်ဖြင့် ကိုယ်ခန္ဓာအနေထားနှင့် သွေးပုလင်း၊ ဆေးပုလင်း အပ်အနေအထားကို ထိန်းချုပ်ပေးခြင်း တို့အပြင်၊ သူ တခြားလုပ်နိုင်သည့် အလုပ်တစ်ခုမှာ ဘုရားရှိခိုး ဆုတောင်းခြင်းပင် ဖြစ်သည်။ သူ ဘဝတွင် ဘယ်တုန်းကမျှ သည်လောက်သရဏဂုံ မတည်ဖူးဘူး ဟု ထင်သည်။

သုံးရက်တိတိ အခြေနေမထူးခြားဘဲ အထူးသူနာပြု ဆရာမကလေးများပင်လျှင် မျက်နှာမကောင်းတော့ဘဲ ဖြစ်လာသောအခါ အဘွားငိုတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မြေးကလေးက ဘယ်သူ့ကိုမှ ဒုက္ခရောက်အောင် မလုပ်ခဲ့ဘူး၊ သူ့ကိုသာ ဒုက္ခရောက်အောင် လုပ်ခဲ့ကြတာ။ မိသားစုထဲမှာ ငါ့မြေးက အဖြောင့်မှန်ဆုံး၊ အရိုးသားဆုံး၊ ငါ့မြေးကို ဘုရား သိကြား စောင့်ရှောက်ပါစေ"

သူကတော့ နည်းနည်းမှ မျက်လုံး ပွင့်မလာသည့်အပြင် ကယောင်ချောက်ခြား ဖြစ်နေသော မိုးကို တစိမ့်စိမ့် ကြည့်လျက် ရင်နာကျင်နေရသည်။ နောက်ဆုံးတော့ ဘုရားရှေ့မှာ သစ္စာဆိုဆုံးဖြတ်လိုက်၏။

မိမိ၏ လုပ်ရပ်တစ်ခုကို တိုင်တည်ပြီး သစ္စာ ဆိုရမည်ဖြစ်ရာ သူသည် သူ့ဘဝသက်တမ်း တစ်လျှောက်တွင် ဖြောင့်မှန်တည်ကြည်မှု ဘယ်လောက် ရှိခဲ့သလဲဟု ပြန်လည်ဆန်းစစ် ကြည့်၏။ မိဘအပေါ် တာဝန်ကျေသော သားဖြစ်ခဲ့သလား။ မဟုတ်ပါ။ သူသည် ယခုတိုင် မိဘကို မှီခိုနေရဆဲသာဖြစ်သည်။ ပတ်ဝန်းကျင်အပေါ် ရိုးသားသူ ဖြစ်ခဲ့သလား။ သူသည် မိုးပြောသလို သာမန်ယောကျ်ားသာ ဖြစ်သောကြောင့် ကွေ့ပတ်မှု၊ ကိုယ်ကျိုးရှာမှု လိမ်ညာမှု၊ ဟန်ဆောင်မှုတွေ ရှိခဲ့သည်။ မိမိနှုတ်ကထွက်သော စကားသည် မိမိ မယုံကြည်သော စကားမျိုးတွေ ဖြစ်ဖြစ်နေတတ်သည်။ ကျောင်းသားဘဝတုန်းက မိမိကြောင့် မိန်းကလေး လေးငါးယောက် မျက်ရည်ကျခဲ့ရဖူးသည်။ မိမိ တကယ် ချစ် မချစ် မသိဘဲ ချစ်သည်ဟု လိမ်ညာ၍ သူများအချစ်ကို ရယူ ပိုင်ဆိုင်ခဲ့ဖူးသည်။ တစ်နေ့ မတွေ့ရလျှင် မနေနိုင်သည့် စိတ်ဆန္ဒတစ်ခု ကို အချစ်ဟု ထင်မှားခဲ့ဖူးသည်။ မိမိ အပေါ် ကြောသည်ဟု ထင်သည့် သူငယ်ချင်းမျိုးကို မရမက အနိုင်ယူ လက်စားချေဖူးသည်။ ထို အမှားများကို





အမှားဟု အမှန်အတိုင်းသိ၍ တိုင်တည် သစ္စာဆိုလျှင် ဖြစ်နိုင်သော်လည်း သူ့ဘဝမှာ ဒါထက်သေချာတာ တစ်ခု ရှိပါသေးသည်။

မိုးကို မိမိ၏ အသက်ထက် ပို၍ ချစ်မြတ်နိုးခြင်းပင်ဖြစ်သည်။ မိုး၏ စိတ်ချမ်းသာရေးအတွက် မိမိဆန္ဒများကို စွန့်လွှတ်နိုင်ခြင်းပင်ဖြစ်သည်။ ဘဝ အစစအရာရာ လှပဖို့ အောင်မြင်ဖို့အတွက် တတ်နိုင်သမျှ ဖြည့်ဆည်းပေးလိုခြင်းပင်ဖြစ်သည်။ ယောကျ်ားတစ်ယောက်က မိန်းမ တစ်ယောက်အပေါ် အချစ်နိုင်ဆုံး အတိုင်းအဆအကုန်ဖြင့် မိုးကို ချစ်မြတ်နိုးမိခြင်းပင် ဖြစ်သည်။

ဤ မှန်ကန်သော စကားကို သစ္စာဆိုလျက် မိုး၏ အသက်ချမ်းသာရာ ရပါမည့် ဆုတောင်းကို ဘုရားထံတွင် ဆုတောင်းလိုက်မိလေသည်။

ဆရာဝန်တွေ၊ သူနာပြုဆရာမတွေက သူတို့ကုသမှုကြောင့်ဟု ယူဆပြီး၊ မင်းထင်က သူတို့ ကုသမှုအပေါ်တွင် မိမိ၏ သစ္စာဖြည့်စွက်မှုကြောင့်ဟု ယူဆသည်။ အဘွားကတော့ ကုသနည်းချင်းအတူတူ မြေးကလေး ကံကောင်းလို့ဟု ယူဆသည်။ ဘယ်သူတွေ ဘယ်လို ယုံကြည်သည့်ဖြစ်စေ အဓိက အချက်မှာ သူရောက်ပြီး လေးရက်မြောက်နေ့တွင် မိုး သတိပြန်လည် ရရှိလာခြင်းပင် ဖြစ်သည်။

မိုးက အဘွားကိုလည်းမှတ်မိသည်။ တိုက်တိုက် ဆိုင်ဆိုင် ရောက်နေသော မမေယုခိုင်တို့ အုပ်စုကိုလည်း တစ်ခွန်းနှစ်ခွန်း စကားပြောနိုင်သည်။ လူအုပ်၏ နောက်ဘက်တွင် မားမားကြီးရပ်နေသော မင်းထင်ကိုတော့ စက္ကန့်ပေါင်းများစွာ ငေးစိုက်ကြည့်နေလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ အနည်းငယ် အားပေးပြုံး ပြုံးပြလိုက်ပါသည်။ သူ့ရင်… တွင် ဝမ်းသာမှုကြောင့် ကတုန်ကယင် ဖြစ်နေ၏။ သူ၏ ဝမ်းသာ… ပျော်ရွှင်မှုကို အကောင်းဆုံး မျှဝေခံစားနိုင်မည့်သူ တစ်ယောက်မှာ… သောအခါ သူဆရာဝန်ကို သွားတွေ့လိုက်ရသည်။

"ဆရာ… ကျွန်တော် သိပ်ဝမ်းသာနေတယ်၊ သူ သတိ… လာတာ နေကောင်းတာပေါ့နော်"

ဆရာဝန်က သူ့ကို ကလေးတစ်ယောက်ကို ပြုံးသလို ပြုံးပြ၏။

"ဟုတ်တာပေါ့။ သူ့ရဲ့ ငှက်ဖျားပိုးကို ကျွန်တော်တို့ နိုင်… လိုက်ပြီပေါ့"

ဆရာဝန်၏ ပညာမာနကို သူ လက်ခံစွာ ခေါင်းညိတ်… လိုက်ပါသည်။

"ကျွန်တော် နောက်ထပ် ဘာလုပ်ရဦးမလဲ ဆရာ၊ သူ… အစား စားဖို့ ဘာတွေများ…"

ဆရာဝန်က လက်ကာပြသည်။

"အရည်ပဲ တိုက်ရမယ်လို့ ကျွန်တော်မှာထားတယ်လေ… တစ်ခုခု ခင်ဗျား ကျွေးမယ်လုပ်တိုင်း နာ့(စ်)ကို မေးပြီးမှကျွေးပါ… ဟုတ်ပြီလား၊ တခြား အားရှိမယ့် အစာ အခဲတွေ ဘာတွေ မကျွေးမိ… စေနဲ့နော်၊ ခင်ဗျား အပျော်လွန်မှုကြောင့် ကျွန်တော့်လူနာ မဆုံးရှုံးပါ… စေနဲ့ဗျာ"

ဆရာဝန်၏ ဟာသ စကားကြောင့် သူမျက်နှာ ရဲခနဲ ဖြစ်… သွားကာ ထိန်းချုပ် ရကောင်းမှန်း သိသွား၏။ ငါတော်တော် ကြောင်… တာပဲ။ ဒီလောက်ထိ ငါ စိတ်မလှုပ်ရှားသင့်ဘူး။





ငါးရက်မြောက်သော နေ့တွင် မိုးက သူ့ကို ပထမဦးဆုံး အကြိမ် စကားစ၍ ပြော၏။

"ဦးမင်းထင် အလုပ်ကို ဒီလိုပဲ ပစ်ထားတာပဲလား"

သူ ဒီနေရာ ရောက်နေတာကို မိုးမကျေနပ်ဘူး ထင်ပါရဲ့။

"ဟုတ်တယ်၊ ကျွန်တော့်ကုမ္ပဏီမှာ ကျွန်တော်က မရှိမဖြစ် လိုအပ်တာ မဟုတ်ပါဘူး၊ ရုံးမန်နေဂျာဆိုပေမယ့် စာရင်းကိုင်ပါပဲ မိုးရဲ့ ပြီးတော့မှ အလုပ်အကြွေးတွေကို စုပြုံ လုပ်မှာပေါ့"

မိုးက လျှို့ဝှက်သော အပြုံးကလေးဖြင့် ငြိမ်သက်သွားသည်။

မိုး၏ လက်မှ သွေးပုလင်း၊ ဆေးရည်ပုလင်း၊ အပ်များကို ဖြုတ်ရသော နေ့သည် မိုးဆန်ပြုတ် စတင် သောက်နိုင်သည့်နေ့လည်း ဖြစ်သည်။ အဘွား တိုက်သော ဆန်ပြုတ်ကို ကလေးသဖွယ် ငြိမ်သက်စွာသောက်နေသော မိုးသည် အလွန်ကြင်နာဖို့ကောင်းသော မိန်းမငယ်ကလေးတစ်ဦးသာ ဖြစ်၏။

မိုးတွင် ရှိနေကျ မာန်မာနများ၊ တင်းမာမှုများ ပျောက်လွင့်လျက် အပြစ်ကင်းစင်မှုကိုသာ တွေ့ရသည်။

"မုံရွာမှာ ရောက်နေလို့ပေါ့မိုးရာ၊ ရန်ကုန်မှာသာဆိုရင် မိုးကို ကျွန်တော် ကြက်ဆွတ်ပြုတ် ကောင်းကောင်း လုပ်ပေးနိုင်တယ်" ဟု သူ ပြုံး၍ ပြောတော့ မိုးက ထုံးစံ အတိုင်း ဖျတ်ခနဲ ပြန်ပြော၏။

"ဘာလဲ၊ ဆိုင်က ဝယ်ပေးမှာ မဟုတ်လား"

အင်း… မိုးက ကျွန်တော့်ကို တော်တော် အထင်သေးတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



မုံရွာမြို့ထဲရှိ ကြည်ကြည်မြင့်တို့ အိမ်သို့ အဘွား ခဏပြန်ပြီး ရေမိုးချိုး အနားယူသော တစ်ညနေခင်း မှာတော့ မိုးအတွက် ကော်ဖီကို သူကိုယ်တိုင် ဖျော်တိုက်ခွင့်ရသွား၏။ မိုးက ကော်ဖီကို သောက်ပြီး နည်းနည်း ပြုံးသည်။

"ဒီအတိုင်းဆိုရင် တွင်းတောင်မှာ ကျွန်မ တိုက်တဲ့ ကော်ဖီက ဦးမင်းထင်အတွက် တော်တော်ညံ့မှာပဲနော်"

သူ ဘာမှ မပြောပါ။ မညံ့ပါဘူးဟုလည်း မညာချင်သောကြောင့် ပြုံးရုံသာ ပြုံးနေ၏။

"ကော်ဖီဖျော်တဲ့ နေရာ၊ ကိတ်မုန့် လှီးတဲ့ နေရာ၊ ဖန်ပုလင်းတွေ ဘူးတွေ စီတဲ့နေရာမှာ ကျွန်မထက် သာတယ်"

မိုးထံမှ ပထမဦးဆုံးသော ချီးကျူးစကား ဖြစ်သည်။

"ကျွန်တော် တော်တဲ့ နေရာတွေ အများကြီး ကျန်သေးတယ် မိုးရ၊ မိုး တဖြည်းဖြည်း သိလာမှာပါ"

မိုး၏ ပထမဦးဆုံးသော မျက်စောင်း လှဲ့လှဲ့ကလေးသည် သူ့ရင်ထဲသို့ မြားတစ်စင်းလိုပင် နက်ရှိုင်းစွာ စိုက်ဝင်သွားလေသည်။

"မိုးက မီးသွေး မီးဖိုတောင် မီးမမွှေးတတ်ဘူးလို့ အဘွားက ပြောတယ်၊ အဲဒီနေရာမှာလဲ ကျွန်တော်က သာတာပဲဗျ၊ ကျွန်တော် မေမေ့ကို မီး မလာတဲ့ မနက်တွေမှာ အမြဲ မီးမွှေး ပေးနေကျ"

"ဒါနဲ့ပဲ ကျွန်မက အထင်ကြီးရမှာလား။ မီးမွှေးတဲ့ အလုပ်ကို အိမ်ဖော်က အကျွမ်းကျင်ဆုံးပေါ့"

သူ့မျက်နှာ လိုအပ်သည်ထက် ရှုံ့မဲ့ပြလိုက်တော့ မိုးက ရိပ်ရိပ်ကလေး ပြုံးနေ၏။

"နောက်ပြီး မနက် အိပ်ရာထ စောင်တွေ ခြင်ထောင်တွေ ခေါက်တဲ့ နေရာမှာလဲ ကျွန်တော် ကျွမ်းကျင်တာပဲ။ ကျွန်တော့်





အခန်းဆို မေမေ လုံးဝလှည့်ကြည့်စရာမလိုဘူး မိုး။ ကျွန်တော် အကျီတွေ လုံချည်တွေ ကျွန်တော်ကိုယ်တိုင်လျှော်၊ မီးပူတိုက်တာ အကျအနပဲ"

မိုး အပြုံးက ပိုမို ပီပြင်လာ၏။

"နေစမ်းပါဦး၊ ရှင့် အဲဒီ အရည်အချင်းတွေနဲ့ ကျွန်မနဲ့ ဘာဆိုင်လို့လဲ ရှင့်"

လူမမာနှင့် မတူသော ခပ်ဆတ်ဆတ် လေသံကြောင့် သူ ငမ်းသာသွား၏။

"ဩော်... မိုး ကျွန်တော့်ကို လက်ထပ်တဲ့အခါ... အဲဒီ လုပ်ငန်းတွေကို မိုး ကျွန်တော့်အတွက် လုပ်ပေးနေစရာ မလိုဘူးဆိုတာ မိုး သိထားစေချင်လို့ပါ"

သူ အတည်ပေါက် မျက်နှာထားဖြင့် စ , နောက်မိသည်။

"လာပြန်ပြီ၊ ဒီ လက်ထပ်တဲ့စကား၊ မိန်းမတွေဟာ ယောက်ျား တွေကို ဘာလို့ လက်ထပ်ကြသလဲ၊ ရှင် သိလား"

"ချစ်လို့ပေါ့ ဗျာ"

"မဟုတ်ဘူးရှင့်၊ အားကိုးကြတာ။ ငါ့ ဘဝကို သူကတော့ စောင့်ရှောက်ကြည့်ရှုနိုင်ကောင်းရဲ့ဆိုတဲ့ အတွေးမျိုးနဲ့ မျှော်လင့်တကြီး လက်ထပ်ကြတာ။ လက်ထပ်တယ် ဆိုတာ ကိုယ်ပိုင် အစွမ်းအစ မရှိတဲ့ မိန်းမတွေ၊ သူများခြေထောက်နဲ့ ရပ်ချင်တဲ့ မိန်းမတွေရဲ့ အလုပ်ပဲ။ ဒါပေမဲ့ သနားစရာ ကောင်းတာက သူတို့ဟာ ယောက်ျား တွေအပေါ် အမှန်အတိုင်း မမြင်နိုင်ကြရှာဘူး။ လက်ထပ်ပြီးတဲ့ အခါ ကျတော့မှ အမှန်အတိုင်း မြင်ကြတော့တယ်"

သူ မိုးကို ခပ်ပြုံးပြုံး ငေးကြည့်နေမိသည်။ မိုးပုံစံက အတန်းထဲက ကျောင်းသားတွေကို ခေါင်းစဉ်တစ်ခု ရှင်းလင်းပြောပြ နေသလို



www.burmeseclassic.com

www.burmeseclassic.com



မျိုး။ မိုး စိတ်ချမ်းသာရေးအတွက် သူ စကားထောက်ပေးလိုက်သည်။

"သူတို့ ဘာကို အမှန်အတိုင်း မြင်သွားကြသလဲ ဟင်"

"ယောက်ျား တစ်ယောက်ဟာ အိမ်ထောင်ကျသွားတဲ့ အခါမှာ နုပျိုလန်းဆန်းသွားပြီးတော့ မိန်းမ တစ်ယောက်ဟာ အိမ်ထောင်ကျသွား တဲ့အခါ အိုစာသွားတဲ့ အကြောင်းလေ။ ဘာဖြစ်လို့လဲဆိုတော့ မိန်းမဟာ သူ့မှာ ရှိသမျှ သည်းခံနိုင်စွမ်းအားလုံးကို လင်ယောက်ျား အပေါ်မှာ စုပြုံပေးအပ်လိုက်ရပြီးတော့ ယောက်ျားကတော့ သူ့ရဲ့ မွေးရာပါ နိုင်လို မင်းထက် ပြုလိုစိတ်၊ ပိုင်စိုးပိုင်နင်း လုပ်ချင်စိတ်တွေကို လက်တွေ့ အသုံးချ ခွင့်ရသွားလို့ပဲ"

သူ သက်ပြင်း တစ်ချက်ကို သိသိသာသာ ချလိုက်၏။

"မိုးရဲ့ အိမ်ထောင်ရေး အဘိဓမ္မာကြီးက ကြောက်စရာလား"

ခါတိုင်း မြင်တွေ့နေကျ မာနမျက်လုံးများကို မိုးထံမှာ ပြန်လည်မြင်တွေ့ရသည့်အတွက် သူ ဝမ်းသာ ကျေနပ်ပါသည်။

"အဲဒါ အိမ်ထောင်ရေးနဲ့ ပတ်သက်တဲ့ စိတ်ပိုင်းဆိုင်ရာ အမှန်တရားပဲ ရှိသေးတယ်။ ရုပ်ပိုင်းဆိုင်ရာ အမှန်တရားက ဒါထက် နားမခံသာစရာ ကောင်းတယ်"

"အဲဒီ နားမခံသာစရာ မိုးရဲ့ ထင်မြင်ချက်ကို ကျွန်တော် နား ထောင်ချင်ပါတယ်"

"ထင်မြင်ချက်မဟုတ်ဘူး ဦးမင်းထင်၊ တကယ်ဖြစ် နေတာ။ မိန်းမတွေဟာ ယောက်ျားတွေဆီက လိုချင်တာ များများ မရှိဘူး၊ သုံးမျိုးပဲရှိတယ်။ သစ္စာရယ်၊ အကြင်နာရယ်၊ လုံခြုံမှုရယ်





တနည်းအားဖြင့် အဲဒါ မိုး လိုချင်တာပေါ့နော်။ အဲဒီ သုံးမျိုးလုံး ကျွန်တော်ပေးနိုင်ပါလိမ့်မယ် မိုးရယ်။

"ဒါပေမယ့် ယောက်ျားတွေက အဲဒါတွေ တစ်ခုမှ မပေးဘူး။ တခြားတစ်ခုကိုပဲပေးတယ်၊ မိန်းမတွေအတွက် အဓိက လိုအပ်ချက် မဟုတ်တဲ့ သူတို့အတွက် လိုအပ်ချက်ဖြစ်တဲ့ ကိစ္စတစ်ခုပေါ့။ အမယ်... ကျွန်မ စကားမှားတော့မလို့ ပေးတာ မဟုတ်ဘူး၊ ပေးချင်ယောင်ဆောင်ပြီး ယူတာ"

ဘုရား... ဘုရား။ သူ မိုးကို တအံ့တသြ ငေးမော ကြည့်နေမိသည်။ မိုးရယ် ဒီအိမ်ထောင်ရေး အမြင်တွေကို မိုး ဘယ်လို နည်းနဲ့ ရလာခဲ့သလဲ။

"မိန်းမတွေဆီက သူတို့ယူတာတွေကတော့ မရေတွက်နိုင်အောင်ကို များပြားလွန်းလို့ ဆွေးနွေးရရင် နာရီပေါင်း များစွာ ကုန်သွားနိုင်တယ်။ အဓိက ပြောရရင်တော့ မိန်းမဟာ လက်ထပ်ပြီးတာနဲ့ တစ်ပြိုင်နက် မိန်းမသားတစ်ယောက်ရဲ့ စွမ်းအင်တွေ မှန်သမျှ ပျောက်ကွယ်ပြီး သူတို့ လိုအင်ဆန္ဒတွေကို အချိန်မရွေး ဖြည့်ဆည်းပေးရတဲ့ စက်ရုပ် တစ်ရုပ်ဖြစ်သွားတယ်၊ သားသမီးတွေ မွေးပေးရတဲ့ စက်ရုပ်တစ်ရုပ်၊ သူတို့ သစ္စာမဲ့တာ ဖောက်ပြားတာကို ငြိမ်ခံနေရတဲ့ စက်ရုပ်တစ်ရုပ်လေ"

"မိုး ယောက်ျားတွေကို မုန်းနေတယ်"

"ဟုတ်တယ်၊ကျွန်မ မုန်းတယ်။ယောက်ျားတွေနဲ့ ပတ်သက်သမျှ အားလုံးမုန်းတယ်"

မိုးကိုမှ ချစ်မိသော မင်းထင် ကံဆိုးမိုးမှောင် ကျခြင်းပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုးရဲ့ ဖေဖေရော မုန်းစရာ ကောင်းသလား"

မိုး မျက်လုံးများ အရောင် လက်ခနဲ စူးရှသွား၏။

"ကမ္ဘာလောကမှာ ကျွန်မ အမုန်းဆုံး လူက အဖေပဲ...၊ သူဟာ ဖခင်တစ်ယောက်ရဲ့ တာဝန်လဲ မကျေဘူး၊ လင်ယောက်ျား တစ်ယောက်ရဲ့ တာဝန်လဲ မကျေဘူး"

ဤစကားကို စ, မိတာများပြီဟု သူ သိလိုက်၏။ အားနည်း နေသေးသော နာလန်ထ လူမမာ တစ်ယောက်ကို လိုအပ်သည်ထက် စိတ်လှုပ်ရှားခိုင်းဖို့ မကောင်းပါ။

"ဝမ်းနည်းပါတယ်မိုး၊ ဒီစကားကို စ, မိတာ ကျွန်တော် မှားတယ်၊ မိုး ကော်ဖီ ကုန်အောင် သောက်ပြီး အနားယူပါနော်"

သူမ ခေါင်းညိတ်ပြီး ပင့်သက်ကို တိုးတိတ်စွာ ရှိုက်၏။

"လောကကြီးမှာ လူတွေဟာ သူငယ်ချင်းတွေကို ရွေးချယ် နိုင်ခွင့်ရှိတယ်။ ချစ်သူကို ရွေးချယ်နိုင်ခွင့် ရှိတယ်၊ အိမ်ထောင် ဖက်ကို ရွေးနိုင်ခွင့်ရှိတယ်။ ဒါပေမယ့် ကံဆိုးတာက မိဘတွေ ညီအစ်ကို မောင်နှမတွေကို ရွေးချယ်နိုင်ခွင့် မရှိဘူးနော်"

တိုးတိတ် အားပျော့သော အသံကလေး အဖျားဆွတ်၍ တုန်ယင်သွားသောအခါ သူ နင့်ခနဲ ကြေကွဲသွားမိသည်။ ပါးလုပ် သော နှုတ်ခမ်းလေး တင်းတင်းစေ့၍ ငြိမ်သက်သွားပုံမှာ မြတ်နိုးရုံမျှ မက ကြင်နာ သနားဖွယ်ရာလည်း ဖြစ်သည်။

ဘယ်လို ဒုက္ခမျိုးတွေနဲ့ ရင်ဆိုင်ခဲ့ရလို့ လဲ မိုးရယ်။

မိုး၏ ရှည်လျား သွယ်ပျောင်းသော လက်ဖျားကလေးကို အမှတ်မထင် ဆုပ်ညှစ်မိလိုက်သည်မှာ တဏှာစိတ်ဖြင့် မဟုတ် ကြောင်း မိုး သိမှသိနိုင်ပါ့မလား။ သူ နွေးထွေး စိတ်ဖြင့် လက်ကို အလန့်တကြား ပြန်လွှတ်လိုက်၏။





မိုး လျှို့ဝှက် မျိုသိပ်ထားသော အကြောင်းအရာများကို ထုတ်ဖော်၍ ရင်ဆိုင်ပေးချင်သည်။ ဖခင် တစ်ယောက်အပေါ် မကျေနပ်စိတ်၊ မုန်းတီးစိတ်ဖြင့် မိုး အကုသိုလ်စိတ် ဝင်နေတာကို အတတ်နိုင်ဆုံး ဖယ်ထုတ်ပေးချင်သည်။

မိုး၏ သံဗီရိုကလေးပေါ်တွင် သူတင်ပေးထားသော နှင်းဆီ ပန်းစိုက် အိုးကလေးမှ သင်းပျံ့သော ရနံ့များ ပျံ့လွင့် လျက်ရှိသည်။ မိုး ခေါင်းအုံးဘေးတွင် အဘွား ရွတ်ဖတ်နေခဲ့သော သီရိမင်္ဂလာ ပရိတ်တော် စာအုပ်ကလေး ရှိနေသည်။

"မိုး စိတ်ကြည်လင်အောင် ကျွန်တော် တရားစာ ဖတ်ပြရ မလား ဟင်။ ဗေဒင်ချင်သုတ် နားထောင်မလား၊ ဓာရဏပရိတ် နားထောင်မလား"

မိုးက ဟက်ခနဲ အသံထွက်အောင် ရယ်၏။

"ကျေးဇူးတင်ပါတယ် ဦးမင်းထင်၊ အဲဒီ ပရိတ်တွေ ကျွန်မ စိတ်လဲ မဝင်စားဘူး၊ နားလဲ မထောင်ပါရစေနဲ့"

ဘယ်လို မိန်းကလေးပါလိမ့် မိုးရယ်...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

မိုး အကျီ လုံချည် လဲခြင်း၊ ကိုယ်ခန္ဓာကို သန့်ရှင်း ပေးခြင်း၊ ကိုယ်လိမ်း ပေါင်ဒါ ရေမွှေး စသည်တို့ဖြင့် ပြင်ဆင်ပေးခြင်း အလုပ်ကို အဘွားနှင့် အထူးသူနာပြု ဆရာမကလေးက အမြဲလုပ်ပေးလေ့ရှိပြီး နေ့လယ်၊ ညနေ မိုး၏ စားသောက်မှု တာဝန်အတွက်၊ မိုး၏ ဗီရိုမှာ နှင်းဆီ ပန်းစိုက်အိုး ထားပေးဖို့ တာဝန်အတွက် မင်းထင်က ဆောင်ရွက်သည်။

"ရှင်က လူမမာ ပြုစုဖို့ တော်တော် ဝါသနာပါတယ် ထင်တယ်" ဟု မိုး ခနဲ့သည်ကို သူ ပြုံးနေနိုင်၏။

"ဝါသနာတော့ ဘယ်ပါပါ့မလဲ မိုးရ။ ဒါ ဝါသနာပါလို့ လုပ်တဲ့ အလုပ်မှ မဟုတ်ဘဲ"

ဘာဖြစ်လို့ လုပ်တာလဲ ဟု မိုး မမေးခဲ့ပါ။

မိုး စိတ်ပြေလက်ပျောက် ဖြစ်ရန် ရုပ်ရှင်အကြောင်း၊ ဂီတအကြောင်းပြောဖို့ သူ ကြိုးစားသည်။ မိုးသည် ရုပ်ရှင်ကြည့်ခြင်း၊ ဂီတ နားထောင်ခြင်းနှင့် စိမ်းလွန်းသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ရုပ်ရှင်၊ ဗွီဒီယိုကို သိပ်ဝါသနာပါတာ ဒါပေမယ့် ဇာတ်ကားကို ရွေးပြီး ကြည့်တာ"

မိုးက ပြုံးမယောင်ယောင် ငေးစိုက်၍ နားထောင်နေ သည်။

"သူများတွေက ဂျူလီယာ ရောဘတ်(တ်)(စ်)နဲ့ ဒယ်(မ်) မိမိုး(ရ်)ကို ကြိုက်နေတဲ့ အချိန်မှာ ကျွန်တော်က ရှောင်ယန်းကို ကြိုက် နေခဲ့တာ"

"တစ်ဆိတ်ကျေးဇူးပြုပြီး အဲဒါ ဘာတွေလဲပြောဦးမှပေါ့"

"သရုပ်ဆောင် မင်းသမီးတွေလေ မိုး"

မိုးက ပြုံး၍ ခေါင်းတယမ်းယမ်း ဖြစ်နေသည်။

"ဒါဖြင့် ခေတ်ဟောင်း ရုပ်ရှင်တွေအကြောင်း ပြောပြ မလား ဟင်၊ ကျွန်တော် ကြိုက်တဲ့ ခေတ်ဟောင်း မင်းသမီး နှစ်ယောက် ရှိတယ်၊ နာမည်တွေကို မိုး နားထောင်မလား"

"ကြားဖူးတာပေါ့လေ"

သူ ပြုံးလိုက်သည်။

"ရီတာ ဟေးဝပ်နဲ့ အင်းဂရစ် ဘာ့(ဂ်)မင်လေ"

မိုးက ပြုံးနေရုံသာ ဖြစ်သည်။ မိုး သူတို့ ကားတွေ ကြည့်ဖူး မှာ မဟုတ်ပါ။

"ဒီနှစ်ပိုင်းတွေအတွင်း ကျွန်တော် အကြိုက်ဆုံး ကားတစ် ကားရှိတယ် မိုး၊ မိုး စိတ်ဝင်စားနိုင်ရင် ပြောပြမယ်"

"ပြောကြည့်ပါဦး"

"ဇာတ်လိုက်က ရစ်ချာ့(တ်) ချိန်ဘာလိန် ပဲ၊ ရစ်ချာ့(တ်) ချိန်ဘာလိန်ကိုတော့ မသိဘူးလို့ မပြောနဲ့ဗျာ"

"ကျွန်မ သိတာကတော့ ဝန်ကြီးချုပ် ချိန်ဘာလိန်ပဲ ရှင့်"





သူတို့နှစ်ယောက်လုံး ဖြုန်းခနဲဟက်ဟက်ပက်ပက် ရယ် မောလိုက်ကြသည်။

"ရုပ်ရှင် နာမည်က သွန်း(န်) ဘာ့(ဒ်) တဲ့"

"ဆူးငှက်ပေါ့နော်"

"ဟုတ်တယ်၊ အပြောင်မြောက်ဆုံး အချစ်ကား တစ်ခုပဲ မိုး။ မိုး အံ့ဩမှာပဲ၊ အဲဒီ ဇာတ်ကားထဲမှာ ရစ်ချာ့(တ်)ချိန် ဘာလိန်က ဘုန်းကြီးလေ ရှိမင်... ကက်သလစ် ဘုန်းကြီး"

ထို့နောက် သူ ကြည့်ခဲ့ရသော Pal သုံးခွေတွဲ Thorn Bird ရုပ်ရှင် အကြောင်း တခမ်းတနား ပြောပြလိုက်သည်။

"ယောက်ျားတစ်ယောက်က မိန်းမတစ်ယောက်အပေါ် ထားတဲ့ အချစ်မှာ ဆင်ခြင်တုံတရားတွေ၊ ကိုယ်ကျင့်သိက္ခာတွေနဲ့ တွဲနေတာပါ မိုးရယ်။ အများအားဖြင့် ရူးမိုက်ကြတာ၊ စိတ်ဆန္ဒ အလို ကိုလိုက်ကြတာက မိန်းမတွေပါ။ အဲဒီ မိန်းမတွေအပေါ် သနားကရု ဏာသက်စိတ် လိုအပ်တာထက်ပိုများတဲ့အခါ တစ်ဘဝလုံး ဒုက္ခ ရောက်ရတာက ယောက်ျားတွေပါ။ ဒါပေမယ့် နှစ်ဦးသဘောတူ ချစ်မြတ်နိုးကြတဲ့အခါ အနိုင်တွေ အရှုံးတွေဆိုတာ မရှိတော့ပါဘူး"

"ဒါပေမယ့် အမြဲတမ်း အပြစ်ကင်းတာက မိန်းမတွေပဲ။ အနည်းဆုံး အခု ရုပ်ရှင်ထဲမှာ အပြစ်အကင်းဆုံး လူက မက်ဂီပဲ။ ဘုန်းကြီးတစ်ပါးဟာ တစ်သက်လုံး ဘုန်းကြီးပဲ ဖြစ်သင့်တယ်။ သူက မပြတ်သားတာပဲ။ သူဟာ လူမိုက်လဲ မလုပ်ရဲဘူး။ လမ်း တစ်ခုခုကို အကောင်းဆုံး ရွေးမသွားခဲ့ဘူး။ မိန်းမကတော့ အစအဆုံး ဖြောင့်မှန် တဲ့လမ်းကိုသာ ရွေးသွားခဲ့တယ်"

သူ မိုးကို မဲ့မဲ့ကလေး ပြုံးပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မိုးကလဲ အမျိုးသမီးရဲ့ လိုအပ်မှု၊ တောင်းဆိုမှု၊ နာကြည်းမှု၊ ကိုယ့်ကိုယ်ကို မှန်းတီးသွားမှု၊ အဲဒီခံစားချက်တွေကို မမြင်ရက်ဘဲ မြင်နေရတဲ့ ဘုန်းကြီးနေရာက ကြည့်မှပေါ့၊ သူ့ရဲ့ ထိန်းချုပ်နိုင်စွမ်းအားဟာ ကြင်နာသနားမှုကြောင့် တစ်ချက်ကလေးပဲ ယိမ်းယိုင်သွားခဲ့တာ မိုး။ အဲဒီတစ်ခဏကလေးမှာ ညြစတြေးလှား ကမ်းခြေမှာ အမျိုးသမီးကလေးပျော်ရွှင်ရတဲ့စိတ်ခံစားမှုဟာ ဘဝမှာ အမြင့်ဆုံးအတိုင်းအတာပဲ။ အဲဒီပျော်ရွှင်မှုဟာ သူတစ်လျှောက်လုံး အဆင်မပြေခဲ့ရတဲ့ ကြေကွဲစရာ အိမ်ထောင်ရေး ဒဏ်ရာအတွက် အကောင်းဆုံး ကုသမှုပဲ"

မိုးကခေါင်းမာလှပါသည်။

"အိုး... ဒါဟာ ကုသမှုဆိုရင် အဲဒီကုသမှုအတွက် ဘုန်းကြီး ဘဝကို တစ်သက်လုံး စွန့်လွှတ်ပြီး သူချစ်တဲ့ မိန်းမကို လက်ထပ် ယူလိုက်ပါလား။ အခုတော့ ရှင့် ဇာတ်လိုက်က အစွန်းနှစ်ဖက်ကို မလွှတ်ဘဲ ဆုပ်ကိုင်ချင်တဲ့ လူမျိုးဖြစ်နေတယ်"

"ဟုတ်ပြီလေ၊ ဒါဟာ လူသာမန်တွေရဲ့စိတ်ပဲ မိုးရဲ့၊ ဒီအမှား ဒဏ်ကို သူ သေတဲ့အထိ သူ ခံစားသွားခဲ့သားပဲ။ ကျွန်တော်ပြောချင်တာက လူတစ်ယောက်မှာ အချစ်ဟာခွန်အား သိပ်ကြီးတယ်၊ အထူး သဖြင့် သူ ချစ်မြတ်နိုးတဲ့ မိန်းမရဲ့ မျက်ရည် တစ်စဟာ သူ တန်ဖိုးထား ခဲ့ရတဲ့ သိက္ခာပုဒ်တစ်ခုကို တစ်ခဏ ဖျောက်ဖျက်ဖို့အထိ မိုက်မဲ ရူးသွပ်လောက်အောင် ခွန်အား ကြီးတယ်"

"မဟုတ်ဘူး၊ ဒါဟာ အချစ် မဟုတ်ဘူး၊ ရမ္မက်ပဲ"

"ကျွတ်..."

သူ စုတ်တစ်ချက် သပ်လိုက်တော့ မိုး မကျေမနပ် ဖြစ်သွားသည်။





"လူဆိုတာ ထိန်းချုပ်နိုင်စွမ်းရှိရမယ် ဦးမင်းထင်ရဲ့၊ လူတွေအားလုံးမှာ ဆန္ဒဆိုတာ ရှိကြတာပဲ။ တိရစ္ဆာန်တွေမှာလဲ ဆန္ဒဆိုတာ ရှိတာပဲ။ လူနဲ့ တိရစ္ဆာန်နဲ့ ကွာခြားမှုက တစ်ခုပဲ ရှိတယ်။ အဲဒါက အသိဉာဏ်နဲ့ ထိန်းချုပ်မှုပဲ။ ဆန္ဒရှိသလိုသာ လွတ်လပ်စွာ လုပ်ခွင့်ရရင် လူတွေဟာ တိရစ္ဆာန်တွေ ဖြစ်ကုန်တော့မှာပေါ့။ လူ့ဘဝရဲ့ အနှစ်သာရကိုက ထိန်းချုပ်ခြင်းပါ။ လူထက် ပိုပြီးထိန်းချုပ်နိုင်စွမ်းရှိရမှာက ဘုန်းကြီးပဲ"

ပြတ်သားသော မိုး စကားကြောင့် သူ့ ဦးတည်ချက် ပျောက်သွားသည်။

"ဟုတ်ပါတယ်၊ အဲဒါကြောင့်လဲ သူဟာ သေခါနီးမှာ သူ့ကိုယ်သူရော အချစ်နဲ့ လောင်ကျွမ်းခံနေရတဲ့ လူတွေကိုရော ဆူးငှက်ဘစ်ကောင်ရဲ့ ဘဝ ဇာတ်သိမ်းမျိုးနဲ့ ပုံခိုင်းနှိုင်းပြသွားတာပဲ။ ရမ္မက်ဆန္ဒမရှိတော့တဲ့ အသက်အရွယ် ကြီးရင့်အိုမင်း နေကြတဲ့ လူနှစ်ယောက်ကြားထဲက စစ်မှန်တဲ့ အချစ်ကို အဲဒီ မှာ မြင်နိုင်တာပဲ မိုးရဲ့။ ကျွန်တော်ဆိုလိုတာက ဒါဟာ အချစ်ရဲ့သရုပ်ကိုဖော်ရာမှာ အကောင်းဆုံး၊ အခံစားရဆုံး ရုပ်ရှင် တစ်ခု၊ ကိုယ်ကျင့်တရား ထိန်းသိမ်းမှုကို တန်ဖိုးအထားဆုံး ရုပ်ရှင်တစ်ခု၊ ရမ္မက်နဲ့ စည်းစိမ်ချမ်းသာ အားလုံးကို တရားဓမ္မအတွက်နဲ့ စွန့်ပစ်ရဲတဲ့ လေးစားစရာကောင်းတဲ့ ဘုန်းကြီး တစ်ပါးရဲ့ အတတ်နိုင်ဆုံး ချုပ်တည်းမှုကို ဖော်ပြတဲ့နေရာမှာ အပီပြင်ဆုံး ရုပ်ရှင်တစ်ခုပဲ။ သူတော်စင်ဖြစ်ဖို့ ကျင့်ကြံတဲ့ နေရာမှာ အမှားဆိုတာ ရှိမှာပဲ မိုးရဲ့။ မိုး ပြောသလို သူဟာ ဘုန်းကြီး ဘဝကို စွန့်ပြီး လင်ယောကျ်ားတစ်ယောက်ဘဝကို ရှင်ဆိုင်လိုက်ရင်..."

"လင်ယောကျ်ားကောင်း တစ်ယောက် ဖြစ်သွားမှာပေါ့



www.burmeseclassic.com

www.burmeseclassic.com



"မထင်ပါနဲ့ မိုးရယ်၊ လင်ကောင်းတစ်ယောက် ဖြစ်ဖို့ က အိပ်ရာပေါ်က ကိစ္စတစ်ခုတည်းမှ မဟုတ်တာ။ ကြင်နာ တတ်ရုံနဲ့ တောင် မပြီးပါဘူး။ လူ့လောကီ ဘောင်ထဲက ပြဿနာ အားလုံးကို ရှေ့ကနေ မားမားမတ်မတ် ဦးဆောင်နိုင်ရမယ်။ တစ်သက်လုံး ဘုန်းကြီး ဝတ်လာခဲ့တဲ့ လူတစ်ယောက်ဟာ လင်ကောင်းတစ်ယောက် မဖြစ်နိုင်ပါဘူး။ သူ ရွေးတဲ့လမ်း မှန်ပါတယ်။ သူဟာ တစ်သက်လုံး ဘုန်းကြီး အဖြစ်ပဲ နေသင့်တဲ့ လူပဲ"

မိုးက ပြုန်းခနဲ ဟက်ဟက်ပက်ပက် ရယ်ချလိုက်လေသည်။

"ကျွန်မတို့ ကိုယ် လိုက်မမီတဲ့အရာ တစ်ခုကို ဆွေးနွေးရင်း အချိန်ဖြုန်းနေကြတာပဲ"

"ဟုတ်တယ်နော်"

ဂီတကို စိတ်မဝင်စားလှသော မိုးအတွက် အကောင်း ဆုံး ဖြေဖျော်နည်းမှာ စာဖတ်ပြခြင်းပင်ဖြစ်သည်။

သို့သော် မဂ္ဂဇင်းများ၊ ဝတ္ထုများကို မိုးက လုံးဝစိတ်မဝင်စား ပြန်ပါ။

"မိုး ဘယ်ဘာသာရပ်တွေကို စိတ်ဝင်စားသလဲ ဟင်"

"သမိုင်းနဲ့ သိပ္ပံ"

အံ့ဩစရာပဲ။

"သိပ္ပံထဲမှာ စိတ် အဝင်စားဆုံးက အဏ္ဏဝါသိပ္ပံ မဟုတ်လား"

"သေချာတာပေါ့"

"ကျွန်တော် မိုး စိတ်ဝင်စားမလားလို့ ရသမျှ စာအုပ်တွေ စုထားတာ အများကြီးပဲ။ နောက်တစ်ခေါက် ကျွန်တော် မန္တလေး





သာတဲ့အခါ သယ်လာခဲ့မယ် နော်၊ အခုတော့ ပြုန်းခနဲ အရေးတကြီး ပြေးလာခဲ့ရတာမို့"

"ဆိုလိုတာက နောက်တစ်ခေါက် လာဦးမယ်ပေါ့"

"ဟုတ်ကဲ့ ခင်ဗျာ"

မိုး စိတ်ဆိုးမသွားပါ။ ပြုံးနေပါသည်။

"အဲဒီ စာအုပ်တွေအတွက် မိုး ကျွန်တော့်ကို ကျေးဇူး မတင် နဲ့နော်"

"ရှင့်ကို ကျေးဇူးတင်ဖို့ မတင်ဖို့ ကျွန်မ ဆုံးဖြတ်မယ်လေ။ ဘာစာအုပ်တွေလဲ"

သူ စာအုပ်များကို မှတ်မိသလောက် ရွတ်ပြလိုက်၏။

"Oceans, Marine Geology, Chemical Oceanography, The Structure and Reproduction of the Algac, Handbook of Microalgal Mass Culture, Algac Biomass, Production and Use..."

မိုးက အသံထွက်အောင် ရယ်မော၏။

"ရှင်တော်တော် အံ့ဩဖို့ ကောင်းတာပဲ"

"ဒါဖြင့် မိုး ကျွန်တော့်ကို ကျေးဇူးတင်သွားပြီပေါ့နော်"

"တင်သွားပြီ"

သူ ပျော်ရွှင်စွာ မျက်နှာမော့၍ ရယ်ချလိုက်လေသည်။

"တစ်ချိန်ချိန်မှာ ယောကျ်ားတစ်ယောက်ယောက်ကို လက်ထပ်ဖို့ စဉ်းစားတဲ့အခါ အဲဒီ ကျေးဇူးကလေးတွေကို မမေ့နဲ့ ပေါ့ဗျာ"

ခပ်နောက်နောက် ပြောမိတော့ မိုးက လှပရှဲ နှုတ်ခမ်း မဲ့ကွေးစွာ ပြုံး၏။



www.burmeseclassic.com

www.burmeseclassic.com



"လာပြန်ပြီ လက်ထပ်စကား၊ ကဲ... ရှင်က ကျွန်မကို လက်ထပ်ပြီးရင် ကျွန်မကို ဘယ်မှာ ထားမယ်စိတ်ကူးသလဲ ဟင်၊ ဆရာ့ရဲ့ ချေးနဲ့စာနဲ့ ဝယ်ထားတဲ့ တိုက်ခန်းပေါ်မှာ ကျွန်မကို ခေါ်ထား မှာလား၊ ဒါမှမဟုတ် မန္တလေးက ကျွန်မရဲ့ မလွန်အိမ်မှာ ခေါ်ထားမှာ လား"

သူ့ မျက်နှာ နွေးခနဲ ပူသွား၏။

"ခင်ဗျား ယောက်ျား တစ်ယောက်ရဲ့ အားနည်းချက် ကို ထောက်ပြတဲ့နေရာမှာ တော်တော် ပြောင်မြောက်တာပဲနော်မိုး၊ ကျွန်တော် ချီးကျူးပါတယ်ဗျာ။ ကောင်းပြီ၊ ကျွန်တော် ပိုင်တဲ့ တိုက်ခန်း ကလေးတစ်ခု မရှိသေးမချင်း နောက်ထပ် ခင်ဗျားကို လက်ထပ်ဖို့ စကား တစ်ခွန်းမှ မပြောတော့ဘူး မိုး၊ အဲဒါ ကျွန်တော့်ရဲ့ ကတိ..."

သူ မျက်နှာထား ခပ်တည်တည်ဖြင့် နာကျင်စွာ ပြောမိတော့ မိုးက အသံထွက် ရယ်သည်။

"အို...အို...အဲဒီလောက်လဲ ကိုယ့်ကိုကိုယ် ဒဏ် မပေးပါနဲ့ ဦးမင်းထင်ရဲ့။ ကိုယ်ပိုင်အိမ် မရှိဘဲနဲ့ ငှားထားတဲ့တိုက်ခန်း တစ်ခုပေါ်မှာလဲ မိန်းမတစ်ယောက်ကို လက်ထပ်လို့ ရပါတယ်။ သမ္မာအာဇီဝနဲ့ အသက်မွေးဖို့ ဒီလောက်ကျပ်တည်းတဲ့ ခေတ်ကြီးမှာ ဦးမင်းထင် အိမ်တစ်လုံး ပိုင်ဆိုင်မှ လက်ထပ်ရမယ်ဆိုရင် အဲဒီ မိန်းမတော့ သနားစရာပါပဲ"

"မလှောင်နဲ့ မိုး"

သူ ဒေါသ နည်းနည်းထွက်သွားတာကို မိုးက မျက်စိကလေး မှေးစင်းလျက် အပေါ်ဆီးအကြည့်ဖြင့် မခံချိမခံသာဖြစ်အောင် ကြည့်နေလေသည်။





"ဒါနဲ့ ဦးမင်းထင်၊ ကျွန်မဆီက ဘာလိုချင်တာလဲ ဟင်... ဘာကြောင့် လက်ထပ်ချင်တာလဲ"

သူ မှုန်ကုပ်ကုပ် ကြည့်ပစ်လိုက်၏။

"ခင်ဗျားကလေ၊ ရှင်းနေတာ တစ်ခုကို ရှုပ်အောင် ဟကယ် လုပ်တယ် မိုး။ ကျွန်တော် ခင်ဗျားကို လက်ထပ်ချင်တာ ကျန်ရှိနေတဲ့ ဘဝကို ခင်ဗျားနဲ့အတူ ဆက်လျှောက်ဖို့ပေါ့ဗျ၊ ခင်ဗျားကို ချစ်လို့ပေါ့"

"ဟုတ်ပြီလေ၊ အဲဒါတော့ ကျွန်မ သိတာပေါ့။ ဒါပေမယ့် ပတ်ဝန်းကျင်မှာ လမ်းပေါ်မှာ လူလွတ် မိန်းကလေးတွေ အများကြီး ရှိနေတဲ့ အထဲက ရှင်က ကျွန်မကိုမှ လက်ထပ်ချင်တယ် ဆိုတော့ ကျွန်မဆီက ဘာတစ်ခုခု ပိုထူးခြားလို့လဲ ဘယ်အချက်က တွန်းအားပေးနေလို့လဲ"

ကဲ... ဖြေစမ်းကွာ။ အလုပ်ဝင်ဖို့ အင်တာဗျူးလိုပဲ အဖြေရခက်တဲ့ မေးခွန်းကြီးတွေ။

"ကျွန်တော်က မိသားစု ဘဝ တစ်ခုကို လိုချင်တယ် မိုး။ ကျွန်တော့်သားတွေ သမီးတွေဟာ ဉာဏ်ထက်မြက်ရမယ်၊ ထူးချွန်ရမယ်၊ တက်ကြွရမယ်၊ ကိုယ့်ကိုကိုယ် ယုံကြည်အားကိုးရမယ်၊ နောက်ပြီး ချစ်စရာလဲ ကောင်းရမယ်။ အဲဒီ သားတွေ သမီးတွေရဲ့ မိခင်ဟာလဲ ကလေးတွေကို ထိန်းချုပ်ပေးဖို့၊ ပြုစုပျိုးထောင်ပေးဖို့ ထိုက်တန်တဲ့ အောင်မြင်တဲ့ အမျိုးသမီး ဖြစ်ရမယ်။ ကလေးတွေရဲ့ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေကို ဖြည့်ဆည်းစောင့်ရှောက် သွားနိုင်တဲ့ အမျိုးသမီး ဖြစ်ရမယ်။ ကိုယ့်ကိုယ်ကို ယုံကြည် အားကိုးရမယ်၊ ကိုယ်ကျင့်သိက္ခာ ကောင်းမွန်ရမယ်၊ ငွေကြေး ချမ်းသာဖို့ မလိုဘူး။ ယောက်ျားရဲ့ စကားကို မှားမှားမှန်မှန်



www.burmeseclassic.com

www.burmeseclassic.com



သားကိုသခင်၊ လင်ကို ဘုရား ဆိုတဲ့ အယူအဆမျိုးနဲ့ ခေါင်းငုံ့ လက်ခံတဲ့ မိန်းမမျိုး မလိုချင်ဘူး။ မှားရင် မှားသလို ဝေဖန်နိုင်ရမယ်၊ ယောက်ျားမှာ တိမ်မြုပ်နေတဲ့ ခွန်အားတွေ စွမ်းရည်တွေ ရှိရင်တောင် ဖော်ထုတ် အရောင်တင်ပေးနိုင် ရမယ်...”

မိုးက ပြုံးခနဲ ဟက်ဟက်ပက်ပက် ရယ်ချလိုက်သဖြင့် ပြောလက်စ စကားတန့်သွား၏။

“ရှင် လိုချင်တာတွေက သိပ်များလွန်းတယ်၊ ဒီလို သူ့ရဲ့ ကောင်းမိန်းမမျိုးကို ရှင် ဘယ်တော့မှ မတွေ့နိုင်ဘူး”

“မဟုတ်ဘူး၊ တွေ့နိုင်တာပေါ့၊ မိုးမှာ အဲဒီ အရည်အချင်း တွေ ရှိနေတယ်”

သူမ ပြုံးပြုံးကလေး ခေါင်းခါယမ်းနေသည်။

“ကျွန်မမှာ အဲဒီ အရည်အချင်း မရှိပါဘူး၊ ကျွန်မမှာ အ ကြင်နာဆိုတာ သိပ်မရှိဘူး၊ ယုံလား”

“သေသေ ချာချာ ယုံတာပေါ့ မိုးရာ”

“ရှင်က ဘယ်မှာနေမှန်း မသိတဲ့မိန်းမနဲ့ သူ့ရဲ့ကလေးတွေ ရှေ့ရေးကို စိတ်ကူးယဉ်နေတဲ့အချိန်မှာ ကျွန်မက ကျွန်မ အလုပ် တစ်ခုကိုပဲ သစ္စာရှိနေတယ်၊ ကလေးတွေဆိုတာ အလုပ်လုပ် နိုင်တဲ့ မိန်းမတစ်ယောက်အတွက် အနှောင့်အယှက်လို့ ထင်နေတယ်၊ နောက်ပြီး ဟိုနေ့က စကားကိုဆက်ဖို့အကြောင်း ပေါ်လာပြန်ပြီ၊ လူတွေမှာ ရွေးချယ်ခွင့်မရှိတဲ့ အကြောင်းလေ၊ လူတွေဟာ အိမ် ထောင်ဖက်ကို ရွေးယူလို့ရတယ်၊ မိဘကို သားချင်းကို ရွေးယူလို့ မရဘူး၊ ဒါထက်ပိုဆိုးတာက လူတွေဟာ သားသမီးကို ရွေးယူလို့ မရဘူးရှင့်၊ သိရဲ့လား”





သူ ခဏလောက် ဆွံ့အသွား၏။ သို့သော် သူ အရှုံးမပေး ပါ။

“ဟုတ်ပြီလေ၊ အဲဒီ အကြောင်းကြောင့်ပဲ ကျွန်တော်တို့ဟာ ရွေးချယ်နိုင်တဲ့ အိမ်ထောင်ဖက်ကို အကောင်းဆုံး ရွေးနေကြတာပဲ မဟုတ်လား၊ ကိုယ့်မိန်းမရဲ့ အရည်အချင်း၊ ဗီဇ၊ စိတ်ဓာတ် ဒါတွေ ဟာ သားသမီးတွေဆီမှာ ပါသွားမယ်လေ”

သူမ တစ်ချက် စုတ်သပ်ကာ ခေါင်းယမ်းလိုက်သည်။

“ရှင်က အီကိုက ဆင်းတဲ့လူဆိုတော့ မျိုးရိုးဗီဇပညာ အကြောင်း ကျွန်မလောက် သိမှာ မဟုတ်ပါဘူး၊ ကျွန်မက ဇီဝဗေဒ ပညာကို ရှင့်ထက် သိတယ်၊ မျိုးရိုး ပညာအကြောင်းကို ရှင့်ထက် သိတယ်”

“ကျွန်တော်လဲ သိပါတယ်၊ မျိုးရိုးပညာမှာ ဂျီး(န်)လို့ ခေါ်တဲ့ ခရိုမိုဆုမ်း အစုအဝေးတွေ ရှိတယ်၊ အဲဒီ ခရိုမိုဆုမ်း တွေက မျိုးပွားခြင်း၊ မျိုးတူခြင်း အလုပ်ကို လုပ်ပေးတယ်”

“ဒါပေမယ့် ငုပ်ဗီဇဆိုတာ ရှင်သိရဲ့လား”

သူ ခဏတွေဝေသွားပြန်၏။ Recessive Gene ဟုတော့ သူသိပါသည်။

“အဲဒီ ငုပ်ဗီဇဟာ ဘယ်နှစ်ဆက်မြောက်မျိုးဆက်မှာ ပြန် ပေါ်တတ်တယ် ဆိုတာကော အတိအကျ ရှင် သိလား၊ ရှင့်သွေးသား ထဲမှာ ရှိနေတဲ့ အဘိုးအဘွားတွေဆီက ငုပ်ဗီဇတွေ၊ ကျွန်မ အသွေး အသားထဲမှာ ရှိနေတဲ့ ကျွန်မ အဖေ အမေရဲ့ မကောင်းတဲ့ ငုပ်ဗီဇတွေ ဟာ ကျွန်မတို့ရဲ့ သားသမီးတွေမှာ ပြန်မပေါ်ဘူးလို့ ရှင် သေချာလို့ လား”



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ကျွန်တော်တို့က ဘာလုပ်ရမှာလဲဗျ၊ ဒီအတိုင်း ထိုင်ကြည့်နေရမလား၊ သွေးထဲက ခရိုမိုဆုမ်းတွေကို ဖောက်ထုတ်ပစ်ရမှာလား"

သူ ဒေါသကြောင့် အနည်းငယ် စိတ်လှုပ်ရှားနေသည်။ သူ ဘာမှ ဆက်မပြောနိုင်ဘဲ ရပ်တန့်နေ၏။

"ဒီတော့ ရှင်က ထိထိုးသလို ကံစမ်းရတဲ့ အလုပ်တစ်ခုမှာ ကျွန်မပါဝင်ဖို့ ဖြားယောင်းသွေးဆောင်နေတာကို လက်လျှော့လိုက် တော့ပေါ့"

ကံ... ဟူသော စကားကြောင့် သူ လမ်းစတစ်ခု ရသွားသည်။

"ဟုတ်ပြီ၊ မိုး ပြောတာကိုပဲ ကျွန်တော် ပြောပြမယ် ကံဆိုတဲ့ စကားလေ ဒါနဲ့ မိုး ဗုဒ္ဓဘာသာပါနော်"

"ဆိုပါတော့"

"ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာ ကံ ကံ၏အကျိုး ဆိုတာ ရှိတယ်။ ကံ ဆိုတာကို ဗုဒ္ဓက ပြုလုပ်ခြင်း၊ ဆောင်ရွက် ခြင်းလို့ အနက် ပေးခဲ့တယ်၊ ဒီတော့ ကံ၏အကျိုးဆိုတာက ပြုလုပ်ဆောင်ရွက်ခြင်းရဲ့ အကျိုးခံစားခွင့်ပဲ၊ လူ တစ်ယောက် ဟာ သရက်စေ့ တစ်စေ့ကို စိုက်ရင် သရက်ပင်ပဲ ပေါက်မယ်၊သရက်သီးပဲ သီးမယ်၊ အဲဒီလိုပဲ ကျွန်တော်တို့ ဟာ ငွေရှာရင် ငွေရမယ်၊ သီလကို ရှာရင် သီလ ရမယ်၊ ကောင်းတာကို လုပ်ရင် ကောင်းတဲ့ အကျိုးကို ခံစားရမယ်၊ မကောင်းတာကို လုပ်ရင် မကောင်းတဲ့ အကျိုးကို ခံစားရမယ်၊ ဘူသော အကျိုးကိုပဲ ပေးမယ်"

"ဒါပေမယ့် မကောင်းတာလုပ်ပြီး ကောင်းကျိုးချမ်းသာတွေ ရနေကြတာရော"





"နေဦးလေ မိုးကလဲ၊ ကျွန်တော့် စကားမှ မဆုံးသေး တာ၊ အဲဒီလို ကံ ကံ၏အကျိုးမှာ မှ ကံ ဆိုတာကို ထပ်ခွဲထား တယ်၊ မိုး နားလည်အောင် ရှင်းရှင်း ပြောရရင်တော့ ကံဆိုတာ လေးမျိုး လေးစား ရှိတယ်၊ ဒါပေမယ့် အခု ကျွန်တော်တို့ ပြောနေတဲ့ ခေါင်းစဉ်နဲ့ သက် ဆိုင်တဲ့ ကံက နံပါတ် သုံး ကံပေါ့၊ အကျိုးပေးတဲ့ ကာလအလိုက် ခွဲခြားထားတဲ့ ကံ၊ အဲဒီ ကံမှာမှ လေးမျိုး ထပ်ခွဲထားတယ်၊ အခုဘဝမှာ ပြုလုပ်ပြီး အခုဘဝမှာ အကျိုးပေးတဲ့ ကံ ဆိုတာရှိတယ်၊ အဲဒါကို ဒိဋ္ဌဓမ္မ ဝေဒနီယ ကံလို့ ခေါ်တယ်။ အဲဒီလို မဟုတ်ဘဲ ဘဝခြားမှ အကျိုးပေးတဲ့ ကံတွေ ရှိသေးတယ်၊ ပါဠိတွေတော့ ရွတ်မပြတော့ဘူး နော်"

ကျွန်တော်လည်း သိပ် မပိုင်နိုင်လို့ပါ။ သူ နည်းနည်း ပြုံး၍ ဆက်ပြောသည်။

"အခုဘဝရဲ့နောက် ဒုတိယ ဘဝကျမှ အကျိုးပေးတဲ့ ကံ၊ တတိယ ဘဝမှာ အကျိုးပေးတဲ့ ကံ၊ အဲဒါတွေပဲ။ ဒီတော့ စောစောက ကျွန်တော်တို့ ပြောတဲ့ သားသမီးကံမှာ အဲဒီလို ကံမျိုးတွေ ပါလာရင်တော့ ကျွန်တော်တို့ရဲ့ ဒီဘဝ ကြိုးစားမှု အလဟဿ ဖြစ်ရမှာပေါ့။ ဒါတောင် ကျွန်တော် ပြောရဲပါတယ်၊ ငါးယောက် မွေးဖွားရင် အဲဒီ မကောင်းတဲ့ ငုပ်ဗီဇက တစ်ယောက် လောက်မှာပဲ ပါမှာပါ"

သူမ အသံထွက်အောင် ရယ်ပြန်၏။

"ဘာ ရယ်စရာ ပါလို့လဲ မိုး"

"သြော်..ငါးယောက်ဆိုလို့ပါ။ မိန်းမက ဘယ်မှာ နေမှန်း မသိ၊ ကလေးက ငါးယောက် မွေးမယ် ဆိုတော့"

သူ မျက်နှာ နွေးခနဲ ပူလျက် ရှက်ရယ် ရယ်လိုက်မိ သည်။

"ဒါ ဥပမာပါ မိုးရာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့နောက် ခေါင်းစဉ်တစ်ခု ပြောင်းကြရင် ကောင်းမယ်"

သူ မိုး၏ ကြည်လင် ပြည့်တင်းလာသော မျက်နှာကလေးကို ငေးလျက် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ကျွန်တော်တို့ ဘာဆွေးနွေးကြမလဲ... မိုး စိတ်အဝင်စားဆုံးက ဘာလဲ"

"စပီရှုလိုင်းနား"

ထိုစကားကို သူ လုံးဝ ယုံကြည်ပါသည်။

"စပီရှုလိုင်းနားနဲ့ ပတ်သက်ပြီး ကျွန်တော် စိတ်ဝင်စားတာ တစ်ခုပဲ ရှိတယ်။ အဲဒီ စပီရှုလိုင်းနားထဲက ဂလိုက်ကိုလစ်ပစ်ဆိုတဲ့ ဓာတ်တစ်ခုက အေအိုင်ဒီအက်(စ်) ရောဂါပိုးကို တိုက်ဖျက် ကာကွယ်နိုင်စွမ်းရှိတယ်ဆိုတဲ့ အချက်ပဲ။ အဲဒါ ဟုတ်သလား ဟင်"

"ဟုတ်တယ် ဆိုပါတော့လေ၊ ကျွန်မ ကိုယ်တိုင် ဓာတ်ခွဲတာထက် စိတ်ချရတဲ့ အမေရိကန်ပြည်ထောင်စုက သုတေသန သိပ္ပံပညာရှင်တွေ ဓာတ်ခွဲ စမ်းသပ်ထားတာပဲ။ဒါပေမယ့် ကြွက်တွေနဲ့ စမ်းသပ်တာပဲ အောင်မြင်သေးတယ်။ ဒါပေမယ့် ဒါဟာ ကျွန်မတို့ ကမ္ဘာကြီးအတွက် တော်တော် အားတက်စရာပဲ မဟုတ်လား"

လူတွေအတွက် အောင်မြင်စွာ စမ်းသပ် ထုတ်ဖော်နိုင်ပါစေဟု သူ ဆုတောင်းပါသည်။

"အင်း... အခုအချိန်ဆိုရင် စခန်းမှာ ရေညှိခြောက်တွေကို ပြန်ရုပ် နေကြလောက်ပြီ။ တစ်နေ့တာ စပီရှုလိုင်းနား ဖော်လျူး(မ်)တွေ ကို စာရင်းဇယားတွေ ဆွဲပြီးလောက်ပြီ။ မာမီကတော့ ဓာတ်ခွဲခန်းထဲမှာ တစ်ယောက်တည်း အလုပ်ရှုပ်နေတော့မှာ။ပီအိပ်ချ်လဲ





သူတစ်ယောက်တည်း တိုင်းရမယ်၊ ဘက်တီးရီးယားလဲ သူ တစ်ယောက်တည်း ရှာရ မယ်"

"မိုးရာ၊ နေမကောင်းနေတဲ့ လူဟာ ကျန်တဲ့လူတွေ အတွက် ဘာမှ ပူပင်စရာ မလိုပါဘူး"

မိုးက ဒေါသရိပ်ဖြင့် သူ့ကို ကြည့်၏။

"ရှင် ဘယ့်နှယ် ပြောလိုက်တာလဲ၊ တစ်ယောက်ဆို တစ်ယောက် လုပ်အားဆုံးရှုံးတယ်ရှင့်။ စခန်းမှာ လူအားလုံး ဆယ့်ရှစ်ယောက်ပဲ ရှိတယ်၊ တစ်ယောက်က သေသွားပြီ၊ တစ်ယောက်က ဒီမှာ ဆေးရုံတက်နေတယ်၊ ဟိုမှာ ကျန်တဲ့လူတွေ ဘယ်လိုနေကြမလဲ ပူစရာ မလိုဘူးလား။ မနက် လေးနာရီ ကနေ ညဆယ် နာရီအထိ ဘယ်သူမှ အလုပ်နဲ့ လက်နဲ့ မပြတ်ရဘူး"

"ဒါပေမယ့် မိုး နေကောင်းရင် မိုး ကူညီနိုင်တာပဲ။ နေမကောင်းတုန်းတော့ စိတ်ကို အနားပေးပြီး ပျော်စရာတွေပဲ တွေးမှပေါ့"

"ပျော်စရာတွေးရအောင် ကျွန်မက ပျော်ရွှင်မှုအဓိကဝါဒီမှ မဟုတ်တာ"

"ရှစ်(ထ်)" ဟု စိတ်ကို ထိန်းချုပ်ကာ ရေရွတ်လိုက်သည်။

"ရှင် မရိုင်းစိုင်းနဲ့"

စိတ်ထဲက ဆဲလိုက်သော စကားကိုသာ မိုး ကြားရလျှင် တက်သေမှာ သေချာ၏။ မိုး စိတ်တိုသွားတာကို သတိထားမိတော့ လူမမာနှင့် ငြိုငြင်၍ စိတ်ကောက်မိမလို ဖြစ်သွားသော သူ့ ကိုယ်သူ ထိန်းသိမ်း ပြုပြင်လိုက်ရ၏။ ဖေဖေ ပြောတာတော့ ဟုတ်ပါရဲ့။ ဒါပေမယ့် ဒီမိန်းမ ပျော်ရွှင်ဖို့ ကျွန်တော် ဘယ်လို လုပ် တတ်နိုင်မှာလဲဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"သြော်… ဒါနဲ့ မိုး စပီရှုလိုင်းနားနဲ့ ပတ်သက်လို့ဟောပြော ပွဲတွေ ဘာတွေများလုပ်ရင် ကျွန်တော် မိုးကို ကူညီနိုင်တယ်နော် ကျွန်တော် ကောင်းကောင်း ဟောပြောတတ်တယ်"

မိုး မျက်နှာ မှုန်နေဆဲ။ သူ နည်းနည်း ပြုံးလိုက်သည်။

"ကျွန်တော် အခုဟောပြောချင်တဲ့ အကြောင်းအရာ က တော့ ကျွန်တော်တို့ မြန်မာလူမျိုးတွေ အားလုံး အနာဂတ်မှာ အရပ် မြင့်မားဖို့၊ ဦးနှောက် ပိုမို ဖွံ့ဖြိုးပြီး ဉာဏ်ရည် မြင့်ဖို့အတွက် အ ကောင်းဆုံး ဆေးဝါးတစ်ခုဖြစ်တဲ့ ပရိုဗီမင်ဆေးပြား အကြောင်းပါ ပဲ။ သင့်ကလေး ထွားကျိုင်း ဉာဏ်ကောင်းဖို့အတွက် ပရိုဗီမင်ဆေး ကို သုံးဆောင်ပါ"

မိုးက စိတ်ရှုပ်ဟန် မျက်နှာပေးဖြင့် သူ့ကို မျက်စောင်းထိုး ကြည့်၏။

"မိုး ကော်ဖီ သောက်မလား ဟင်၊ ကျွန်တော် ဖျော်လိုက် မယ်"

မိုးအဖြေကို မစောင့်ဘဲ သူ ကော်ဖီ ခပ်သွက်သွက် ဖျော် ၏။ ထို့နောက် မိုး၏ ဆေးဗီရိုလေးပေါ်မှ ရေညှိခြောက် ပုလင်းကို ဖွင့်ကာ ရေညှိချောင်းကလေးများကို လက်ဖဝါးထဲသို့ ထည့်ပြီး နည်း နည်းချင်း ခြေမွလိုက်သည်။ ရေညှိချောင်း အတိုကလေးများ ကွမ်း သီးလုံးခန့် ရတော့မှ မိုးလက်ထဲသို့ ထည့်ပေး၍ ကော်ဖီနှင့်သောက် ခိုင်းလိုက်သည်။

"သောက်လိုက် မိုး၊ အာဟာရ ချို့တဲ့နေသူတွေ အတွက် စပီရှုလိုင်းနားက အမြန်ဆုံး ပြန်ပြီးကျန်းမာလာအောင် ကူသ ပေးသိမ့် မယ်။ ခင်ဗျားဟာ ကိုယ်ဝန်ဆောင်ဆိုလို့ရှိရင် ပရိုနေ





တယ်လ် အားဆေးလိုပဲ စပီရှုလိုင်းနားကို ယုံကြည်စိတ်ချစွာ စားသုံး နိုင်ပါတယ်"

"ဦးမင်းထင်…"

သူမ နည်းနည်းမျှ မပြုံးပါ။ သို့သော် ဆေးနှင့်ကော်ဖီကို တော့ သူခိုင်းသည့်အတိုင်း သောက်၏။

သူ ခုံတန်းကလေးပေါ်မှာ ပြန်ထိုင်လိုက်သည်။

"ဒါနဲ့ မိုး၊ စပီရှုလိုင်းနား ဆိုတဲ့ စကား ဘယ်ကနေ ဆင်း သက်လာသလဲ မိုး သိရဲ့လား။ အဲဒါ လက်တင်ဘာသာနဲ့ စပိုင် ရယ်လ် ဆိုတဲ့ အဓိပ္ပာယ်ပဲ၊ မြန်မာလိုတော့ စပရင်ကြောင်လိမ် ပုံစံပေါ့။ ကမ္ဘာပေါ်မှာ စပီရှုလိုင်းနား ထွက်တဲ့ဒေသက နည်းနည်း ကလေး ရှိတယ်။ အာဖရိက က ချတ်(ဒ်) နိုင်ငံရယ်၊ မက္ကဆီကို နိုင်ငံရယ်၊ ကျွန်တော်တို့ မြန်မာနိုင်ငံရယ်ပေါ့၊ ဒါပေမယ့် အစ္စရေးနဲ့ ထိုင်းနိုင်ငံမှာ မွေးမြူပြီးထုတ်နေကြတယ်။ ထိုင်ဝမ်နဲ့ ဂျပန်နိုင်ငံမှာ မွေးမြူရေးကန် အကြီးကြီးတွေ တည်ဆောက်ထားတယ်။ အဲဒီ ကန်တွေက အနက်က တစ်ပေလောက်ပဲရှိပြီး အကျယ်က ပေ တစ်ရာငါးဆယ်စီ ရှိကြတယ်။ ပုံစံက အဝိုင်းကြီးတွေလေ။ အဲဒီထဲမှာ မှ ကန်ရဲ့ ဗဟိုကနေပြီး အချင်းဝက်အတိုင်း မောင်းတံကြီးတွေ တပ်ထားတယ်။ အဲဒီ မောင်းတံ တစ်လျှောက်မှာ လေနဲ့ ကာဗွန်ဒိုင် အောက်ဆိုက်ကို အချိုးအဆအတိုင်း ရောစပ်ထုတ်ပေးပြီး ရေစီး ကြောင်းပါ လုပ်ပေးတဲ့ လက်တံတွေထပ်ပြီး တပ်ထားတယ်လေ"

မိုးမျက်နှာ ပြုံးလာ၏။ သူ မသိချင်ယောင်ဆောင်၍ ဆက် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ လက်တံတွေကို လှုပ်ရှားပြီး မောင်းတံကြီး တစ်ခုလုံး စက်ဝိုင်းပုံ လည်ပတ်ပေးခြင်းအားဖြင့် မွေးမြူထားတဲ့ စပီရှုလိုင်းနား တွေဟာ ရေစီးကြောင်းအလိုက်လဲ သဘာဝအတိုင်း မျောပါမယ် လေနဲ့ကာဗွန်ဒိုင်အောက်ဆိုက်လဲ သူတို့ လိုသလောက်ရမယ်"

"ရှင် တော်တော်တတ်နိုင်တဲ့ လူပါလား၊ ဒါတွေ ဘယ်တုန်းက သိနေတာလဲ"

ဒါကတော့ မိုးရယ်။ ကျွန်တော် လက်ထပ်မယ့် မိန်းမ တစ်ယောက်ရဲ့ ဘဝဟာ ကျွန်တော့်ဘဝပါပဲ။ မိုးရဲ့ စိတ်ဝင်စား မှုဟာ ကျွန်တော့် စိတ်ဝင်စားမှုပါပဲ။

သူ ဘာမှ မဖြေဘဲ ပြုံး၍ ငေးကြည့်နေမိသည်။

"ရှင်နဲ့ မဆိုင်တဲ့ ဒီရေညှိတွေကို ရှင်မို့ ကြိုးစားပမ်းစား စိတ်ဝင်စားနေတယ်"

"မဆိုင်ဘူး ဟုတ်လား၊ သိပ်ဆိုင်တာပေါ့ မိုးရဲ့။ ဖေဖေက တစ်နေ့နေ့မှာ စပီရှုလိုင်းနား မတ်(စ်) ပရောဒတ်(က်)ရှင်း လုပ်ဖို့ လုပ်ငန်းအတွက် အခုကတည်းက ကြိုတ်ပြီး လူရွေးထား တယ်လေ။ အဲဒီ လူစာရင်းထဲမှာ မခင်မိုးမြင့်က ထိပ်ဆုံးကပါတယ်။ ဝမ်းနည်း စရာကောင်းတာက ကျွန်တော် မပါဘူး"

မိုးက ကြည်လင်စွာ ပြုံးလေသည်။

"ဖေဖေတို့ လုပ်ငန်းမှာ စာရင်းတွေ မနိုင်မနင်း ဖြစ်နေရင် ကျွန်တော် ပါမှဖြစ်မှာပေါ့လို့ ဖေဖေ့ကို ပြောတော့ ဖေဖေက ဘာပြော လဲ သိလား၊ စပီရှုလိုင်းနား ကောင်းကောင်း မွေးတတ်တဲ့လူ လိုချင်တယ်၊ စာရင်းကိုင်ဖို့ လူ မလိုချင်ဘူးတဲ့"

သူမက သူ့ကို ခေါင်းညိတ်၍ ထောက်ခံ၏။





"တကယ်တော့ အော့ဖစ်(စ်) မန်နေဂျာ ဆိုတဲ့ ရာထူးဟာ မြန်မာနိုင်ငံမှာ လူတစ်သိန်းလောက် လုပ်နိုင်ပါတယ်လေ၊ ဒါပေမယ့် ဓာတ်ခွဲခန်းမှာ စပီရှုလိုင်းနားကို အောင်အောင်မြင်မြင် မွေးထုတ်နိုင် တဲ့ လူကတော့ ဆယ်ယောက်တောင် ရှိမှာမဟုတ်ပါဘူး"

"ရှင်က လူတစ်ဖက်သား စိတ်ချမ်းသာအောင် တော်တော် ပြောတတ်တယ်"

ထိုစကားသည် သူ့ကို အလွန် ပျော်ရွှင်သွားစေကြောင်း မိုး သိနိုင်မည်မထင်ပါ။ သူ၏ အဓိက ရည်မှန်းချက်မှာ မိုး စိတ်ချမ်း သာဖို့သာ ဖြစ်ကြောင်း မိုး သိနိုင်မည် မထင်ပါ။

"အဲဒါပါပဲလေ...၊ ဖေဖေ ကျွန်တော့်ကို အလုပ်ခန့်ဖို့ ကျွန်တော် ရေညှိတွေကို အစွမ်းကုန် စိတ်ဝင်စားပြနေရတာ မိုး ရဲ့"

မိုးက မယုံသလိုပင် မျက်စောင်းချိ၍ ပြုံးစိစိ ကြည့်လေ သည်။

"ထားပါတော့လေ၊ ဒါနဲ့ ရှင် ရန်ကုန်ကို ပြန်ဖို့ ဘယ်တော့ စိတ်ကူးမှာလဲ"

သူ သူမ မျက်နှာကို စူးစိုက် ကြည့်လိုက်၏။

"ပြန်ဖို့ စိတ်ကူးတာကတော့ မိုး သတိရလာပြီး နောက်နေ့ ကတည်းကပဲ၊ ဒါပေမယ့် ဘွားဘွား တစ်ယောက်တည်း ဆိုတော့"

သူမ၏ မျက်နှာမှာ အလုပ်ကိစ္စ ဆွေးနွေးနေသူ တစ်ဦး ၏ မျက်နှာဖြစ်သွား၏။

"ဖြစ်မှဖြစ်ရလေ ဦးမင်းထင်ရယ်၊ ကျွန်မ နေကောင်းပြီပဲ။ နောက်ပြီး ဦးမင်းထင် အလုပ်ကိစ္စတွေ တော်တော် ပျက်နေရောပေါ့။ ကျွန်မလဲ အခု တော်တော် လမ်းလျှောက်နိုင်ပြီလေ"

သူ မျိုသိပ်မထားနိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ပြန်စေချင်သလား ဟင်"

သူမ နှုတ်ခမ်းများ တင်းစေ့သွား၏။ ထို့နောက် ပြုံးသည်။

"ရှင်က ဘယ်သူ့ဆန္ဒနဲ့ အလုပ် လုပ်ချင်နေလို့လဲ"

"မိုးရဲ့ ဆန္ဒနဲ့..."

"ကောင်းပြီ၊ ကျွန်မ ရှင့်ကို ပြန်စေချင်တယ်"

သူ့ကို ပြန်စေချင်သော သူမ၏ မျက်ဝန်းများ နူးညံ့လျက်ရှိသည်။



အခန်း (၁၅)

မန္တလေးသို့ နောက်တစ်ကြိမ် မသွားမီ ရန်ကုန်၌ အလုပ်လုပ်ရသော ခုနစ်ရက်သည် သူ့အတွက် တစ်နှစ်စာ အလုပ်များဟု ထင်ရလောက်အောင် များပြားနေ၏။

ညနေတိုင် ရုံးမှ နောက်ဆုံး ထွက်ခွာရသူမှာ သူ ဖြစ်သည်။

ဖေဖေတို့က ရွှေပြည်သာရှိ Site ထဲသို့ နေ့စဉ် သွားနေရသောကြောင့် သူနှင့် သိပ်မျက်နှာချင်း မဆိုင်ရပါ။ ထို့ကြောင့် မျက်နှာပူခြင်း နည်းနည်းတော့ သက်သာပါသည်။ ဒါတောင် စုဒါလီက သူ့ကို အလုပ်တွေ ကူလုပ်ပေးရင်း မကြာခဏ စပ်စုသည့် ဒဏ်ကို ခံနေရသေး၏။

"ဆရာ မန္တလေးမှာ တစ်ယောက်ယောက် နေမကောင်းဖြစ်နေတာဆို"

တစ်ယောက်ယောက်...။ သတင်း အတိအကျ မပြောဘဲ ထားသည့် သတင်းပေးသူကို ကျေးဇူးတင်ရမလို ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ပေါက်တတ်ကရ ဒါလီရာ၊ ရော့... ဒီလယ်ဂျာတွေကို ပြန်ယူသွားတော့၊ ကိုယ် လစာတိုးတဲ့ ရာခိုင်နှုန်းတွေ တွက်ရဦးမယ်"

မန္တလေးက တစ်ယောက်ယောက်နှင့် ပတ်သက်၍ စုဒါလီ၏ စိတ်ဝင်စားမှုမှာ အံ့ဩစရာ ကောင်း၏။

"ဆရာ... ဒါလို ဖိနပ်ကလေး လှရဲ့လား ဟင်"

သူ ပါးစပ်အဟောင်းသား မော့ကြည့်မိ၏။ ဒါလီက ချစ်စဖွယ် ပြုံးရယ်လျက်ရှိသည်။ ထို့နောက် သူမ၏ ခြေထောက်ကို ငုံ့ကြည့် နေ၏။ သူ အမှတ်မထင် လိုက်၍ ငုံ့ကြည့် လိုက်သည်။

ဟုတ်ပါရဲ့။ ဖိနပ်ကလေးက တော်တော်လှပါသည်။ အညိုရောင် သားရေပျော့ပျော့ကလေးဖြင့် ခြေဖမိုးပေါ်မှာ အကွက်ဖော်ထားသော ဦးချွန် ဖိနပ်ကလေး။ ခွာမြင့်ချွန် ဖိနပ်ကလေး ဖြစ်သည်။

"အဲဒါ ဘာဖြစ်လဲ ဒါလီ"

"ဩော်... ဒါလို့ဆီမှာ အဲဒါမျိုး ရှိသေးတယ် ဆရာ၊ ဂျာမနီကပြန်လာတဲ့ အသိတစ်ယောက်ဆီက ဝယ်ထားလိုက်တာလေ၊ ဆရာ တစ်ရန်လောက် ဝယ်ပြီး လက်ဆောင်ပေးလိုက်ပါလား၊ ဒါလီ အမြတ် မယူပါဘူး"

သူ နည်းနည်း မျက်မှောင် ကုတ်ကျသွား၏။

"ဘယ်သူ့ကို လက်ဆောင်ပေးရမှာလဲ"

"မန္တလေးက တစ်ယောက်ယောက်ကိုလေ"

သူ မပြုံးမရယ် ခေါင်းယမ်းလိုက်ရသော်လည်း မျက်နှာတော့ ပူသွား၏။ မိုးက ဒီလောက် အရပ် ကလန်ကလားနဲ့ ခွာမြင့်ဖိနပ်မှ မစီးတာဟု သူ ပြောလိုက်ချင်သည်။ သို့သော် ကိုယ့် ထက် ငယ်ရွယ်သူ ကလေးမက ကိုယ့်ကို မခံနိုင်အောင် စ, နောက်နေမှာကို သူ မခံနိုင်ပါ။





"ဆရာ... သူက လှလား ဟင်"

ဘုရားရေ။ ဒီမေးခွန်းတွေက ဆုံးပဲ မဆုံးနိုင်တော့ဘူးလား။

"ဒါလီ၊ ဒီစာရင်း အသစ်တွေကို လက်နှိပ်စက် ရိုက်လိုက်ပါဦး၊ ကော်ပီ လေးခု ပွားရမယ်နော်"

ဒါလီက မျက်နှာကလေး ရှုံ့၍ ရယ်မောလေသည်။ သူမ၏ စားပွဲရှိရာသို့ ထွက်သွားတော့မည့်ဟန် ပြင်ပြီးမှ "ဩော် ဆရာ၊ ဒါလီ ကော်ပြန့် ဝယ်ခိုင်းထားတယ်၊ စားမှာ မဟုတ်လား" ဟု မေးသည်။

"စားမှာ၊ ကော်ဖီလဲ ဖျော်လိုက်၊ ခါးခါးကလေး၊ ကိုယ် အရမ်း အိပ်ငိုက်နေတယ်"

ဒါလီ ဖျော်ပေးသော သံပရာနံ့ မွှေးနေသည့် ကော်ဖီကြမ်းကို သောက်ရင်း မိုးကို သတိရနေ၏။ မိုးရဲ့ မန္တလေးအိမ်မှာ မိုးကို ကော်ဖီကောင်းကောင်း ဖျော်ပေးမယ့်လူ ဘယ်သူ ရှိပါ့မလဲ။ သူ့အတွေးသူပြန်၍ ရယ်ချင်သွား၏။ မိုးက ကလေးမှ မဟုတ်ဘဲ။ အစစအရာရာ နားလည်သော၊ လူကြီးလည်းဆန်သော၊ ကိုယ့်ကိုယ်ကိုလည်း အားကိုးသော မိန်းမတစ်ယောက် ဖြစ်ပါသည်။

သူမ၏ ကိုယ့်ကိုယ်ကိုသာလျှင်ချစ်ပြီး ကိုယ့်ကိုကိုယ် သာလျှင် ယုံကြည်တတ်သော စိတ်ဓာတ်သည် မင်းထင်အတွက် သူမကို ဘယ်လိုမှ မျှော်လင့်၍ မရအောင် ဆုံးရှုံးမှု တစ်ရပ်ဖြစ် ပေါ်စေလျက် ရှိသည်။ သို့သော် ဤဆုံးရှုံးမှုသည် အခြားတစ်ပါး သော ယောက်ျားတစ်ဦးနှင့် ယှဉ်ပြိုင်ပြီး ရှုံးနိမ့်ရခြင်းမျိုးထက် စိတ်သက်သာရာ ရစေပါသည်။

ဖေဖော်ဝါရီ ၁ ရက်နေ့၊ စနေနေ့ နံနက် ၉နာရီ အချိန်တွင် မိုး၏ အိမ်သို့ သူ ရောက်သွားသည်။ ထုထည် ကြီးမားပြီး



www.burmeseclassic.com

www.burmeseclassic.com



ခံညားသော အုတ်နီတိုက်ကြီးသည် ဟောင်းနွမ်းပြီး မာကျောသော ဣန္ဒြေရှိသည်။ တိုက်၏ အတွင်းတွင် ခေတ်နှစ်ခေတ်ကို တစ်ပြိုင်တည်း တွေ့နေရ၏။

အောက်ထပ်သည် ဘွားဘွား ဒေါ်ငွေအိမ်၏ နေရာ ဌာနဖြစ်ရာ ဒုတိယကမ္ဘာစစ် မတိုင်မီက အသုံးအဆောင် အိမ်ထောင်ပရိဘောဂများဖြင့် ဆင်ယင်ထား၏။ ကျွန်းစားပွဲကြီးသည် နဂို ကျွန်းရောင်အတိုင်း ညိုမှောင် ပြောင်လက်နေ၏။ ကြိမ်ခင်း ကုလားထိုင်များကတော့ နောက်မှီ ကော့ကော့နှင့် သစ်သား ပန်းပုထွင်း လက်ရာများဖြစ်သည်။ ဆက်တီခုံ မရှိပါ။ ထို ကျွန်းစားပွဲသည်ပင်လျှင် အလုပ်စားပွဲ၊ ထမင်းစား စားပွဲ၊ ဧည့်ခံစားပွဲ ဖြစ်သည်။ သူ့ စိတ်ကို အဆွဲဆောင်နိုင်ဆုံးမှာ ဘုရားခန်းဖြစ်၏။ ဘုရားခန်းသည် ခေါင်းရင်းတွင် ၁၂ ပေ ပတ်လည်လောက် ကျယ်ဝန်းသည်။ ကျွန်းစားပွဲရှည်ကြီးပေါ်တွင် ကြီးမားခံ့ထည်သော ဘုရားကျောင်းဆောင်ကြီးမှာ ရွှေချထားသော ရှေးခေတ် ကနုတ်လက်ရာများဖြင့် လှပလျက်ရှိသည်။ ဘုရားကျောင်းဆောင်ကြီးထဲတွင်တော့ ရုပ်ပွားတော်မြောက်မြားစွာ၊ စေတီအသေးစားကလေးများကို ကိုးကွယ်ထားသည်။ ကျောင်းဆောင်၏ အပြင်ဘက် စားပွဲမျက်နှာပြင်ပေါ်တွင် အမွှေးတိုင် ထွန်းသော ငွေကလပ်၊ ဖယောင်းတိုင်ထွန်းသော ငွေကလပ်များ ရှိသည်။ ကြေးသတ္တုကျည်ဆန်ခွံ ပန်းအိုးကြီးများတွင်တော့ ကြက်သွေးရောင် သစ္စာပန်းများဖြင့် ဝေဆာလန်းဆန်းလျက် ရှိသည်။ ဘုရားကျောင်းဆောင်တင်စားပွဲရှေ့ ကွက်လပ်တွင် ရှေးခေတ်ကော်ဇောကြီး တစ်ခုခင်းထား၏။ အဘွား အိပ်ရာ ခုတင်နိမ့်နိမ့် ပေါ်တွင်တော့ သင်ဖြူးဖျာအချော စားတစ်ချပ်ရှိသည်။ ခုတင်ဘေးတွင် ရှိသော ကျွန်းသားသေတ္တာကြီးမှာ အလွန် ထူးဆန်း၏။ ကျွန်းသားကို ထွင်း၍ ရုပ်ပုံများ





ကနုတ်များ ဖော်ထားသော ရှေးဟောင်းသေတ္တာကြီး ဖြစ်သည်။ ဘေးမျက်နှာပြင် လေးဘက်လုံးနှင့် အပေါ်တွင် ထွင်းထားသော ရုပ်ပုံများသည် လူ၊ ကျေးငှက်၊ သစ်ပင်၊ တောတောင်ရေမြေ စုံလင်လှသည်။ မှန်ဗီရိုထဲရှိ ကြွေထည်ပစ္စည်းများကလည်း ရှေးခေတ် တရုပ်ပြည် နှင့် ဂျပန်ပြည်မှ လာသော ကြွေထည်လက်ရာ ပစ္စည်း များဖြစ်သည်။

အပေါ်ထပ်တွင် မိုးနေထိုင်သည်။ (နေထိုင်သည် ဆိုခြင်းထက် တစ်လလျှင် နှစ်ရက် နေထိုင်သည်ဟု ပြောရမည်) မိုး၏ ကြမ်းပြင်သည် မေမေ့ကြမ်းပြင်လို ပြောင်လက် တောက်ပ ခြင်းမရှိပါ။ ဖုန်မရှိရုံကလေးသာ သန့်ရှင်း၏။ရေမြှုပ်ဆိုဖာများ၏ သားရေတုအရောင်မှာ အစိမ်းပုပ်ရောင် ဖြစ်၏။ ဆက်တီ စားပွဲမှာ မှန်မျက်နှာပြင်ဖြစ်သည်။ မိုး၏ နေရာဒေသတွင် ပန်းစိုက်အိုး မရှိသောကြောင့် သူ သယ်ဆောင်လာသော နှင်းဆီပန်းများကို စားပွဲပေါ်မှာသာ တင်ထားလိုက်ရလေသည်။ မိုး၏ အပေါ်ထပ်တွင် ဘုရားခန်းလည်းမရှိ၊ ဘုရားဆင်းတု တော်လည်းမရှိ။ ခမ်းနားကြီးကျယ်သော အရာမှာ စာအုပ်ဗီရို အမြင့်ကြီးဖြစ်သည်။ စာအုပ်ဗီရိုထဲတွင် ရှိနေသော စာအုပ်များမှာ အမျိုးမစုံလင်လှပါ။ မြန်မာဝတ္ထု မရှိ၊ နိုင်ငံခြား ဝတ္ထုမရှိ။ သမိုင်းဆိုင်ရာ စာအုပ်များနှင့် အဏ္ဏဝါဇီဝဗေဒ ဆိုင်ရာ စာအုပ်များကတော့ တော်တော်များပြားသည်။ သမိုင်းနှင့် ပတ်သက်သမျှ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ နှစ်မျိုးလုံး စုံလင်၏။ ဒေါက်တာ သန်းထွန်း၏ ခေတ်ဟောင်း မြန်မာရာဇဝင်၊ အသစ်မြင် ဗမာသမိုင်းမှအစ ဦးကုလား၏ ရာဇဝင်၊ မှန်နန်း ရာဇဝင်အထိ ရှိ၏။ မြန်မာမင်းများ အုပ်ချုပ်ပုံ စာတမ်းကို မြင်တော့ သူ ပခုံး တွန့်လိုက်မိသည်။ ပထမ ကမ္ဘာစစ်၊ ဒုတိယ ကမ္ဘာစစ် ဟူသော အင်္ဂလိပ်



www.burmeseclassic.com

www.burmeseclassic.com



ဘာသာစာအုပ် များကိုမြင်တော့ သူ မျက်မှောင်ကြုတ်လိုက် မိပြန်သည်။ ပြင်သစ် တော်လှန်ရေး။ ဘုရားရေ... ဒီမိန်းမ ဒီစာတွေကို ဘာကြောင့် စိတ်ဝင်စားနေရပါလိမ့်။ သူ အလွန် ပျင်းရိငြီးငွေ့သော ဘာသာရပ် စာအုပ်များကို တွေ့ရသေး သည်။ မနုဿဗေဒဆိုင်ရာ စာအုပ်များ ဖြစ်ပါသည်။ ရှေးကြိုက်နယ်မြေ မှ လူသားများ၊ အရှေ့တောင်အာရှဒေသ မျိုးနွယ်စုများ၊ တောင်များမှ ရွှေ့ပြောင်းလာကြသူများ။ သူ ရှေ့ဆက်မကြည့်တော့ဘဲ သက်ပြင်း ရှိုက်လိုက်၏။ စာအုပ်စင်ရှိ အောက်ခြေတွင်တော့ အစုလိုက် ပုံထား သည့်... National Geographics မဂ္ဂဇင်းများကို တွေ့ရသေး၏။

မိုးနှင့်သူ တစ်နေ့လုံး ဗုဒ္ဓဘာသာအကြောင်း အကြိတ်အနယ် ဆွေးနွေးကြရင်း မိဘ... ဟူသော ခေါင်းစဉ်သို့ ရောက်သွားသည်။

"မိုး မိဘတွေအကြောင်း ကျွန်တော် မမေးမိဖို့ အမြဲသတိထားခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော် မိုးရဲ့ နာကြည်းမှုကို ကူညီပြီး နားလည်ပေးချင်တယ်"

ခရင်းဘက်ပေါ်တွင် အသာအယာ ပြန်လဲလျောင်းရင်း မျက်နှာကြက် မီးပန်းဆိုင်းကို မော့ငေးနေသော မိုးမျက်နှာတွင် တည်ငြိမ် အေးစက်မှုသာ ရှိပြီး နာကြည်းမှု မတွေ့ရပါ။

"မိုးရဲ့ မိဘတွေက ဘယ်လို မိဘမျိုးတွေလဲ ဟင်..."

မိုးက ပြုံး၏။ လှိုက်လှဲမှု မရှိသော မထီတထီ အပြုံးဖြစ်သည်။

"အဖေက မိန်းမတစ်ယောက်ကို စည်းစိမ်ချမ်းသာ မက်ပြီး လက်ထပ်ခဲ့တဲ့ သိုက်တူးသမားပေါ့"





သူ စိမ့်ခနဲ ကျောချမ်းသွား၏။ မိုး၏ ရှေ့တွင် ထိုင်နေရတာ စိတ်မသက်မသာ ဖြစ်လာသည်။ ကျွန်တော် မိုးထက် စည်းစိမ်ချမ်းသာ ပိုများချင်လိုက်တာ။

"အမေက ဘွားဘွားရဲ့ တဦးတည်းသောသမီးလေ၊ ခေတ်ပညာတတ်။ ရတဲ့ ယောကျ်ားက သူ့လောက်လဲ ပညာအဆင့်မရှိ။ စက်ချုပ်ဆရာတစ်ယောက်ရဲ့သား။ အမေတို့ ရက်ကန်းရုံမှာ ချည်စပ်တဲ့လူ။ သူတို့နှစ်ယောက် ရည်းစားဖြစ်တဲ့ အချိန်မှာ ဘွားဘွားက အရမ်းကန့်ကွက်ခဲ့တာပေါ့။ ဒါပေမယ့် အချစ်ကို ကိုးကွယ်တဲ့ အမေက အဖေ့ကို ယုံကြည်တယ်... တဲ့"

သူမ၏ လေသံက သရော်တော်တော် ပုံစံ ဖြစ်လာ၏။

"နောက်ဆုံးတော့ ကျွန်မ အစ်မကို ကိုယ်ဝန်ရှိသွားပြီး ပေးစားလိုက်ရရော ဆိုပါတော့လေ။ အဲဒီကတည်းက အဖေ့ရဲ့ စိတ်ဓာတ်၊ ကိုယ်ကျင့်တရားကို ဦးမင်းထင် အကဲခတ်လို့ရပါပြီ"

သူ မိုး မသိအောင် သက်ပြင်း တိတ်တိတ်ကလေး ချလိုက်ရ၏။

"ဘွားဘွား လက်ထပ်ပေးပြီးတဲ့နောက်တော့ အဖေဟာ ဘွားဘွားရဲ့စည်းစိမ်ချမ်းသာပေါ်မှာ အငြိမ့်သား ထိုင်ပြီးခံစား သုံးဖြုန်း တော့တာပေါ့။ တစ်သက်လုံး အလုပ် မလုပ်တဲ့ ယောကျ်ားကို ပြပါ ဆိုရင် အဖေ့ကိုပြလို့ရတယ်၊ အဖေဟာ အရက်သောက်ပြီး အမေ့ စည်းစိမ်တွေ သုံးဖြုန်းရင်း ကျွန်မကို မွေးလာခဲ့တယ်။ ကံဆိုးချင်တော့ အဖေ့ရဲ့ ရုပ်ရည် အမွေအနှစ်ကို ကျွန်မရခဲ့တယ်။ အဖေက ကုလားသွေး နည်းနည်းကလေး စပ်တယ်တဲ့။ တော်ပါသေး ရဲ့၊ အဖေ့ စိတ်ဓာတ်မျိုး ကျွန်မ ရမလာခဲ့တာ..."



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံးတော့ အဖေဟာ သိုက်တူးပြီး သူ တူးတဲ့သိုက်ထဲမှာ ပျော်ရွှင်မှု ရှာရတာ အားမရလို့ အိမ်ထောင်ရေး ဖောက်ပြန်ပြီး ပျော်ရွှင်မှုယူခဲ့တယ်။ သူ ဖောက်ပြန်တဲ့ မိန်းမကတော့ အိမ်ဖော်အမျိုးသမီးပဲ။ အဲဒီအချိန်မှာ မမက အပျိုဖြစ်နေပြီ။ ကျွန်မကတော့ ဆယ်နှစ်သမီးလောက် ပေါ့လေ။ အမေ့မျက်ရည်ကိုလဲ ကျွန်မ မြင်ဖူးတယ်။ အဖေ့ရဲ့ ဖောက်ပြန်မှုကိုလဲ မျက်စိနဲ့ တပ်အပ်သေချာကို မြင်ရဖူးပါတယ်"

သူ ဘုရား တလိုက်မိ၏။ သူ သူမကို တည့်တည့် မကြည့်ရဲဘဲ စတီးလင်ပန်းထဲမှာ အေးစက်နေသော ကော်ဖီ ပန်းကန်များကို ငေးကြည့်နေမိသည်။

"တကယ်ဆိုရင် သမီးတွေရဲ့မျက်နှာကိုထောက်ပြီး တခြားသွားဖောက်ပြန်ကြဖို့ ကောင်းပါတယ်။ဒါပေမယ့် အဖေကမထိန်းသိမ်းဘူး။ ကျွန်မက အဘွားကိုသွားတိုင်တော့ အဘွားက အမေ့ကို ကွာရှင်းဖို့ တိုက်တွန်းတယ်။ ဒါပေမယ့် အမေက မကွာနိုင်ဘူးတဲ့လေ"

သူမ မျက်နှာမှအပြုံးမှာ အထင်သေးသည့် အပြုံးဖြစ်သည်။ သူ လန့်ဖျပ်ကာ ကမန်းကတန်း ဖြေရှင်းလိုက်မိ၏။

"အဲဒါက မိုးတို့ကို ငဲ့နေတာ ဖြစ်မှာပေါ့ မိုးရယ်။ သမီးတွေရဲ့ လုံခြုံမှုကို ငဲ့တာ၊ သမီးတွေရဲ့ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုကို ငဲ့တာ ဖြစ်မှာပါ။ ဒီ ဒုက္ခကို သူ ဘယ်လောက် ကြိတ်မှိတ်..."

"တော်စမ်းပါ ဦးမင်းထင်ရယ်၊ ဘယ်သမီးရဲ့ ဘယ်ထိခိုက်မှုကိုမှ အမေ မငဲ့ပါဘူး။အမေဟာ သမီးတွေကို သူ အလုပျက်မှာ စိုးလို့ နို့တောင် မတိုက်ခဲ့တဲ့ မွေးသမိခင်ပါ၊ အဖေ့ကိုကွာမပေးနိုင်တာက အဖေ့ကို သူ တစ်နည်းနည်းနဲ့ လိုအပ်နေသေးလို့ပါ။ အမေ





ဟာ သမီး တွေကို ပညာရေး စိတ်ဝင်စားအောင် မဆုံးမတတ်ဘူး၊ မထိန်းချုပ်တတ်ဘူး။ ယောကျ်ားကလေးတွေကို ဂရုစိုက်ဖို့ မဆုံးမတတ်ဘူး။ ကျွန်မတို့ ကျောင်းစာအုပ် ကုန်ရင်လဲ အဘွားပဲ၊ မုန့်ဖိုးကုန်ရင်လဲ အဘွားပဲ၊ အကျီ စုတ်ရင် စကတ်တွေ ဂါဝန်တွေ စုတ်ပြဲရင် အဘွားပဲ။ မိန်းကလေးတွေ ထိန်းသိမ်းအပ်တဲ့ ကဏ္ဍဆိုတာတွေကို အဘွားကသာ ကျွန်မတို့ကို သင်ကြားပေးခဲ့တယ်။ အမေ့အလုပ်က တစ်နေကုန် အလှပြင်မယ်၊ အဖေနဲ့စကားများရင် ငိုမယ်၊ ပျင်းရင်ပဲနှိုက်မယ်"

သူ သူမမျက်နှာကို ဖျတ်ခနဲ ပြန်ကြည့်လိုက်ပြန်၏။ သူမ၏ ပါးမို့များ ဒေါသကြောင့် သွေးရောင် လွှမ်းနေသည်မှ အပ မျက်နှာပြင်သည် တည်ငြိမ်လှသည်။

"နောက်တော့ ဘွားဘွားကြီးစားမှုကြောင့် အဖေနဲ့အိမ်ဖော်အမျိုးသမီးကို ရပ်ကွက်လူကြီးတွေ ရှေ့မှာ မိသွားရော... တဲ့"

သူမ မျက်နှာက ပြုံးနေသည်။

"ဘွားဘွားက သိပ်တော်တယ်၊ သိပ်ထက်မြက်တယ်။ ဖြစ်ချင်တာတစ်ခုကို ဖြစ်အောင် လုပ်တယ်။ အဖေနဲ့ အမေနဲ့ ကွဲသွားတယ်။ ဘွားဘွားရဲ့ မေးခွန်းက သိပ်ကောင်းတယ်သိလား။အမေ့ကို လမ်းနှစ်ခုမှာ တစ်ခုရွေးခိုင်းတယ်လေ။ ညည်း ငါ့ဆီက အမွေပစ္စည်းတွေကို ယူမလား၊ ညည်းယောကျ်ားနဲ့ ကွဲမလား။ ငါ့အမွေတွေကို ညည်းလိုချင်ရင် ညည်းယောကျ်ား နဲ့ကွဲပြီးတဲ့အခါ ငါမသေခင်ကို တချုပ်နဲ့ အားလုံး ပေးမယ်။ အဲလိုမှ မဟုတ်လို့ ညည်း အိမ်ဖော်မနဲ့ တစ်လင်တည်းမယားလုပ်ချင်နေသေးရင်တော့ ငါ့အမွေတွေကို တစ်ခုမှမရဘူးမှတ်။ ငါသေတဲ့ အခါကျမှ ညည်းသမီးနှစ်ယောက်နဲ့ တရားဆိုင်ပြီး ရအောင်ယူပေတော့... တဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပန်းနုရောင်ဝတ်စုံ ပွပွကလေးဖြင့် အရပ်ရှည်ရှည် အရု ကလေးတရုပ်လို ချစ်မြတ်နိုးဖွယ်ကောင်းသော မိုး၏မျက်နှာတွ နာကြည်း ရိပ်ကလေး ခိုတွယ်လာပြန်၏။

"အမေက အဖေ့ကို မရွေးဘဲ အမွေတွေကို ရွေးလိုက်တယ် ဦးမင်းထင်။ နောက်ပြီး ကျွန်မ ရှစ်တန်းဖြေမယ့် နှစ်မှာပဲ အမေ နောက်အိမ်ထောင် ပြုပြန်တယ်။ အမေ့ရဲ့ နောက်အိမ်ထောင်က မမထက် ငါးနှစ်ပဲ ကြီးတယ်"

သူ မျက်နှာပူသွားကာ မိုးကို မိဘအကြောင်း မေးမိတာအား နာသွား၏။

"အဲဒီနေ့က စပြီး အဘွားက ကျွန်မနဲ့ မမကို သူ့ဆီခေါ် ထားတယ်။ ကျွန်မ အဖေကတော့ အရက်ကြောင့် လွန်ခဲ့တဲ့ သုံးနှစ်က ဆုံးသွားတယ်လို့ ကြားတယ်။ အမေနဲ့နောက်အိမ်ထောင်က ငါး နှစ်ပဲပေါင်းရတယ်။ အမေဆုံးသွားတယ်။ ဘာကြောင့် ဆုံးသွားသလဲ သိလား ဦးမင်းထင်"

သူဖြည်းလေးစွာ ခေါင်းယမ်းပြလိုက်ပါသည်။

"အိပ်ဆေး သောက်ပြီး သေသွားတာ"

ဘုရား... ဘုရား။

"ကျွန်မနဲ့ အမေတူ အဖေကွဲ မောင်တစ်ယောက် မွေးထား ခဲ့တယ်လေ။ အဲ့မေ့ယောက်ျားနဲ့ အမေ့သားနဲ့ ဘွားဘွားပေးတဲ့ အမေ့ အိမ်မှာ အခုထိနေနေကြတုန်း ရှိသေးတယ်။ ဪ... မေ့လို့၊ အိမ် ဝိုင်းအကျယ်ကြီးကို အမေဆုံးပြီးတဲ့အခါ တစ်ခြမ်းရောင်းပစ် လိုက် သတဲ့။ ယောက်ျားတစ်ယောက် အစွမ်းဆောင်နိုင်ဆုံး အလုပ် ဟာ မိန်းမထားခဲ့တဲ့ အမွေကို ရောင်းစားတဲ့ အလုပ်ပဲ"

မိုးကို သူဘယ်လို ဖြေသိမ့်ပေးရမည်နည်း။





"အဖေ့ရဲ့ ရုပ်နဲ့ ဆင်တူနေလို့ ဘွားဘွားက ဟိုတုန်းက ကျွန်မကို သိပ်မချစ်ဘူး၊ သိပ်လဲအရေး မပေးဘူး။ မမကိုပဲ ချစ်တယ်။ မမက မေမေ့ရုပ်ရည်၊ မေမေ့အသားအရေ အတိုင်းပဲ၊ သိပ်လှတယ်။ ဒါပေမယ့် ကံဆိုးတာက မေမေ့ရုပ်ရည်အပြင် စိတ်ဓာတ်ပါ အမွေရ တာပဲ။ မမက အရမ်းပျော့ညံ့တယ်။ ဘာကိုမှဦးမဆောင်နိုင်ဘူး။ နောက်ပြီး သူ့ဘဝမှာ သူတန်ဖိုး အထားဆုံးကလဲ သူ့အလှပဲ။ ဦးမင်း ထင် အံ့သြမှာပဲနော်"

သူ မပွင့်တပွင့် ပြုံးနေလိုက်ရပါသည်။

"ယောက်ျားတွေက မမကို အချက်နှစ်ချက်ကြောင့် ကြိုက်တယ်။ နံပါတ်တစ်... ရုပ်သိပ်လှလို့၊ နံပါတ်နှစ်... ငွေကြေး အလွန် ချမ်းသာတဲ့ အဘွားရဲ့မြေးဖြစ်လို့။ မမကလဲ လာကြိုက်သမျှ ယောက်ျားတွေအားလုံးလောက်နီးနီး ပြန်ကြိုက်ပစ်တာပဲ"

သူ မပြုံးနိုင်တော့ပါ။

"ဘွားဘွားက မမကို ဘယ်လိုမှ မနိုင်ဘူး။ တစ်ခါတစ်ခါဆို အိမ်ပေါ်ကနေ နှင်ချတာ။ ဒါပေမယ့် မမကတော့ ခပ်ပြောင်ပြောင်ပဲ၊ မဆင်းဘူး။ မျက်ရည်ခံထိုးပြီး ဘွားဘွားကိုချော့လိုက်၊ စိတ်ကောက် လိုက်နဲ့နေခဲ့တာပဲ။ ဘွားဘွားကလဲ သူ့သမီးနဲ့ သိပ်တူတဲ့မြေးကို ကရု ဏာ ပိုပုံ ရပါတယ်။ အဲဒါတွေကိုမြင်တော့ ကျွန်မဟာ ကိုယ့်ကိုယ်ကို သိန်းမှန်းမသိ ထိန်းတတ်လာခဲ့တယ်။ အရည်အချင်း ရှိအောင် ကြိုး စားတတ်လာခဲ့တယ်"

"အခုတော့ ဘွားဘွားက မိုးကို သိပ်ချစ်ပါတယ်"

"ဟုတ်တယ်၊ မမအိမ်ထောင်ကျပြီးကတည်းက ဘွားဘွား က သူ့အချစ်တွေကို ကျွန်မဆီပုံလိုက်တယ်။ မမ ဘယ်လိုယောက်ျား မျိုးနဲ့ရသလဲ စိတ်ဝင်စားလား ဦးမင်းထင်"



www.burmeseclassic.com

www.burmeseclassic.com



သူမဖြေပါ။ဖြေဖို့လိုအပ်သောမေးခွန်းလည်းမဟုတ်ပါ

"မရခင်တော့ မမအမျိုးသားက မမအပေါ်ကောင်းကောင်း ကြင်နာချင်ယောင် ဆောင်နိုင်ခဲ့တယ်။ စည်းစိမ်ချမ်းသာ မက်တာ မ ဟုတ်ဘဲ မမကိုသာ ချစ်မြတ်နိုးတာတဲ့။ ကျွန်မကတော့ အစက တည်းက မယုံပါဘူး၊ ယောကျ်ားတစ်ယောက်ရဲ့မျက်လုံးမှာ တဏှာ တွေ လောဘတွေ အားလုံးမြင်နိုင်တာပဲ။ မမကို ကျွန်မ အတန်တန် ပြောခဲ့တယ်။ မမဟာ ရုပ်လှလွန်းလို့တစ်ကြောင်း၊ ချမ်းသာလို့ တစ်ကြောင်း အချစ်စစ်ကို မတွေ့နိုင်ဘူးလေ"

သူ စိတ်ကျဉ်းကျပ်ကာ ဘာမှ မပြောနိုင်လောက်အောင် ငိုင်သွား၏။ မိုး၏ စကားလုံးများက သူ့ကို ရိုက်နေသလို ခံစားရသည်။ သို့သော် မိုးသည် အမှန်တကယ် ခံစားရသော အကြောင်းများကို ပြောပြနေခြင်းသာ ဖြစ်ပါသည်။

"ဒါပေမယ့် မမက ကျွန်မကို အကြီးအကျယ် စိတ်ဆိုးခဲ့ တယ်၊ မမ စကားတစ်ခွန်းကို အခုထိ ကျွန်မ မမေ့ဘူး။ ငါတို့ အချစ် ကိစ္စထဲမှာ နင်ဘာမှဝင်စွက်စရာမလိုဘူး မိမိုး တဲ့၊ ငါချစ်သူကို ငါပဲ ပေါင်းရမှာ၊ မကောင်းလဲ ငါပဲ ဒုက္ခခံစားရမှာ၊ နင် ခံစားရမှာမဟုတ် ဘူး၊ ငါ သူ့ကိုယူမိလို့ မှားတယ်ဆိုရင် ငါမှားတဲ့ဒဏ်ကို ငါခံမယ် နင်နဲ့လုံးဝ မဆိုင်ဘူးတဲ့"

သူမ အနည်းငယ် တွန့်ဆုတ်ဟန်ဖြင့် သူ့ကို တစ်ချက် လှမ်းကြည့်၏။ သူ ခေါင်းညိတ်လိုက်သည်။

"အဲဒါ မှန်တာပဲ မိုး"

"ဟင့်အင်း၊ မမှန်ပါဘူး၊ ကိုယ့်အစ်မ ယောကျ်ားရဲ့ ဆိုးဝါးမှု ယုတ်ညံ့မှုဟာ ခယ်မဆီကို တိုက်ရိုက်လာထိခိုက်ပါတယ်။ ဘာ





ကြောင့် လဲသိလား၊ အဲဒီခဲအိုက ကျွန်မ အစ်မ မရှိတုန်းမှာ ကျွန်မကို ထိကပါး ရိကပါး လာလုပ်လို့ပဲ"

သူ့မျက်နှာ ပျက်ရှိန်းသွား၏။

"ကျွန်မ အနေအထိုင် မတတ်လို့ မထင်လိုက်ပါနဲ့၊ ကျွန်မ က ယောကျ်ားတွေကို ငယ်ငယ်ကတည်းက ရှုံပြီး မုန်းလာခဲ့တာ၊ ကျွန်မဘက်က မှားယွင်းမှု လုံးဝမပါဘူး။ သူက ကျွန်မကို သွေးတိုး စမ်းတာလေ။ ရရင် နှစ်ယောက်လုံး လိုချင်တဲ့ အစီအစဉ်ပေါ့"

မာကျောသော မျက်ဝန်းနှင့် လိုက်ဖက်စွာပင် မျက်နှာက တင်းနေ၏။

"သူ့ယောကျ်ားရဲ့ ကောင်းကျိုးဆိုးကျိုးက ကျွန်မကို တိုက် ရိုက်ထိခိုက်လာတဲ့အကြောင်း မမကို ဖွင့်ပြောပြလိုက်တယ်။ အဲဒီ တော့ မမက ဘာပြောလဲ သိလား"

သူမ နာကြည်းစွာ အသံထွက်၍ ရယ်မောလိုက်လေသည်။

"ဒါဟာ မဆန်းပါဘူးတဲ့၊ ယောကျ်ားတွေရဲ့ ပုံမှန် သတ္တဗေဒ တုံ့ပြန်မှုပါ... တဲ့"

သူ မချိပြုံး ပြုံးကာ ခေါင်းကိုသာ ခါယမ်းလိုက်မိ၏။

"ယောကျ်ား အားလုံးဟာ ဒီလိုပဲလား၊ ဒါဖြင့် သူတို့ရဲ့ အသိဉာဏ်တွေ ပျောက်ဆုံးကုန်ပြီလား၊ သူတို့မှာ တိရစ္ဆာန်တွေလို သတ္တဗေဒ တုံ့ပြန်မှုနဲ့ပဲ အရာရာကို ပြုမူဆောင်ရွက်နေကြသ လား..."

"မိုး..."

မိုး၏ နှုတ်ခမ်းပါးကလေးက မထိတထိ ပြုံးလျက်ရှိသည်။ မိုး၏ နာကြည်းချက်များ မှားယွင်းကြောင်း သူ ဘယ်လို ဖြေရှင်း နိုင်ပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



"မိုး ပတ်ဝန်းကျင်က ယောက်ျားတွေ မကောင်းတိုင်း ယောက်ျား အားလုံးကို အပြစ် မမြင်ပါနဲ့နော်။ နောက်ပြီး ချုပ်တည်းမှုဆိုတာ အပြောလွယ်သလောက် လုပ်ရတာ သိပ်ခက်ပါတယ်။ တချို့က ချုပ်တည်းသင့်မှန်း မသိလို့ မချုပ်တည်းဘူး၊ တချို့က ချုပ်တည်း သင့်မှန်း သိလျက်နဲ့ လိုက်နာဖို့ခက်ခဲလို့ မချုပ်တည်းဘူး။ ဘာပဲ ဖြစ်ဖြစ် အိမ်ထောင်ရေးဖောက်ပြန်မှု ဆိုတာ မရှိသင့်တဲ့ ကိစ္စပဲ၊ သူတို့ ထိန်းသိမ်းသင့်တာပဲ။ ဒါပေမယ့် မိုး စိတ်ဖြေတတ်အောင် ပြောရ ရင်တော့ အိမ်ထောင်ရေးဖောက်ပြန်မှုတွေဟာ အိမ်ထောင်ရေး သုခ မပြည့်ဝမှု ဆိုတာတွေကြောင့်လဲ ဖြစ်တတ်ပါတယ်"

"အိုး..."

သူ့စကားကို မိုးက ပါးနပ်စွာ၊ နားလည်စွာပင် မျက်နှာမဲ့ပြ၏။

"အဲဒီ ကိစ္စက ယောက်ျားတစ်ယောက် ဖောက်ပြန်ဖို့အတွက် အကောင်းဆုံးအကြောင်းပြချက်မှ မဟုတ်တာ။ အဲဒီအကြောင်းပြချက်က မိန်းမက ပေးရမယ့် အကြောင်းပြချက် ဦးမင်းထင်ရဲ့"

"မဟုတ်သေးဘူး၊ မိုး ခြွင်းချက်တွေတော့ ရှိဦးမယ်"

သူ ဘယ်လိုလုပ်ပြီး ပြောပြရပါ့မလဲ။ သူ့မျက်နှာ နီနီဖြင့် ခေါင်းယမ်းရုံသာ တတ်နိုင်၏။ ဤကိစ္စသည် သူတို့ ဆွေးနွေးသင့်သောကိစ္စထက် ဘောင်ကျော်သွားပြီ။ သူ စကားပွဲကို ညင်ညင် သာသာကလေး အဆုံးသတ်လိုက်၏။

"ကျွန်တော်တို့ ကော်ဖီတွေလဲ အေးစက်နေပြီ မိုး၊ ကျွန်တော် ပြန်နွေးပေးရမလား ဟင်"





သူမ စိတ်ပါလက်ပါ ပြုံး၏။

"နေပါစေ။ ဘယ့်နှယ် ဧည့်သည်က ကော်ဖီဖျော်ရ နွေးရနဲ့"

ထို့နောက် အေးစက်သော ကော်ဖီများကိုပင် သူတို့နှစ်ယောက် မျက်နှာချင်းဆိုင် သောက်ကြ၏။

ခဏကြာတော့ မိုးက စာအုပ် တစ်အုပ်ကို ကောက်ကိုင်သည်။ ဧည့်သည်ကို ဘေးမှာ ထားပြီး စာဖတ်ဦးမည့်ဟန်ပေါ်၏။ သူ နည်းနည်း ပြုံးလိုက်သည်။

"မိုး ဆရာဝန် အနားယူခိုင်းတာက အပြည့်အဝ အနားယူခိုင်းတာနော်၊ မျက်လုံးတွေကိုပါ အနားယူရမှာ"

သူမ မျက်မှောင် နည်းနည်းတွန့်သွား၏။ သူ ကမန်းကတန်း စကားဆက်လိုက်ရသည်။

"ဆိုလိုတာက မိုး စာဖတ်ချင်ရင် ကျွန်တော် ဖတ်ပေးပါမယ်၊ မိုးက နားထောင်ပါ"

မိုး မျက်နှာတွင် သရော်တော်တော် အပြုံးကလေးတစ်ခု ရိပ်ခနဲမြင်လိုက်ရပြီး ချက်ချင်းပြန်ပျောက်သွား၏။ ထို့နောက် စာအုပ် ကို သူ့အား လှမ်းပေးသည်။

"ကဲ... ဒါဖြင့်လဲ ဖတ်ပြစမ်းပါဦး၊ ဘာသာပါ တစ်ခါတည်း ပြန်ပေးနော်"

ဒါ ငါ့ကို ချွတ်တဲ့ စကားပဲ။ သူ ကိုယ့်စကားနှင့်သူ ပြန်မိသွား ပြီး မိုးဖွင့်ထားသော စာမျက်နှာကို ဖတ်ပြဖို့ ကြိုးစား၏။

"စပီရှလိုင်နား အများဆုံး ထုတ်ယူရရှိရန်အတွက် ဆိုလျှင် စပီရှလိုင်းနား အမြောက်အမြား မွေးမြူထုတ်လုပ်ခြင်း လုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com



အတွက် အဓိက ဇီဝဆိုင်ရာ ကန့်သတ်မှုများကို နားလည် ထားရ မည်...''

သူမ အသံထွက်အောင် ရယ်လေသည်။

''ဦးမင်းထင် ဘာသာပြန် ဌာနမှာ အလုပ်လုပ်ဖို့ ကောင်း တယ်''

သူ မျက်နှာ ရှိန်းခနဲ နွေးကာ ရှက်သွား၏။ ထို့ကြောင့် နောက်ထပ် စာပိုဒ်များကို ဖတ်ရင်း အတတ်နိုင်ဆုံး ပြေပြစ်အောင် ဘာသာပြန်ဖို့ ကြိုးစားသည်။

''အဓိက အချက်များကို အောက်ပါအတိုင်း ဆွေးနွေးနိုင် သည်။ မိုး ပထမဆုံး ခေါင်းစဉ်ကလေးတွေကို အရင် ဖတ်သွားမယ် နော်။ နံပါတ်တစ်... ပြင်ပမွေးမြူခြင်း လုပ်ငန်းတွင် ဖြည်းဖြည်း မှန်မှန် ထုတ်ယူရန် ထိန်းသိမ်းထားသည့်အချက်၊ နံပါတ်နှစ်...အလင်း ပိတ်ပင် မှုကို ထိန်းချုပ်ခြင်း၊ နံပါတ်သုံး... အမှောင် တွင်း အသက်ရှ နိမ့်ကျ ခြင်း...''

မိုးက ဟက်ဟက်ပက်ပက် ရယ်မော၍ သူ့ထံမှ စာအုပ်ကို ဆွဲယူရန် ကြိုးစား၏။ သူ စာအုပ်ကို ဘေးသို့ လွှဲဖယ်ထားရင်း ခပ် တည်တည် မျက်နှာထားဖြင့် ဆက်ဖတ်နေလိုက်လေသည်။

''အောက်ဆီဂျင်တင်းအား လျော့နည်းခြင်း၊နံပါတ်ငါး ...နေ့ ခင်းအချိန်တွင် အပူချိန် တက်လိုက်ကျလိုက် ဖြစ်ခြင်း၊ မိုး... ဟုတ်တယ် နော်၊ ဒိုင်အာနယ်လ် ဆိုတာ နေ့ခင်း အချိန်ကို ပြောတာနော်''

''ဟုတ်ပါတယ်၊ ကဲ... ဒါဖြင့် ရှင် ဖတ်ရုံပဲ ဖတ်ပြတော့ ဘာသာပြန်မပေးနဲ့တော့။ ရှင် ဘာသာပြန်လိုက်ရင် ကျွန်မ နားလည် တာကလေးတောင် ပျောက်ပျောက်သွားတယ်''





မိုး၏ ချီးကျူးစကားကို သူ မဖြေပါ။ သို့သော် အင်္ဂလိပ်ဘာ သာအတိုင်းပင် ဖတ်ပြလိုက်၏။ သူ မကျွမ်းကျင်သော ဇီဝဗေဒနှင့် ဓာတုဗေဒအသုံးအနှုန်းများကြောင့် သူ နှေးကွေးစွာ ဖတ်ရသည်။

''မိုး... အများစုသော အယ်လ်ဂေးတွေမှာ သိပ်များလွန်းတဲ့ အလင်းရောင်နဲ့ အကြာကြီး ထိတွေ့နေရရင် အဲ... ဖိုတို အောက်ဇီ ဒေး တစ်(ဗ်)ဒက်(သ်)ကို မြန်မာလို ဘယ်လို ပြန်မလဲ ဟင်..''

မိုးက စာအုပ်ကို ဆွဲယူကာ မျက်စောင်းထိုး၏။

''အလင်းဖြင့် ဓာတ်ပေါင်းစပ်၍ သေကြေခြင်းပေ့ါ။ ပေး စမ်းပါ ကျွန်မ စာအုပ်။ ရှင့်ဟာရှင် ကိန်းဂဏန်းတွေ၊ အမြတ်ငွေတွေ၊ ရာခိုင်နှုန်းတွေပဲ တွေးနေပါ ဦးမင်းထင်၊ ကျွန်မ လုပ်ငန်းကို တစ်ဆိတ် မနှောင့်ယှက်ပါနဲ့''

သူမလောက် ကိုယ့်ကိုကိုယ် အထင်ကြီးသော မိန်းမ သူ မတွေ့ဘူးပါ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ဖေဖော်ဝါရီ တစ်လလုံးလုံး မိုး ခွင့်ယူထားမှန်း သိနေသောကြောင့် ဖေဖော်ဝါရီ ၁၅ရက်၊ စနေနေ့ နံနက်ပိုင်းတွင် မန္တလေးသို့ သူ နောက်တစ်ခေါက် ရောက်သွားပြန်၏။

သူ နှင်းဆီပန်း တစ်ပွေ့တစ်ပိုက်ဖြင့် ရောက်သွားတော့ မိုးအိမ်မှာ မိုး မရှိပါ။

"တောင်မြို့ကို သွားကယ် လူလေးရဲ့၊ ကြာဦးမှာ။ ဒီမှာ ထိုင်စောင့်ချင် စောင့်၊ လိုက်သွားချင် သွား"

အဘွားက မင်းထင်ကို ခင်မင်ကြင်နာစွာ ခွင့်ပေးတော့ သူ အရမ်း ပျော်ရွှင်သွား၏။

"ဟုတ်ကဲ့၊ ကျွန်တော် လိုက်သွားမယ် ဘွားဘွား"

နာရီကို ငုံ့ကြည့်တော့ နေ့လယ် ၂ နာရီ။ မိုးမှာ ကားပါသွားသည်။ သူသည် အဘွား ညွှန်ပြသော လမ်းညွှန်မြေပုံဖြင့် အမှတ်(၈) ဘတ်စ်ကားစီးပြီး အမရပူရမြို့သို့ ရောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖော်ဝါရီလလယ် နေ့ခင်းသည် မန္တလေးတွင် နွေရာသီစစ်စစ်ဖြစ်သည်။ အမရပူရသည် မန္တလေးမြို့ထက် ပို၍ ဖုန်ထူထပ်၏။ သို့သော် သစ်ပင် အရိပ်ပိုများ၏။

မိုးတို့၏ ရက်ကန်း စက်ရုံသည် အတော်အတန် ကျယ်ဝန်းသော ဝန်းတစ်ခုထဲမှာရှိသည်။ အုတ်တံတိုင်း ခပ်မြင့်မြင့် ကာရံထားပြီး ဂိတ်ဝတွင် လူတစ်ယောက် ရှိနေ၏။ သူ မျက်ခုံးပင့်မိလျက်သား ဖြစ်သွားသည်။ ထိုပုဂ္ဂိုလ်က သူ့ကို မဆုံးနိုင်အောင် မေးမြန်းနေတော့သည်။ အမည်၊ နေရပ်လိပ်စာ၊ မိမိတွေ့လိုသူ၊ အကြောင်းကိစ္စ၊ သူ တိတ်တိတ်ကလေး ဆဲရေးလိုက်ကာ မခင်မိုးမြင့် နာမည်ကို ပြောပြလိုက်သည်။ သို့သော် ထိုပုဂ္ဂိုလ်က သူ့နာမည်၊ နေရပ်နှင့် အလုပ် အကိုင်တို့ကို စာရင်း စာအုပ်ထဲတွင် ရေးမှတ်လိုက်သေး၏။

အတွင်းသို့ ဝင်လိုက်သောအခါ သွပ်မိုးဖြင့် ပျဉ်အဆောက်အအုံ သုံးခု၊ အုတ်တိုက် ပြားပြားကလေးတစ်ခု တွေ့ရသည်။ အပေါက်ဝမှ ပုဂ္ဂိုလ်က အုတ်တိုက်ကလေးဆီသို့ လက်ညှိုးညွှန်ပြ၏။ သူ ခပ်သွက်သွက် လျှောက်သွားသည်။

အစည်းအဝေးတစ်ခု ပြုလုပ်နေခြင်း ဖြစ်သည်။

မိုးသည် စားပွဲထိပ်တွင် အပေါက်ဝကို မျက်နှာချင်းဆိုင်လျက် ထိုင်နေ၏။ မိုး၏ မျက်နှာထားမှာ သူနှင့်တွေ့စတုန်းကကဲ့သို့ပင် တည်ငြိမ် ကြန့်ရြရနေ၏။ လူ ၁၀ယောက်ခန့်ရှိမည်။ အမျိုးသမီးက မိုးနှင့် ပေါင်းပါမှ နှစ်ယောက်တည်း။ သူတို့၏ ဆွေးနွေးမှုကို မနှောင့်ယှက်ချင်သော်လည်း မိုးက သူ့ကို မြင်သွား၏။ မိုးမျက်နှာတွင် ဝမ်းသာမှု မတွေ့ရသည့်အပြင် စိတ်ရှုပ်မှုကို တွေ့လိုက်ရသည်ဟု ထင်သည်။ သူနည်းနည်း ဒေါပွသွားကာ အပေါက်ဝမှ ချက်ချင်းလှည့်ထွက်လိုက်၏။ တိုက်၏အရိပ်ကျသည့် ဘေးဘက်တွင် တိုက်အုတ်နံရံ





အောက်ခြေအထစ်ကလေးပေါ်မှာ ထိုင်ချလိုက်သည်။ လိုက်လာခဲ့မိသော ကိုယ့်ကိုယ်ကိုသာ ဒေါပွသင့်ပါသည်။ အပြင်ဘက်မှ အပူရှိန်အားလုံး သူ့ရင်တွင်းသို့ စုပြုံ ဝင်ရောက်လာ၏။ အနားမှာ ရှိသော ကျောက်စရစ်ခဲ တစ်လုံးကို ကောက်ယူပြီး တစ်ဘက် အုတ်တံတိုင်းဆီသို့ အရှိန်ပြင်းစွာ ပေါက်ပစ်လိုက်မိသည်။

"ဦးမင်းထင်…"

သူ ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။ သူ့ရှေ့တွင် လှပသော၊ ခမ်းနားသော မိန်းမတစ်ယောက် မတ်တတ်ရပ်လျက်ရှိသည်။ ပုံစံကျကျ ကိုယ်နှင့်အကိုက် ချုပ်ထားသော အသားရောင် ဖျော့ဖျော့ ပိတ်ဖောက်ဇာ ဝတ်စုံဖြင့် သူမသည် သူမြင်နေကျ ပုံစံများမှ ခွဲထွက်လျက် ရှိသည်။ လည်တိုင်မှာ နီလာကြိုး တစ်ကုံးကို ဆွဲထား၏။ မျက်လုံးများက စောစောက သူထင်ထားသလို မဟုတ်ဘဲ နူးညံ့သိမ်မွေ့ နေကြသည်။

"အထဲ ဝင်ထိုင်လေ၊ ဒီနားမှာထိုင်လို့ ဘယ်ဖြစ်မလဲ"

သူ လေးပင်စွာ မတ်တတ်ရပ်လိုက်၏။ ထို့နောက် သူမနောက်က လိုက်သွားမိသည်။

အခန်းကျယ်ထဲရှိ စားပွဲလွတ် တစ်ခုတွင် သူ ဝင်ထိုင်သည်။ သူမက သူ့ကို တစ်ချက် ပြုံးပြကာ စောစောက နေရာသို့ ပြန်သွားလေသည်။

သူမတို့၏ အစည်းအဝေးမှာ ၂ နာရီနီးပါး ကြာ၏။ တစ်ယောက်ပြီးတစ်ယောက် ထဆွေးနွေးကြသော ခေါင်းစဉ်များမှာ အလုပ်ချိန်အလိုက် တိုးမြှင့်သော လစာနှုန်းထား၊ အပိုဆုကြေး၊ တစ်နှစ် အတွက် ကုန်ပစ္စည်းထုတ်လုပ်မှု ပမာဏ၊ ဤကိစ္စများနှင့် သူ ရင်းနှီးပြီးသား ဖြစ်သော်လည်း လုံးဝ စိတ်မဝင်စားပါ။ မိုးမျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



တည့်တည့် ငေးနေဖို့လည်း ဘယ်လိုမှ မကောင်းတတ်သောကြောင့် အပေါက်ဝဘက်သို့သာ လှည့်ထိုင်ရင်း လူငယ်တစ်ယောက် လာချသော ချိုဆိမ့်သော လက်ဖက်ရည်ကို နည်းနည်းချင်းငုံ၍ သောက်နေလိုက် သည်။

ဘုရားသိကြား မ,၍ ညနေ ၄ နာရီခွဲတွင် အစည်းအဝေး ပြီးသွားသည်။

"ကျွန်မက လကုန်မှ လာမယ် ထင်နေတာ"

"စနေ တနင်္ဂနွေ ရုံးပိတ်ရက်မှာ ရန်ကုန်မှာ ပျင်းတာနဲ့ပဲ"

သူမ ရိပ်ရိပ်ကလေး ပြုံးနေသည်။

"ဪ... ဒီမှာ မိုးအတွက် မွေးနေ့လက်ဆောင်"

"ဟင်... ကျွန်မ မွေးနေ့ကဖြင့် လကုန်ခါနီးမှ ဥစ္စာ"

"ကြိုပေးခွင့် မရှိဘူးလား ဟင်"

သူမ အပြုံး ပျောက်သွားကာ သူ့ကို အကဲခတ်သလို ကြည့်၏။ ပြီးမှ ပင့်သက် တစ်ချက်ရှိုက်ကာ သူလှမ်းပေးသော အထုပ်ကို ယူသည်။ ကြွေစက္ကူအဖြူဖြင့် လှပစွာထုပ်ပိုးပြီး ရွှေရောင် ဖဲပွင့်ကလေးထိုးထားသော မွေးနေ့လက်ဆောင်ကို သူမ ဆ, ကြည့်၏။

"ဒါ စာအုပ်တွေ"

"ဟုတ်တယ်၊ မိုးအတွက် အလိုအပ်ဆုံး စာအုပ်တွေ"

သူ့ရှေ့မှာပင် သူမ စိတ်ဝင်တစား ဖွင့်ဖောက်ကြည့်၏။ စပီရှုလိုင်းနားနှင့် ပတ်သက်သော စာအုပ်လည်းမဟုတ်၊ သမိုင်းဆိုင်ရာ စာအုပ်လည်းမဟုတ်၊ ဗုဒ္ဓဘာသာ စာအုပ်လည်းမဟုတ်။

ချက်ပြုတ်ခြင်း၏ အနုပညာဟူသော အင်္ဂလိပ်ဘာသာ စာအုပ် တစ်အုပ်နှင့် ဦးကြီးပု၏ ချက်ပြုတ်နည်း ၅၀၀ စာအုပ်ဖြစ်ပါသည်။





ထိုစာအုပ်များကို ကြည့်ကာ မိုးက အသံထွက်အောင် ရယ်မော၏။ မိုး ရယ်မောသည့်အခါ သူ အလွန်ပျော်သွားပါသည်။

မိုးက သူ့ကို သူ တစ်ခါမျှမရောက်ဘူးသော နာမည်ကြီးလှသည့် ဦးပိန်တံတားသို့ လိုက်ပို့သည်။ မိုးတို့ ရက်ကန်းစက်ရုံနှင့် နီးနီးကလေးမှာ ရှိသည်။ မိုး၏ လဲင်း(ဒ်)ရိုဗာ ကားကလေးသည် ကန်ပေါင်လမ်းချိုးတစ်ခုတွင် ရပ်သွား၏။

မြင်ရသမျှ ရှုခင်းမှာ ကျယ်ပြန့်လှသည်။ ရေများခန်းခြောက်၍ သဲများ၊ စိုက်ခင်း သေးသေးကလေးများ ဖြစ်နေသော တောင်သမန် အင်းပြင်မှာ သာယာနေ၏။ လေသည် ကမ်းပါးဆီသို့ လတ်ဆတ်စွာ တိုက်ခတ်လာသည်။ ဟောင်းနွမ်းသော်လည်း ခိုင်ခံ့သော သစ်လုံးတိုင်များ၊ သစ်သားခင်းများဖြင့် ကြီးမားရှည်လျားသော တံတားကြီးသည် အင်း၏အလယ်ဆီတွင် ရေ၏အရှိန်ကို ထိုးခွဲနိုင်ရန် တစ်ဆစ်ချိုးများ ဖြစ်နေ၏။

"သဘောကျရဲ့လား ဦးမင်းထင်"

"လှပါတယ်၊ ကျွန်တော်တို့ တံတားပေါ် လမ်းလျှောက်ရင် ကောင်းမလား"

သူမ တွန့်ဆုတ်သွားသည်။

"ဦးမင်းထင် လျှောက်ကြည့်လေ၊ ကျွန်မ ကားပေါ်မှာ စိတ်ကူးနဲ့ ဟင်းချက်ကြည့်လိုက်ဦးမယ်"

သူနှင့်အတူ လမ်းလျှောက်ရန် ညင်ညင်သာသာကလေး ငြင်းဆိုလိုက်ခြင်းဖြစ်သည်။ သူ မကျေမနပ်ဖြစ်သွား၏။

"လေကောင်း လေသန့်ရှူရတာပေါ့ မိုးရဲ့၊ ကျွန်တော် သိပ်အဝေးကြီး မလျှောက်ပါဘူး။ တံတားအလယ်လောက်တင်ပါ"

"လေကောင်း လေသန့်က ကမ်းစပ်အထိ လာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ ခေါင်းမာစွာ တင်းခံနေ၏။ ဒရိုင်ဘာ နေရာမှ နည်းနည်းမျှ ခွာမည့်ပုံမပေါ်။

"ဘာလဲ ကျွန်တော်နဲ့ လမ်းတွဲမလျှောက်ချင်ဘူးလား မိုး"

သူ လေသံ ခပ်ဆတ်ဆတ် ဖြစ်မသွားအောင် ဘယ်လိုမှ မထိန်းချုပ်နိုင်ပါ။

"အမှန်အတိုင်း ပြောရရင်တော့ ဟုတ်တယ် ဦးမင်းထင်"

သူ မချိပြုံး ပြုံးလိုက်ရသည်။

"မိုး တစ်ယောက်တည်း နေရဲပါတယ်နော်"

"အို... နေရဲတာပေါ့။ အေးအေးဆေးဆေး လျှောက်ပါ"

ကောင်းပြီ။ သူ အေးအေးဆေးဆေး လမ်းလျှောက်ရုံတွင်မကဘဲ ဇရပ်တစ်ခုတွင် အနောက်ဘက်သို့လှည့်၍ ထိုင်နေလိုက်၏။ ဆံပင်ကို၊ မျက်နှာကို လာ၍ တိုးဝှေ့သောလေမှာ နေ့ခင်းက လေလို မနွေးဘဲ အေးမြနေသည်။ ရန်ကုန်တွင် နေဝင်ချိန်ကို မြင်ရခဲသောကြောင့် မိုးကုပ်စက်ဝိုင်းတွင်တစ်ဝက် ငုပ်ဝင်လျက်ရှိသော နေလုံးနီကြီးကို တအံ့တဩငေးမောနေမိသည်။ အုပ်စုလိုက် ခပ်နိမ့်နိမ့် ပျံသန်းသွားသော ဗျိုင်းငှက်များ၏ အတောင်ပံသည် တိမ်တောက်ချိန်တွင် အနီရောင်နှင့်ရွှေရောင်သန်းနေ၏။

ပတ်ဝန်းကျင်သည် တဖြည်းဖြည်း အေးစိမ့်လာပြီး တဖြည်းဖြည်းမှောင်လာသည်။ တံတားပေါ်တွင် စက်ဘီးနင်း၍ သွားကြသော ကျွမ်းကျင်သူများကို သူ အံ့ဩရပါသည်။ သူသာဆိုလျှင်တော့ တံတားပေါ်ကနေ လူရောဘီးရော ပြုတ်ကျမှာ သေချာသည်။ မိုးချုပ်သော်လည်း ဖြတ်သွားဖြတ်လာလူများ နည်းမသွားသည့်အပြင် ပိုရှုပ်များလာသလိုထင်ရသည်။





နေရောင် လုံးဝကွယ်ပျောက်သွားသောအခါ သူ မိုးအတွက် စိတ်ပူလာသည်။ ကားထဲမှာထိုင်နေတုန်း ယောကျ်ားတွေရဲ့ စ နောက်စရာဖြစ်နေမလား။ အနည်းဆုံး စူးစမ်း အကဲစမ်းလိုသော မျက်လုံးများဖြင့် ကြည့်ခြင်းကို ခံရနိုင်သည်။

အို... ဒီလောက်တောင် ကြီးကျယ်တဲ့ မိန်းမ နေစမ်းပါစေ။

သို့သော် စောင့်ရတာကြာလို့ စိတ်တိုပြီး ကားကို မောင်းထွက်သွားရင်ကော။ အဲဒါမှ တကယ့်ပြဿနာ။ ဘတ်စ်ကားတွေ မရှိတော့ပါ။

အို... ဘတ်စ်ကား မရှိပေမယ့် ကားကြုံတစ်စီးစီးတော့ တွေ့မှာပဲ။ တွင်းတောင်လောက် ကားပြတ်မယ် မထင်ပါဘူး။

သူ့အနီးသို့ သင်းပျံ့သော မွှေးရနံ့ကလေး ရောက်လာသည်။ မိုး၏ရနံ့... သူ လှည့်ကြည့်ဖို့မလိုပါ။

"ဦးမင်းထင်"

သူ လှည့်ကြည့်လိုက်၏။ မပြုံးမိအောင် ခွတ် ထိန်းချုပ်ထားရသည်။

"ကျွန်မ ပြောတဲ့ အေးအေးဆေးဆေးက ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ် ပြောတာရှင့်၊ တစ်နာရီလောက် မဟုတ်ဘူး"

သူ မအောင့်နိုင်တော့ဘဲ ပြုံးချလိုက်သည်။

"ဟောဗျာ... မိုးက နာရီ အတိအကျမှ သတ်မှတ်မပေးတာ"

"ကျွန်မ ပြန်သွားဖို့ သုံးခါလောက် စိတ်ကူးတယ်။ ကျွန်မ နေမကောင်းတုန်းက ရှင်ပြုစုတဲ့ကျေးဇူးကြောင့် ဒီလောက် သည်းခံပြီး စောင့်ခဲ့တာ သိလား"

တော်ပါသေးရဲ့၊ မယ်မင်းကြီးမ ကျေးဇူးသိတတ်ပေလို့။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... အခု ပြန်ကြစို့"

လေအရှိန်ဖြင့် သူမ၏ နဖူးပေါ်မှ အထက်သို့ လန်လန်သွားသော ဆံပင်ဖွာဖွာကလေးများကို သူ ငေးနေသည်။

"လာလေ၊ ဒါထက် ကျွန်မ စိတ်မရှည်ဘူးနော်၊ တစ်နာရီစောင့်လိုက်ရတာနဲ့ မုံရွာတုန်းက ကျေးဇူးတွေ အားလုံးကျေသွားပြီ

ဖြစ်ရပြန်ပြီ။

သူ သဘောကျစွာ ပြုံး၍ မိုး၏နောက်မှ ခပ်သွက်သွက်လျှောက်လိုက်သွား၏။

ညစာကို မိုး၏အိမ်တွင် သူ စားခွင့်ရသွား၏။ အဘွား၏ ဆာလို့ စားထားလိုက်ပြီ ဟူသော စကားကြောင့် သူ စိတ်ချမ်းသာသွားသည်။

အဘွား၏ ကျွန်းစားပွဲကြီးပေါ်တွင် များပြားလှသော ဟင်းခွက်များဖြင့် သူတို့နှစ်ယောက်ဘည်း တိတ်ဆိတ်ငြိမ်သက်စွာ ထမင်းစားကြပါသည်။

ဇွန်း ခက်ရင်းဖြင့် စားတာချင်း အတူတူပေမယ့် မိုး၏ပန်းကန်ထဲသို့ အသားဖတ်များ အရိုးထွင်၍ ထည့်ပေးချင်လှသည်။ သို့သော် မိုးလည်း ကြိုက်မှာမဟုတ်။ သူလည်း မရဲဝံ့ပါ။ မိုးက သူ့ပန်းကန် ထဲသို့လည်း အိမ်ရှင်ဝတ္တရားဖြင့် လုံးဝ ဟင်းထည့်မပေးချေ။ အဘွားကတော့ ဘုရားခန်းထဲ ရောက်နေပြီ။ သူ မိုးမျက်နှာကို ကြည့်လိုက်၊ ထမင်းစားလိုက်ဖြင့် စိတ်ကူးတွေ မဆုံးနိုင်အောင် ယဉ်ကာကြည်နူး နေစဉ် မိုး စကားတစ်ခွန်းက သူ့ကို သတိပေးလိုက်သည်။

"ဧည့်သည်ကို အိမ်ရှင်က တားရတာတော့ မကောင်းဘူး ဒါပေမယ့် ဦးမင်းထင်အတွက် ဘာမျှော်လင့်ချက်မှ မရှိဘူးဆိုတာ





တော့ နားလည်ထားပါနော်"

တိုးတိတ်သော ထိုစကားကလေးသည် သူ့နားထဲသို့ ကျယ်လောင်စွာ ဆောင့်ဝင်သွား၏။ သူ လိုက်ခနဲ ရင်နာကျင်စွာ သူမကို ငေးကြည့်လိုက်သည်။ ဟုတ်ကဲ့ ဟူသော စကားကလေးတစ်ခွန်းကိုပင် ဟန်ဆောင်၍ မပြောနိုင်ဘဲ ဆွံ့အ သွားလေသည်။

သူ့ကို ပြန်ကြည့်နေသော မိုး၏ မျက်ဝန်းများတွင် မာကျောမှုမရှိပါ။ နူးညံ့စိုလက်လျက်ရှိသည်။ သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ဖောက်ထွင်းကြည့်ဖို့ ကြိုးစားနေကြသည်။ သို့သော် သူ၏ဝမ်းနည်းမှုကိုသာ မိုးက မြင်တွေ့သွားပြီး မိုး၏မျက်လုံးအရိပ်ကို သူ အကဲ မခတ်တတ်ပါ။ မိုး၏စိတ်နှလုံးကို ပို၍ပင် အကဲမခတ်နိုင်ပါ။ သူ သက်ပြင်း မသိမသာကလေး ချလိုက်၏။

"ကျေးဇူးတင်ပါတယ် မိုး"

အခြေအနေ သိပ်မကောင်းပါ။ ဤညစာသည် မိုးတို့အိမ်တွင် သူ စားခွင့်ရသော ပထမဆုံးနှင့် နောက်ဆုံးညစာ ဖြစ်နိုင်ပါသည်။

"ဆိုလိုတာက ကျွန်တော် လာနေတာကို မိုး မကြိုက်ဘူး၊ မိုးအတွက် အနှောင့်အယှက်ဖြစ်တယ်၊ ဟုတ်လား ဟင်"

သူမ မဖြေပါ။ ဖြေရန် လိုအပ်သော မေးခွန်း မဟုတ်သလိုပင် မျက်လွှာချထားသည်။

ထမင်းစားပြီးတော့ လိမ္မော်သီးများ မိုးက ချပေးသည်။ ငှက်ပျောသီးပန်းကန်ကို သူ့ရှေ့တိုးပေးသည်။ သို့သော် စားပါဦး ဟူသော စကားပင် မပြောပါ။ သူကလည်း စကားတစ်ခွန်းမှ မပြောနိုင်ဘဲ ငြိမ်သက်တိတ်ဆိတ်နေ၏။ လူသုံးယောက်သာရှိသော တိုက်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးသည် ရှေးဟောင်းနာရီအိုကြီး၏ တချက်ချက် မြည်သံမှ တစ်ပါး တိတ်ဆိတ်နေလေသည်။

ခဏကြာတော့ မီးတွေ ဖျတ်ခနဲ ငြိမ်းသွား၏။ တစ်ခန်းလုံး မှောင်ကျသွားသောအခါ မိုးက စုတ်တစ်ချက်သပ် ညည်းညူလိုက်သည်။ထို့နောက် ထိုင်ရာမှ ထလိုက်သည့် လှုပ်ရှားသံသဲ့သဲ့။ထို့နောက် ခပ်လှမ်းလှမ်းသို့ စမ်းတဝါးဝါး သွားသောခြေသံ။ သူ မလှုပ်မယှက် ငြိမ်သက် ထိုင်နေမိသည်။ ခါတိုင်းလိုသာဆိုလျှင် မိုး ရှာလိုသော ပစ္စည်းကို မေးမြန်း၍ သူ ရှာဖို့ကြိုးစားပေးနိုင်သည်။ သို့သော် ဤအချိန် မှာတော့ သူ့ကိုယ်ခန္ဓာကို တတ်နိုင်သမျှ ကျုံ့ဝင်ထားမိသည်။

တစ်မိနစ်အတွင်း Rechargeable လျှပ်စစ် မီးအိမ်ကလေး ဖျတ်ခနဲလင်းသွား၏။ မီးအိမ်ကလေးကို ကိုင်လျက် စားပွဲဆီသို့ မိုး ဖြည်းညင်းစွာ လျှောက်လာသည်။ မှိန်ပြသော အလင်းရောင်ကလေးကြောင့် မိုး၏ ကိုယ်ခန္ဓာပေါ်မှာ ကောက်ကြောင်းအတိုင်း အလင်း တင်လျက်ရှိလေသည်။

မိုးက လိမ္မော်သီးများကို အခွံခွာ၍ အစိတ်ကလေးများကို တစ်ခုချင်း အကြောမျှင်တွေ နွှင်နေသည်။ ပြီးတော့ သူမလည်းမစားဘဲ၊ သူ့လည်းစားဖို့ မပြောဘဲ ပန်းကန်ထဲမှာပင် ပုံထား၏။ မိုး အနေရ အထိုင်ရ ခက်နေပုံရသည်ဟု သူ တွေးသည်။ မိန်းမသား နှစ်ယောက် တည်းရှိသောနေအိမ်တွင် ယခုလိုမီးပြတ်သည့်အချိန်မှာ သူ ပေကတ်၍ ထိုင်မနေသင့်ကြောင်း နားလည်သွားသည်။

သူ ပြုံးခနဲ ထရပ်လိုက်သည်။

"ကျွန်တော် ပြန်မယ် မိုး"





တိုးတိတ်သော သူ့အသံမှာ နာကျင်မှုကြောင့် ခြောက်သွေ့နေသည်။ မိုးက တအံ့တသြ မော့ကြည့်၏။

"ဩော်... ဟုတ်ကဲ့၊ ကျွန်မ တံခါး လိုက်ဖွင့်ပေးပါမယ်"

ထို့နောက် အိမ်ထဲမှ သူ ခပ်သွက်သွက် ထွက်သွား၏။

အပြင်ခြံဝန်းထဲတွင် အေးမြသော လရောင်သည် ဖြာကျလျှက်ရှိသည်။ စိတ်ကျဉ်းကျပ်မှု ပျောက်လွင့်သွားကာ သူအသက်ပြင်းပြင်း ရှူလိုက်မိ၏။ ထုံယစ်သော ညမွှေးပန်းရနံ့သည် သူ့စိတ်ကို ဆွဲဆောင်လျှက်ရှိသည်။ မြေတလင်းသည် ဝင်းဝါ၍ တောက်ပနေသည်။ ခြံထောင့်ဆီတွင် ချုံဖြစ်လျက် ပေါက်ရောက်နေသော ညမွှေးပန်းပင်တို့သည် လရောင်အောက်တွင် လေဖြင့်ယိမ်းနွဲ့လျက် လှုပ်ရှားနေကြသည်။

သူ့ရှေ့မှာ မိုးက ခပ်သွက်သွက် လျှောက်သွား၏။

လူဝင်ပေါက် တံခါးကလေးကို သော့ဖွင့်ရန်ကြိုးစားနေသော မိုး၏ နောက်ဘက် ခပ်လှမ်းလှမ်းတွင် သူ ရပ်နေသည်။ လရောင်သည် မိုး၏ မည်းနက်သော ဆံပင်၏အောက် လည်ကုပ်ကလေးပေါ်တွင် ရွှန်းလက်စွာ ကျနေ၏။ သူ ချစ်မြတ်နိုးသော မိုးသည် သူ့အတွက်မဟုတ်။ ထို့အပြင် မည်သည့်ယောကျ်ားအတွက်မျှ မဟုတ်ချေ။ ဘာပဲဖြစ်ဖြစ် မိုးကို သူ မပိုင်ဆိုင်ရလျှင်တောင် ဤကမ္ဘာလောကတွင် မိုးကို မည်သည့်ယောကျ်ားကမှ ပိုင်ဆိုင်ခွင့် မရှိသောကြောင့် သူ ကျေနပ်ရပါလိမ့်မည်။

"ကျွန်တော် ဖွင့်ပေးမယ် မိုး"

သူ မိုးအနီးသို့ ရောက်သွား၏။

"ဟင့်အင်း..."



www.burmeseclassic.com

www.burmeseclassic.com



မိုး၏လက်ထဲမှ သော့တွဲတွင် သော့တွေ များပြား၏။ နောက်ဆုံးတော့ အောင်မြင်စွာ သော့တံကို ထိုးသွင်းလိုက်နိုင်သည်။

"ရပြီ"

မိုးက သူ့ဘက်သို့ လှည့်ကြည့်၏။ မိုး၏ပခုံးနှင့် သူ့ပခုံးမှာ သိပ်မကွာလှသောကြောင့် နီးကပ်နေသော မိုး၏မျက်နှာကို သူ အထူးငုံ့ကြည့်ရန် မလိုပါ။

"မိုး..."

မိုး၏ လည်ပင်းမှ နီလာဆွဲကြိုး မျှင်မျှင်ကလေးမှာ တလှုပ်လှုပ်ခုန်လျက် ရှိသည်ကို လရောင်ဖြင့် ဝိုးတဝါး မြင်ရ၏။ မိုးက သူ့ကို ငေးစိုက်ကြည့်နေသည်။ ကော့ပျံသော မျက်တောင်ဖျားတွင် လရောင်ဖြင့် ရွှန်းလက်စွာ တောက်ပနေသော်လည်း မျက်ဝန်းများမှာ နူးညံ့ပျော့ပျောင်းလှသည်။ နီးကပ်လှသော နှုတ်ခမ်းပါးကလေး တင်းတင်းစေ့ မထားပါ။ နီမြန်းသော နှုတ်ခမ်းကလေးသည် ပြုံးတော့မလိုလို၊ မဲ့တော့မလိုလို လှုပ်ရှားသွား၏။

"မိုး... ကျွန်တော်လေ..."

ပြောမည့် စကားများ ထစ်အတွန့်ဆုတ်ကာ ထိန်းချုပ်ထားသည့်ကြားမှ ပြုန်းခနဲ ဝမ်းနည်းစိတ်ဖြင့် မိုး၏ လက်ကလေးတွေကို ခပ်ဖွဖွ ဆုပ်ကိုင် ဆွဲယူလိုက်မိသည်။

"မိုးကို ဘယ်လိုမှ မခွဲနိုင်ဘူး မိုးရဲ့၊ ကျွန်တော် ဘာလုပ်ရမလဲဟင်"

မိုး၏ လက်ကလေးများမှာ အေးစက်ရုံမျှမက တုန်ခိုက်နေ၏။ သူမ မရုန်းပါ။ နှစ်ဦးလုံး တစ်ခဏ သတိကင်းလွတ်စွာ ငေးမောနေပြီးနောက် တစ်ယောက်ဆီတစ်ယောက် တိုးဝင် နီးကပ်လာ၏။ ထို့နောက် သူ မိုးကို ပြုန်းခနဲ ဆွဲယူပွေ့ဖက် လိုက်မိလေသည်။





မင်းထင်၏ ကိုယ်ခန္ဓာတွင် သွေးများ လှည့်ပတ်စီးဆင်းနေကြောင်း ပထမဦးဆုံးအကြိမ် သတိပြုမိသွား၏။ အနည်းငယ် တုန်ခိုက်သော မိုး၏ နွေးထွေးသည့် ကိုယ်ခန္ဓာကလေးသည် သူ့ရင်ခွင်ထဲတွင် ပျော့ပျောင်းစွာ ခိုဝင်လျက် ရှိသည်မှာ ဘယ်တုန်းကမှ မမက်ခဲ့ဘူးသော လှပဆန်းကြယ်သည့် အိပ်မက်တစ်ခုပင် ဖြစ်လေသည်။ သူသည် မိုးကို သူ့ရင်ခွင်ထဲမှ လွတ်ထွက်မသွားအောင် တင်းကျပ်စွာ ဖက်ထားရင် မျက်ရည်များ ဝေ့လည်လာ၏။ ကျွန်တော် မိုးကို ချစ်တယ်... မိုးနဲ့ မခွဲပါရစေနဲ့တော့ မိုးရယ်။

မွှေးပျံ့သော၊ အေးစိမ့်သော လေတစ်ချက် တိုက်လိုက်သည်။

သူ ထိန်းချုပ်ဖို့ သတိရသွားပြီး ဖက်ပွေ့ထားသော လက်များ ဖြေလျော့ကာ မိုးထံမှ နောက်ဆုတ် ခွာလိုက်သည်။

"မိုး..."

မိုး၏ ရွှန်းလက်သော မျက်ဝန်းများ နူးညံ့နေ၏။ သူ့ကို မော့ကြည့်နေသော မေးစေ့ ချွန်ချွန်ကလေးကို သူ မချင့်မရဲ ဆွဲဖျစ်လိုက်သည်။

"ကျွန်တော် သွားမှဖြစ်မယ် မိုး"

သို့သော် သူ မိုးအနီးမှ မခွာနိုင်ပြန်ပါ။ ထို့အပြင် မိုက်မဲလှစွာပင် မိုး၏ မေးစေ့ချွန်ချွန်ကလေးကို ညင်သာစွာ ငုံ့နမ်းလိုက်မိတော့သည်။

တစ်လောကလုံး တိတ်ဆိတ် ငြိမ်သက်သွား၏။ သူသည် သူ မဟုတ်တော့ဘဲ တိမ်မျှင်ကလေးတစ်စ ဖြစ်သွားသည်။ မီးလောင်နေသော တိမ်မျှင်စကလေးသည် လေအလျင်ဖြင့် ဟိုးအမြင့်ကြီးဆီသို့ ဖြည်းညင်းစွာ ရွေ့မျောသွား၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မိုးက ပြန်းခနဲ ရုန်းထွက်ဆောင့်တွန်းလိုက်သောကြောင့် သူ အိပ်မက်က လန့်နိုးသလို ခံစားလိုက်ရသည်။ သူ နောက်သို့ တစ်လှမ်း ဆုတ်လိုက်ရ၏။

"ပြန်ပါတော့နော်..."

ချိုသာသော နှင်ထုတ်သည့်စကားကလေးကို တစ်ခွန်းပြောလျက် လှစ်ခနဲ ပြန်လှည့်ပြေးသွားသော မိုးကို သူ သတိလက်လွတ် ငေးမောကြည့်နေမိသည်။

"မိုး..."

မိုးက လှည့်မကြည့်ပါ။

"မိုး... တံခါးသော့ခတ်ဦးနော်"

သို့သော် အိမ်ထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားလေသည်။

ဧရာ တည်းခိုခန်းသို့ လမ်းလျှောက်ပြန်လာစဉ် သူ့ခြေလှမ်းများမှာ အင်အားကုန်လျက် ရှိသော်လည်း မြေနှင့်ခြေထောက် မထိသလို လွင့်နေသည်။



## အခန်း (၁၇)

နောက်တစ်နေ့ နံနက်တွင် သူ အစောဆုံး အိပ်ရာမှ နိုးလာ၏။

နှင်းကြွင်းများဖြင့် အုပ်ဆိုင်းသောနံနက်ခင်းတွင် သူ တစ်ခါမှ မဖြစ်ပေါ်ဘူးသော တက်ကြွမှုများဖြင့် နန်းရှေ့သို့ ခပ်သွက်သွက် လမ်းလျှောက်ရင်း နှင်းဆီပန်း သွားဝယ်လေသည်။

နှင်းများဖြင့် စို၍ လန်းဆန်း ပွင့်အာနေသော နှင်းဆီဖြူ ခုနစ်ပွင့် ရခဲ့၏။

နှင်းဆီပန်းများကို ကိုင်၍ မိုး၏အိမ်ရှေ့တံခါးဝသို့ သူ ရောက်သွားချိန်မှာ နံနက် ၇ နာရီခွဲဖြစ်သည်။ နှင်းကွဲစ နံနက်ခင်းအောက်တွင် မိုး လက်ဆောင်ပေးသော ခေါင်းစွပ် ဆွယ်တာအကျႌကို ရှက်ကိုးရှက်ကန်း ဝတ်ထားသော မင်းထင်သည် တက္ကသိုလ် ကျောင်းသားကလေးတစ်ယောက် ဖြစ်သွား၏။ ၅မိနစ်လောက် ရင်တလှပ်လှပ်ခုန်ကာ ငြိမ်သက်နေပြီးမှ လူခေါ် ခေါင်းလောင်းကို နှိပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် စောင့်ရသည့် ၅ မိနစ်မှာ တစ်နာရီလောက် ကြာသွား၏။

"ကျွန်တော် မခင်မိုးမြင့်နဲ့ တွေ့ပါရစေ"

တံခါး လာဖွင့်သော ထိုလူက ခေါင်းယမ်း၏။

"ဦးမင်းထင် မဟုတ်လား၊ မခင်မိုးမြင့်က ဦးမင်းထင် လာရင် ဒီစာပေးဖို့ မှာထားတယ်"

သူ ဒိတ်ခနဲ ရင်ခုန် လှုပ်ရှားသွား၏။ နှင်းဆီပန်းစည်း ကိုင်ထားသော လက်တစ်ဖက်၏ အကူအညီဖြင့် အဖြူရောင် စာအိတ်ကလေးကို အလောတကြီး ဆုတ်ဖြဲလိုက်သည်။ ထိုအချိန်တွင်ပင် တံခါးက ပြန်ပိတ်ဖို့ ဟန်ပြင်၏။

"ခဏနေဦး"

သူ တားထားလိုက်ပြီး စာရွက်ခေါက်ကလေးကို ဖွင့်ဖတ်လိုက်သည်။ လှပ ဝိုင်းစက်သော်လည်း ခပ်သော့သော့ အနက်ရောင် လက်ရေးများ...။

ဦးမင်းထင်...
လရောင်ရဲ့ ဖြားယောင်းမှုကြောင့် အနီးကပ်ဆုံး
ယောကျ်ားတစ်ယောက်အပေါ် စိတ်ကစားမိတဲ့
အဖြစ်ကို အချစ်လို့ မထင်ပါနဲ့နော်။
ညက ကိစ္စကိုမေ့လိုက်ပါ။
ကျွန်မတို့ ဘယ်တော့မှ တွေ့ဖို့မလိုတော့ပါဘူး...။

သူ မျက်စိတွေ ပြာဝေမတတ် အံ့သြမှုက အလျင်လာသည်။ ထို့နောက် ရှက်ရွံ့မှု...၊ ထို့နောက် ဒေါသ...၊ ထို့နောက်





ဝမ်းနည်းမှု...။

လရောင်ရဲ့ ဖြားယောင်းမှုတဲ့လား... ပြောရက်လိုက်တာ မိုးရယ်။

သူ ရပ်နေရာမှ တစ်ကိုယ်လုံး တုန်ယင်လာသည်။

"အခု သူ ရှိနေသလား ဟင်"

"ရှိပါတယ်"

"ကျွန်တော် ခဏ..."

"ဒီအိမ်ထဲကို ဘယ်သူမှ အဝင်မခံဖို့ မှာထားတယ်"

"ဘယ်သူ မှာမှာ သောက်ဂရု မစိုက်ဘူးဗျာ၊ ခင်ဗျား ဖယ်ပေးရင် ကောင်းမယ်"

ထိုလူက မတုန်လှုပ်သည့်အပြင် တံခါးကို လျင်မြန်စွာ ပိတ်ဖို့ ကြိုးစား၏။ သူ အားရှိသမျှ တွန်းထားလိုက်၏။ သို့သော် တစ်ခဏအတွင်းမှာပင် သူ့အဖြစ်သူ ရှက်ရွံ့စွာ ဝမ်းနည်းမှုကြောင့် သူ ဖြုန်းခနဲ လက်လျှော့မိလျက်သား ဖြစ်သွား၏။

"ကျွန်တော် တောင်းပန်ပါတယ် ဦးလေးရယ်၊ ကျွန်တော် မဝင်တော့ပါဘူး၊ ဒီပန်းစည်းကလေးသာ ပေးလိုက်ပါနော်"

ပန်းစည်း၏ ဖဲကြိုးတွင် ချိတ်ဆွဲထားသော အင်္ဂလိပ်စာတန်းကလေးက သူ့ကို လှောင်ပြောင်နေသည်။

"သူက ဦးမင်းထင်ဆီက ဘာပစ္စည်းမှ မယူခဲ့ဖို့ အမိန့်ပေးထားပါတယ်

"ရှစ်(ထ်)"ဟု သူ တိုးတိုးကလေး ဆဲရေးလိုက်ပြီး နှင်းဆီပန်းစည်းကို မြေပြင်ပေါ်သို့လွှတ်ချပစ်လိုက်သည်။ တစ်ကိုယ်လုံး ပူလောင်စွာ ရှက်ရွံ့သောခံစားမှုဖြင့် နောက်သို့ ချာခနဲ လှည့်ထွက်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ တစ်မနက်ခင်းလုံး ဆောက်တည်ရာမရ တုန်လှုပ်နေ၏။

ညတုန်းက မြင်ခဲ့ရသော မိုး မျက်ဝန်းထဲမှ နူးညံ့သိမ်မွေ့သည့်အချစ် အရိပ်အယောင်များကို သူ ဘယ်လို မေ့ပစ်ရမည်နည်း။ သူ့ကိုယ်ခန္ဓာနှင့် ထိကပ်စွာ ဖက်တွယ်ထားမိသော နွေးထွေးသည့် ကိုယ်လုံးကလေး၏ တွယ်တာမှုကို သူ ဘယ်လို မေ့ပစ်ရမည်နည်း။

သူ တယ်လီဖုန်းနံပါတ်ကို အကြိမ်များစွာ လှည့်သည်။ လှည့်တိုင်းလည်း အဘွားအသံကိုသာ ကြားရသည်။ ထိုအခါ သူ ရှက်ရွံ့စွာ၊ စိတ်ပျက်စွာ ပြန်ချထားလိုက်ရလေသည်။

မိနစ်များစွာ ကုန်လွန်ကာ နာရီများကြာမြင့်သွားသည်။

သူသည် သူ့အရှုံးကို ဘယ်လိုမှ မယုံနိုင်ဘဲ ဖြစ်နေ၏။

မဟုတ်သေးပါဘူး မိုးရယ်၊ မိန်းမနဲ့ ယောကျ်ား၊ တစ်ယောက်ရဲ့ လိုအပ်မှုကို တစ်ယောက် မလွန်ဆန်နိုင်ဘဲ ပေါက်ကွဲသွားတဲ့ အဖြစ်အပျက်မှာ အပြစ်မဲ့တဲ့ လရောင်ကို လွှဲမချချင်စမ်းပါနဲ့။

သူ နောက်တစ်ကြိမ် တယ်လီဖုန်း ဆက်လိုက်ပြန်သည်။

"ဘွားဘွား"

"မောင်မင်းထင်လား"

"ဟုတ်ကဲ့ ဘွားဘွား၊ ကျွန်တော် မိုးနဲ့ တွေ့ချင်ပါတယ်"

"မိုး မရှိဘူး"

သူ နာကျင်စွာ ပြုံးလိုက်၏။

"ဘွားဘွားရယ်... ဘွားဘွား လိမ်ပေးစရာ မလိုဘူး၊ အမှန်အတိုင်းပြောပါ။ သူ ကျွန်တော့်ကို မတွေ့ချင်ဘူး မဟုတ်လား"





"ဘွားဘွား မလိမ်ပါဘူးကွယ်၊ ကိုးနာရီလောက်ကပဲ တွင်းတောင်ကို ပြန်သွားတယ်"

"ခင်ဗျာ..."

သူမ ခွင့်ရက် မစေ့သေးပါ။

"မောင်တိုးမောင် မှန်ရှာကားဂိတ်ကို လိုက်ပို့ပြီး ပြန်လာတာ တောင်ကြာလှပြီ"

သူ နာရီကို ငုံ့ကြည့်လိုက်၏။ ၁၀နာရီခွဲ။

သူ မိုးကို တွေ့ပြီး နှစ်ယောက်ချင်း ရင်ဆိုင် ဖြေရှင်းပစ်ချင်သည်။ သို့သော် သူ့မှာ အချိန်မရပါ။ ယနေ့ ညနေ ရန်ကုန်ပြန်မှ ဖြစ်မည်။ မနက်ဖြန် တနင်္လာနေ့တွင် Argent ကုမ္ပဏီမှထုတ်လုပ်သူ ဒါရိုက်တာတစ်ဦးရောက်မည်။ ရေလုပ်ငန်း ဈေးကွက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များ ဆွေးနွေးပွဲတွင် ရုံးမန်နေဂျာ မရှိ၍ မဖြစ်ပါ။ သူ ခေါင်းငုံ့ကာ လက်နှစ်ဖက်ကို ဆံပင်ကြားထဲ ထိုးသွင်းဖွလိုက်မိ၏။

သူ မိုးကို ယနေ့မှ နှစ်သိမ့် ဖြေရှင်းခွင့်မရလျှင် တစ်သက်လုံးမရနိုင်တော့ပါ။ အနည်းဆုံး အစိပ္ပာယ်ကင်းမဲ့သည့် မိုး၏ ဆုံးဖြတ်ချက်ကို သူ ပြင်ဆင်နိုင်ဖို့တော့ ကြိုးစားသင့်သည်။ မင်းထင်သည် မျက်စိမှိတ်ကာ ဆုံးဖြတ်ချက် တစ်ခုချလိုက်၏။

လမ်းခရီး၏ ဒုက္ခမျိုးစုံကို ကြိတ်မှိတ်ခံစားရင်း ဘုတလင်သို့ ညနေ ၃နာရီခွဲတွင် ရောက်သွားသည်။ သူသည် မိုက်မဲစွာ ဇွန့်စားစွာပင် စက်ဘီးဖြင့် ခုနစ်မိုင်ခရီးကို တွန်းလိုက်၊ နင်းလိုက်၊ သဲလိုက်ဖြင့် အကြိမ်ကြိမ် ကြိုးစားအောင်မြင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



တွင်းစခန်းသို့ ညနေ ၄နာရီခွဲပြီး ၁၅ မိနစ်လောက်တွင် ရောက်သွားသည်။

လက်ဆွဲအိတ် မပါ၊ ခရီးဆောင်အိတ် မပါ၊ ဗလာသက်သက်လက်များဖြင့် တစ်ကိုယ်လုံး ဖုန်များ အလိမ်းလိမ်း ကပ်နေသော မင်းထင်ကို မမေယုခိုင်က တအံ့တသြ ကြိုဆိုသည်။

"မိုးရော"

မမေယုခိုင် အဖြစ်အပျက်ကို နည်းနည်း နားလည်သွားဟန်ဖြင့် မိုးရှိရာ နေရာကို ညွှန်ပြသည်။

အဏုဇီဝဆေးဝါး စီမံကိန်းစခန်း၏ တစ်ခုတည်းသော ဓာတ်ခွဲခန်း သေးသေးကလေးမှာ ရေညှိစိစင်နှင့် တစ်ဆက်တည်း။ ရေညှိစိစင် အဆောက်အအုံ၏ အခန်းငယ်တစ်ခု ဖြစ်သည်။ တံခါးဖွင့်ထားသော တိုက်ခန်းကလေးထဲသို့ သူ ရဲ‌ဝံ့စွာ ဝင်ရောက်သွား၏။

အခန်းထဲတွင် မိုးတစ်ယောက်တည်း ရှိသည်။ ဝင်ပေါက်ကို ကျောပေးလျက် ပြတင်းဘက် မျက်နှာမူကာ စားပွဲတွင် ထိုင်နေ၏။ သူမသည် အလုပ် လုပ်နေခြင်းဖြစ်ပါသည်။ စားပွဲပေါ် တင်ထားသော အဏုကြည့် မှန်ပြောင်းကို စိတ်ဝင်စားစွာ ငုံ့ကြည့်နေ၏။ သူမ အနီးတွင် မှန်ချပ် သေးသေးကလေး သုံးချပ် ရှိနေသည်။ အစိမ်းရောင် ရေအနည်းငယ် ထည့်ထားသော ဗီကာ ဖန်ခွက်ကလေးတစ်ခု ရှိနေသည်။ ခပ်လှမ်းလှမ်း မှန်လှောင်ကန်မှ ဆာလ်ဖာနံ့ မွှန်ထူလျက် ရှိသည်။

သူသည် စိတ်လှုပ်ရှားမှုများကို ဖွတ် ကြိတ်မှိတ်မျိုချနေရင်းမှ အာခေါင်တွေ ခြောက်သွေ့လာ၏။ လက်ဖျားတွေ အေးစက်စိုထိုင်းလာသည်။ စာမေးပွဲ အောင်စာရင်း လာကြည့်သည့် ကျောင်းသား





တစ်ဦး၏ ရင်ခုန်မှုမျိုးဖြင့် သူ ခြေလှမ်း တစ်လှမ်း လှမ်းလိုက်၏။ ထို့နောက် တိုးတိတ်စွာ အသံပြုလိုက်သည်။

"မိုး..."

သူမ၏ ကိုယ်ခန္ဓာကလေး ဆတ်ခနဲ တုန်သွားသည်။

ဖြုန်းခနဲ နောက်ပြန် လှည့်ကြည့်၍ သူ့ကို မြင်သောအခါ သူမ မတ်တတ် ရပ်လိုက်လေသည်။ အခြေအနေ လုံးဝမကောင်းပါ။ သူမ မျက်နှာတွင် ရှက်ရွံ့မှုက ခဏကလေးသာ ပေါ်လာလိုက်၏။

"ရှင် ကျွန်မကို ဘာဒုက္ခပေးဦးမလို့လဲ ဟင်"

အံကြိတ်၍ တိုးတိုးကလေး စွပ်စွဲလိုက်သော သူမ၏ မျက်ဝန်းများ စိမ်းကား မာကျောလျက်ရှိသည်။ သူ့ရင်ထဲမှာ ဆို့နစ်သွား၏။

"ကျွန်တော် ဘာမှ ဒုက္ခ မပေးပါဘူး မိုး၊ မိုးဆီက စကားတစ်ခွန်းပဲ ကြားချင်တာပါ"

သူမ နှုတ်ခမ်းများ တင်းတင်းစေ့သွားကာ အနည်းငယ် ယိုင်နေသော ကိုယ်ကို မတ်လိုက်လေသည်။

"ညက အဖြစ်ကို မိုး တကယ် မေ့လိုက်ပြီးလား ဟင်"

သူမ နှုတ်ခမ်းတွင် မထီတရီ အပြုံးကလေး ရောက်လာ၏။

"အို... ဖြစ်မှ ဖြစ်ရလေ၊ ဒီမေးခွန်းကလေးအတွက်များ ဒီလောက် ဒုက္ခခံရတယ်လို့...၊ ဟုတ်ကဲ့၊ ကျွန်မ ခေါင်းထဲမှာ ဘာမှ မရှိတော့ဘူး"

သူ မယုံပါ။ သို့သော် မိုး၏ မျက်နှာထားကို ကြည့်ရခြင်းဖြင့် သူ့အတွက် ပွဲပြီးသွားပြီ ဖြစ်ကြောင်း သူ သိလိုက်၏။ ယခုမှတော့ သူ နောက်မဆုတ်နိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"မိုး… အချစ်ဆိုတာ ရှက်စရာ မဟုတ်ဘူး၊ ယောက်ျားတိုင်း မိန်းမတိုင်း ကြုံတွေ့ရတဲ့ ပြဿနာပါ"

"ဒါ အချစ်လို့ ဘယ်သူက ပြောလဲ၊ ဒါ ယောက်ျားတစ်ယောက်ရဲ့ သွေးဆောင်မှုနဲ့ မိန်းမတစ်ယောက်ရဲ့ တစ်ခဏ ရူးသွပ်တပ်မက်မှုပဲ"

"မဟုတ်ဘူး"

သူ စိတ်လွတ်ကာ အနည်းငယ် အသံကျယ်သွား၏။ သူမက မျက်တောင်စင်းမေး၍ သရော်တော်တော် ကြည့်သည်။

"နေစမ်းပါဦး၊ ကာယကံရှင်ထက်များ ရှင်က ပိုသိနိုင်မှာလား"

"ကာယကံရှင်က လိမ်နေတာပဲ"

သူ့စကား အကြီးအကျယ် မှားယွင်းသွားသည်။ သို့သော် သူ နောင်တ မရပါ။

"ရှင် ထွက်သွားဖို့ ကောင်းပြီ၊ ကျွန်မရဲ့ လုပ်ငန်းကိုလဲ အနှောင့်အယှက် ပေးတယ်၊ ကျွန်မရဲ့ ဂုဏ်သိက္ခာကိုလဲ အနှောင့်အယှက်ပေးတယ်"

တုန်လှုပ်မှု ကင်းမဲ့သော အေးတိအေးစက် အသံကြောင့် သူ နည်းနည်း ယိုင်သွား၏။ သို့သော် အံကြိတ်ကာ မိုးကို စူးစိုက်ကြည့်လိုက်သည်။

"မိုး… တပ်မက်မှုကြောင့် အချစ် ဖြစ်မလာနိုင်ဘူး၊ ဒါပေမယ့် အချစ်ဖြစ်ပေါ်ပြီးတဲ့နောက်မှာ တပ်မက်မှုက တွဲပါလာတတ်တယ်၊ ဒီကိစ္စဟာ ညာစရာလဲ မလိုဘူး၊ ရှက်စရာလဲ မလိုဘူး၊ ဖုံးကွယ်ထားစရာလဲ မလိုဘူး။ မိုးရယ် ကျေးဇူးပြုပြီး…"





"အဓိပ္ပာယ်မရှိတာတွေ မပြောနဲ့" သူမ အသံက ကျယ်လောင်လာသည်။

သူ မခံချင်စိတ်ဖြင့် သူမထံ သူ ခြေတစ်လှမ်းတိုးသွား၏။

"ရှင် အခုချက်ချင်း ထွက်သွား၊ ကျွန်မ ရှင့်မျက်နှာကို မမြင်ချင်ဘူး"

သူမ အသံများ တုန်ယင်လာသည်ကို သူ မအံ့ဩပါ။ နောက်တစ်လှမ်း ထပ်လှမ်းလိုက်စဉ် မိုးက အနားရှိ ဗီကာ ဖန်ခွက်ဖြင့် အားကုန် လွှဲပေါက်လိုက်လေသည်။ သူ့ မျက်စိထဲမှာ မီးတောက်သွား၏။ နဖူးဆီမှ နာကျင်မှုနှင့်အတူ ခွမ်းခနဲ ကွဲဖြတ်သံ။ သူ့ မျက်နှာပေါ်သို့ ခါးသက်သော အရည်များ စို့ရွှဲသွားသည့် ခံစားချက်။ ထို့နောက် နဖူးပေါ်မှ စီးကျလာသော စေးပျစ်သည့် သွေးရည်များဖြင့် ညာဘက်မျက်စိကို ဖုံးလွှမ်းလုမတတ် ဝါးသွား၏။

သူ ထိန်းချုပ်ထားလျက်က ဒေါသ ထောင်းခနဲ ထသွားသည်။

"ကျွန်တော် ခင်ဗျားကို သိပ်ချစ်ပါတယ် မိုး၊ ယောက်ျားတစ်ယောက်ကို ချစ်ရကောင်းမှန်း မသိတဲ့မိန်းမတစ်ယောက်ရဲ့ အပြစ်ကင်းစင်မှုကို ကျွန်တော် သဘောကျပါတယ်၊ အချစ်ကို နားမလည် စိတ်မဝင်စားတဲ့မိန်းမတစ်ယောက်ကို ကျွန်တော် အနစ်နာခံစိတ်နဲ့ တစ်သက်လုံး ချစ်မြတ်နိုး သွားနိုင်ပါတယ်။ ဒါပေမယ့်…"

မိုးသည် ယခုအခါ နှုတ်ခမ်းကို လက်ဝါးဖြင့် အုပ်ကာ တစ်ဘက်သို့ မျက်နှာလွှဲလျက်ရှိသည်။

"ဒါပေမယ့် ကိုယ့်ကိုယ်ကို လိမ်ညာဖုံးကွယ်ပြီး ဟန်ဆောင်ထားတဲ့ မိန်းမမျိုးကိုတော့ ကျွန်တော် သဘောမကျဘူး။ ယောက်ျားတစ်ယောက်ကို ချစ်မိတာ ရှက်စရာလို့ သဘောထားနေတဲ့ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဟာ ကျွန်တော့်အချစ်နဲ့ မထိုက်တန်ဘူး။ ခင်ဗျားဟာ ယောကျ်ားတွေကို အနိုင်ယူချင်တယ်၊ ကိုယ့်ကိုယ်ကို နာကျင်အောင် လုပ်ပြီးတော့ အနိုင်ယူမှ ရမယ်ဆိုရင်တောင် ခင်ဗျားက အနာခံပြီး နိုင်ချင်တယ်။ အဲဒီတော့ ခင်ဗျား နိုင်လိုက်တယ်လို့ပဲ သဘောထားပြီး ပျော်ပျော်ရွှင်ရွှင် နေပါ"

သူ ချစ်မြတ်နိုးလှစွာသော မိန်းမကို နောက်ဆုံးအကြိမ်အဖြစ် စိန်းစိန်း ကြည့်သည်။

"မင်းထင်ကျော်က ကတိတစ်လုံးကို ဘယ်တော့မှ မဖျက်ဘူး မိုး၊ ကျွန်တော် ခင်ဗျားနဲ့ လုံးဝ မတွေ့တော့ဘူး။ အဲဒါ ကတိ ကျွန်တော် ပြန်မယ်"

သူမ မလှုပ်မယှက် မတ်မတ်ရပ်လျက် ရှိရာမှ တစ်ဘက်သို့ ချာခနဲ လှည့်ပစ်လိုက်လေသည်။ သူ နာကြည်းစွာ တစ်ချက်ပြုံးပြီး နောက် ခေါင်းတစ်ချက်ဆတ်ကာ လှည့်ထွက်လာခဲ့သည်။

အမှောင်သည် တဖြည်းဖြည်း သူ့ကို ဂါးမျိုပစ်လိုက်သည်။ သူ့ခြေလှမ်းများမှာ နှေးကွေးလေးလံလျက်ရှိသည်။

ရန်ကုန်သို့ တနင်္လာနေ့ည ရှစ်နာရီကျမှ ရောက်သွားသည်။

အားလုံး နောက်ကျသွားပြီ။

မေမေက သူ့ကို အပြေးအလွှား ကြိုဆို နှုတ်ဆက်သော်လည်း ဖေဖေက ဧည့်ခန်းမှာ တိုင်း(မ်)မဂ္ဂဇင်းကို သဲကြီးမဲကြီး ဖတ်လျက် ငြိမ်သက် တိတ်ဆိတ်နေသည်။ စိုးရိမ် စိတ်ပူသော မေမေ့





မေးခွန်းများကို လုံးဝ မဖြေနိုင်သေးဘဲ တစ်ကိုယ်လုံး ရေစိမ် ချိုးပစ်လိုက်၏။

ဖေဖေ၏ ဒေါသကို သူ ခန့်မှန်း၍ ရပါသည်။ သို့သော် ဤကိစ္စမှာ သူ ဘာမျှ မတတ်နိုင်တော့သော ကိစ္စဖြစ်သည်။ အပြစ်တင်လျှင်လည်း ခံရုံသာဖြစ်သည်။

အသည်းကွဲလာသော လူတစ်ယောက်၏ မျက်နှာမျိုးမဖြစ်စေရဘဲ ကြနွေ့ရရ မျက်နှာထားဖြင့် ဖေဖေ့ဘေးမှာ ဝင်ထိုင်လိုက်သည်။ ဖေဖေက မော့ကြည့်ပြီးနောက် သူနှင့် မဆိုင်သလိုပင် စာကို ငုံ့ဖတ်နေလေသည်။ မိနစ်ပေါင်းများစွာ ငြိမ်သက်စွာ ထိုင်နေပြီး နောက် သူ မနေတတ် မထိုင်တတ် ဖြစ်လာသည်။ သူသည် အထက်အရာရှိ၏ အပြစ်တင်မှုကို ခံထိုက်သော လူတစ်ယောက်ဖြစ်၏။ သို့သော် ဖေဖေက အပြစ်လည်းမဆို၊ လုံးဝလည်း ဂရုမစိုက်ပါ။ နောက်ဆုံး သူ သည်းညည်းခံနိုင်စိတ်တွေ လွင့်စဉ်သွား၏။

"ဖေဖေ ကျွန်တော့်ကို တစ်ခုခု ပြောပါ"

ဖေဖေက မော့ကြည့်သည်။ ဖေဖေ့မျက်လုံးမှ ဒေါသ အရိပ်အငွေ့သည် မီးရောင်အောက်တွင် တောက်ပနေ၏။

"ဘာစကား ကြားချင်လို့လဲ၊ ဒီနေ့ တစ်နေ့လုံး မင်းမရှိလို့ ငါတို့အားလုံး ဒုက္ခရောက်ရတယ်ဆိုတာမျိုး ကြားချင်သလား။ ဒါဆိုရင်တော့ မမျှော်လင့်နဲ့။ မင်း မရှိရင်လဲ ဖြစ်တယ်၊ စုဒါလီက အားလုံး အဆင်ပြေအောင် လုပ်ပေးသွားတယ်"

သူ နာကျင်စွာ တိတ်ဆိတ်သွား၏။

ဟုတ်တယ်၊ ကျွန်တော်ဟာ ဘယ်သူ့အတွက်မှ မလိုအပ်ဘူး၊ ဒီကမ္ဘာလောကမှာ ကျွန်တော် မရှိရင်လဲ ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောချင်တာကတော့ မင်းကို ငါ့မျက်နှာနဲ့ အလုပ်ပေးထားတာ၊ မင်းကို အလုပ်ခန့်ဖို့ ငါ တိုက်တွန်းထားတာ၊ ဒီတော့ အခုလိုအရှက်တကွဲ ဂုဏ်သိက္ခာကျအောင် လုပ်ပြီးတဲ့နောက် မင်းကို ငါ့တိုက်တွန်းချက်နဲ့ပဲ အလုပ် ဖြုတ်မယ်၊ မင်း မနက်ဖြန် ရုံးလာစရာမလိုဘူး"

ထို့နောက် ပြောစရာစကား ကုန်သွားသလိုပင် စာအုပ်ကိုပြန်ကောက်ကိုင်လိုက်လေသည်။

သူ ခေါင်းအုံးကို မျက်နှာအပ်လျက် တိတ်ဆိတ်စွာနာကြည်းနေ၏။ အညှာတာ မရှိသော မိန်းမ၏ နှုတ်ခမ်းပါးများမှမထိတထိ အပြုံးကို သူ ဖွတ်မှိတ်၍ ဖျောက်ဖျက်ပစ်နေရသည်။ သို့သော် ဘယ်လိုမှ မရပါ။ 'လရောင်ရဲ့ ဖြားယောင်းမှု...၊ ယောက်ျားတစ်ယောက်ရဲ့ သွေးဆောင်မှု...' သူသည် မိုး၏စကားလုံးများကိုနာကြည်းစွာ ပြန်ကြားယောင်နေရသည်။

ဒီလောက် သောက်အဓိပ္ပာယ် မရှိတဲ့ စကားတွေ ခင်ဗျားမိုးပြောတတ်တယ်။

သူမ၏ လက်ဆောင် ချာလီ ရေမွှေးပုလင်းကို လက်ဖြင့်တိုက်ခတ်မိသောအခါ ဒေါသတကြီး ဆွဲယူလျက် အုတ်နံရံဆီသို့အရှိန်ပြင်းစွာ ပစ်ပေါက်ခွဲပစ်လိုက်သည်။ တစ်ခန်းလုံးရေမွှေးနံ့များထောင်းခနဲ နံ့လျက် ဖန်ကွဲစတွေ တစ်စစီ လွင့်စဉ်သွားသောအခါသူ ခေါင်းအုံးပေါ် မျက်နှာ မှောက်ချလိုက်ပြန်သည်။

ခင်ဗျားကို ကျွန်တော် ဘယ်လို မေ့လို့ ရပါ့မလဲ မိုးရယ်

"သား"

သူ့ခုတင် ဘေးသို့မေမေ ရောက်လာသည်။





"ထမင်း စားလိုက်ဦးလေ"

"မစားတော့ဘူး မေမေ၊ စားခဲ့ပြီ"

သူ ခေါင်းအုံးမှ မျက်နှာ မခွာပါ။ မေမေ သူ့စကားကိုယုံမှာ မဟုတ်တာ သူ သိသည်။ သူ ရထားပေါ်တွင် ထမင်းမစားတတ်တာ မေမေ သိထားပါသည်။

"မင်းအဖေ အကြောင်းလဲ မင်း သိလျက်သားနဲ့၊ သူ့ဒေါသက ခဏလေးပါ သား"

ဘုရားရေ။ သူ ဖေဖေ့ဒေါသအကြောင်း တွေးနေခြင်းမဟုတ်မှန်း မေမေ့ကို ဘယ်လို ပြောပြနိုင်ပါ့မလဲ။

"သား အဖေကို သား စိတ်မဆိုးသင့်ဘူး"

"မဟုတ်ဘူး၊ ကျွန်တော် ဖေဖေ့ကို စိတ်ဆိုးစရာအကြောင်းလဲ မရှိပါဘူး"

မေမေ ငြိမ်သက်စွာ ရပ်နေ၏၊

"ကျွန်တော် မနက်ကျ ဖေဖေ့ကို တောင်းပန်မှာပါ"

"သား နဖူးက ဘာဖြစ်တာလဲ"

သူ ပလက်စတာ အုပ်ထားသော ပတ်တီးစကို အမှတ်တမဲ့သွားစမ်းလိုက်သည်။

"ချော်လဲတာ မေမေ၊ မဖြစ်လောက်ပါဘူး"

သုံးချက်ပဲ ချုပ်ရတာပါ။

"မေမေ ဆေးထည့်ပေးမယ်"

"ဟာ... မလိုဘူး မေမေ"

ခေါင်းအုံးမှာ မျက်နှာမှောက်ထားသော သားကို မေမေကအကဲခတ် နားလည်သွားပုံ ရသည်။ သက်ပြင်းတစ်ချက်ချ၍ ညင်သာစွာ ပြန်ထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၈

ဦးထင်ကျော်သည် သူ၏ တစ်ဦးတည်းသော သား မင်းထင်ကျော်ကို အလုပ်မဖြုတ်ပါ။

မင်းထင်သည် သူ၏ ပြစ်မှုများနှင့် ထိုက်တန်စွာပင် အလုပ်ကို အဆမတန်လုပ်၏။ မိန်းမတစ်ယောက်အပေါ် နာကြည်းမှုများကို မေ့ပျောက်ထားနိုင်ရန်အတွက် အလုပ်သည် အကောင်းဆုံး ဆေးဝါးတစ်ခုဖြစ်သည်။

ဖေဖော်ဝါရီ လကုန်ရက်၏ နံနက်များ၊ ညများသည် မင်းထင်အတွက် ခြောက်သွေ့တိတ်ဆိတ်စွာ ကုန်ဆုံးသွားသည်။ သွားနေကျ လကုန် ရုံးပိတ်ရက်တွင် မင်းထင် မန္တလေးမသွားဘဲ နေခြင်းအတွက် ဖေဖေ အနည်းငယ် အံ့သြဟန် ရှိသော်လည်း ဘာမျှ မမေးမြန်းပါ။

မတ်လသည် သူတို့ ကုမ္ပဏီအတွက်လည်း တစ်နှစ်စာ ဘတ်ဂျက်ပိတ်သောလဖြစ်သည်။ သူသည် လချုပ်စာရင်းများကို



www.burmeseclassic.com

www.burmeseclassic.com



စုဒါလီ၏ အကူအညီဖြင့် စစ်ဆေးဖြည့်စွက်ရင်း ကျန်ရှိသော စာရင်းများကို အိမ်သို့ သယ်၍ တွက်ချက်ရသည်။

တစ်ညနေ သားအဖ နှစ်ယောက်အိမ်သို့ ပြန်ရောက်သွားသောအခါ မမျှော်လင့်သော ဖြစ်ရပ်ကြောင့် သူ တအံ့တဩ ဖြစ်သွားသည်။

အိမ်မှာ ဧည့်သည်တစ်ယောက် ရောက်နေသည်။ မေမေနှင့် ထိုင်စကားပြောနေသည်။

ထိုဧည့်သည်မှာ မခင်မိုးမြင့် ဖြစ်သည်။

သူ ဖြုန်းခနဲ ရင်ခုန်လှုပ်ရှားသွား၏။ ပုံနိုင်စရာ မဟုတ်သော်လည်း ဤသည်မှာ တကယ့်အဖြစ်အပျက် ဖြစ်သည်။ သူမသည် အပေါက်ဝကို ဘေးတိုက် အနေအထားဖြင့် ထိုင်နေသော်လည်း သူတို့ ဝင်လာတာကို မြင်လိုက်ကြောင်း သူ သိသည်။ သူမကို တွေ့လိုက်ရသောကြောင့် အံ့သြ ဝမ်းသာမှုမှာ သူ မျှော်လင့်ထားသော ခံစားမှု မဟုတ်။

"အစ်ကို… ဧည့်သည် စောင့်နေတာ ကြာလှပြီ"

"နေကောင်းလားဟေ့ ခင်မိုးမြင့်"

သူမ သည်ဘက် လှည့်ကြည့်သည်။ သူမ မျက်လုံးများ သူ့ထံ ရောက်မလာဘဲ ဖေဖေ့ထံမှာသာ ရှိ၏။

"ဟုတ်ကဲ့ ဆရာ"

မင်းထင်၊ ဒါ ဝမ်းသာစရာ မဟုတ်ဘူးနော်။ ဒီမိန်းမ သူ့အလုပ်ကိစ္စတစ်ခုခု ရှိလို့ ရောက်လာတာ။ သူ့ကိုယ်သူ ထိန်းသိမ်းကာ ဖိုင်တွဲများ ပိုက်လျက်က သူ့အခန်းဆီသို့ လျှောက်သွားလိုက်သည်။

"ရန်ကုန်ကို ဘာလာလုပ်တာလဲကွ"





"လချုပ် လာတင်တာပါ ဆရာ၊ အဲဒါ ဆရာ့အတွက် မန္တလေး ထိုးမုန့်တွေနဲ့ လာကန်တော့တာပါ"

သူသည် အခန်းတံခါးကို အသံကျယ်ကျယ် ဆောင့်မပိတ်မိ အောင် မနည်း ထိန်းချုပ်ထားရ၏။ ဖိုင်တွဲများ၊ လယ်ဂျာစာအုပ်များကို စားပွဲပေါ် ပစ်ချလိုက်သည်။ ထို့နောက် ခုတင်ပေါ် ပစ်ထိုင်ချလိုက်၏။ လက်ဖဝါး နှစ်ဖက်ဖြန့်ကာ ခေါင်းငိုက်စိုက်ချထားသော မျက်နှာကိုအုပ်လျက် တဒိတ်ဒိတ် မြန်ဆန်စွာ ခုန်နေသော ရင်ခုန်နှုန်း ကို တည်ငြိမ်အောင် ကြိုးစားအားယူလိုက်ရသည်။

ဤမိန်းမကို မြင်လိုက်ရသောကြောင့် သူ့တွင် ဖြစ်ပေါ်လာသော ခံစားမှုများမှာ ထူးဆန်းလွန်းသောကြောင့် အမျိုးအစား မခွဲခြားနိုင်အောင်ရှိသည်။ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ တုန်လှုပ်ခြင်း၊ အံ့သြခြင်း၊ နာကြည်းခြင်း၊ ကြေကွဲခြင်း… အဆိုးဝါးဆုံး ခံစားချက်မှာ ရှုံးနိမ့်အောက်ကျခြင်းဖြစ်သည်။

ဧည့်ခန်းဆီမှ ရယ်မောသံများသည် သူ့အခန်းထဲအထိ ဖောက်ထွင်း ဝင်ရောက်လာ၏။ သူ အံတင်းတင်း ကြိတ်ထားလိုက်သည်။

"အခုတော့ မထွက်သေးပါဘူး ဆရာ၊ အယ်တွေကို ရှေ့ကဦးဆောင်ဖို့ လိုနေသေးတယ်၊ တဖြည်းဖြည်း သူတို့ ကျွမ်းကျင်သွား မှာပါ၊ စခန်းမှာ ကျွန်မကို မလိုအပ်တော့ဘူး ဆိုမှ …"

တစ်ချက်တစ်ချက် သူ့နားထဲသို့ ဝင်လာသော မခင်မိုးမြင့်၏အသံမှာ ပညာမာနများ လွှမ်းမိုးနေ၏။ ဒီမိန်းမ ငါနဲ့ မရတာပဲ ကောင်းတယ်၊ ဒါလောက် ကြီးကျယ်တဲ့ မိန်းမ ငါနဲ့လည်း ရေရှည် မဖြစ်ပါဘူး။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သူ စပျစ်သီး အရသာကို ချဉ်သည်ဟု ဖွတ် ကြိတ်မှိတ် ဆုံးဖြတ်ရန် ကြိုးစားနေရသည်။

Essential Moe... ဟူသော ရည်ညွှန်းချက်များ ပုံနှိပ် ထားသည့် ကတ်ပြား ကလေးများ စားပွဲအောက်ခြေတွင် ဖရိုဖရဲ ပြန့်ကြဲလျက်ရှိသည်။ သူ မခံချိ မခံသာ မျက်စိလွှဲပစ်လိုက်၏။

ဘယ်လောက် မျက်နှာပြောင်တဲ့ မိန်းမလဲ၊ ဒီအိမ်မှာ ငါရှိ နေမယ်ဆိုတာ သူ သိလျက်နဲ့။ သို့သော် သူ မသိလိုက်ခင်မှာပင် မျှော်လင့်ချက်ကလေး တစ်ခု မှိုင်မှိုင်ကလေး ဝင်ရောက်လာ၏။ မိုး ဟာ ဖေဖေ့ဆီကို လာတာလား၊ ငါ့ဆီ လာတာလား။

သို့သော် စောစောက သူမ၏ တည်ငြိမ်သော မျက်နှာ ထား ကိုသတိရမိပြန်တော့ သူ ရှက်သွား၏။ သူ စားပွဲတွင် ဝင်ထိုင် ကာ ဖိုင်တွဲကို ဖွင့်လိုက်သည်။

"မင်းထင်၊ ခင်မိုးမြင့်ကို လိုက်ပို့ပေးလိုက်ပါဦး"

သူ စုတ်တစ်ချက် သပ်လိုက်၏။ ဖေဖေကတော့ လုပ်ပြီ သားရဲ့ အခြေအနေကိုများ နည်းနည်းပါးပါး အကဲခတ်ပါဦးလား

"နေပါစေ ဆရာ၊ ကျွန်မ လေးဆယ့်ငါး စီးသွားရင် အဆင် ပြေပါတယ်။ ဒုက္ခ မရှာပါနဲ့"

အဲဒီ ဒုက္ခက ဖေဖေ့ဒုက္ခ မဟုတ်ဘူးဗျ၊ ကျုပ် ဒုက္ခ။

"ဘယ်ဟုတ်မလဲ၊ ဝေးက ဝေးနဲ့၊ သူလဲ အားနေပါတယ် မင်းထင်..."

"ခင်ဗျာ..."

သူ ကမန်းကတန်း ထိုင်ရာမှ ထရပ်လိုက်စဉ် ပူနွေးသော မျက်နှာဖြင့် ရင်ခုန် လှုပ်ရှားသွားတာ ဘာအတွက်ပါလိမ့်။ သူ မှန်ကို တစ်ချက် ကြည့်လိုက်၏။ ရှက်ရွံ့နေသော လူငယ်ကလေးတစ်





ယောက်၏ နာကျင်သော မျက်နှာ။ သူ မျက်နှာထားကို ဣန္ဒြေရရ တင်းထားကြည့်လိုက်သည်။ ခေါင်းဖြီးဖို့ ပြင်ပြီးမှ မဖြီးတော့ဘဲ လက်ဖြင့် ဖွသပ်ကာ နောက်ပြန် သိမ်းလိုက်၏။

ခပ်တည်တည် မျက်နှာထားဖြင့် သူ ဧည့်ခန်းဆီသို့ အောင်မြင်စွာ ရောက်သွားသည်။

"သား ခင်မိုးမြင့်ကို အိမ်အထိ လိုက်ပို့ပေးလိုက်"

ဖေဖေ့ မျက်လုံးများတွင် ရယ်မြူးရိပ်ကလေး သန်းနေသော် လည်း မျက်နှာထားက ခပ်တည်တည်။

"ဟုတ်ကဲ့၊ ရပါတယ် ဖေဖေ"

မခင်မိုးမြင့်က ဖေဖေ့ရှေ့တွင် မတ်တတ်ရပ်လျက် ရှိသည်။ လည်ပင်းကြယ်သီး၊ လက်ကြယ်သီး အပြည့်တပ်ထားသည့် အပြာနု ရောင် ရှပ်လက်ရှည်ဖြင့် သူမ တည်ငြိမ်နေသည်။ သူ နံရံမှ ကား သော့ကို ဖြုတ်ယူလိုက်ပြီး သူမကို စေ့စေ့ မကြည့်ဘဲ ခေါင်းတစ်ချက် ဆတ်ပြလိုက်သည်။ ထို့နောက် သူမကို မစောင့်ဘဲ လှေကားမှ ခပ်သွက်သွက် ပြေးဆင်းခဲ့၏။

ဖေဖေက သူ့တပည့်ကို အောက်အထိ ဆင်းလိုက်ပြီး ကား တံခါးလိုက်ဖွင့်ပေးသောကြောင့် သူ နည်းနည်း မကျေမနပ်ဖြစ်သွား သည်။ သို့သော် မကျေနပ်သော မျက်နှာထား မဖြစ်အောင် ထိန်းချုပ် ကာ သော့ကို လှည့်ဖွင့်လိုက်၏။ သူ့လက်များ လုံးဝ မတုန်ယင်တာ ကို သူမ သတိထားမိပါစေဟု ဆုတောင်းသည်။

"ဘယ်အထိ လိုက်ပို့ပေးရမလဲ ခင်ဗျ"

"အရင်အိမ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ရှေ့တွင် ပြောချလိုက်သော ခပ်တည်တည် သူမ စကားကြောင့် သူ့မျက်နှာ ပူနွေးသွား၏။ ခင်ဗျား ကျွန်တော့်ကို ဖေဖေ့ရှေ့မှာ ကောင်းကောင်း ချွတ်လိုက်တာပဲ။

ကားကလေးသည် စိတ်ဆိုးမာန်ဆိုး ဆောင့်ထွက်သွား၏။

အရင်အိမ် နေရာကို သူ သတိရနေလိမ့်မည်ဟု ဘယ်လို စိတ်ကူးမျိုးဖြင့် စွပ်စွဲလိုက်ပါသနည်း။

သို့သော် လှည်းတန်း မှတ်တိုင်အနီးက သူမ တစ်ခါ ဆင်းသွားဖူးသော နေရာကို သူ တကယ် သတိရနေပါသည်။ ကားကလေးသည် တာမွေလမ်းအတိုင်း တရိပ်ရိပ်ပြေးနေသည်။ ကားထဲတွင် သူ ကောင်းကောင်း လွမ်းမက်ဖူးသော မွှေးရနံ့တစ်ခု ပျံ့လွင့်လျက် ရှိလေသည်။ သူ မျက်မှောင် နည်းနည်း ကြုတ်လိုက်ပြီး ရှေ့တည့်တည့်သို့သာ စူးစိုက်ကြည့်နေသည်။ သို့သော် သူ့ဘေးမှာ နီးကပ်စွာ ထိုင်နေသည့် ကိုယ်ခန္ဓာလေး အလွန်ငြိမ်သက်နေကြောင်း သူ သတိပြုမိပါသည်။ တာမွေအဝိုင်းကို ချိုးကွေ့ပြီး ရွှေဂုံတိုင်လမ်းမပေါ် ရောက်လာသည့်အခါ ကားလက်ကိုင်ဘီးကို သူ ခပ်လျော့လျော့သာ ထိန်းကိုင်ထားလိုက်သည်။

သူမ စကားတစ်ခွန်းမျှ မပြောပါ။ သူကလည်း စကားတစ်ခွန်းမှ မပြောပါ။

သူတို့ ရုံးရှေ့သို့ ကားဖြတ်လာမိသောအခါ မိုးသည်းသည်းတွင် ပလက်ဖောင်းအတိုင်း ကြခြေရှုံ့ လျှောက်သွားနေသည့် ကြီးကျယ်သော၊ ချစ်မြတ်နိုးဖွယ် ကောင်းသော၊ နည်းနည်းလည်း အမြင်ကတ်ဖွယ် ကောင်းသော သူမကို မြင်ယောင်လာမိသည်။ ထိုစဉ်တုန်းကတည်းက သူမ သူ့ရင်ထဲသို့ စတင် ဝင်ရောက်ခဲ့ပါသည်။ သူ့ရင်





မှာ နူးညံ့စွာ နာကျင်လာ၏။ တကယ်တော့ ကျွန်တော် ခင်ဗျားကို တစ်နေ့မှ မေ့လို့မရပါဘူး မိုးရယ်။

သို့သော် သူ လုံးဝ အညံ့မခံနိုင်တော့ပါ။

အချစ်ကို ရုက်စရာဟု ထင်သော၊ အတ္တကြီးသော၊ အနိုင်ယူလိုစိတ် ပြင်းပြသော မိန်းမတစ်ယောက်ကို သူ လုံးဝ ဒူးမထောက်နိုင်ပါ။

သူ နှုတ်ခမ်း တင်းတင်းစေ့၍ ရွှေဂုံတိုင် မီးပွိုင့်ကို မီးစိမ်းအမီ မောင်းဖို့ကြိုးစားသည်။

"မီး ဝါနေပြီ" သူမ၏ သတိပေးသံက ထိတ်လန့်တကြားနိုင်လှ၏။

သူ တိုးတိုးကလေး ဆဲရေးကာ ကျွီခနဲနေအောင် ဘရိတ် အုပ်ပစ်လိုက်ရ၏။ ထို့နောက် နောက်ကြည့်မှန်ကို လှမ်းကြည့်ရင်း ဖြည်းဖြည်းချင်း နောက်ဆုတ် ရပ်နေလိုက်သည်။ လက်ကိုင်ဘီးကို ကိုင်ထားသော သူ့လက်များ ချွေးပြန်နေ၏။ မီးနီတွင် ရပ်နေစဉ် တစ်ချိန်လုံး သူ့ရှေ့မှာ ဖြတ်သွားနေကြသော ကားများကိုသာ ငေးစိုက် ကြည့်လျက် သူမဘက်သို့ လုံးဝလှည့်မကြည့်မိအောင် သတိ ထား ထိန်းချုပ်ထား၏။ မှန်ထဲမှ တစ်ဆင့်တောင် သူ သူမကို မကြည့် ပါ။ သို့သော် လှုပ်ရှားမှုဖြင့် သူမ နောက်မှီသို့ မှီချလိုက်ကြောင်း သူ သိသည်။ မျက်စိ ဘေးမြင်ကွင်းဖြင့်လည်း ကိုယ်ခန္ဓာ လှုပ်ရှားမှုကို သူ ရိပ်ခနဲ မြင်ရပါသည်။

သူသည် ကားကိုသာ ဂရုတစိုက် သဲကြီးမဲကြီး မောင်းရင်း ခေါင်းထဲမှာ ဘာအတွေးမှ မရှိအောင် ဇွတ် ဖယ်ထုတ်ပစ်လို[illegible]သည်။ သို့သော် နွေးထွေး ပျောင်းနွဲ့သည့် သူမ၏ကိုယ်ခန္ဓာသည် သူ့ရင်ခွင်



www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ တစ်ခါ ခိုဝင်ဖူးကြောင်း သူ ဘယ်လို မေ့ပျောက်၍ ရနိုင်ပါမည်နည်း။

သူ လင့်(က်)လမ်းမှ ဘောင်ဒရီလမ်းသို့ အရှိန်ဖြင့် ချိုးကွေ့ချလိုက်သောအခါ သူမ၏ ကိုယ်လုံးကလေးက အမှတ်တမဲ့ ယိုင်ခနဲ နိုးကပ်လာ၏။ သူမ စုတ်တစ်ချက် သပ်လိုက်တာ ကြားရသည်။ သူ မျက်ခုံးပင့်ကာ တောင်းပန်လိုက်သည်။

"ဆောရီး"

သူမ ဘာမှ ပြန်မပြောပါ။

သူ တမင် လုပ်ခြင်း မဟုတ်ကြောင်း သူမ သိမှ သိပ့ါမလား။

ထိန်းချုပ်ထားသော စိတ်ကို ဖြေလျော့ကာ ဖျတ်ခနဲ သူမဘက်လှည့်ကြည့်လိုက်သည်။ မခင်မိုးမြင့်သည် ရှေ့တည့်တည့်သို့ ငြိမ်သက်စွာ ငေးနေ၏။ သူမ၏ မျက်လုံးများမှာ တင်းမာရိပ်လည်း လုံးဝ မရှိ၊ နူးညံ့သိမ်မွေ့မှုလည်း လုံးဝမရှိ။ အဓိပ္ပာယ် ကင်းမဲ့သော ငေးစိုက် တွေဝေသော မျက်လုံးများဖြစ်သည်...။ သူ ပင့်သက် တစ်ချက်ရှိုက်လိုက်သည်။ သူ စိတ်ကောက်နေခြင်း မဟုတ်ကြောင်း သက်သေ ပြရင်းဖြင့် သူ အရာရာတွင် ပုံမှန်အတိုင်း တည်ငြိမ်ခြင်းသာဖြစ်ကြောင်း သက်သေပြနိုင်ရန် ကြိုးစားရမည်။

"မမေယုခိုင်တို့ နေကောင်းကြတယ် မဟုတ်လား"

သူမ ရုတ်တရက် လှည့်ကြည့်ပြီး ရှေ့တည့်တည့်သို့ ပြန်လှည့်သွားပြန်၏။

"ဟုတ်ကဲ့"

ဒါပဲ။ ခင်ဗျားရဲ့ လူမှုရေး ပညာကတော့ ထုံးစံအတိုင်း သုညပဲ။





"နိုက်တက်(က်)(စ်)စရဲ့ အခြေအနေရော ကောင်းရဲ့လား ခင်ဗျ"

သည်တစ်ခါတော့ လှည့်ကြည့်လိုက်သော သူမ မျက်ဝန်းများတွင် စူးရှစွာ လက်သွားသော အလင်းတန်းမှာ ဒေါသရိပ်ဖြစ်ပါသည်။

"ရှင်ဟာ ဘယ်တော့မဆို အစိကနဲ့ သာမညကို အမြဲတမ်း တလွဲတချော်တွေ လုပ်တတ်တယ်"

ဟောဗျာ...။ သူ တအံ့တဩ လှည့်ကြည့်လိုက်မိတော့ သူ့ကို စူးရှစွာ ရန်လိုဟန် မျက်ဝန်းများနှင့် ဆုံမိသည်။

"ဒီ နိုက်တက်(က်)(စ်)အစအကြောင်း မေးဖို့ လိုအပ်တဲ့ အချိန်တုန်းက ရှင်က တခြားမေးခွန်းတွေ လျှောက်မေးနေတယ်၊ အခု တခြားမေးခွန်းတစ်ခု မေးဖို့ အသင့်တော်ဆုံးအချိန်မှာ ရှင်က နိုက်(က်)(စ်)အကြောင်း မေးပြန်ပြီ"

သူ လီဗာကို နည်းနည်း လျှော့ချ နင်းရင်း သူမကို ငေးမောမိသွား၏။

"ဘာမေးခွန်းလဲ"

"ကျွန်မ ရန်ကုန်ကို ဘာကြောင့် လာသလဲဆိုတဲ့ မေးခွန်းပေါ့"

သူ သတိလက်လွှတ် လီဗာကို နင်းချပစ်လိုက်ပြန်သည်။ ကားကလေးသည် ရိပ်ခနဲ လျင်မြန်သော အရှိန်ဖြင့် ပြေးသွား၏။ ရှေ့မှာ မီးပွိုင့်...။ သူ ပြန်ထိန်းယူလိုက်သည်။ ဦးဝိစာရလမ်းကို ချိုးကွေ့လိုက်သည်။

"လချုပ်တွေ လာတင်တာဆို"



www.burmeseclassic.com

www.burmeseclassic.com



"အိုး... ဒါက လူကြီး နားထောင်လို့ ကောင်းမယ့် အဖြေမျိုးပဲ"

သူ ရင်တလှပ်လှ... ...ာ၏။

မိုးရယ်...။ ကျွန် ... နောက်တစ်ကြိမ် မရှူးချင်တော့ပါဘူး။ သို့သော်...

"ဒါဖြင့် ကလေး နားထောင်လို့ကောင်းမယ့် အဖြေမျိုးလဲ ရှိသေးတယ်ပေါ့"

"ဟုတ်တယ်"

"ဒါဖြင့်..."

သူ့ကို သူမ လုံးဝ လှည့်မကြည့်ပါ။ သူသည် လှုပ်ရှားနေသော ရင်ကို ငြိမ်သက်အောင်၊ မှန်ကန်အောင် ဘယ်လိုမှ မထိန်းချုပ်နိုင်ဘဲ ရှိနေသည်။ သူမ၏ ဘေးတိုက်မျက်နှာကလေးမှာ ပီပြင်သော ကောက်ကြောင်းဖြင့် ပြေပြစ်သော ပန်းချီတစ်ခုပင် ဖြစ်သည်။ နှုတ်ခမ်းများ အနည်းငယ်မျှ မပြုံးသည့်အပြင် တင်းတင်းပင် စေ့ထားလိုက်သေး၏။

"မိုး..."

"လောကမှာ ချုပ်တည်းမှုဆိုတာ နေရာတကာတော့ မလိုအပ်ဘူး ဆိုတာ ကျွန်မ လက်ခံလိုက်ပါပြီ"

သူ လှိုက်ခနဲ ဝမ်းသာသွားသည်။ ဤစကားကို ဖွင့်ပြောရန် မိမိအတ္တကို တော်လှန်လိုက်ရသော မိုး၏ ရှက်ရွံ့မှုများကို သူ ခန့်မှန်းကြည့်လို့ ရပါသည်။ သူ ကားလက်ကိုင်ကို တအား ဆုပ်ညှစ်ထားလိုက်၏။ ကျေးဇူးတင်ပါတယ် မိုးရယ်...။

"ဦးမင်းထင်"





သူ့ကို လှည့်ကြည့်လိုက်သော သူမ၏ပန်းသွေးရောင် မျက်နှာမှာ သူ တွေ့ဖူးသမျှ သူမ မျက်နှာထဲတွင် အလှပဆုံးဖြစ်သည်။ သူ စကားတစ်ခွန်း ပြောလိုက်လှ... ...ဆိုစကားသည် သူ့ခံစားမှုကို ကိုယ်စားပြုနိုင်လောက်အောင် ... ...မကြီးမှာစိုး၍ စိတ်အာရုံကို ကားထဲတွင် အစွမ်းကုန် စူးစိုက်လျက် ကားကို အရှိန်မြှင့် မောင်းနေမိသည်။ ရေတမာပင်များ ရိပ်ခနဲ ရိပ်ခနဲ ကျန်နေခဲ့၏။

"အမှန်ကို နားထောင်မလား ဟင်"

သူ စိတ်လှုပ်ရှားစွာ ခေါင်းညိတ်လိုက်မိ၏။

"ကျွန်မလေ..."

မာန်မာနများ ကင်းကွာလျက် အပြစ်ကင်းစင်သော သူမ မျက်နှာလေးကို မှန်ထဲမှတစ်ဆင့်သာ သူ တိတ်တခိုး ကြည့်ပါသည်။

"...မေ့လို့ မရဘူး"

"မိုး..."

သူ တစ်ကိုယ်လုံး တုန်ယင်သွားအောင် ဝမ်းသာစိတ်ဖြင့် တစ်ချက်လွှတ်ခနဲ အော်လိုက်ကာ ကားကို လမ်းဘေးသို့ ဆွဲယူကပ်ရပ်ပစ်လိုက်သည်။ ကားကလေးသည် ဘီးပွတ်တိုက်သံ ကျယ်လောင်စွာဖြင့် ရပ်တန့်သွား၏။

သူမ မျက်မှောင် တွန့်ကွေးသွားသည်။

"အို... ဆက်မောင်းလေ ဦးမင်းထင်၊ လူတွေက ဘယ်လို ထင်ကြမလဲ ရှင့်"

"ဘယ်လို ထင်ထင်ဗျာ... ခဏကလေး နားလိုက်ပါရစေဦး"

သူ ဂျစ်ကန်ကန် လေသံကို ကမန်းကတန်း ပြန်ပြင်လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"အခုနေ ကျွန်တော် ကား ဆက်မောင်းရင် တွေ့သမျှ ကားကို အကုန် လိုက်တိုက်ပစ်မိလိမ့်မယ်"

"ဟင်... ဘာဖြစ်လို့လဲ"

"ပျော်လို့ပေါ့ဗျာ"

သူမ၏ ပွင့်လင်းသော ရယ်သံအောက်တွင် ကမ္ဘာလောကကြီးတစ်ခုလုံး တိတ်ဆိတ်သွား၏။

ဂျူး

ဂျူးစာပေ

BURMESE CLASSIC .com

www.burmeseclassic.com